www.dhammaransi.com

ဆုတောင်းပြည့်

# မယ်လမုရှပ်စုံဗုဒ္ဓဝင်သမိုင်း



မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)
ရေးသားပြုစုသည်။

www.dhammaransi.com

# ဆုတောင်းပြည့်

# မယ်လမုရုပ်စုံဗဒ္ဒဝင်သမိုင်း

အမှတ်
ရက်စွဲ........ ....... ........

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (မြန်မာစရိယ ဘီ–အေ)

ရေးသားပြုစုသည်

www.dhammaransi.com

ပထမအကြိမ် * ၂၀၀၆-ခုနှစ်

အုပ်ရေ * ၁၅၀၀


**ထုတ်ဝေသူ**

ဦးထွန်းမြအောင် (ယာယီ - ၅၄၉)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
သာသနာရေးဝန်ကြီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)
“ အင်ကြင်းမြိုင်” ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

www.dhammaransi.com




မယ်တော်မယ်လမုလွမ်းစေတီ

www.dhammaransi.com

# မိတ်ဆက်လွှာ

မယ်လမုစေတီသည် မြန်မာနိုင်ငံ၌ထင်ရှားသော ဘုရားစေတီဖြစ်ပါသည်၊ သို့သော် မယ်လမုစေတီသည် အခြားဘုရားစေတီများနှင့်မတူပါ၊ မယ်လမုစေတီသည် စေတီတစ်ဆူဖြစ်သော်လည်း ဘုရားပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အဦအထိမ်းအမှတ်ရုပ်တုများသည် ဗုဒ္ဓဝင်ပြခန်းသဖွယ်ရှိနေပါသည်။ပြခန်းများသည် ဗုဒ္ဓသာသနာ သမိုင်းတွင် ထင်ရှားသောဇာတ်လမ်းအဖြစ်အပျက်များကို ရုပ်တုပုံသွင်း၍ ပြထားခြင်းဖြစ်ပါသည်။

www.dhammaransi.com




*ရွှေတိဂုံစေတီတော်ကြီးသမိုင်းချုပ်အရဖော်ပြသောမြေပုံ*

www.dhammaransi.com

ဗုဒ္ဓဘာသာဝင်များနှင့်နိုင်ငံခြားသုတေသီဘုရားဖူး များသည် ထိုရုပ်တုပြခန်းများကို စိတ်ဝင်တစားလာရောက် လေ့လာကြည့်ရှုဖူးမြော်ကြပါသည်။

ထိုသို့လေ့လာဖူးမြော်ကြရာတွင် ဇာတ်လမ်းများ၏ ဘဝဖြစ်စဉ်အပြည့်အစုံကို မသိကြသဖြင့် အားမလိုအားမရ ခံစားကြရပါသည်။

ဘုရားဖူးများနှင့်သုတေသီများအတွက် အထောက် အကူပြုစေရန် ဂေါပကအဖွဲ့၏ မေတ္တာရပ်ခံချက်အရ မဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရဆရာကြီး တက္ကသိုလ် သျှင်သီရိ(မွှာစရိယ ဘီ-အေ)က၂၅ **"မယ်လမုဗုဒ္ဓဝင်ရုပ်စုံ သမိုင်း"**ကို ပိဋကတ်တော်လာပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ မဟာဝင်ရာဇဝင်များမှ ထုတ်နုတ်ပြီးအတတ်နိုင်ဆုံး ကြိုးစား ပြီး လေ့လာပြုစုခဲ့ပါသည်။

သမိုင်းကြောင်းများနှင့်ပတ်သက်၍ အနီးကပ်ဆုံး အမှန်ရအောင် ရေးသားပြုစုထားပါသည်။

ထိုတတ်သိနားလည် သုတေသနပြုထားပြီးသော ပုဂ္ဂိုလ်များရှိပါကလည်း လိုအပ်ချက်များ ဖြည့်စွက်ပေးနိုင်ရန်

www.dhammaransi.com

ဖိတ်ခေါ်အပ်ပါသည်။

ဂေါပကအဖွဲ့မှ ဤမျှကြီးစားအားထုတ်မှုကိုကျေးဇူးတင်လျက်ရှိသလို ပညာရှင်များ၊ သုတေသီများကိုလည်း ဖိတ်ခေါ်လျက်ရှိပါကြောင်း--------။

ဦးသန်းမောင်

ဥက္ကဋ္ဌ

မယ်လမုစေတီတော်ဂေါပကအဖွဲ့

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ ------------------ | |

**အခန်း(၁)**

| | | |
|---|---|---|
| ၂။ | မယ်လမုဘဝဖြစ်စဉ် | ၁ |
| ၃။ | မယ်တော်မယ်လမုလွမ်းစေတီ | ၇ |
| ၄။ | ဒုတိယအကြိမ်မယ်လမုစေတီ ပြန်လည်တည်ထားခြင်း | ၁၀ |

**အခန်း(၂)**

**မယ်လမုဗုဒ္ဓဝင်ရုပ်စုံ**

| | | |
|---|---|---|
| ၁။ | မယ်လမုဘိုးဘိုးကြီး | ၁၆ |
| ၂။ | ကိုးမြို့ရှင် | ၂၁ |
| ၃။ | သုဇာတာသူဌေးသမီးဃနာနို့ဆွမ်း ကပ်လှူခန်း | ၂၇ |
| ၄။ | နေရဉ္စရာမြစ်၌ရွှေခွက်မျှောခန်း | ၃၆ |
| ၅။ | ဆည်းလည်းစေတီတော် | ၃၉ |
| ၆။ | ဒုက္ကရစရိယကျင့်တော်မူခြင်း | ၄၁ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | မုစလိန္ဒသတ္တာဟာသီတင်းသုံးပုံ | ၄၆ |
| ၈။ | ပဥ္စဝဂ္ဂီငါးဦးအားတရားဦးဟောခန်း | ၄၉ |
| ၉။ | ဗုဒ္ဓဟူးထောင့်မှမုဒြာလေးဆူ | ၅၂ |
| ၁၀။ | ရွှေသာလျောင်းရုပ်ပွားတော် | ၆၀ |
| ၁၁။ | ဘိုးတော်ခေတ်ခန်း<br>(ဘိုးဘိုးအောင်+ဘိုးမင်းခေါင်+သူရဿတီ) | ၆၂ |
| ၁၂။ | အောင်ခြင်းရှစ်ပါး | ၈၂ |
| ၁၃။ | ရာဇဂြိုဟ်သူဌေး၏စန္ဒကူးသပိတ်လှူခန်း | ၁၃၁ |
| ၁၄။ | သာကေတသူဌေးလင်မယား<br>ဘုရားဆွမ်းကပ်ပုံ | ၁၃၆ |
| ၁၅။ | တဖုဿ-ဘလ္လိကဆံတော်ပေးခန်း | ၁၃၉ |
| ၁၆။ | မဟာဒုဂ်အားသပိတ်ပေးခန်း | ၁၄၂ |
| ၁၇။ | ဒီပင်္ကရာဘုရားထံဗျာဒိတ်ခံခန်း | ၁၅၃ |
| ၁၈။ | ဂီလာနရဟန်းအားပြုစုခန်း | ၁၅၆ |
| ၁၉။ | ဆင်စီးမြင်းရံအတုလမာရ်ဘုရား | ၁၅၈ |
| ၂၀။ | ငမိုးရိပ်မိကျောင်းနှင့်ပြခန်း | ၁၆၃ |
| ၂၁။ | ဘောသော-ဘောကျော်ဘီလူးညီနောင် | ၁၇၀ |
| ၂၂။ | ရှင်ဥပဂုတ္တရဟန္တာ | ၁၇၄ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ရှင်သီဝလိရဟန္တာ | ၁၈၂ |
| ၂၄။ | ရဟန်းခြောက်ကျိပ်သာသနာပြုစေလွှတ်ခြင်း | ၁၈၇ |
| ၂၅။ | သားတော်ရာဟုလာအမွေတောင်းခန်း | ၁၉၀ |
| ၂၆။ | ရသေ့ညီနောင်ရှင်တစ်ထောင်ချွတ်ခန်း | ၁၉၃ |
| ၂၇။ | သုဝဏ္ဏသာမဇာတ်တော်ကြီးဟောခန်း | ၁၉၈ |
| ၂၈။ | ရှင်အဿဇိနှင့်ဥပတိဿတွေ့ခန်း | ၂၀၇ |
| ၂၉။ | သစ္စာအောင်မြေဘုရား | ၂၁၄ |
| ၃၀။ | ဝေဿန္တရာဇာတ်တော်ကြီး | ၂၁၈ |
| ၃၁။ | ဥပကတက္ကတွန်းနှင့်ဘုရားရှင်တွေ့ခန်း | ၂၂၈ |
| ၃၂။ | ညီတော်မင်းနန်ချွတ်ခန်း | ၂၃၈ |
| ၃၃။ | ကိသာဂေါတမီအကျွတ်ရခန်း | ၂၄၄ |
| ၃၄။ | ဈာနသမာပါတ်ဗုဒ္ဓရုပ်ပွားတော် | ၂၅၁ |
| ၃၅။ | တိစီဝရိတ်ဗုဒ္ဓရုပ်ပွားတော် | ၂၅၄ |
| ၃၆။ | ပုပ္ပားမယ်တော်နှင့်သားတော်များနတ်နန်း | ၂၅၇ |
| ၃၇။ | နိဗ္ဗာန်ဆော်ရုပ် | ၂၆၈ |
| ၃၈။ | ဆံတော်ပယ်၍ရဟန်းပြုခန်း | ၂၇၀ |
| ၃၉။ | နောင်တော်ကြီးစေတီ(သိုက်ဘုရား) | ၂၇၃ |

www.dhammaransi.com

# ဆုတောင်းပြည့်မယ်လမုစေတီတော်
# မြောက်ဥက္ကလာပမြို့နယ်
# ဂေါပကအဖွဲ့ဝင်စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးသန်းမောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးမြင့်သိန်း | အတွင်းရေးမှူး |
| ၃။ | ဦးလှစိုး | ဘဏ္ဍာရေးမှူး |
| ၄။ | ဦးခင်မောင်အေး | စာရင်းစစ် |
| ၅။ | ဒေါက်တာသန်းလွင် | အဖွဲ့ဝင် |
| ၆။ | ဦးတင်ယု | အဖွဲ့ဝင် |
| ၇။ | ဦးမင်းနိုင် | ရုံးအဖွဲ့မှူး |

www.dhammaransi.com

# အမှာစာ

♦ ♦ ♦ ♦ ♦

နာဂလိုဏ်ဂူဘုရားကိုတည်ရန် အဝေမ်းမိသားစုမှ အဘဦးအောင်ချမ်းသာကို မေတ္တာရပ်ခံခဲ့ရာတွင် အဘဦးအောင်ချမ်းသာက ဤဘုရားကိုငါတည်၍မရ၊တည်မည့်ပုဂ္ဂိုလ်ပေါ်လာလိမ့်မည်၊ဤကုန်းတော်၏အရှေ့ဘက်တွင်လည်း နောင်(၅)နှစ်ကြာက ကြီးကျယ်သောမြို့ပြတစ်ခု ရှေးဟောင်းအမည်နှင့်ပေါ်လာပြီး ထိုရှေးဟောင်းမင်း၏ မယ်တော်လွှမ်းစေတီသည်လည်း ထင်ရှားကျော်ကြားလာလိမ့်မည်ဟု နိမိတ်ဖတ်စကားကို ၁၃၀၃-ခုနှစ်က နိမိတ်ဖတ်မိန့်ကြားခဲ့သည်။

အဘဦးအောင်ချမ်းသာ၏ နိမိတ်ဖတ်စကားအရ ၁၃၁၈-ခုတွင် တပ်မတော်အိမ်စောင့်အစိုးရလက်ထက်၌ မြို့ပြအသစ်များ တည်ထောင်ရာ၌ မြောက်ဥက္ကလာပမြို့သစ်

www.dhammaransi.com

သည် ပေါ်ထွန်းလာခဲ့ရပါသည်။

ထိုမြောက်ဥက္ကလာပမြို့သစ်နှင့်အတူ မယ်လမုစေတီသည်လည်း ပြန်လည်ထွန်းပေါ်ခဲ့ရပါသည်။

ဤမယ်လမုစေတီ၏ထူးခြားသည်မှာ- အခြားစေတီများကဲ့သို့စေတီတစ်ဆူတည်း သတ်သတ်မှတ်မှတ်မဟုတ်၊ ဗုဒ္ဓဝင်ကို ခင်းကျင်းပြသသကဲ့သို့ ဘုရားရှင်၏ အတိတ်၊ပစ္စုပ္ပန်ဘဝဇာတ်လမ်းစုံကိုရုပ်တုတို့ဖြင့် ထုလုပ်ခင်းကျင်းပြသထားသော ဘုရားဖြစ်ပါသည်။

မြန်မာပြည်အနှံ့မှ ဘုရားဖူးလာရောက်ကြသော ဗုဒ္ဓဘာသာဝင်များ၊နိုင်ငံခြားသား သုတေသီများသည် ထိုဗုဒ္ဓဝင်ရုပ်စုံရုပ်တုများကို ကြည့်ရှုကြပြီး ဇာတ်လမ်းများကို သိရှိလိုကြသော ဆန္ဒများ တဖွားဖွားဖြစ်ပေါ်လာကြသည်။

ဤမယ်လမုစေတီသမိုင်းအကျဉ်းကို ရှေးက မယ်လမုဥက္ကဌဟောင်း(ကျိုက်လတ်မိုးမြင့်)က ရေးသားထုတ်ဝေပြီးဖြစ်ပါသည်၊စာရေးသူအနေဖြင့် မယ်လမုစေတီသမိုင်းကိုမရေးပါ၊ မယ်လမုစေတီဝင်းအတွင်းရှိသော ရုပ်တု၊ ရုပ်ပြဗုဒ္ဓဝင်ပြခန်းများ၏သမိုင်းနောက်ခံဇာတ်လမ်းအကျဉ်းချုပ်များကိုသာ အများပြည်သူတို့သိရှိနိုင်စေရန် ရှာဖွေစုဆောင်းပြီးရေးသားထားခြင်း ဖြစ်ပါသည်။

ဘုရားဟောမဟုတ်သော မယ်လမုဘိုးဘိုးကြီးအပါ

www.dhammaransi.com

အဝင် အချို့ရုပ်တုရုပ်ကြွပြခန်းများနှင့်ပတ်သက်၍ သမိုင်းမှန်ကန်စေရန် ပို့လက်ကဒ်များ ရာဇဝင်မှတ်တမ်းများနှင့်ညှိနှိုင်းပြီး အတတ်နိုင်ဆုံးအနီးကပ်မှန်အောင် ညှိနှိုင်းရေးသားထားပါသည်။

သမိုင်းပညာရှင်များ၊ တတ်ကျွမ်းနားလည်သောသူများအနေနှင့် ဤဇာတ်လမ်းများကို ခိုင်မာသောအထောက်အထားဖြင့်ပြုပြင်မည်ဆိုကလည်း ပြင်ဆင်နိုင်ပါသည်။

စာရေးသူ၏အဓိကဆန္ဒမှာ-ဤမယ်လမုစေတီတော်အဝန်းအဝိုင်းရှိ ရုပ်တု ရုပ်ကြွ ဗုဒ္ဓဝင်ဇာတ်လမ်းများ၏နောက်ခံသမိုင်းကြောင်းဇာတ်လမ်းများကိုသာ အဓိကထား၍သိစေလို၊ ဗဟုသုတရစေလိုသောဆန္ဒမျှသာ ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသောမယ်လမုစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌကြီး ဦးသန်းမောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ရုံးအဖွဲ့မှူး ဦးမင်းနိုင်တို့အားအထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးကိုကိုမြိုင်
စ/၅၅၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(မမွှာစရိယ ဘီ-အေ)



အဖရဒေသ၊ သိကြားလုလင်နှင့် မယ်လမုပုံ

www.dhammaransi.com

www.dhammaransi.com

# အခန်း(၁)
# မယ်လမုဘဝဖြစ်စဉ်

ဟိမဝန္တာတောင်စွယ်မှတစ်ဆင့် ပဲခူးရိုးမအဖြစ် ဆင်းလာသော တောင်စဉ်တောင်ဝှမ်းတို့သည် ပင်လယ်ဝတွင် အဆုံးသတ်သွားသည်၊ထိုပင်လယ်ဝတွင် အဆုံးသတ်သော တောင်စဉ်တောင်ဝှမ်းတို့တွင် တိဂုမ္ဘတောင်ကိုရံထားသော အရံတောင်ထွဋ်တောင်ငူ(၃၃)ခု ရှိသည်။

ထိုတောင်ရံ(၃၃)ခုတွင် ယခု နာဂလိုဏ်ဂူစေတီတည်ထားသော တောင်စဉ်တောင်ဝှမ်းသည် တစ်ခုအပါအဝင်ဖြစ်ပြီးထိုတောင်စဉ်တောင်စွယ်တို့သည် ရှေးအခါက သစ်အုပ်တောအုပ်တို့ဖြင့် အလွန်နှစ်သက်သာယာဖွယ်ကောင်းသော တောင်စဉ်တောင်ဝှမ်းများ ဖြစ်ကြသည်။

www.dhammaransi.com



ထိုတောင်တို့တွင် ဤလောက၌ ဘုရားပွင့်တော့မည်ဟူသော ကောလါဟလသတင်းကြောင့် ရသေ့ရဟန်းပြုပြီး ဘုရားရှင်နှင့်တွေ့ရန် စောင့်၍ တရားအားထုတ်နေကြသော ရသေ့များ၊ပရဗိုဇ်များ ရှိသကဲ့သို့ ဇော်ဂျီ၊တပသီ များလည်း ရှိကြလေသည်။

ထိုနာဂလိုဏ်ဂူရှိရာ တောင်စဉ်တွင် တိဿအမည်ရှိသောရသေ့ကြီးနှင့်ရသေ့များသည် တရားအားထုတ်နေသည်၊တစ်နေ့တွင် တိဿရသေ့ကြီးသည် တောင်အောက်ရှိလမုတောတွင် တရားသွား၍အားထုတ်နေစဉ် ထူးခြားသောလမုသီးကြီးတစ်လုံးကိုတွေ့၍ ဆွတ်ခူးခဲ့သည်။

ထိုလမုသီးသည် မိမိကျောင်းသခ်မ်းရောက်၍ချစဉ် အသီးအက်ကွဲပြီး အထဲမှကလေးမလေးတစ်ယောက် မွေးဖွားလာလေသည်။

တိဿရသေ့ကြီးသည် အလွန်အံ့ဩပြီးလျှင် မိမိနှင့်ထိုက်တန်သောသမီးလေးရလာသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သစ္စာအဓိဋ္ဌာန်ပြု၍ လက်ညှိုးမှထွက်သောနို့ကို တိုက်ကျွေးပြုစုခဲ့ရလေသည်။

မယ်လမုသည် အတိတ်ဘဝက သိကြားမင်း၏အလုပ်အကျွေးနတ်သမီးတစ်ပါးဖြစ်ခဲ့သည်၊နတ်သက်ကြွေခါနီးတွင် လူမိခင်ဝမ်း၌ ပဋိသန္ဓေယူရမည်ကို စက်ဆုပ်ရွံရှာသဖြင့်

www.dhammaransi.com



သံသေဒဇပဋိသန္ဓေယူခဲ့သူ ဖြစ်သည်။

မယ်လမုသည် အရွယ်အဆင်းနှင့်အလွန်လှပသူ ဖြစ်သည်၊မွန်ဘာသာဖြင့် မိလမု၊မြန်မာဘာသာဖြင့် မယ်လမု ဟု အမည်တွင်သည်။

မယ်လမုအရွယ်ရောက်လတ်သော် သိကြားမင်း၏ မြကျောက်ဖျာသည် ပူပြင်းတင်းမာသောသဘောကိုပြ၍ သိကြားမင်းက လောကကိုကြည့်သည်။

လူနတ်ဗြဟ္မာတို့၏သခင် ဘုရားရှင် မကြာခင်ပွင့်တော်မူမည့်အကြောင်း၊ ထိုဘုရားရှင်လက်ထက်တော်တွင် ရှေးနောင်တော်ဘုရားတို့၏ခါတ်တော်၊မွေတော်များနှင့်အတူ ဆံတော်ရှစ်ဆူကိုဌာပနာ၍ စေတီတည်ထားကိုးကွယ်လိမ့်မည်ဖြစ်ကြောင်း၊ ထိုဌာပနာတည်ထားကိုးကွယ်မည့် ဒါယကာမှာ သိင်္ဂုတ္တရကုန်း၏အရံကုန်းဖြစ်သောနာဂလိုဏ်ဂူကုန်း၌ တရားအားထုတ်နေသော တိဿရသေ့မွေးထားသည့် မယ်လမုမှမွေးသည့်သားမှသာ ဒါယကာဖြစ်နိုင်မည်ဖြစ်ကြောင်း၊ထိုမယ်လမုသည် ကိလေသာကိုစက်ဆုပ်သူဖြစ်၍ လူသားနှင့်အိမ်ထောင်ကျမည်မဟုတ်သောကြောင့် မိမိကသာ သန္ဓေပေးရမည်ဖြစ်ကြောင်း ထင်ရှားစွာသိမြင်လေသည်။

ထို့ကြောင့် သိကြားမင်းသည် မင်းသားအသွင်ဖန်ဆင်းပြီး မယ်လမုတို့ထံသက်ဆင်း၍ သမီးအလှကိုတောင်း

www.dhammaransi.com



ယူသည်၊ရှင်ရသေ့က မယ်လမုကိုမိမိနှင့်မိန်းကလေးကြာရှည်စွာအတူနေရန်မသင့်၍ သွန်သင်ဆုံးမဩဝါဒပေးပြီး သိကြားမင်းတဖြစ်လဲ မင်းသားနှင့်လက်ထပ်ပေးခဲ့သည်။

သိကြားမင်းသည် မယ်လမုကို ရသေ့ကြီးထံမှ တောင်းယူပြီး မိမိ၏မိဘတို့ထံခွင့်ပန်ပြီးမှ လာရောက်ခေါ်ယူပါမည်ဟုအာမခံပြောကြား၍ မယ်လမုကို ရသေ့ထံပြန်အပ်ပြီး တာဝတိံသာသို့ပြန်လေသည်။

သိကြားမင်းသည် တာဝတိံသာသို့ပြန်ရောက်ပြီးနောက်လူ့ပြည်ကမယ်လမုကို မမေ့သော်လည်း ရုတ်တရက်လူ့ပြည်သို့ဆင်းရန် အခွင့်မသာသဖြင့် နတ်ကျေးလုလင်အား နတ်ရေစင်ထည့်ထားသော မြကျည်တောက်လေးခုကို ယူဆောင်စေ၍ ကြင်ယာတော်မယ်လမု သုံးဆောင်စေရန် ပေးလိုက်လေသည်။

သိကြားမင်း၏ မိဖုရားများဖြစ်ကြသော သုဇာတာ၊ သုမာလာ၊ သုစိတ္တာ၊သုနန္ဒာတို့သည် သိကြားမင်းအား နောက်ထပ်မိဖုရားတစ်ပါး ထပ်မံမတိုးစေလို၊ထိုမယ်လမုထံ ခဏ-ခဏမသွားစေလိုသဖြင့် နတ်ကျေးလုလင်ကို စွန်ယောင်ဆောင်ပြီးလိုက်လံထိုးဆိတ်နှောင့်ယှက်ကြသည်။

ကျည်တောက်တစ်လုံးမှာ ဟိမဝန္တာတောသို့ကျရောက်၍ ဆင်မတစ်ကောင်သောက်မိသဖြင့် ဆဒ္ဒန်ဆင်ပျို

www.dhammaransi.com



ကိုမွေးဖွားသည်။

ကျည်တောက်တစ်လုံးသည် ပင်လယ်ထဲသို့ကျပြီး မိကျောင်းမတစ်ကောင်သောက်မိသဖြင့် ငမိုးရိပ်မိကျောင်းကို မွေးသည်။

ကျည်တောက်တစ်လုံးသည် တောထဲတွင်ကျပြီး သမင်မသောက်မိ၍ မိဂသိင်္ဂသမင်ကိုမွေးသည်။

မြကျည်တောက်တစ်လုံးသာ မယ်လမုထံရောက်ပြီး ထိုနတ်ရေစင်ကို မယ်လမုသောက်ရသဖြင့် ဥက္ကလာပမင်းကို မွေးဖွားသည်။

ထိုမင်းသား အရွယ်ရောက်လာသောအချိန်တွင် သိကြားမင်း ဆင်းသက်လာ၍ ဥက္ကလာပဘွဲ့အမည်နှင့် တိုင်းပြည်ထီးနန်းအပ်နှင်းတော်မူသည်။

"ဥက္ကလာပ-ပြည်ကိုအစိုးရသောမင်းသည် မကြာခင် ဘုရားပွင့်တော့မည်ဖြစ်၍ ထိုဘုရားထံမှ ဆံတော်ရှစ်ဆူကို ရလိမ့်မည်၊သိင်္ဂုတ္တရကုန်းတော်၌စေတီတည်၍ ဌာပနာရမည်၊ သာသနာ့ဒါယကာဖြစ်မည်၊ထိုအခါ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ထိုဘုရားကိုဝိုင်းဝန်းတည်မည်"

ဟု မှာကြားပြီး တာဝတိံသာနတ်ပြည်သို့ ပြန်လေသည်။

ဥက္ကလာပမင်းသားသည် သံလျင်-ပါဒနိုင်ငံ၊ဘောဂသေနမင်း၏သမီးတော်နှင့်လက်ထပ်ပြီး၍အဘိသိက်ခံနန်းစံပြီး

www.dhammaransi.com



မယ်တော်မယ်လမုကို အမိအရာ၌ထား၍ ကောင်းစွာပြုစု လုပ်ကျွေးလေသည်၊ မယ်လမုသည်သားတော်ထီးနန်းစံသော အခါ ခမည်းတော် တိဿရသေ့၏ ဆိုဆုံးမမှုဖြင့်တရားဓမ္မ အားထုတ်နေခဲ့ရာ ဥက္ကလာပမင်းကြီး ရွှေတိဂုံစေတီတော် တည်ပြီးနောက် သက်တော်(၇၅)နှစ်တွင် ကံတော်ကုန်၍ တာဝတိံသာနတ်ပြည်၌ဖြစ်ပြီး သိကြားမင်း၏အခြံအရံနတ် သမီး ပြန်ဖြစ်လေသည်။

(ဥက္ကလာပမြို့ကို တိဿရသေ့ကြီး၏လမ်းညွှန်ချက် အရ သိကြားမင်းက မြို့ပြနိုင်ငံတည်ထောင်ပေးရာတွင် မိမိ တရားအားထုတ်သောတောင်၏မြောက်ဘက်တောင်စဉ် မြေပြန့်၊ ယခု ကျောက်ရေတွင်းနေရာတည်ရှိရာတောင်စဉ် မြေပြန့်တွင် တည်ထားပေးခဲ့သည်။ (ယခု သဗ္ဗညုစေတီ တည်ဆောက်ရာနေရာသည် ဥက္ကလာပမင်းကြီး၏ နန်းဦး နေရာဖြစ်သည် ဟု ဆိုပါသည်)

*********

www.dhammaransi.com



# မယ်တော်မယ်လမုလွမ်းစေတီ
# (ပထမအကြိမ်မယ်လမုစေတီတည်ထားခြင်း)

ဥက္ကလာပမင်းကြီးသည် အသိတဥ္စနမြို့ရှိ (ယခု ဒလ၊ တွံတေးကားလမ်းဘေးရှိ ကပင်း၊ကံပဲ့၊ခမ်းရွာ၊ပေါက်တောရွာ) သုဝဏ္ဏသူဌေးကြီးသား တဖုဿ-ဘလ္လိက ကုန်သည်ညီနောင်တို့ပင့်ဆောင်လာသော ဘုရားရှင်၏ဆံတော်(၈)ဆူကို သိင်္ဂုတ္တရကုန်းတော်ပေါ်၌ သိကြား၊နတ်တို့၏ အကူအညီဖြင့် စေတီတည်သည်။

ဘုရားရှင်သည် (၈)ဝါမြောက်၊မဟာသက္ကရာဇ်၁၁၁-ခုတွင် ဂဝံပတိမထေရ်၏လျှောက်ထားမှုကြောင့် သုဝဏ္ဏဘူမိသို့ကြွတော်မူသည်တွင် ပါဒနိုင်ငံရှိ တောင်တန်း၊သိင်္ဂုတ္တရ အစရှိတောင်တန်း(၃၃)ခုမှ ရသေ့တို့သည်ဘုရားရှင်ထံသို့ ဈာန်ဖြင့်ကြွရောက်ပြီး ဖူးကြသည်၊ဘုရားရှင်က ဆံတော်အသီးသီး ချီးမြှင့်ပေးခဲ့ရာ ရသေ့အားလုံးတို့သည် ဆံတော်များရရှိကြပြီး မိမိတို့ဒေသအသီးသီးသို့ပြန်ကာ စေတီများ တည်ထားကိုးကွယ်ခဲ့ကြသည်။(ကျိုက်ခေါက်ရသေ့က ကျိုက်ခေါက်ဘုရား၊ သုမနရသေ့နှင့်တိက္ခပညာသာဂရရသေ့တို့က မေယုဒကုန်း (ယခုတွံတေး)တွင် ရွှေဆံတော်တည်ခြင်း စသည်တို့ဖြစ်သည်)

www.dhammaransi.com



တိဿရသေ့ကြီး၏တပည့် နာဂရသေ့သည်လည်း ဘုရားရှင်ထံသို့ရောက်၍ ဆံတော်ပေးသနားတော်မူရာ ထိုရသေ့သည် မိမိနေရာနာဂတောင်တန်းသို့ပြန်ရောက်သော် ဒါယကာဥက္ကလာပမင်းကြီးကို ဆံတော်တစ်ဆူပူဇော်ရန် ပေးအပ်ခဲ့သည်။

ဥက္ကလာပမင်းကြီးသည် မိမိ၏သားတော်နှင့်နန္ဒမင်းသား အရွယ်ရောက်ခါနီးတွင် မိမိ၏သားတော်ကိုအိမ်ရှေ့အရာပေးပြီး မိမိမှာမူ ရတနာသုံးပါးအလုပ်၌သာ မွေ့လျော်ပျော်ပိုက်နေလေသည်။

ထိုကာလမှာပင် သက္ကရာဇ် ၁၁၈-ခုတွင် မယ်တော်မယ်လမုကွယ်လွန်ပြီးနောက် မယ်တော်၏မွေးဖွားရာဒေသလမုတော၌ မိမိရရှိသောဆံတော်ကို ဌာပနာပြီး မယ်တော်ကိုပူဇော်သော အထိမ်းအမှတ်စေတီငယ်တစ်ဆူတည်ရန် ဆောင်ရွက်သည်။

ထိုစေတီတွင် မယ်တော်ကိုကျွေးမွေးခဲ့သော တိဿရသေ့ကြီးကျောက်ရုပ်တု၊ မယ်တော်ရုပ်တု၊ ဖခင်သိကြားမင်းရုပ်တု၊ မိမိရုပ်တု၊ နာဂရသေ့အထိမ်းအမှတ်နဂါးရုပ်ဘုရားရုပ်တုတို့ကို ထုလုပ်ပြီးဆံတော်နှင့်အတူ ဌာပနာတော်မူ၍ စေတီတည်ထားပူဇော်ခဲ့လေသည်။

(ထိုစေတီတည်နေစဉ်မှာပင်သားတော်နန္ဒမင်းသား

www.dhammaransi.com



သည် သံလျင်မင်းသမီး ရှင်မွေးနွန်းနှင့်ငြိစွန်းပြီး ငမိုးရိပ်နှင့် ညဉ့်အချိန်ကူးခဲ့ရာ ငမိုးရိပ်ကို မလက်တိုမိကျောင်းမတို့ တိုက်ခိုက်သဖြင့် ငမိုးရိပ်ကမေ့ပြီး မင်းသားကိုငုံထားရာမှ မြို့ချ မိသဖြင့် အသက်သေဆုံးရသည့်အချိန်နှင့် တိုက်ဆိုင်ခဲ့သည်)

ထိုစေတီကို ဥက္ကလာပမင်းကြီးက မယ်တော်ကျေးဇူး ဆပ် အထိမ်းအမှတ်စေတီ ဟူ၍ သတ်မှတ်ခေါ်ဝေါ်သမုတ် ခဲ့သည်။နောက်ပိုင်းတွင် မယ်တော်မယ်လမုစေတီ ဟူ၍ အမည်တွင်ခဲ့လေသည်။

ဥက္ကလာပမင်းကြီးသည် မယ်တော်အတွက် အထိမ်း အမှတ်စေတီတည်သလို မိမိ၏ဘိုးတော်ရသေ့ကြီးတိဿ၊ မိမိ ၏ဆရာနာဂရသေ့ တရားအားထုတ်ရာနေရာတွင်လည်း အထိမ်းအမှတ်စေတီတစ်ဆူတည်ခဲ့သည်။ထိုစေတီသည် ယခုခေတ်တွင် နာဂလိုဏ်ဂူစေတီဟူ၍ အမည်ထင်ရှားလျက် ရှိသည်။

*********

www.dhammaransi.com



# ဒုတိယအကြိမ်မယ်လမုစေတီတည်ထားခြင်း

ဥက္ကလာပမင်းကြီးသည် ဘိုးတော်နှင့်ဆရာဖြစ်သော တိဿရသေ့နှင့်နာဂရသေ့တို့ တရားအားထုတ်ရာနေရာ ဒေသများတွင် စေတီပုထိုးများတည်ထားခဲ့သလို နောင်မင်းဆက်များကလည်း ထိုနေရာတစ်ဝိုက်တွင် သာသနိက အဆောက်အဦများ ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၉၈-ခုနှစ်တွင် နာဂလိုဏ်ဂူ၌နေသော အဘဘိုးအောင်ချမ်းသာအမည်ရှိသော ဘိုးဘုရားက နောင်(၁၅)နှစ်တွင် ဤတောင်အောက်ဒေသ၌ မြို့ပြကြီးတွေ ပေါ်လာပြီးလျှင်မယ်တော်မယ်လမုစေတီသည်လည်း ပြန်လည်ထင်ပေါ်ကျော်ကြားလာလိမ့်မည်ဟု အေဝမ်းကုမ္ပဏီ သူဌေးဦးညွန့်ကိုပြောပြခဲ့သည်။အလားတူပင် အဘကလေးဝ ထွက်ရပ်ပေါက်ဆရာတော်ကလည်း ဤတောင်ခြေအဆင်း တွင် ကြီးကျယ်သောမြို့ပြနိုင်ငံကြီးများ ဆက်လက်ပေါ်လာ လိမ့်မည်ဟု ကြိုတင်ဟောခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၁၈-ခု၊ ခရာဇ်နှစ်၁၉၅၈-ခုတွင် မြန်မာနိုင်ငံ၌ ဝိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့် အစိုးရ တက်လာပြီး ထိုအစိုးရလက်ထက်တွင် ရန်ကုန်မြို့ တွင်း၌ရှိသော ကျူးကျော်တဲများကိုဖျက်သိမ်း၍ မြောက်ဥက္က

www.dhammaransi.com



လာပ၊ တောင်ဥက္ကလာပ၊သာကေတဟူသော မြို့သစ်များကို ထူထောင်ပေးလေသည်၊ထိုမြို့သစ်များတွင် မြောက်ဥက္ကလာပ မြို့သစ်သည် နာဂလိုဏ်ဂူတောင်ခြေတွင် ဖြစ်ထွန်းပေါ် ပေါက်လာသော မြို့ပြဖြစ်သည်။

၁၃၂၂-ခုတွင် ကြည့်မြင်တိုင်မြို့နယ်နေမြေကျေးရှင် အမှုဆောင်အရာရှိ (စိုက်ပျိုးဝန်)ဦးလှမြင့် (ဘီအက်(စ်)စီ)၏ ဇနီးဒေါ်စောညွန့်ရီသည် အိမ်မက်ထဲတွင် တံတားကလေးရွာ မြို့ပတ်ရထားလမ်းအရှေ့ဘက်ကွင်းပြင်၌ သစ်ပင်တစ်ပင် အုပ်မိုးနေသော ဘုရားငုတ်တိုတစ်ဆူကို အိပ်မက်မြင်မက် သည်၊ပထမတော့ ရိုးရိုးအိပ်မက်ဟု ထင်ခဲ့သည်။နောင်မကြာ မကြာဆိုသလို မြင်မက်လာသည်။

သို့အတွက် စိတ်ထဲတွင် သံသယစိတ်တွေဝင်လာမိ သည်၊မိမိသည် ခရာဇ်ယာန်ကျောင်းထွက် သာမန်ဗုဒ္ဓဘာသာ ဝင်တစ်ဦးဖြစ်သည်၊ အထက်ဂိုဏ်းဆိုင်ရာ စသည်များကို လည်း စိတ်ဝင်စားသူမဟုတ်ချေ။

ယခုမူ ထူးထူးခြားခြားအိပ်မက်ပေးလာ၍ ခင်ပွန်းကို တိုင်ပင်ကြည့်သည်၊ခင်ပွန်းကလည်း ပထမတော့စိတ်မဝင် စားချေ၊သာမန်မျှပင် ထင်ခဲ့သည်။

နောင်အိပ်မက်မက်မှုစိပ်လာ၍ ခင်ပွန်းကိုပြန်တိုင်ပင် ပြီး မိမိတို့မရောက်ဖူးသော မသွားဖူးသော ထိုနေရာသို့မြို့ပတ်

www.dhammaransi.com



ရထားစီးပြီး တံတားကလေးဘူတာတွင်ဆင်းပြီး ထိုအိပ်မက်ထဲတွင်တွေ့ရသော ဘုရားကို ရှာဖွေကြရာ အလွယ်တကူပင် တွေ့ခဲ့သည်။

မြောက်ဥက္ကလာပမြို့အဝင် ကားလမ်းဘေးအရှေ့ဘက် ချောင်းငယ်တစ်ခု၏ဘေးတွင် လမုပင်များခြံရံလျက် ဘုရားငုတ်တိုပေါ်တွင် နပဲပင်တစ်ပင် အလယ်တည့်တည့်မှ ပေါက်နေသောရှေးဟောင်းဘုရားတစ်ဆူကိုတွေ့ရလေသည်။ သူတို့ဇနီးမောင်နှံသည် ဘုရားငုတ်တိုသို့ ချဉ်းကပ်ပြီး ဆီမီး ပူဇော်ကြသည်။

ထိုနေ့သည်ကား ၁၃၂၂-ခု၊ နယုန်လဆန်း(၃)ရက်နေ့ဖြစ်ပါသည်။ထို့နောက်နယုန်လဆန်း(၅)ရက်နေ့တစ်ကြိမ်၊ (၈)ရက်နေ့တစ်ကြိမ် ထိုစေတီဟောင်းသို့ သွားရောက်ဖူးမြော်မိပြန်သည်။

ထိုသို့ သွားရောက်ဖူးမြော်လေတိုင်း သစ်ပင်ထက်မှ အိမ်မြှောင်စုပ်ထိုးသံကို ထူးခြားစွာကြားရသည်။

နောက်ဆုံးအခေါက်တွင် ဒေါ်စောညွှန့်ရီ၏မောင်ဖြစ်သူပါလာ၍ ဘုရားပေါ်သို့တက်ကြည့်ရာ ရတနာကြုတ်လေးတစ်ခုကိုတွေ့ရှိပြီး ထိုကြုတ်ကိုဖွင့်ကြည့်ရာ ရုပ်တုပုံတစ်ခုကို တွေ့ရှိရလေသည်။

ထိုရုပ်တုလေးကိုယူပြီး အိမ်ပြန်လာခဲ့သည်၊ အိမ်

www.dhammaransi.com



ရောက်ပြီး မကြာမီပင် သမီးအကြီးမကို ဥစ္စာစောင့်ကဝင်ပူး တော့သည်။

"ပုံတော်ရုပ်တုပေးရသည်မှာ အမတော်ကဦးစီး၍ စေတီဟောင်းကို ပြန်လည်ပြုပြင်ပြီး အမျှပေးဝေပါက မိမိတို့ တတွေ အကျွတ်ရပါမည်၊အမက ကူညီဆောင်ရွက်ပေးပါ" ဟု ပြောသည်။

ရရှိသောပုံဟောင်းမှာ ရွှေတိဂုံဘုရား အထက်ပစ္စယံ စနေထောင့်ရှိ မယ်လမုပုံတော်နှင့်တူညီနေသည်ကို အံ့ဩစွာ တွေ့ရသည်။

ဒေါ်စောညွန့်ရီသည် ထိုဥစ္စာစောင့်မ၏ အကူအညီ တောင်းမှုကိုလက်ခံပြီးနောက် ဘုရား၊နတ်တို့တွင် အမိဋ္ဌာန် ဝင်ခဲ့ပြီး နိုင်ငံတော်အစိုးရထံသို့ မြေဂရန်ရရှိရေးနှင့် သက်ဆိုင် ရာ သာသနာရေးဝန်ကြီးထံ၌ ဘုရားစေတီပြုပြင်ခွင့်ကို တောင်းသည်၊ဘုရားပြုပြင်ကူညီနိုင်ရန် ဂေါပကအဖွဲ့ကိုလည်း ဖွဲ့စည်းသည်။

ထိုသို့မြေဂရန်နှင့် ဘုရားပြုပြင်ခွင့်ရသောအခါ ၁၃၂၂-ခု၊ ပြာသိုလဆုပ်(၉)ရက် တနင်္လာနေ့နံနက်တွင် ဒေါ်စောညွန့်ရီ၏ပင့်လျှောက်ချက်အရ မနောမယဆရာ တော်ကြီးဦးဆောင်သော သံဃာတော်ကိုးပါးတို့အား အရုဏ် ဆွမ်းဆက်ကပ်သည်၊ထို့နောက် ဆရာတော်ကြီးများနှင့်လူ

www.dhammaransi.com



ပုဂ္ဂိုလ်အသီးသီးတို့က စေတီတော်အား လက်ျာရစ်လှည့်၍ ဆန်ပန်းပေါက်ပေါက်ကြဲဖြန့်ကြသည်။

ထို့နောက် ဂေါပကလူကြီးများဖြစ်ကြသော ဦးဆင့်၊ ဦးစိုးသိန်း၊ ဦးစောဟန်၊ ဦးကြည်သိန်း၊ ဦးဘိုး၀၊ ဆရာကျော် ဦးကုလား၊ ဦးရှိန်တို့က ဘုရားငုတ်တိုပေါ်တက်ပြီးအုပ်မိုးနေသော နပဲပင်ကို ခုတ်လှဲကြသည်။ထို့နောက် ဘုရားငုတ်တိုကို စတင်ဖြိုပြီး ရှင်းလင်းကြသည်၊ဘုရားအတွင်းမှ-

-ရွှေရောင်အနည်းငယ်ဖြင့်ဘုရားဆင်းတု(၂)ဆူ

-ဆေးဘုရားတစ်ဆူ

-ကြေးဆင်းတုတော်ကြီးတစ်ဆူ တို့ကို ပထမတူးဖော်ရရှိသည်။

ဒုတိယနေ့ဆက်လက်တူးဖော်ရာ နဂါးပတ်နဂါးရုံ နဂါးဖောင်းလျှောင်းတော်မူဆင်းတုရုပ်ပွားတော်များနှင့် လမုသီးသဏ္ဌာန်ထုထားသောကျောက်သားလမုသီးကို အောက်ခံထားသောပလ္လင်ပုံ၊ ရသေ့ကြီးလျှောင်းတော်မူပုံ၊ မယ်လမုပုံ၊ ဥက္ကလာပမင်းပုံ၊သိကြားမင်းပုံ စသည်တို့ကို တူးဖော်ရရှိသည့် အပြင် ၁-၂-မှကမှ၄အထိ အက္ခရာများပါသော ကျောက်ခွေ စေတီကိုပါ တူးဖော်ရရှိသည်။

ထိုသို့ဘုရားငုတ်တိုကို တူးဖော်ရှင်းလင်းပြီးနောက် ဒေါ်စောညွန့်ရီသည် စေတီအသစ်တည်ဆောက်ရန် အလှူ

www.dhammaransi.com



ခံပြီးနောက် စေတီတော်အား ဘိနပ်တော်လေးပေအမြင့်နှင့် ပေ(၆၀)ပတ်လည်အုတ်မြစ်ချခဲ့သည်။

ထို့နောက် ရွှေဘုံသာလမ်းနေ ဦးတင်အောင်+ဒေါ်ကြည်ကြည်တို့က ဒေါ်စောညွန့်ရီနှင့် တိုင်ပင်၍ မယ်လမု စေတီကိုပြီးစီးအောင်တည်ထားခဲ့လေသည်။

*********

www.dhammaransi.com


# အခန်း(၂)
# မယ်လမုဗုဒ္ဓဝင်ရုပ်စုံ

## မယ်လမုဘိုးဘိုးကြီး

မဟာသက္ကရာဇ် ၁၀၃-ခုတွင် သိကြားမင်းနှင့်မယ်လမု၏သား ဥက္ကလာပမင်းကြီးသည် တဖုဿ-ဘလ္လိက ယူဆောင်လာသော ဘုရားရှင်၏ဆံတော်(၈)ဆူကို သိင်္ဂုတ္တရကုန်းတော်၌မှော်ဘီဘိုးဘိုးကြီး၏ လမ်းညွှန်ချက်အရ စေတီတည်ခဲ့ပါသည်။

ဥက္ကလာပမင်းကြီးသည် မယ်တော်မယ်လမုအနိစ္စရောက်ပြီးနောက် မယ်တော်အတွက်အထိမ်းအမှတ် မယ်လမုစေတီကို မယ်တော်မယ်လမုမွေးဖွားရာ လမုတော၌ စေတီ

ပုံ (က)



မယ်လမုအိုးတိုးကြီး

www.dhammaransi.com

www.dhammaransi.com



တည်နေချိန်ဖြစ်သည်။

ထိုအချိန်တွင် ဥက္ကလာပမင်းကြီးသည် အရွယ်ရောက်စပြုလာပြီဖြစ်သော သားတော်နန္ဒမင်းသားကို အိမ်ရှေ့မင်းအရာပေးပြီး မိမိဖခင်ခမည်းတော်ပေးခဲ့သော ကြိမ်စကြာနှင့်နတ်မိကျောင်းငမိုးရိပ်ကို အသုံးပြုခွင့်ပေးထားခဲ့သည်။

နန္ဒမင်းသား၏အထိန်းတော်မှာ မော်မီဟုခေါ်သောဗလဒေဝနှင့် ဇရွဲအုံ ဟုခေါ်သော သူရဒေဝတို့ဖြစ်သည်။

နန္ဒမင်းသားသည် ကုန်သည်သင်္ဘောသားတို့၏လျှောက်ထားချက်အရ သံလျင်တွင် တပင်တိုင်နန်းနှင့်ထားသော မွန်အခေါ်မော်နန်း၊မြန်မာအခေါ် မွေ့နွှန်းမင်းသမီးနှင့်ချစ်ကြိုးသွယ်ရန် ကြိုးစားခဲ့သည်။ထိုမွေ့နွှန်းမင်းသမီးသည်သံလျင်မင်းနှင့်သုဝဏ္ဏာဒေဝီတို့၏ သမီးဖြစ်သည်။သုဝဏ္ဏာဒေဝီသည် ကိုယ်ဝန်အရင့်အမာနှင့်ကွယ်လွန်ခဲ့ရာ မွေ့နွှန်းမင်းသမီးကိုသင်္ချိုင်းရောက်မှမွေးသောကြောင့် မြို့တွင်းသို့ မသွင်းဘဲမြို့ပြင်တွင် တပင်တိုင်နန်းနှင့် အစောင့်အရှောက်အခြံအရံများအပြည့်အစုံနှင့်အထားခံရသော မင်းသမီးဖြစ်သည်။

မင်းသားသည် ရှင်မွေ့နွှန်းမင်းသမီးနှင့် အဆက်အသွယ်ရ ချစ်ကြိုက်မိသောအခါ ဖခင်ဥက္ကလာပမင်းကြီးမသိအောင် ညဥ့်အချိန်တွင် အထိန်းတော်များက အတန်တန်တားသည်ကို မနာယူဘဲ ငမိုးရိပ်စီးပြီး သံလျင်ဘက်ရှိ မွေ့နွှန်း

www.dhammaransi.com



တပင်တိုင်နန်းသို့သွားလေ့ရှိသည်၊ထိုအကြောင်းကိုဥက္ကလာပမင်းကြီးကသိ၍ ကြိမ်စကြာကိုပြန်သိမ်းထားသည်၊အထိန်းတော်များကိုလည်းသားတော်ကို အထူးဂရုစိုက်ရန် မှာကြားထားသည်။

တစ်နေ့ မင်းကြီးက မယ်တော်အတွက် စေတီတည်သောအလုပ်နှင့်ရှုပ်နေစဉ် နန္ဒမင်းသားသည် ညဥ့်အချိန်တွင် ငမိုးရိပ်ကိုခေါ်ပြီး မွေ့နန္ဒန်းထံသို့ ကူးပြန်သည်။

ထိုအချိန်တွင် ငမိုးရိပ်ကို မကျေနပ်၍တိုက်ခိုက်ရန် စောင့်နေကြသော မလက်တိုနတ်မိကျောင်းအုပ်စုတို့သည် လူယောင်ဆောင်ပြီး မွေ့နန္ဒန်းထံခ,စားကြကာ မင်းသားနန္ဒဘုန်းလက်ရုံးအရှိန်အဝါကျအောင် ဘယ်လက်ရုံးတွင် ခေါင်းအုံးအိပ်ခိုင်းသည်၊မွေ့နန္ဒန်းက ထိုကိစ္စများကို မသိနားမလည်သူဖြစ်၍ မင်းသားကို ချစ်စနိုးမှုယာမာယာဖြင့်ခေါ်၍ ခေါင်းအုံးအိပ်ခိုင်းရာ မင်းသားကလည်း ချစ်မြတ်နိုးသဖြင့် မွေ့နန္ဒန်း၏ဘယ်လက်ရုံးတွင် ခေါင်းအုံးအိပ်မိသည်။

မင်းသားမှာ မွေ့နန္ဒန်း၏ဘယ်လက်ရုံးတွင် ခေါင်းအုံးအိပ်မိပြီးဟုသိကြသော မလက်တိုအုပ်စုသည် ငမိုးရိပ်အပြန်တိုက်ခိုက်ရန် ပင်လယ်ဝကစောင့်နေကြသည်၊ နန္ဒမင်းသားသည် ချစ်သူမွေ့နန္ဒန်းနှင့် တွေ့ဆုံပြီးနောက် မိုးမလင်းမီဥက္ကလာနန်းပြန်ရောက်ရမည်ဖြစ်၍ အရုဏ်မတက်မီ ငမိုးရိပ်

www.dhammaransi.com



နှင့်တစ်ဘက်ကမ်းသို့ ပြန်ကူးခဲ့သည်။

မြစ်လယ်အရောက်တွင် ငမိုးရိပ်မှာ မလက်တိုတို့၏ ဝိုင်းဝန်းတိုက်ခိုက်မှုကိုခံရသည်။ငမိုးရိပ်သည်မိမိအရှင်သခင် မင်းသားပါလာ၍ပြန်မတိုက်သာသောကြောင့် ရှောင်ထွက် ပြေးသည်၊မလက်တိုက အုံနှင့်ကျင်းနှင့်တိုက်ခိုက်လာသော အခါ ပြေးမရှောင်သာတော့၍ မင်းသားကိုမိမိခံတွင်း၌ ခဏ ဝင်နေရန်ပန်ကြားပြီး မင်းသားမိမိခံတွင်းသို့ရောက်သော အခါ မင်းသားကိုအန္တရာယ်မဖြစ်အောင်ငုံပြီး မလက်တိုတို့ကို ပြန်လည် ခုခံတိုက်ခိုက်တော့သည်၊ဤသို့ တိုက်ခိုက်ရင်းပင် နံနက်မိုး သောက်အလင်းရောက်လာသည်။

ဥက္ကလာပပြည်တွင် မင်းသားပျောက်နေကြောင်း ပြဿနာပေါ်တော့သည်၊အထိန်းတော်ဗလဒေဝ၊သူရဒေဝတို့ မှာ မငြင်းသာတော့ဘဲ အဖြစ်မှန်ကိုဖွင့်ပြောဝန်ခံရတော့သည်။

ထိုအခါ ဥက္ကလာပမင်းကြီးသည် မိမိကြိမ်စကြာဖြင့် ငမိုးရိပ်ကိုရိုက်ခေါ်ရာ ငမိုးရိပ်သည် ယခု မယ်လမုစေတီ တည်ရာဆိပ်တွင် ဘွားကနဲပေါ်လာရသည်။

ငမိုးရိပ်သည်လည်း ထိုအခါကျမှ မင်းသားကိုသတိ ရပြီးလျှင် အံထုတ်ပေးတော်မူရာ သားတော်မှာအသက်မျော မျော့သာကျန်ပြီး သူသေလျှင် သူ၏အလောင်းကို မွေ့နွံမှန်း တပင်တိုင်နန်းအရပ်ကမြင်ရာ ဤမှာဘက်ကမ်းတွင် သင်္ဂြိုဟ်

www.dhammaransi.com



ပေးရန်မှာကြားပြီး နတ်ရွာစံသွားလေတော့သည်။

ဥက္ကလာပမင်းကြီးသည် သားသေမှုသောကကြောင့် အထိန်းတော်များကို ကွပ်မျက်ရန် အမိန့်ချမှတ်သည်၊ဇရွဲအုံခေါ် သူရဒေဝသည် ထွက်ပြေးလွတ်မြောက်သွားသော်လည်း ဗလဒေဝမှာ မလွတ်မြောက်ဘဲကွပ်မျက်ခံရပြီး နတ်စိမ်းဖြစ်သွားလေသည်။

ထိုဗလဒေဝနတ်ကို ဒက္ခိဏနတ်မင်းကြီးက မယ်တော်မယ်လမုအထိမ်းအမှတ်စေတီတွင် အစောင့်အရှောက်အဖြစ် တာဝန်ပေးခဲ့ရာ ဗလဒေဝအထိန်းတော်သည် မယ်တော်မယ်လမုစေတီအနီးရှိညောင်ပင်တွင် နတ်ဗိမာန်ပြုပြီး မယ်လမုစေတီကိုစောင့်ရှောက်နေခဲ့ရသည်၊

မယ်လမုစေတီယိုယွင်းပျက်စီးနေသည်ကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆွေတော်မျိုးတော်အဆက်များကို မယ်တော်သိုက်နန်းရှင်မှတစ်ဆင့် တာဝန်ပေးနိုင်ရန် ဆောင်ရွက်သူများလည်း ရုက္ခစိုးနတ်မင်း ဗလဒေဝပင် ဖြစ်ပါသည်။

ဗလဒေဝရုက္ခစိုးနတ်မင်းသည် ယခုအခါ မယ်လမုဘိုးဘိုးကြီးဖြစ်နေပြီး မယ်လမုစေတီကိုစောင့်ရှောက်သလိုတစ်ဘက်ကလည်း မိမိအား မကောင်းမှုပြုသူများကို ဖော်ထုတ်ပေးရန် အကူအညီတောင်းခံပါက ကူညီပေးနေသူ၊ သာသနာပြုဘိုးတော်ဖြစ်နေပါသည်။

*********

www.dhammaransi.com

အမှတ် ...... ...... ......
ရက်စွဲ ...... ...... ...... ......

မယ်လမုရုပ်စုံဗုဒ္ဓဝင်သမိုင်း

# ကိုးမြို့ရှင်နတ်နန်း

ရှမ်းပြည်နယ်ရှိ ကိုးပြည်အစုပါအဝင်ဖြစ်သော ဆွန်းတောင်းပြည်ကို အစိုးရသောမင်းလှစည်သူမင်းနှင့်မိဖုရားကြီး ကုနီဒေဝီတွင်သားတော်တစ်ပါးနှင့်သမီးတော်တစ်ပါးရှိသည်။

မင်းကြီးသည် သားတော်ကိုအိမ်ရှေ့မင်းအရာပေးပြီး ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးစားအပိုင်ပေးသနားခံရသဖြင့် မင်းသားမှာ ကိုးမြို့ရှင် ဟုအမည်တွင်ခဲ့ပြီး သမီးတော်ကား ပုလဲယဉ် ဟု အမည်တွင်ခဲ့လေသည်။

မင်းကြီးမင်းလှစည်သူက အထူးချစ်ခင်ယုံကြည်အားထားရသော အထိန်းတော်ကြီးဗလကျော်ထင် ကွယ်လွန်ပြီးနောက်အထိန်းတော်ကြီးကိုယ်စား သူ၏သားတော်မြင်းစီးသူရဲကောင်း ဗိုလ်မှူးကျော်စွာကို သားတော်အဖြစ် သူကောင်းပြုထားလေသည်။

ဗိုလ်မှူးကျော်စွာသည် ဘုရင်သားတော်ဖြစ်ပြီးသည်နေ့မှစ၍ ဦးခုန်ဆိုသူကို အိမ်တော်ဝန်ခန့်ထားပြီး မိမိကမူ အသောက်အစားကြက်တိုက်၊လောင်းကစားတို့ဖြင့် အမြဲပျော်ပါးနေခဲ့သည်။

မင်းလှစည်သူနှင့်ရာဇမဟာမိတ်ဖြစ်သော သစ္စာတော်ခံ မိုင်းပြန်စော်ဘွားစောခွန်ကြည်ကို ကျိုင်းတောင်း

၂၆၇၀၉

www.dhammaransi.com



တော်ဘွားစောသီဟက တိုက်ခိုက်လာ၍ စောခွန်ကြည်ဘက်မှ ရှုံးရန် မင်းလုစည်သူက သားတော်အိမ်ရှေ့မင်းကိုးမြို့ရှင်နှင့် ဗိုလ်မှူးကျော်စွာတို့ကို တပ်တော်ကိုဦးဆောင်၍ စေလွှတ်သည်။

ကိုးမြို့ရှင်မင်းသားတို့ တပ်မရောက်မီ စောသီဟလက်ချက်ဖြင့် စောခွန်ကြည်ကျဆုံးပြီးဖြစ်သဖြင့် မိုင်းပြင်နယ်ကိုမှူးမတ်တို့က ယာယီထိန်းသိမ်းအုပ်ချုပ်ရန်အပ်နှင်းပြီး စောခွန်ကြည်၏ လူမမယ်သားနှစ်ယောက်ဖြစ်သော ခွန်ချို-ခွန်သာတို့ကို နေပြည်တော်သို့ခေါ်ဆောင်ယူခဲ့သည်။

မင်းတရားကြီးက ဗိုလ်မှူးကျော်စွာမှာ အသောက်အစားရှိနေ၍ ကလေးများကိုအပ်နှံထားပါက ပျက်စီးမည်စိုးသဖြင့် ခွန်ချို-ခွန်သာတို့ကို ကိုးမြို့ရှင်နှင့်ပုလဲယာဉ်တို့က တစ်ဦးစီမွေးစားရန် ပေးသနားထားသည်။

ခွန်ချို-ခွန်သာတို့ကို မွေးစားခွင့်မရသော ဗိုလ်မှူးကျော်စွာသည် မင်းကြီးအပေါ် ရှက်စိတ်နာဖြစ်ကာရန်ငြိုးထားခဲ့ပြီး အခွင့်သာက ထီးနန်းလုယူရန်နှင့်ပုလဲယာဉ်ကို မိဖုရားမြှောက်ရန်စီမံပြီး ကြံမိတော့သည်။

ခွန်ချို-ခွန်သာတို့အရွယ်ရောက်ရှိလာပါက ဗိုလ်မှူးကျော်စွာသည် သူ့အကြံအစည်ပျက်မည်စိုး၍ ဘက်တော်သားများနှင့်တိုင်ပင်ကာ ရှမ်းပြည်မြောက်ပိုင်း သိန္နီနယ်သူပုန်



ကိုးမြို့ရှင်နတ်နန်း

www.dhammaransi.com



များထကြွနေကြောင်း၊ ခွန်ချို-ခွန်သာတို့ကနို့မ်နှင်းပြီး ထိုနယ်တွင် သုံးနှစ်အုပ်ချုပ်နေသင့်ကြောင်း မင်းကြီးကို လျှောက်ထားသည်။မင်းကြီးက ယုံကြည်ပြီး ခွန်ချို-ခွန်သာတို့ကို သိန္ဓိဘက်သို့စေလွှတ်သည်။

ခွန်ချို-ခွန်သာမရှိသည့်နောက် ဗိုလ်မှူးကျော်စွာသည် မိမိ၏နောက်လိုက်များနှင့်အတူ ညဥ့်အချိန်နန်းတော်သို့ ဝင်စီးပြီး ဘုရင်နှင့်မိဖုရားတို့ကို လုပ်ကြံသတ်ဖြတ်လေသည်။

ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ နှမငယ်ပုလဲယာဉ်ကို ခေါ်ပြီး ကိုယ်လွတ်ထွက်ပြေးရလေသည်၊ကျောက်ထပ်ရွာ အရောက်တွင် ခမည်းတော်၏သိက္ခမ်းဟောင်း သစ္စာတော်ခံဟောင်း သူဌေးဦးသာမြတ်ထံတွင် မထင်မရှားဆင်းရဲသား အသွင်နှင့် နေထိုင်ရလေသည်။

တစ်နေ့တွင် ကိုးမြို့ရှင်သည် နှမတော်ပုလဲယာဉ်ကို သူဌေးထံအပ်နှံပြီး ခွန်ချို-ခွန်သာထံသွားရန်စီမံပြီး ထွက်ခဲ့သည်။

ပုလဲယာဉ်သည် နောင်တွင်သူဌေးသားမောင်လတ်နှင့်မေတ္တာမျှပြီး ပေါင်းသင်းရာမှ သမီးကလေးတစ်ယောက် မွေးဖွားခဲ့သည်၊ထိုသမီးကလေးကို အဘိုးအဘွားနှင့်မိဘနှစ်ပါးက အလွန်ချစ်မြတ်နိုးသဖြင့် "သဲသဲကလေး"ဟု အမည်ပေးထားသည်။

www.dhammaransi.com



ခွန်ချို-ခွန်သာသည် သူပုန်ရန်ကိုနှိမ်နင်းပြီး မြို့ပြကို အတည်တကျစီမံပြီးသော် နေပြည်တော်သို့ပြန်လာရာ နေပြည်တော်အရောက်တွင် ကျေးဇူးရှင်များပျက်စီးကြောင်းကို သိရသည်။

ဗိုလ်မှူးကျော်စွာက ခွန်ချို-ခွန်သာတို့ကိုတွေ့ဆုံပြီး မိမိထီးနန်းလုရသည်မှာ မိမိအတွက်မဟုတ်ကြောင်း၊ခွန်ချို-ခွန်သာတို့အတွက်သာ ဖြစ်ကြောင်း၊မိမိသည် အသက်အရွယ်ကြီးပြီးအိုမင်းပြီဖြစ်၍ တရားဓမ္မနှင့်နေလိုကြောင်း ယုံကြည်အောင်ပြောပြသည်၊ မိမိခိုင်းတာကို လုပ်ပါမည်ဟု သစ္စာကတိပြုပါက ထီးနန်းကို ပေးအပ်မည်ဟူ၍လည်း သွေးဆောင်သည်။

ခွန်ချို-ခွန်သာတို့က သဘောတူပြီးသစ္စာကတိပြုလာသောအခါ ဗိုလ်မှူးကျော်စွာက ကိုးမြို့ရှင်ကိုရှာဖွေခေါင်းဖြတ်ပြီး မိမိထံယူလာပေးရသည်၊ကိုးမြို့ရှင်ခေါင်းရက ခွန်ချိုကို ထီးနန်းအပ်ပြီး ခွန်သာကိုအိမ်ရှေ့မင်းအရာပေးမည်ဟု ပြောကြားသည်။

သို့အတွက် ခွန်ချို-ခွန်သာတို့သည် ကိုးမြို့ရှင်ကိုရှာရန်ထွက်ခဲ့ရသည်၊တစ်ပတ်အကြာတွင်လမ်းခရီး၌ ကိုးမြို့ရှင်နှင့်ခွန်ချို-ခွန်သာတို့ တွေ့ဆုံကြရသည်။

ခွန်ချို-ခွန်သာတို့က ဗိုလ်မှူးကျော်စွာထံ မိမိတို့သစ္စာ

www.dhammaransi.com



ဆိုခဲ့ရသည့်အကြောင်းစုံကိုပြောပြသည်၊ခွန်ချို-ခွန်သာအပေါ်တွင်သားသမီးကဲ့သို့ ချစ်မြတ်နိုးသောကိုးမြို့ရှင်သည် မိမိအတွက်ကြောင့် မိမိ၏မွေးစားသားနှစ်ဦး သစ္စာမစူးစေလိုသောကြောင့်လည်းကောင်း၊ခွန်ချို-ခွန်သာတို့ကလည်း မိမိတို့၏ကျေးဇူးရှင်ကို ခေါင်းမဖြတ်ဝံ့သောကြောင့်လည်းကောင်ကိုးမြို့ရှင်သည် မိမိကိုယ်ကို အဓိဋ္ဌာန်ပြုပြီး သူ၏ဦးခေါင်းကိုသူကိုယ်တိုင်ဖြတ်ပေးလိုက်သည်။

ဗိုလ်မှူးကျော်စွာသည်ငွေးချိုတောင်၊ စကားဝါပင်ရိပ်သာ၌နေစဉ် ခွန်ချို-ခွန်သာတို့က ကိုးမြို့ရှင်ခေါင်းကိုလာဆက်သစဉ် ကြိုတင်စီမံထားသည့်အတိုင်း မိမိနောက်ပါများအား ခွန်ချို-ခွန်သာကို ဖမ်းပြီး သတ်စေသည်။ခွန်ချို-ခွန်သာသည် အစိမ်းနတ်ဖြစ်ပြီး ခွန်ချို-ခွန်သာနတ်တို့သည် ဗိုလ်မှူးကျော်စွာနှင့်အိမ်တော်ဝန်တို့ကို ညဥ့်အိပ်စဉ် သစ်ပင်လှဲချပြီးသစ်တုံးပိကာသေစေ၍ ဗိုလ်မှူးကျော်စွာနှင့်အိမ်တော်ဝန်တို့ပါသေဆုံးပြီး နတ်ဖြစ်ကြလေသည်။

ကိုးမြို့ရှင်သည် နတ်ဖြစ်ပြီး နှမပုလဲယာဉ်ထံသို့ လာကြည့်သည်။မူလက မောင်နှမနှစ်ယောက်လုံး အိမ်ထောင်မပြုရေး သစ္စာပြုထားရာယခုနှမက အိမ်ထောင်ပြုသဖြင့်ဒေါသဖြစ်ကာနှမကို လှူပြည်တွင် ဂထားလိုဘဲလိပ်ပြာနှုတ်ကာခေါ်ယူပြီး နတ်စိမ်းဘဝသို့ ရောက်စေသည်။

www.dhammaransi.com



ပုလဲယာဉ်သည်လည်း သမီးလေးသဲသဲကို မခွဲနိုင်သောကြောင့် ကြောင်ယောင်ဆောင်ပြီး ပုခက်တွင်းသို့ ခုန်ချသည်။ သဲသဲကလေးလန့်၍သေဆုံးပြီး နတ်ဖြစ်ပြန်သည်၊ မောင်လတ်မှာလည်းဇနီးနှင့်သမီးသေဆုံး၍ ရင်ကွဲနာကျသေဆုံးပြီး နတ်ဖြစ်လေသည်။

ခမည်းတော်မင်းလှစည်သူနတ်ကလူ့ဘဝတွင် ကိုးမြို့ကိုးတံခါးဟူသောဖလားနှင့်ကိုးစားပိုင်ဆိုင်ခဲ့သောသားတော် ကိုးမြို့ရှင်ကို လူအများဘေးအန္တရာယ်မကျရောက်စေရန်အတွက် ကာကွယ်စောင့်ရှောက်ရန် မြို့ရွာစောင့်ကြပ်နတ်အဖြစ် တာဝန်ပေးလေသည်။

ပုလဲယာဉ်၊ မောင်လတ်၊သဲသဲလေးနှင့် ခွန်ချိုခွန်သာတို့ကိုလည်း ကိုးမြို့ရှင်၏ အခြွေအရံအဖြစ် နေထိုင်စေရန် သတ်မှတ်ပေးလေသည်။

ထိုအချိန်မှစ၍ မြို့ရွာအိမ်တို့တွင် ကိုးမြို့ရှင်နတ်ကို မြို့ရွာစောင့်နတ်အဖြစ် အသိအမှတ်ပြုပြီး နတ်ကန္နားပေးထားကြသည်။

********

www.dhammaransi.com



# သတ္တာဟသတ္တမသတ်ပေး ဘုရားရှင်၏ စိတ်တော်ရွှင်မြူးခြင်း

ဘုရားလောင်းသည် ခေါင်းပါးစွာစားသောက်၍ ကျင့်ကြံအားထုတ်မှုသည် တရားထူးမရနိုင်သည်ကို စဉ်းစားသိပြီး အစာကို သင့်တင့်ရုံပြန်စားသည်၊ ထိုသို့ စားသည့်အတွက် ပဉ္စဝဂ္ဂီငါးဦးသည် တန်ခူးလကွယ်နေ့တွင် ဘုရားလောင်းကို စွန့်ခွာသွားခဲ့ကြသည်။

ဘုရားလောင်းသည် တစ်ပါးတည်း အထူးဆိတ်ငြိမ်စွာတရားအားထုတ်တော်မူသဖြင့် သမာဓိတိုးတက်လာပြီး ကဆုန်လဆန်း(၁၄)ရက်နေ့ ညဉ့်သန်းခေါင်ကျော် မိုးသောက်ဘက်၌ အိပ်မက်ကြီး(၅)ပါးမြင်မက်တော်မူသည်။

၁။ မြေအပြင်အိပ်ရာပြုလျက် ဟိမဝန္တာကိုခေါင်းအုံးအိပ်သည်၊အရှေ့သမုဒ္ဒရာ၌လက်ဝဲ၊အနောက်သမုဒ္ဒရာ၌လက်ျာလက်ကိုထားလျက် တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဘက်ကိုထားလျက်အိပ်စက်တော်မူရသည်။

၂။ တိရိယာမည်သောမြက်ပင်မျိုးသည်ထမ်းပိုးခန့် ပမာဏရှိသောနီမြန်းသောရိုးတံဖြင့် ချက်တော်မှ ပေါက်ထွက်၍ကြည့်နေတုန်းပင် တစ်ထွာ၊တစ်တောင်၊ တစ်လံ၊တစ်တာ၊တစ်ဂါဝုတ်၊ယူဇနာဝက်၊တစ်ယူဇနာ

www.dhammaransi.com



အထောင်များစွာ မိုးကောင်းကင်ခိုက်လျက်တည်နေသည်ဟု အိပ်မက်မြင်မက်တော်မူသည်။

၃။ ဦးခေါင်းအနက်၊ကိုယ်လုံးဖြူသောပိုးလောက်အပေါင်းသည် ခြေသည်းတော်များမှ ပုဆစ်ဒူးခေါင်းသို့တိုင်အောင် တရွရွဖုံးလွှမ်းတက်ရောက်သွားကြသည်ဟု အိပ်မက်မြင်မက်တော်မူသည်။

၄။ ညို၊ ရွှေ၊ နီ၊ရော်လေးပါးသောအဆင်းရှိသောငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာမှပျံလာကြပြီး ခြေတော်နားသို့ဝပ်ဆင်းမိကြသောအခါ ငှက်လေးမျိုးလုံးပင် ကိုယ်လုံးဆွတ်ဆွတ်ဖြူကြသည် ဟု အိပ်မက်မြင်မက်တော်မူသည်။

၅။ ကြီးစွာသောမစင်တောကြီးအထက်၌ထိုမစင်ဖြင့် မလူးမလဲဘဲ လူးလာတုံ့ခေါက်စင်္ကြံန်လျှောက်ရသည် ဟုအိပ်မက်မြင်မက်တော်မူသည်။

ဘုရားလောင်းသည် မိမိအိပ်မက်ကို မိမိကိုယ်တိုင်ဖတ်တော်မူသည်။

အိပ်မက်(၁)အရ-

-သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ လူသုံးပါး၌ ဘုရားစင်စစ်ဖြစ်မည်။

၂၈ (ဃ)



သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်းကပ်လှူခြင်း

www.dhammaransi.com

www.dhammaransi.com



အိပ်မက်(၂)အရ-

-အလယ်အလတ်လမ်းစဉ်ဖြစ်သောမဂ္ဂင်ရှစ်ပါးကို လူနတ်တို့အား ဟောကြားနိုင်သည်။

အိပ်မက်(၃)အရ-

-ဝတ်ဖြူစင်ကြယ်ဝတ်ကြသော များစွာသောလူ အပေါင်းတို့ ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ကာ မဟာသရဏဂုံခံယူကြလိမ့်မည်။

အိပ်မက်(၄)အရ-

-မင်း၊ပုဏ္ဏား၊သူဌေးသူကြွယ်၊ဆင်းရဲသား အမျိုး လေးပါးတို့သည် ဘုရားသာသနာအတွင်းဝင်ရောက် ရဟန်းပြုကြပြီး အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြမည်။

ဘုရားအလောင်းတော်သည် ကိုယ်တိုင်အိပ်မက်ဖတ် ပြီး "ငါသည် ယနေ့ပင် မချွတ်ကေန်ဘုရားဖြစ်မည်မှာမှန်၏" ဟု ဆုံးဖြတ်ချက်ချတော်မူပြီးကာ ထိုညလွန်မြောက်နောက် နေ့ လပြည့်နေ့နံနက်ပိုင်းရောက်သော် ကိုယ်လက်သုတ်သင် ပြီးလျှင် ထိုအရပ်မှထွက်ခဲ့၍ သုဇာတာသူဌေးသမီး နှစ်စဉ်- နှစ်စဉ် အပူဇော်အပသရောက်သော ညောင်ပင်ရင်း၌ ဆွမ်း ခံရန်အချိန်ကိုငံ့လင့်ကာ ကိုယ်တော်၏အရောင်ဖြင့် ညောင် ပင်တစ်ပင်လုံးတောက်စေလျက် အရှေ့အရပ်သို့မျက်နှာမူပြီး ထိုင်နေတော်မူသည်။

www.dhammaransi.com



ဥရုဝေဠအရပ် သေနာနိဂုံး၌ သေနာနီမည်သော သူဌေးကြီး၏သမီး သုဇာတာသည် အရွယ်ရောက်လတ်သော် ထိုညောင်ပင်ရင်း၌ ဆုတောင်းမှုပြုခဲ့သည်။

"အရှင်ညောင်စောင့်နတ်မင်း-ကျွန်မသည် အမျိုးဇာတ်အရ သူဌေးအိမ်သို့ရောက်ရှိ၍ ပထမအကြိမ်သားကို ရရှိငြားအံ့၊ အရှင်နတ်မင်းကို နို့ပါယာနာဆွမ်းဖြင့် ပူဇော်မှုကို ပြုပါအံ့"

သုဇာတာသည် ထိုဆုတောင်းပြည့်၍ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့၌ ထိုညောင်စောင်းနတ်မင်းအား နို့ဃနာဆွမ်းဖြင့် ပူဇော်ပသမှု ဝတ်ပြုခဲ့သည်။

နို့ဃိုစီစဉ်ရာတွင်လည်း ရှေးဦးစွာ နို့စားနွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်းစေသည်။

ထိုနွားမတစ်ထောင်မှထွက်သောနို့ရည်ကို နို့စားနွားမ(၅၀၀)ကို တိုက်သည်။

-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၂၅၀)ကောင်ကို တိုက်သည်

-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၁၂၅)ကောင်ကိုတိုက်သည်

-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၆၄)ကောင်ကို တိုက်သည်

www.dhammaransi.com



-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၃၂)ကောင်ကို တိုက်သည်

-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၁၆)ကောင်ကို တိုက်သည်

-ထိုမှထွက်သောနို့ရည်ကို အခြားနွားမ(၈)ကောင်ကို တိုက်သည်

ဤသို့လျှင် သုဇာတာသူဌေးကတော်သည် နွားနို့၏အရည်ပျစ်ရန်၊ချိုမြိန်သောအရသာရှိရန်၊ သြဇာရှိရန် ရည်သန်၍ နွားနို့ဆင့်ကဲဆင့်ကဲ လဲလှယ်မှုပြုလေသည်။

သုဇာတာသူဌေးကတော်သည်ကဆုန်လပြည့်နေ့၌စောစောပင်လျှင် ဗလိနို့ဃနာပူဇော်မှုပြုအံ့ ဟုကြံစည်ကာနွားမရှစ်ကောင်မှနွားနို့ကိုယူကာ အိုးသစ်ဖြင့် နို့ဃနာကို ချက်သည်။

ထိုနို့ဃနာချက်စဉ် ကြီးစွာသောအမြှုပ်ကြီးများထ၍လက်ျာရစ်လည်၍သာနေကုန်သည်။တစ်ပေါက်မျှ အပြင်သို့လျှံမကျပေ။

-ခုံလောက်အထက်သို့ မီးခိုးမတက်ပေ။

-စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက လာရောက်စောင့်ရှောက်သည်၊မဟာဗြဟ္မာမင်းက နို့ဃနာအိုးကို ထီးမိုးပေးသည်။သိကြားမင်းကမီးညီအောင် ထင်းစများ ညှိပေးထိုးပေး

www.dhammaransi.com



သည်။နတ်တို့က ကျွန်းငယ်နှစ်ထောင်မှ လူနှင့်နတ်တို့သုံးစွဲကောင်းသောဩဇာကို မိမိတို့၏နတ်တန်ခိုးဖြင့် အတာံ၌ဖွဲ့အပ်သောပျားလဘို့ကိုညှစ်၍ ပျားရည်ကိုယူကြသည့်အလား စုရုံးယူဆောင်၍ နို့ဃနာအိုး၌ ထည့်ကြသည်။
(နတ်တို့သည် ထိုနတ်ဩဇာကို ဘုရားရှင်ဘုရားဖြစ်သောနေ့နှင့်ပရိနိဗ္ဗာန်စံဝင်သောနေ့တွင် ထည့်လေ့ရှိကြသည်)

သုဇာတာသည် နို့ဃနာကိုချက်ရာ၌ ဤကဲ့သို့သောအံ့ဖွယ်ရာများကို မျက်ဝါးထင်ထင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကျွန်မဖြစ်သော ပုဏ္ဏာကို-

"အမိပုဏ္ဏာ-ယနေ့ငါတို့၏ညောင်စောင်းနတ်မင်းသည် အလွန်ပင်စိတ်ကြည်လင်ပုံရသည်၊ငါသည် ဤမျှအနှစ်နှစ်ဆယ်ကျော်ကာလအတွင်း၌ ဤသို့သဘောရှိသောအံ့ဖွယ်မျိုးကိုမမြင်စဖူး၊လျင်မြန်စွာသွား၍နတ်မင်း၏နေရာညောင်စောင်းကို ရှင်လင်းသုတ်သင်ပါချေ"
ဟုပြောဆိုစေခိုင်းလိုက်လေသည်။

ပုဏ္ဏာသည် လျင်မြန်စွာပင် ညောင်ပင်သို့သွားသည်၊ ညောင်ပင်သို့ရောက်သော် ညောင်ပင်ရင်း၌ အရှေ့လောကဓာတ်ကိုကြည့်ကာထိုင်နေသော ဘုရားလောင်းကိုလည်းကောင်း၊ဘုရားလောင်း၏ကိုယ်တော်မှထွက်သောအရောင်တို့ဖြင့် ညောင်ပင်တစ်ပင်လုံးရွှေရောင်တို့ဖြင့် ဝါဝင်းနေသည်

www.dhammaransi.com



ကိုလည်းကောင်း တွေ့မြင်ရ၍-

"ယနေ့ ငါတို့၏ညောင်ပင်စောင့်နတ်မင်းသည် ညောင်ပင်မှသက်ဆင်း၍ မိမိလက်ဖြင့်ပင်လျှင် ပူဇော်သက္ကာရ ဗလိနတ်စာကိုခံယူရန် ထိုင်နေဟန်ထင်သည်"

ဟု ကြံစည်တွေးတောပြီး အံ့သြဘနန်းဖြင့် အိမ်သို့လျင်မြန်စွာပြန်ကာ သုဇာတာသူဌေးကတော်အား ထိုအကြောင်းကို ပြောကြားလေသည်။

သုဇာတာသူဌေးကတော်သည် ကျွန်မ၏စကားကို ကြားရလျှင် အလွန်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍-

"သင်သည် ယနေ့မှစ၍ ငါ၏သမီးကြီးနေရာ၌ တည်လေလော့"

ဟုပြောဆိုကာ သမီးအား လျှောက်ပတ်သောအဆင်တန်ဆာတို့ကို ပေး၍ဆင်မြန်းလေသည်။

(ဘုရားလောင်းများသည် ဘုရားဖြစ်မည့်နေ့တွင် နို့ဃနာဆွမ်းဘုဉ်းပေးရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်၊အလားတူတစ်သိန်းတန်ရွှေခွက်ရခြင်းမှာလည်း ဓမ္မတာဖြစ်ပါသည်)

သုဇာတာသူဌေးကတော်သည် ရွှေခွက်၌နို့ဃနာကို ထည့်အံ့ဟု ကြံစည်ပြီး အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို ရွှေတိုက်မှထုတ်ပြီး နို့ဃနာကိုထည့်သည်။

ထို့နောက် နို့ဃနာထည့်သောရွှေခွက်ကို အခြားရွှေ

www.dhammaransi.com



ခွက်ဖြင့်ဖုံးအုပ်၍ ဖြူစင်သောအဝတ်ဖြင့် ရစ်ပတ်ချည်နှောင်ပြီးလျှင် မိမိကိုယ်ကိုလည်းတန်ဆာဆင်ကာ နို့ဃနာရွှေခွက်ကိုမိမိကိုယ်တိုင်ရွက်ပြီး အခမ်းအနားဖြင့်သွားလေသည်။

ညောင်ပင်ရင်း၌ ဘုရားလောင်းကိုမြင်ရလျှင်အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ညောင်စောင့်နတ်ဟု မှတ်ထင်ကာ အလောင်းတော်ကိုမြင်ရာအရပ်မှ ကိုယ်ကိုညွတ်လျက် သွားရောက်ပြီးလျှင် ဦးခေါင်းမှရွှေခွက်ကိုချ၍ဖွင့်ပြီးသော် ရွှေကရားဖြင့် နံ့သာပန်းမျိုးစုံ ထုံအပ်သောရေကိုထည့်ယူ၍ အလောင်းတော်အနီးသို့ ချဉ်းကပ်ရပ်တည်လေသည်။

တောထွက်စဉ် ဃဋိကာရဗြဟ္မာမင်းကပ်လှူခဲ့သော မြေသပိတ်သည် ဒုက္ကရစရိယခြောက်နှစ်ကြာအောင်ကျင့်စဉ်ကာလပတ်လုံး အလောင်းတော်ကိုစွန့်ခွာမသွားဘဲ ယခုသုဇာတာနို့ဃနာဆွမ်းလှူသောခဏဝယ် အလိုလိုပျောက်သွားသည်။

ဘုရားလောင်းသည် သပိတ်ကိုမမြင်၍ လက်ျာလက်ကိုဖြန့်၍ရေကိုခံယူလေသည်၊သုဇာတာသူဌေးကတော်သည် ရွှေခွက်နှင့်တကွသောနို့ဃနာကိုအလောင်းတော်၏ လက်သို့ဆက်ကပ်လိုက်သည်။

ဘုရားလောင်းသည် သုဇာတာသူဌေးကတော်ကိုကြည့်တော်မူသည်၊သုဇာတာသည် အလောင်းတော်ကိုကြည့်

www.dhammaransi.com



ပုံ အခြင်းအရာကို ကောင်းစွာနားလည်သဘောပေါက်သည် ဖြစ်၍-

"အို-အရှင်၊ ကျွန်ုပ်သည် အရှင့်အားရွှေခွက်နှင့်တကွ သော နို့ဃနာကို စွန့်လှူအပ်ပါပြီ၊ရွှေခွက်နှင့်တကွ ယူတော် မူ၍ လိုရာသို့ကြွတော်မူပါ"

ဟု ပြောဆိုလျှောက်ထားပြီးလျှင်-

"ကျွန်ုပ်၏စိတ်နှလုံး အလိုဆန္ဒပြည့်ဝအောင်မြင် သကဲ့သို့ အလားတူအရှင်မ၏ဆန္ဒသည်လည်း ပြည့်ဝအောင် မြင်ပါစေသတည်း"

ဟု ပြောဆိုဆုမွန်ချွေ၍ သစ်ရွက်ခြောက်ကဲ့သို့ တစ်သိန်းတန် ရွှေခွက်၌ ငဲ့ကွက်ခြင်းမရှိဘဲ ဖယ်ခွာသွားလေတော့သည်။

*********

www.dhammaransi.com



# နေရဉ္ဇရာမြစ်၌ရွှေခွက်မျှောခန်း

ဘုရားလောင်းသည် သုဇာတာသူဌေးကတော်ထံမှ နို့ဃနာခွက်ကိုအလှူခံပြီးလျှင် နေရာမှထ၍ ညောင်ပင်ကို လက်ျာရစ်လှည့်လည်ပြီးသော် နေရဉ္ဇရာမြစ်သို့ ကြွတော်မူလေသည်။

ထိုနေရဉ္ဇရာမြစ်တွင်ဘုရားရှင်တို့ရေချိုးမြဲဓမ္မတာ နေရာဖြစ်သောသုပ္ပတိဋ္ဌိတ အမည်ရှိသောရေချိုးဆိပ်ရှိလေသည်။

ထိုရေချိုးဆိပ်၌ ရွှေခွက်ကိုချထားပြီးလျှင် ဆင်းသက်ရေချိုးသည်၊ထိုနောက် အေးမြသောသစ်ပင်ရိပ်၌ အရှေ့ကိုမျက်နှာမူပြီးထန်းသီးမှည့်အစေ့ခန့်ပမာဏရှိသောလေးဆယ့်ကိုးလုပ်သောနို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူသည်။

(ထို(၄၉)လုပ်သည်ဘုရားရှင်သတ္တသတ္တာဟ စံမြန်းမည့်(၄၉)ရက်အတွက် အစာအာဟာရဖြစ်လေသည်။)

ဘုရားလောင်းသည် နို့ဃနာဆွမ်းဘုဉ်းပေးပြီးသော် ရွှေခွက်ကိုယူ၍-

"အကယ်၍ ငါသည်ယနေ့ ဘုရားဖြစ်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်ပါမူ ဤရွှေခွက်သည် ရေညာသို့ဆန်တက်ပါစေသား



နေရဥ္စရာမြစ်ဦးရွှေခွက်မျှော်ခန်း

www.dhammaransi.com



ဘုရားဖြစ်ခြင်းငှာမစွမ်းနိုင်ပါမူ ရေစုန်သို့ မျောပါစေသား" ဟု ဓိဋ္ဌာန်တော်မူပြီးလျှင် ရွှေခွက်ကို နေရဉ္ဇရာမြစ်ကြောသို့ မျှောချလိုက်လေသည်။

ရွှေခွက်သည် ရေစီးရေယာဉ်ကို ဖြတ်လျက်မြစ်လယ်သို့ တည့်တည့်မတ်မတ်သွားပြီးလျှင် မြစ်၏အလယ်ချက်မ အရပ်၌ပင်လျှင် မြင်းအလျင်ကို စိုင်းသကဲ့သို့ အတောင်ရှစ်ဆယ်ခန့်ရေညာကို ဆန်တက်သွားပြီးနောက် ဝဲဇလုပ်၌ နစ်မြုပ်ကာ ကာဠနဂါးမင်း ဘုံဗိမာန်သို့ရောက်၍ကကုသန်၊ ကောဏဂုံ၊ ကဿပတည်းဟူသောပွင့်တော်မူပြီးကုန်သော ဘုရားသုံးဆူတို့၏ အသုံးပြုခဲ့သာရွှေခွက်သုံးလုံးကိုထိခတ်ကာ ကရစ်-ကရစ် ဟူသော အသံဖြစ်စေလျက် ထိုရွှေခွက်သုံးလုံး တို့၏အောက်၌တည်လေသည်။

ကာဠနဂါးမင်းသည် ထိုအသံကိုကြား၍-

"ယမန်နေ့ကပင် ဘုရားတစ်ဆူပွင့်သွားခဲ့လေပြီ၊ယခု တစ်ဖန် ဘုရားတစ်ဆူပွင့်ပြန်ပြီ"

ဟု ပြောဆိုကာပိုဒ်ပေါင်းများစွာ ဂါထာတို့၏ ထောပနာချီးမွမ်း စကားမြွက်ကြားရွတ်ဆို၍ ထလေသည်။

(ကာဠနဂါးအဖို့မှာ ကဿပဘုရားရှင်နှင့်ဂေါတမ ဘုရားရှင်နှစ်ဆူတို့၏အကြားကာလ မဟာပထဝီမြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ်မြင့်တက်လာအောင် ရှည်လျား

www.dhammaransi.com



သော အချိန်ကာလကိုပင် ယမန်နေ့ကနှင့်ယနေ့ဟူ၍ ပြောဆိုယူရလောက်အောင် တိုတောင်းသကဲ့သို့ ရှိနေပါတော့သည်။)

*********

www.dhammaransi.com



# ဆည်းလည်းစေတီတော်

မြတ်စွာဘုရားရှင်သည် ဗောဓိပင်နှင့်ရွှေပလ္လင်အတွက် မာရ်နတ်ရန်မှ အောင်မြင်ပြီးနောက် သတ္တသတ္တာဟ နေရာ(၇)နေရာ၌(၄၉)ရက် ဖလသမာပတ်ချမ်းသာဖြင့် စံနေတော်မူပြီးနောက်လောကကိုကြည့်တော်မူသည်။

"အန္ဓိဘူတော အယံလောကော"

လောကကြီးသည် အမိုက်တိုက်ချည်းသာတည်း၊ငါသိထားသောတရားကိုဟော၍လည်း အကျိုးရှိမည်မထင်၊ဟု စဉ်းစားဆင်ခြင်ပြီး ကြောင့်ကြမဲ့နေရန် စိတ်အကြံရှိတော်မူသည်။

ထိုအကြံကို သဟမ္ပတိဗြဟ္မာမင်းက သိတော်မူ၍ ချက်ချင်းဆင်းလာကာ-

"ဤလောကတွင် အသိဉာဏ်ရှိသော ပုဂ္ဂိုလ်များရှိပါသေးသည်၊အရှင်ဘုရားသိထားသောတရားတော်များကိုဟောကြားပေးတော်မူပါ၊ ထိုသူများသည်ဟောပြောလမ်းပြ၊နည်းပြပေးမည့်သူမရှိ၍ မီးခဲပြာဖုံးပမာ ဖြစ်နေရပါသည်၊ထိုသူများအတွက် မြတ်စွာဘုရားရှင် တရားဟောပေးတော်မူပါ" ဟု တောင်းပန်လျှောက်ထားခဲ့သည်။

"သဟမ္ပတိဗြဟ္မာ၏ တောင်းပန်လျှောက်ထားမှု

www.dhammaransi.com



ကြောင့် မြတ်စွာဘုရားသည် လောကလူသားနတ်ဗြဟ္မာတို့အားတရားဟောရန် စိတ်ဆုံးဖြတ်ချက်ချတော်မူပါသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာမင်းသည် ဘုရားရှင်တရားဟောတော်မူမည်ဟု စိတ်ဆုံးဖြတ်ချက်ချသည်ကို သိရှိသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်လူ့လောက၊နတ်လောကဗြဟ္မာလောကအား ဗုဒ္ဓတရားစည်ကြီး ရိုက်ဟီးမြည်တော့မည်၊တရားအသံတို့သည် လောကဓာတ်တစ်ခုလုံး ညောင်ရွက်လေခတ်သံပမာသာယာနှစ်သက်ဖွယ်ကောင်းသောအသံတို့ဖြင့်ပျံ့နှံ့တော့မည်၊ လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့တွက်ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာတို့သည်လည်း ဖြစ်ပေါ်လာတော့မည်ဟု ကြွေးကြော်ကာ စည်ခရာတို့ကို ညောင်ရွက်လေခတ်သကဲ့သို့ သာယာညှင်းပြောင်းသောအသံဖြင့် ကြွေးကြော်လေသည်။

ထိုသို့ ဘုရားရှင်က တရားဟောတော့မည်၊တရားစည်သံ လောကဓာတ်တစ်ခုလုံး လွှင့်ပျံ့တော့မည်ဟူသောသဟမ္ပတိဗြဟ္မာ၏ကြွေးကြော်သံကို အထိမ်းအမှတ်ပြု၍ဆည်းလည်းစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤစေတီတွင် ဆည်းလည်းပေါင်း(၁၀၈)ခု ပါဝင်ပါသည်။

*********

www.dhammadana.com





ဆည်းလည်းစေတီ

www.dhammaransi.com



# ဒုက္ကရစရိယကျင့်တော်မူခြင်း

ဘုရားလောင်းသည် တောထွက်ရဟန်းပြုပြီးနောက် အာဠာရ-ဥဒကရသေ့တို့ထံနည်းနာခံခဲ့သည်၊ ထိုရသေ့ကြီးနှစ်ဦး၏နည်းသည် သံသရာထွက်မြောက်ကြောင်းနည်းမဟုတ်၍ ထိုဆရာကြီးများထံမှ ခွဲခွာကာ နိဗ္ဗာန်တရားကို ရှာမှီးရန် မာဂဓတိုင်း၌ အစဉ်သဖြင့်လှည့်လှည်ရာ သေနနိဂုံးသို့ဆိုက်ရောက်သည်၊ထိုသေနနိဂုံးအနီး၌ ဥရုဝေဠတောအုပ်ရှိသည်။

ထိုတောအုပ်ဝယ် ဘုရားလောင်းသည် ယခင်က ကြိုတင်တောထွက်လာခဲ့သော ပဉ္စဝဂ္ဂီငါးပါး၏ပြုစုမှုကိုခံယူလျက်-

-အရေမျှကြွင်းပါစေ

-အကြောမျှကျန်ပါစေ

-အသားအသွေးတို့ခန်းခြောက်သွားပါစေ

ဤအလုပ်တို့ဖြင့် ငါအောင်မြင်အောင်လုပ်မည်ဟူသော အင်္ဂါလေးပါးရှိသောဇွဲလုံ့လဝီရိယဖြင့် အားထုတ်တော်မူမည်ဟု ဆုံးဖြတ်ချက်ချတော်မူသည်။

ဘုရားလောင်းသည် ပထမဆွမ်းခံစား၍ မေတ္တာဘာဝနာအလုပ်ကိုလုပ်သည်၊ထိုအလုပ်ဖြင့် သဗ္ဗညုတဉာဏ် မရနိုင်ဟု စဉ်းစားပြီး ဆွမ်းခံမှုကိုမပြုဘဲ ဥရုဝေဠတောရှိ အလိုလို

www.dhammaransi.com



ကြွေကျသောသစ်သီးကို ကောက်ငင်ယူစားပြီး အားထုတ်သည်။

ထို့နောက် မိမိအားထုတ်သောအပင်အောက် ကြွေကျသောသစ်သီးကိုစားပြီး အားထုတ်သည်။

ထို့နောက် ကုသိုလ်-အကုသိုလ်စိတ်တို့ဖြစ်ခွင့်မပေးဟု ဆုံးဖြတ်ကာဝီရိယမီးပူဖြင့် ကုသိုလ်-အကုသိုလ်တို့ကိုကိုယ်မှကွာအောင် ပယ်ဖျောက်သည်၊ထိုအခါ ချွေးများတဒီးဒီးယိုထွက်သည်။

ထို့နောက် ထွက်လေဝင်လေနှစ်ပါးကို အောင့်ချုပ်၍ထားခြင်းဟု ဆိုအပ်သော အပ္ပါနကဈာန်ကိုမလျော့သောလုံ့လဖြင့် အားထုတ်သည်၊လေတို့သည် နှာခေါင်းပေါက်မှထွက်မရ၍ နားမှထွက်လေသည်။

တစ်ဖန် အလောင်းတော်သည် မလျော့သောလုံ့လဖြင့် ခံတွင်းမှလည်းကောင်း၊နှာခေါင်းမှလည်းကောင်း၊နားပေါက်တို့မှလည်းကောင်း၊ထွက်လေ-ဝင်လေမလွတ်အောင်ထိန်းချုပ်ပြီး အားထုတ်သည်၊လေတို့သည် ဦးခေါင်းသို့တက်၍ တိုးဝှေ့ကြသည်၊အလွန်ခေါင်းကိုက်သောဝေဒနာကို ခံစားရသည်။

ဆက်လက်၍ ထွက်လေ-ဝင်လေတို့ကို ချုပ်တည်းရာလေတို့သည် ဝမ်းဗိုက်ကိုဖြတ်လှီးသကဲ့သို့ တိုးထွက်ကြသည်။

www.dhammaransi.com





ဒုက္ကရစရိယကျင့်တော်မူခြင်း

www.dhammaransi.com



ဆက်လက်ချုပ်တည်း၍ အားထုတ်ခဲ့ရာ တစ်ကိုယ်လုံးပူလောင်မှုကိုခံရသည်၊ဘုရားလောင်းက လုံးဝမလျှော့ ဆက်လက်အားထုတ်နေခဲ့ရာ အလောင်းတော်သည် စင်္ကြံအတွင်းမှာပင် မူးမေ့သွားကာ ထိုင်လျက်သားတိမ်းလဲသွားသည်။

မူးမေ့ရာမှ သတိရလာသောအခါငါသည်အစာကို မစားဘဲကျင့်ရမူ ကောင်းလေစွ ဟုကြံစည်သည်၊နတ်များက အစာကိုလုံးဝမဖြတ်ရန်နှင့်အစာဖြတ်က အလောင်းတော်၏ မွေးညင်းပေါက်ကနေပြီး နတ်ဩဇာသွင်းပေးပါမည် ဟုဆိုကြသဖြင့် မျှတရုံစားမည်ဟုဝန်ခံပြီး ပဲနောက်ပြုတ်ရည် တစ်လက်ခုပ်မျှဖြင့်သောက်သုံးကာ တရားကိုအားထုတ်သည်။

ထိုသို့ ပဲပြုတ်ရည်တစ်လက်ခုပ်မျှဖြင့် မျှတတော်မူရသည့်အတွက် ဘုရားလောင်း၏ရူပကာယသည် အလွန်ပင်ပန်းနွမ်းနယ်ကာ ပိန်ချုံး၍သွားလေသည်။

အစာအာဟာရနည်းသည့်အတွက် ဘုရားလောင်း၏ ကိုယ်အင်္ဂါကြီးငယ်တို့သည်-

-အာသီတိကမည်သောနွယ်၊ ကာဠမည်သောနွယ်တို့၏ အဆစ်များကဲ့သို့ အရိုးဆက်၊အဆစ်နေရာတို့ကငေါလျက် မောက်လျက်သာ အဆစ်မဟုတ်သောနေရာတို့က ပိန်လျက် ချိုင့်လျက် နေကုန်၏။

www.dhammaransi.com



-တင်ပါးတို့သည် ကုလားအုပ်ခွာကြီးများကဲ့သို့ ပတ်ဝန်းကျင် ရှုံ့တွလျက် ကျင်ကြီးစွန့်သောနေရာတို့က အတွင်းသို့ချိုင့်ဝင်၍နေကုန်၏။

-ကျောရိုးမှာ ပုတီးလုံးကြီးများ ကြိုးဖြင့်သီထားသည့်ပမာ အလယ်မှာနိမ့်ကျလျက်အရိုးငေါငေါ ပေါ်လွင်နေကုန်၏။

-ဇရပ်အိုကျောင်းအိုအိမ်အိုတို့မှ အချင်ရနယ်များကဲ့သို့ နံရိုးတို့သည်လည်း အကြားအကြား၌အသားများနိမ့်ကျကုန်ရကား မြင်မကောင်းရှုမကောင်း စနောင့်စနင်းမပြေမပြစ်ဖြစ်၍နေကုန်၏။

-မျက်လုံးအိမ်တော်အတွင်း၌ မျက်လုံးတော်တို့သည် ရေတွင်းနက်ကြီးထဲက ရေပွက်ကလေးများပမာအတွင်းသို့ဝင်လျက်နေသည်။

-ဦးခေါင်းတော်အရေမှာလည်း ဗူးခါးသီးနုနုလေးကိုခူး၍ နေလှန်းထားသည့်ပမာ ရှုံ့တွတွန့်ကာ ညှိုးနွမ်း၍နေသည်။

-ဝမ်းရေတော်နှင့်ကျောသားကပ်လျက်နေရကား ဝမ်းရေကို စမ်းလိုက်လျှင် ကျောရိုးကိုပါကိုင်မိတော့၏၊ကျောရိုးကိုစမ်းလိုက်လျှင်လည်း ဝမ်းရေကိုပါ ကိုင်မိတော့၏။

-ကျင်ကြီးကျင်ငယ်ကို စွန့်မည်ဟု ထိုင်လိုက်သောအခါ ကျင်ငယ်ဖြစ်နိုင်လောက်အောင် အာဟာရဓာတ်ရည်က ဝမ်းထဲ၌ မရှိသောကြောင့် လုံးဝကျင်ငယ်မထွက်ဘဲ ကျင်ကြီးသော်မူ

www.dhammaransi.com



ကွမ်းသီးတစ်လုံးနှစ်လုံးခန့်မျှသာစားခြင်းဖြစ်၍ ခဲယဉ်းစွာ ထွက်ရ၏၊တစ်ကိုယ်လုံးမှ ချွေးများတဖြိုင်ဖြိုင်ယိုစီးကျလာ၏၊ ထိုနေရာမှာပင် မှောက်လျက်သားတိမ်းလဲသွား၏။

မိမိကိုယ်ကို အနည်းငယ်မျှသက်သာရာ ရတန်ပါစေ တော့ဟု လက်ဖြင့်ပွတ်သပ်လိုက်သောအခါ အသားအသွေး နည်းပါးလှသဖြင့် အရင်းပိုင်းက အသားအသွေးအမှီမရ၍ အရင်းပုတ်နေသောမွေးညင်းများသည် ကိုယ်မှကျွတ်ကာ လက်၌ ကပ်ငြိ၍ပါလာ၏။

ဘုရားရှင်၏ပင်ကိုယ်အဆင်းသည် သိင်္ဂနိက်ရွှေစင် အဆင်းရှိသကဲ့သို့ ဝါဝင်းသောအဆင်းရှိသည်။

ထိုအချိန်မြင်ရသူတို့တွင် -

-အချို့ကရဟန်းဂေါတမသည် အသားမဲကြီး

-အချို့က ရဟန်းဂေါတမသည် အသားမဲကြီးမဟုတ် အသားညိုကြီး

-အချို့က ရဟန်းဂေါတမသည် အသားမဲလည်း မဟုတ်၊အသားညိုလည်းမဟုတ်၊ ငါးခူရေကဲ့သို့ ပြာလဲ့သောအဆင်းရှိသူ ဖြစ်သည်ဟု ပြောဆိုကြလေသည်။

*********

www.dhammaransi.com



# မုစလိန္ဒသတ္တာဟသီတင်းသုံးပုံ

မြတ်စွာဘုရားသည် ဆိတ်ကျောင်းညောင်ပင် (အဇပါလ)၌ ခုနစ်ရက်သီတင်းသုံးပြီးနောက် မဟာဗောဓိပင်၏ အရှေ့တောင်ဘက်ရှိမုစလိန္ဒအိုင်အနီးရှိ ကျည်းပင်ရင်းသို့ကြွသွားတော်မူပြီးလျှင် ထိုကျည်းပင်ရင်း၌ ခုနှစ်ရက်ပတ်လုံး တင်ပလ္လင်ခွေထိုင်၍ အရဟတ္တဖိုလ်ချမ်းသာ ခံစား၍ နေလေသည်။

ထိုအခါ မိုးဥတုမဟုတ်သော အခါမဲ့မိုးကြီးသည် ခုနစ်ရက်ရွာသွန်းဖြိုးလေသည်။(ဤမိုးသည် စကြာဝတေးမင်းပေါ်သောအခါ ဘုရားရှင်ကိုပွင့်သောအခါ၌သာ ရွာသွန်းလေ့ရှိသည်)

ထိုသို့ မိုးကြီးရွာသွန်းသောအခါ မုစလိန္ဒအိုင်အောက်၌ရှိသော နဂါးဘုံကိုအစိုးရသော အလွန်တန်ခိုးကြီးသည့် မုစလိန္ဒနဂါးမင်းသည်-

"ဤအခါမဲ့မိုးကြီးသည် ဘုရားရှင်ငါ၏ဗိမာန်သို့ဝင်လျှင်ဝင်ခြင်းပင် ရွာသွန်းခဲ့လေပြီ၊ဘုရားရှင်အတွက် နေထိုင်ရန် ကျောင်းတော်ရရှိမှ သင့်ပေမည်"

ဟု ကြံစည်စဉ်းစားကာ နဂါးမင်းသည် မိမိကိုယ်တိုင်က ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်ကြီး ဖန်ဆင်းနိုင်သော်

www.dhammaransi.com





မုစလိန္ဒာဝတ္ထာဟသီတင်းသုံးပုံ

www.dhammaransi.com



လည်း-

“ငါ၏တန်ခိုးဖြင့်ရတနာပြသာဒ်ကြီးကို ဖန်ဆင်း၍ လှူခဲ့သော် ငါ့မှာအကျိုးကြီးလိမ့်မည် မဟုတ်၊ငါသည် မြတ်စွာဘုရားအား ကိုယ်ဖြင့်ဝေယျာဝစ္စကောင်းမှုပြုပေအံ့”

ဟု ကြံစည်ပြီးလျှင် ကြီးမားသောခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်း၍ ဘုရားရှင်ကို အချမ်း၊အပူ၊ မှက်၊ခြင်၊ယင်တို့ မထိပါး၊မနှိပ်စက်စေရန် အခွေခုနှစ်ထပ် ရစ်ပတ်ကာရုံလျက် ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကျက်အုပ်ဖုံးဆောင်းမိုး၍ထားလေသည်။

ဘုရားရှင်သည် ဂန္ဓကုဋီတိုက်အတွင်း၌ သီတင်းသုံးနေရသကဲ့သို့ မုစလိန္ဒနဂါးမင်း၏ အခွေခုနှစ်ထပ်အတွင်း၌ သီတင်းသုံး၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလေသည်။

ခုနစ်ရက်လွန်သော် နဂါးမင်းသည် မိုးတိမ်ကင်းသည်ကိုသိမြင်၍မိမိအခွေကိုဖြုတ်၍ လုလင်အသွင်ဖန်ဆင်းပြီး ဘုရားရှင်ကိုရှိခိုး၍ ရပ်တန့်သည်။

ဘုရားရှင်သည် ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကိုခံစား၍နေသောသူအား နေလေရာအရပ်တိုင်းမှာပင် ချမ်းသာသုခဖြစ်၏။

ဟူသောအကြောင်းကို ကောင်းစွာဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာပီတိအဟုန်ဖြစ်ကာ အောက်ပါဂါထာကိုကျူးရင့်တော်

www.dhammaransi.com



မှုသည်။

"ကိလေသာကင်းဆိပ်ရာနိဗ္ဗာန်သည် အလွန်တရာ ချမ်းသာလှ၏၊လေးပါးသောမဂ်ဉာဏ်ရည်သန်ပြည့်ဝ အားရ ရောင့်ရဲသော ဉာဏ်ပညာမျက်စိထင်လင်းပြီးသော တရားရှိ သောနိဗ္ဗာန်တရားကိုသိမြင်ပြီးသော ပုဂ္ဂိုလ်၏ လူနတ်ဗြဟ္မာ သတ္တဝါတို့၌ အမျက်မပွားမေတ္တာထားခြင်းသည်လောက၌ ချမ်းသာလှပေ၏၊လူနတ်ဗြဟ္မာသတ္တဝါတို့၌ မညှင်းပန်း၊မနှိပ် စက် ကရုဏာတရားပွားခြင်းသည်ချမ်းသာလှ၏၊လောက၌ ဝတ္ထုအာရုံကာမဂုဏ်တို့၌ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်လွတ် မြောက်ရာဖြစ်သော ရာဂကင်းရာဖြစ်သောအနာဂါမ်မဂ် သည် ချမ်းသာလှ၏၊ငါတလူလူမာန်မူထောင်လွှားမှုကို အပြီး အပြတ်ပယ်ဖျောက်ရာ အကြင်အရဟတ္တဖိုလ်သည် စစ်စစ် ရှိ၏၊ထိုအရဟတ္တဖိုလ်သည် အမြတ်ဆုံးတရားဖြစ်ပေ၏။

**********

www.dhammaransi.com



# ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦးဟောခန်း

ဘုရားလောင်းဖွားမြင်ကာစ ရုပ်လက္ခဏာဖတ်ကြသော ပုဏ္ဏား(၈)ဦးအနက် ကောဏ္ဍညပုဏ္ဏားသည် ဤသတို့သားသည် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု လက်ညှိုးတစ်ချောင်းထောင်ပြီး ဟောခဲ့သည်။

ထို့နောက် ကောဏ္ဍညပုဏ္ဏားသည် ကျန်ပုဏ္ဏားတို့၏ သားများဖြစ်သော မဟာနာမ်၊အဿဇိ၊ဘဒ္ဒိယ၊ဝပ္ပဟူသော ပုဏ္ဏားလေးယောက်ကိုခေါ်ကာ အရင်တောထွက်၍ ရဟန်းပြုနေကြသည်။ဘုရားလောင်းတောထွက်လာ၍ ဒုက္ကရစရိယာကျင့်သောအခါ ရေပူရေချမ်းကမ်းလှမ်းပြုစုကြသည်။

ဘုရားလောင်းသည် အာဟာရဖြတ်၍ ကျင့်သည်ကိုမှားမှန်းသိ၍ အစာပြန်စားပြီးကျင့်သောအခါ ပဉ္စဝဂ္ဂီတို့က အစားမစားဘဲကျင့်တာတောင် ဘုရားမဖြစ်ဘဲ၊ အစာစားပြီးကျင့်က မုချဘုရားမဖြစ်နိုင်ဟု မှားယွင်းစွာသုံးသပ်ပြီး ဘုရားလောင်းထံမှ ခွဲခွာသွားခဲ့ကြသည်။

ဘုရားရှင်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်ကို ကျင့်သဖြင့် ဘုရားဖြစ်သောအခါ တရားဦးဟောထိုက်သောသူများကို စဉ်းစားဆင်ခြင်ကြည့်သည်၊ မိမိအား ပထမဦးဆုံးသော လောကီစျာန်ရအောင် တရားပြသခဲ့သော အာဠာရနှင့်ဥဒက

www.dhammaransi.com



ရသေ့တို့ကို စဉ်းစားမိသည်၊သူတို့သည် ဘုရားမဖြစ်မီ တစ်ရက်အလိုတွင် ကွယ်လွန်ခဲ့ကြပြီး အရူပဗြဟ္မာပြည်သို့ ရောက်နေကြသည်။

ဘုရားရှင်သည် ဒုတိယကျေးဇူးရှိသောသူများ စဉ်းစားသောအခါ ပဉ္စဝဂ္ဂီငါးပါးကိုမြင်သည်၊သို့အတွက် ဘုရားရှင်သည် ဗောဓိပင်မှ(၁၈)ယူဇနာကွာဝေးသော ဣသိပတနမိဂဒါဝုန်တောသို့ ကြွတော်မူသည်၊ဝါဆိုလပြည့်နေမဝင်မီ ရောက်ရှိသည်။

ပဉ္စဝဂ္ဂီတို့သည် ဘုရားရှင်ကြွလာသည်ကိုမြင်သော် ရဟန်းဂေါတမအပေါင်းအသင်း ပရိသတ်လာရှာခြင်း ဖြစ်မည်၊ မကြိုဆိုကြစတမ်းကတိကဝတ်ပြုကြသည်၊ဘုရားရှင်အနားသို့ရောက်သော် အားလုံးကတိကဝတ်ပျက်ပြီး ကြိုဆိုခြင်း၊ခြေဆေးပေးခြင်း၊နေရာပေးခြင်း စသည်ပြုကြလေသည်။

ဘုရားရှင် ကမိမိဘုရားဖြစ်ပြီး မြတ်သောတရားကိုဟောမည်ဟု ပြောသောအခါ မယုံကြည်ကြ၊သင်တို့ကို ရှေးကငါဘုရားဖြစ်ပြီဟု မည်သည့်အခါက ပြောခဲ့ပါသလဲ ဟု ထပ်ပြောမှ ပဉ္စဝဂ္ဂီတို့သည် ဘုရားရှင်ကို ယုံကြည်ပြီး တရားနာကြသည်။

ထိုအခါ ဘုရားရှင်သည် ရှောင်ရမည့်လက်ဝဲလက်ျာအစွန်းနှစ်ပါး၊အမှန်တရားလေးပါးနှင့်ကျင့်သုံးဆောက်တည်

www.dhammaransi.com



ပဉ္စဝဂ္ဂီငါးပါးတို့အားတရားဦးဟောတော်မူခန်း

www.dhammaransi.com



ရမည့် ကျင့်စဉ် (၈) ပါးတည်းဟူသော မဗ္ဗစကြာတရားကို ဟောပြတော်မူရာ တရားတော်အဆုံးတွင် (၁၈) ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာပန်တည် လေသည်။

*********

www.dhammaransi.com



# ဗုဒ္ဓဟူးထောင့်မှုဒြာလေးဆူ

ဆုတောင်းပြည့်မယ်လမုစေတီတော် ဗုဒ္ဓဟူးထောင့်တွင် ဘုရားလေးဆူတည်ထားပါသည်။

ဘုရားလေးဆူပွင့်တော်မူပြီးဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ကဿပ၊ဂေါတမ ဘုရားလေးဆူကိုရည်ရွယ်ပြီး တည်ထားခြင်း ဖြစ်ပါသည်။

သို့မဟုတ် ဗုဒ္ဓဟူးထောင့်တွင်တည်ထားသောကြောင့် နှစ်ကျိပ်ရှစ်ဆူဝင်ဗုဒ္ဓဟူးနေ့ဖွားဘုရားများဖြစ်ကြသော ကောဏ္ဍညဘုရား၊နာရဒဘုရား၊သိဒ္ဓတ္ထဘုရား၊ကောဏာဂုံဘုရားများကိုရည်မှတ်ပြီး တည်ခြင်းလည်းဖြစ်နိုင်သည်။

ဘုရားလေးဆူဗုဒ္ဓဟူးထောင့်မှာတည်ခြင်းသည် ဗုဒ္ဓဟူးဂြိုဟ်၏နံသင့်သင်္ချာ(၄)ဂဏန်းအရ နံနှင့်ခတ် အံဝင်ခွင်ကျလိုက်ဖက်အောင် ဂမ္ဘီရပညာအရ တည်ထားကိုးကွယ်ခြင်းလည်း ဖြစ်ပါသည်။

ဘုရားလေးဆူတွင် လက်တော်မုဒြာလေးမျိုးခွဲခြားပြီး တည်ထားသည်ကို တွေ့ရပါသည်။

ပထမရုပ်ပွားတော်မှာ -ဒွေဝါစိကသရဏာမုဒြာ(သို့မဟုတ်) မဇ္ဈိမပဋိပဒါမုဒြာရုပ်ပွားတော် ဖြစ်ပါသည်။



၁၂ (ခ)

ဗုဒ္ဓဟူးထောင့်မှမုဒြာလေးဆူ

www.dhammaransi.com



လက်ျာလက်၊ လက်ညှိုး-လက်ခလယ် နှစ်ချောင်း ထောင်ထားသောအသွင်ဖြစ်ပါသည်။လက်ညှိုးသည် သဒ္ဓါရက္ခန္ဓာကိုလည်းကောင်း၊သမာဓိကိုသော်လည်းကောင်း၊ ဝီရိယပါရမီကိုလည်းကောင်း၊ဝါယောဓာတ်ကိုလည်းကောင်း အမျိုးမျိုးသရုပ်ဆောင်သောမုဒြာဟု ဆိုပါသည်။

လက်ျာလက်ခလယ်သည် သညာက္ခန္ဓာကိုလည်းကောင်း၊ သတိဗိုလ်ကိုသော်လည်းကောင်း၊ ခန္တီပါရမီကိုလည်းကောင်း၊တေဇောဓာတ်ကိုလည်းကောင်း၊ အမျိုးမျိုးသရုပ်ဆောင်သော မုဒြာဟု ဆိုပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟစံနေတော်မူရာတွင် သတ္တသတ္တာဟဖြစ်သော ရာဇာယတနလင်းလွန်းပင်၌ စံနေစဉ် ဥက္ကလာပတိုင်းမှ ကုန်သည်ညီနောင်ဖြစ်သော တဖုဿ-ဘလ္လိက တို့မှန့်ကြွပ်လာလှူစဉ် ထိုညီနောင်ကို ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ ဟူသော သရဏဂုံ(၂)ပါးကို တည်ဆောက်စေသည်ကိုအထိမ်းအမှတ်ပြု၍ဒွေဝါစိကသရဏမုဒြာဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြလေသည်။

အချို့ပညာရှင်တို့ကလည်း မြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဟောကြားရာ၌ မဖွင့်မပဋိပဒါ (အလယ်အလတ်လမ်းစဉ်)

www.dhammaransi.com



လိုက်နာကျင့်သုံးရန်အတွက် ကာမသုခလ္လိကာနုယောဂနှင့် အတ္တကိလမထ ဟူသောအစွန်းတရားနှစ်ပါးကိုပယ်စွန့်ရမည် ဟု ဟောကြားသောအထိမ်းအမှတ်ရ မဇ္ဈိမပဋိပဒါမုဒြာ ဟု ခေါ်ဝေါ်ကြပါသည်။

ဤဒွေဝါစိကာသရဏမုဒြာ(မဇ္ဈိမပဋိပဒါမုဒြာ) ဘုရားရှင်ရုပ်တုကိုဆည်းကပ်ကိုးကွယ်သောသူသည်-

-ဉာဏ်ပညာထွန်းကားတိုးတက်ခြင်း

-သတိမမေ့မှတ်ဉာဏ်ကောင်းခြင်း

-အမှန်တရားကိုသိလွယ်ခြင်း

-ရာထူးဌာနန္တရတိုးတက်ကြီးပွားခြင်း

-ခွန်အားဗလအင်အားကြီးမားခြင်း

-တန်ခိုးအာနုဘော်ထက်မြက်ခြင်း

-ချစ်ခင်မြတ်နိုးသူပေါများခြင်း

→ -မေတ္တာစေတ်မပျက်သံယောဇဉ်ခိုင်မာခြင်း

-လာဘ်လာဘပွင့်လန်းခြင်း

-လုပ်ငန်းနှင့်စီးပွားရေးအဆင်ပြေခြင်း

စသည့် အကျိုးများရရှိခံစားနိုင်သည်ဟု ဆိုပါသည်။

ဒုတိယရုပ်ပွားတော်မှာ-စျာနမုဒြာရုပ်ပွားတော် ဖြစ်ပါသည်။

တရားအားထုတ်ရန် (သို့မဟုတ်)စျာန်ဝင်စားရန် ဖြစ်ပါသည်၊ယောဂမုဒြာ ဟူ၍လည်းခေါ်ပါသည်။

www.dhammaransi.com



လက်နှစ်ဘက်ကိုပေါင်ပေါ်တင် လက်ဖဝါးနှစ်ဘက် စလုံးလှန်ထားပြီး လက်ျာလက်ဖဝါးက လက်ဝဲလက်ဖဝါးပေါ် မှာထပ်၍ ခန္ဓာကိုယ်မတောင့်တင်းစေဘဲ အကြောများကို လျော့ထားကာ သက်တောင့်သက်သာတင်ထားဟန်ပုံ ဖြစ်ပါ သည်။

လက်မနှစ်ခုထိပ်ချင်းတွေ့ဆိုင်ထားပြီး ကျန်လက် ချောင်းများကို ဖြန့်တင်ထားပါသည်၊ ဈာန်သမာပတ်ဝင်စား နေပုံ၊သမာဓိရနေပုံမျိုးထင်ပေါ်အောင် ထုလုပ်ထားပါသည်။

ဈာနမုဒြာသည် ဗောဓိပက္ခိယတရားများအနက် ဈာန်တရားကို ပဓာနအားဖြင့် ရည်ညွှန်းထားလေ့ရှိပါသည်။

ဈာနမုဒြာဘုရားကို ဆည်းကပ်ကိုးကွယ်သူသည်-

-တည်ကြည်ငြိမ်သက်သော ဓာတ်သဘောအပြည့် အဝရရှိခြင်း

-စိတ်သောကကင်းငြိမ်းခြင်း

-ဉာဏ်ပညာတိုးတက်ပွင့်လင်းခြင်း

-တရားထူးတရားမြတ်ကိုရလွယ်ခြင်း

-သမထပေါက်လွယ်ခြင်း

-သိဒ္ဓိပြီးမြောက်စေခြင်း

-မကောင်းကျိုးဟူသမျှ ချုပ်ပျောက်စေခြင်း

အကျိုးများရနိုင်ကြောင်း ဝဇီရာယာနကျမ်းဂန်များ၌ ဖွင့်ဆို

www.dhammaransi.com



ထားသည်ကို တွေ့ရသည်။

တတိယရုပ်ပွားတော်မှာ-တဇ္ဇနီမုဒြာ (သို့မဟုတ်)ဗောဓ မ္မောမုဒြာရုပ်ပွားတော်ဖြစ်ပါသည်။

လက်ညှိုးထောင်ထားသောလက်ဟန်ဖြစ်ပါသည်၊ သတိပေးဟန်ဟူ၍ ခေါ်သည်။

လက်ကျာလက်၏လက်ညှိုးကို အပေါ်သို့ထောင်ပြထားသည်၊ဖူးမြော်လာသူကို သတိပေးဟန်သဏ္ဍာန်မျိုးဆောင်ထားသည်၊တစ်ခါတစ်ရံ တစ်စုံတစ်ခုကိုပြုလုပ်၍ညွှန်ကြားဟန်သဘောဆောင်ပါသည်။

တစ်ချို့ပညာရှင်ဆရာတို့ကလည်း မြတ်စွာဘုရားသည် မိမိ၏တရားတော်အတွင်း ဗောဓမ္မော တစ်ခုတည်းသောတရားသည် စိတ်ဖြစ်သည်၊ ဘဝ၏လွတ်မြောက်ရာနောက်ဆုံးနိဗ္ဗာန်သည် တစ်ခုတည်းသောတရားဖြစ်သည်၊ ဤသို့ညွှန်ပြသည့်သဘောကို ဗောဓမ္မောမုဒြာ ဟု ဆိုပါသည်။

ဤရုပ်ပွားတော်ကို ကိုးကွယ်ဆည်းကပ် ပူဇော်သောသူသည်-

-တရားဓမ္မ၌တည်ခြင်း

-စည်ကမ်းရှိသေတတ်ခြင်း

-လိမ္မာရေးခြားရှိခြင်း

www.dhammaransi.com



-ရန်သူကိုလည်းကောင်း၊မကောင်းမှုကိုလည်းကောင်း
တားမြစ်နိုင်ခြင်း
-တန်ခိုးအာဏာစက် ထက်မြက်ခြင်း

အကျိုးများကိုရရှိနိုင်သည် ဟု ပဋိမာသိပ္ပံကျမ်းတို့၌ လာရှိပါသည်။

စတုတ္ထရုပ်ပွားတော်မှာ-အဘယမုဒြာရုပ်ပွားတော် ဖြစ်ပါသည်။

လက်ျာဘက်လက်ကို အနည်းငယ်ထောင်ကွေးထားပြီး လက်ဖဝါးကိုအပြင်ဘက်သို့လှန်ကာ လက်ချောင်းများကိုအပေါ်သို့ ထောင်ဖြန့်ပြနေပုံ ဖြစ်သည်။ဘေးအန္တရာယ် မရှိအောင် ကာကွယ်ပေးဟန် ဖြစ်ပါသည်၊ဘေးမဲ့ပေးဟန် ဖြစ်၍ အဘယဟတ္ထ ဟူ၍လည်း ခေါ်ပါသည်။

အချို့က ဤမုဒြာဟန်ကို သန္တိမုဒြာဟု ခေါ်ပါသည်

အဘယမုဒြာ၏အနက်သဘောမှာ ဖူးမြော်လာသူတို့အားမကြောက်ရွံ့စေရန် ဘေးအန္တရာယ်အပေါင်းမှကာကွယ်တားဆီးပေးထားသည်ဟူ၍လည်းကောင်း၊ ဘုရားရှင်ကိုယ်တော်တိုင် မှာ ကိလေသာကင်းစင်တော်မူသော အနန္တဇိနဖြစ်တော်မူသောကြောင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်စုံတစ်ရာမရှိတော့ပြီ ဟူသော ဘုရားဂုဏ်တော်ကိုသိစေလို၍ ဤလက်တော်ဖြင့် ပြသထားသည် ဟုဆိုပါသည်။

www.dhammaransi.com



မစိုးရိမ်လင့်၊ မကြောက်လင့်၊ကြက်သီးမွေးညင်းထခြင်း၊ထိတ်လန့်တုန်လှုပ်ခြင်းတစ်စုံတစ်ရာမဖြစ်လင့်၊ ကိုးကွယ်အားထားရာ ဘုရားရှင်ရှိနေပြီဟူသော ဓဇဂ္ဂသုတ်ပရိတ်ဒေသနာတော်ကို ဟောကြားနေဟန်ဟူ၍လည်း ပဋိမာသိပ္ပံပညာရှင်တို့က ဆိုပါသည်။

ရှေးမင်းဟောင်းမင်းမြတ်တို့က-

-တိုင်းပြည်ငြိမ်းချမ်းသာယာရေးအတွက်လည်းကောင်း

-စစ်မက်ရေးရာကင်းရှင်းပြေပျောက်စေရန်အတွက်လည်းကောင်း

-တိုင်းသူပြည်သားများ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိစေရန်လည်းကောင်း

-မကောင်းသောသတင်းဆိုး၊ကောလာဟလများကို ချေဖျက်ကျော်လွှားနိုင်စေရန်အတွက် လည်းကောင်း

ဤအဘယမုဒြာရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ်လေ့ ရှိကြပါသည်။

ဤရုပ်ပွားတော်ကို ကိုးကွယ်ဆည်းကပ်ပူဇော်သောသူသည်-

-အစိမ်းသရဲ၊ သင်းကွဲပြိတ္တာနတ်မိစ္ဆာတို့၏နှောင့်ယှက်မှုမှကင်းခြင်း

-ရန်သူ၊သူစိမ်း၊မုဒိမ်း၊ဓားပြတို့ရန်မှ ကင်းခြင်း

www.dhammaransi.com



-ရဲရင့်တက်ကြွသူရသတ္တိနှင့်ပြည့်စုံစေခြင်း

-စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့မှ

လွတ်ငြိမ်းပပျောက်စေခြင်း

အကျိုးများရရှိခံစားရကြောင်း ပဋ္ဌာမသိပ္ပံ ပညာကျမ်းတို့က ဆိုပါသည်။

*********

www.dhammaransi.com



# ရှေးသာလျှောင်းရုပ်ပွားတော်

ဗုဒ္ဓသည် နံနက်ဆွမ်းကိစ္စပြီးလတ်သော် ဂန္ဓကုဋီကျောင်းအနီး၌ အလုပ်အကျွေးရဟန်းတော်ခင်းထားသောနေရာ (ရဟန်းတော်များညီမူဆည်းကပ်ရာ)၌ ထိုင်တော်မူကာ ခြေတော်တို့ကို ဆေးကြောတော်မူသည်။

ထို့နောက် ခြေဆေးအင်းပျဉ်၌ ရပ်တော်မူလျက် ရဟန်းတို့ကို -

"ရဟန်းတို့-မမေ့မလျော့သောသတိတရားဖြင့် သိက္ခာသုံးပါးကို ပြည့်စုံအောင်ကြိုးစားအားထုတ်ကြကုန်လော့၊ လောက၌ ဘုရားရှင်ပွင့်တော်မူရာအခိုက်ကာလသည် ရခဲသည်၊ လူအဖြစ်သည်ရခဲသည်၊ သဒ္ဓါတရားနှင့်ပြည့်စုံခြင်းသည်ရခဲသည်၊ရဟန်းအဖြစ်လည်းရခဲသည်၊သူတော်ကောင်းတရားနာရခြင်းသည်လည်း ရခဲသည်"

ဟူ၍ ရခဲသောတရားငါးပါးကို ဟောကြားတော်မူသည်

ထိုနေရာ၌ အချို့ရဟန်းတို့က ဘုရားရှင်ကို ကမ္မဋ္ဌာန်းတရားလျှောက်ထားမေးမြန်းကြသည်၊ ဘုရားရှင်က ရဟန်းတို့ကို စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကိုပေးတော်မူသည်။

ထို့နောက် ရဟန်းများသည် ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီးနောက် မိမိတို့နေရာသန့်စင်ရာဌာန၊ညဉ့်သန့်စင်ရာ



ရွှေသာလျောင်းရုပ်ပွားတော်

www.dhammaransi.com



ဌာနအသီးသီးသို့ ဖယ်ခွာကြွသွားတော်မူကြသည်။

အချို့က တောအရပ်၊အချို့ကသစ်ပင်ရင်း၊အချို့က တောင်၊အချို့က စတုမဟာရာဇ်နတ်ပြည်၊အချို့ကတာဝတိံသာ၊အချို့က ယာမာ၊အချို့က တုသိတာ၊အချို့က နိမ္မာနရတိ၊ အချို့က ပရနိမ္မိတဝသဝတ္တီနတ်ပြည်များသို့ အသီးသီးဖယ်ခွာ၍ ကြွကြသည်။

ထိုမှနောက် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တွင်းသို့ ဝင်၍ အလိုတော်ရှိလျှင် လက်ျာနံတောင်ဖြင့် သတိသမ္ပဇဉ် မလွတ်ဘဲ ခဏာတာမျှလဲလျောင်းမူပြုလေသည်။

ဘုရားရှင်သည် သက်တော်ရွယ်တော်ကြီးလာသော အခါ မိမိဟောနေသောတရားကို ရှင်သာရိပုတ္တရာ၊ရှင်မောဂ္ဂလ္လာန်နှင့်ရှင်အာနန္ဒာစသည့်ပုဂ္ဂိုလ်များကို ဆက်လက်ဟောစေပြီး မိမိကမူ နှစ်ထပ်သင်္ကန်းခင်းစေပြီး ခေတ္တခဏာမျှ လဲလျောင်းတော်မူလေသည်။

ဤသည်ကိုရည်၍ သာလျောင်းဘုရားတည်ထား ကိုးကွယ်ကြပါသည်၊ဘုရားရှင်ကို ရွှေချထား၍ ရွှေသာလျောင်း ဟူ၍ အမည်ခေါ်ကြခြင်း ဖြစ်ပါသည်။

*********

www.dhammaransi.com



# ဘိုးတော်များစာတမ်းခန်း

## ပထမဘိုးဘိုးအောင်

ဘိုးဘိုးအောင်ကို တောင်တွင်းကြီးမြို့နယ်၏ အနောက်ဘက်ငါးတိုင်ကျော်အကွာတွင်ရှိသောလက်ပန်ရှည်ရွာမှ ဘိုးမြတ်ညိုစံနှင့်အမိမယ်ငြိမ်းရာတို့မှ မွေးဖွားခဲ့သည်၊ဘိုးဘိုးအောင်၏မိဘများမှ ဘိုဒင်၊ဘိုးအောင်နှင့်မင်းရောင် ဟူသောသား(၃)ယောက်၊မယ်အေးဆိုသောသမီး(၁)ယောက်၊စုစုပေါင်း(၄)ယောက်မွေးဖွားခဲ့ရာ ဘိုးဘိုးအောင်သည် ဒုတိယသားဘိုးအောင်ဖြစ်သည်၊ဘိုမြတ်ညိုစံသည် ပထမမယားမယ်မြတ်လှဟူ၍ရှိရာ ထိုမယားနှင့်သားဘိုးရွှေးတစ်ယောက်မွေးခဲ့၍ သားသမီး(၅)ယောက်ဖြစ်သည်။

မောင်အောင်၏မိဘများမှာ သားသမီးကများပြီး စားအိုးကကြီးလှသောကြောင့် လင်ကိုယ်မယားလုပ်ကိုင်စားမှုမလွယ်လှသောကြောင့် အခြေအနေကောင်းလိုကောင်းငြားသဘောဖြင့်တောင်တွင်းကြီးမြို့ ဆင်ခြေဖုံးသို့ ပြောင်းရွှေ့ခဲ့ကြသည်။

မိဘများက မည်မျှပင်ဆင်းရဲစေကာမူ မိမိရင်သွေးများကိုစာတတ်စေလို၍ မိဘတို့ကမောင်အောင်ကို တောင်



၆၂ (ဇ)

ဘိုးတော်မျှားဇာတ်ခန်း

www.dhammaransi.com

www.dhammaransi.com



တွင်းကြီးမြို့မှရွှေအင်းတောင်စေတီအရှေ့ဘက် ဇေယျမင်္ဂလ ကျောင်းခေါ် ကြေးနီကျောင်းဆရာတော်ထံအပ်နှံ၍ ပညာ သင်စေသည်။

ကြေးနီကျောင်းဆရာတော်မှာ လောကုတ္တရာစာပေ ပရိယတ္တိနှင့်ပြည့်စုံသည်သာမက လောကီပညာရပ်များကိုပါ တတ်မြောက်သည်၊ထိုဆရာတော်သည် ကြောင်အမြူတေနှင့် ထူးဆန်းသော ကြေးနီပုရပိုဒ်တစ်ခုကို အိပ်မက်ပေးအရ လက်ခံရရှိထားသော ဆရာတော်ဖြစ်ပါသည်။

မောင်အောင်သည် ကျောင်းတွင်ပညာကိုအထူး ကြိုးစားသင်ယူသည်။စိတ်နေသဘောထား အလွန်နူးညံ့ သိမ်မွေ့သူလည်းဖြစ်သည်၊စစ်သာမြို့သူကြီးသား မောင်မြတ် ကြည်နှင့်သူငယ်ချင်းဖြစ်ခဲ့ကြသည်၊ငယ်စဉ်က ဆင်းရဲပြီး အာဟာရချို့တဲ့၍ ဝဲများပေါက်သဖြင့် သူငယ်ချင်းအချို့က မောင်ဝဲ ဟုခေါ်ကြသည်။

ကာလအတန်ကြာသော် ကြေးနီကျောင်းဆရာတော် ပျံလွန်တော်မူသည်၊ဆရာတော်သည် စမအင်းပေါက်၍ အသေထွက်-ထွက်သည်ဟု လူအများက ယုံကြည်ကြသည်။

တပည့်များက ဆရာတော်အလောင်းကို မီးသင်္ဂြိုဟ် ကြပြီး အရိုးကောက်ဂူသွင်းကြသည်၊ထို့နောက် ဆရာတော် ၏တပည့်သုံးပါးဖြစ်သော ဦးလက္ခဏ၊ ဦးအာစရ၊ ဦးအာဒိစ္စ

www.dhammaransi.com



တို့က ဆရာတော်၏ပစ္စည်းပစ္စယများကို ခွဲခြမ်းစိတ်ဖြာကြသည်။

ထိုအချိန်တွင် မောင်အောင်သည် ကျောင်းအောက်တွင် ကစားနေရာမှ ရေငတ်သဖြင့် ကျောင်းပေါ်သို့ရေတက်သောက်ရာ ဦးလက္ခဏက မောင်အောင်ကို လှမ်းခေါ်ပြီး-

"ကဲ-မင်းလည်း ဆရာတော်ရဲ့တပည့်တစ်ဦးဘဲ မင်းလည်းဒီခေါင်းအုံးကြီးကို ရထိုက်တယ်"

ဟုဆိုပြီး ပေတေညစ်မဲနေသော ခေါင်းအုံးတစ်လုံးကို ပစ်ပေးလေသည်၊မောင်အောင်သည် ထိုခေါင်းအုံးကြီးကို လက်ခံယူခဲ့သည်။

မောင်အောင်သည် မူလက ထိုခေါင်းအုံးကြီးကို လက်ထောက်ပြီး စာအံ၊စာဖတ်၊စာရေးပြုသည်၊ထိုခေါင်းအုံးထဲတွင် မာမာတစ်ခုကိုစမ်းမိ၍ ခေါင်းအုံးကိုခွဲ၍ထုတ်ကြည့်ရာ ဆရာတော်၏ကြေးနီပုရပိုဒ်ဖြစ်နေသည်ကို တွေ့ရသည်။

မောင်အောင်သည် ထိုကြေးနီပုရပိုဒ်ရကြောင်းကို မည်သူ့ကိုမျှမပြော၊ မိမိကုသိုလ်ကံအရ မိမိရထိုက်၍ မိမိထံရောက်လာသည်ဟု သဘောပေါက်ထားပြီး ကြေးနီပုရပိုဒ်ပါစမ,အင်းများကို မိမိဘာသာလျှို့ဝှက်လေ့လာသည်၊မရှင်းသည်တို့ကို ဆရာတော်ဦးလက္ခဏကို လျှောက်ထားမေးမြန်းသည်။

www.dhammaransi.com



ဆရာတော်ဦးလက္ခဏာသည် မောင်အောင် ကြေးနီပုရပိုဒ်ရထားသည်ကိုမရိပ်မိ၊သို့သော် မောင်အောင်မေးသမျှကို ရှင်းလင်းပြသည်၊မောင်အောင်ကို မိမိတို့လိုပင် အင်းပညာများကို လေ့လာသင်ယူနေသည်ဟု ထင်မြင်ပြီး အထင်လည်းမကြီးကြချေ။

တစ်နေ့တွင် မောင်အောင်သည် မိမိလေ့လာနေသောစမ,အင်းကိုစမ်းသပ်လိုသဖြင့် သိမ်ဝင်သပိတ်တစ်ခုပေါ်၌အင်းချကာ မိမိ မိခင်၏မွေးနံကို သွင်းပြီး မိခင်ထိုင်နေကျမီးဖိုအောက်တွင်မသိမသာမြှုပ်ထားလိုက်သည်၊မောင်အောင်ကျောင်းပြန်သွားပြီး မကြာခင် မိခင်သည် ထိုနေရာ၌ ထိုင်လိုက်ရာ ရုတ်တရက်လဲကျပြီး တက်သွားလေသည်။

ဖခင်ကချက်ချင်းဆေးဆရာခေါ်ပြီး မောင်အောင်ကိုလည်းဝင်ပြောပြသည်၊ဖခင်ကို ဘာမျှမပြောဘဲပြန်လိုက်လာပြီး မြှုပ်ထားသောအင်းကိုဖော်ယူပြီး ဖယ်ရှားလိုက်သည်၊ထိုအခါကျမှ မိခင်သည် ဆေးဆရာ၏ဆေးကိုတစ်ခွက်မျှမသောက်ရဘဲ ပြန်ကောင်းသွားတော့သည်။

မောင်အောင်သည် ဒုတိယအကြိမ် ကြက်တစ်ကောင်ကို မိမိစီရင်ထားသောဆေးကိုကြက်အားသုတ်လိမ်းထားပြီး သူငယ်ချင်းများကို ထိုကြက်ကိုသတ်ခိုင်းသည်၊သူငယ်ချင်းများကကြက်သတ်တာဘာခဲယဉ်းလို့လဲဆိုပြီး ကြက်ကိုလည်လိမ်

www.dhammaransi.com



သတ်သည်၊ကြက်သည်ခဏကြာလူးလွန့်ပြီး ထ,လာသည်၊ သတ်၍မရပေ၊သူငယ်ချင်းများက ကြက်သတ်မရသော်လည်း မောင်အောင်၏အတတ်ပညာကိုမရိပ်မိကြချေ။

မောင်အောင်သည် ပညာစခန်းလေ့ကျင့်လာခဲ့ရာ တဖြည်းဖြည်းနှင့် ရင့်ကျက်လာသည်၊မိမိအင်းပညာကိုလည်း စမ်းသပ်ရန် အခွင့်အရေးစောင့်နေသည်။

တစ်နေ့ ဆရာတော်ဦးလက္ခဏာသည် ရွှေစက်တော် ဘုရားဖူးကြွ၍ မောင်အောင်နှင့်ကပ္ပိယဦးလုံးတို့ကို ကျောင်း စောင့်ထားခဲ့သည်၊

ဆရာတော်တို့ ရွှေစက်တော်ဘုရားသို့ရောက်လောက် ချိန်တွင် မောင်အောင်သည် မိမိ၏ပညာတန်ခိုးဖြင့် ရုပ်နာမ် ခွာ၍ နာမ်ကိုရွှေစက်တော်သို့လွှတ်လိုက်သည်၊ရွှေစက်တော် ၌ ဆရာတော်ပြောသမျှဆိုသမျှကို မှတ်ပြီးပြန်ခဲ့သည်၊နောက် နေ့လည်း ထိုနည်းတူ လွှတ်ပြီးမှတ်သည်။

(၃)ရက်မြောက်သောနေ့တွင် ဆရာတော်ပြန်ကြွလာ သည်၊ဆရာတော်က မိမိခြေတော်ရာကိုဖူးခဲ့ရသောအဖို့ဘာဂ ကို အမျှပေးဝေကြောင်းမိန့်ကြားရာ မောင်အောင်က တပည့် တော်ကို အမျှပေးဝေဖို့ မလိုပါဘူး၊ဦးလုံးနဲ့ကျန်ခဲ့တဲ့ ဒကာ၊ ဒကာမတွေသာ အမျှပေးဝေပါဟု လျှောက်ထားရာ ဆရာ တော်မှာအလွန်အံ့အားသင့်ပြီး မောင်အောင်ကို အခြေအနေ

www.dhammaransi.com



စုံစမ်းမေးမြန်းသည်၊ မောင်အောင်က ရွှေစက်တော်ဘုရား၌ ဆရာတော် (၃) ရက်လုံးလုံး မိန့်ကြားသောစကားများကို လျှောက်ထားပြရာ ဆရာတော်အံ့အားသင့်ပြီး မောင်အောင်ကိုလည်း လောကီစွမ်းရည်များ ပေါက်ရောက်နေပြီကို သတိပြုမိလိုက်သည်။

ဆရာတော်ဦးလက္ခဏသည် မောင်အောင်ကိုနေ့စဉ်အကဲခတ်လေ့လာနေရာ ပထမ ကြေးနီဆရာတော်၏ ကြေးပုရပိုဒ်ကို မောင်အောင်ရရှိထားသည်ဟု ယုံကြည်သွားပြီး မောင်အောင်ကိုချော့တောင်းသည်၊ မောင်အောင်က မလိမ်ညာဘဲ မိမိရထားပါသည်၊ယခုတော့မလှူနိုင်သေးပါ၊ တပည့်တော်၏ကိစ္စပြီးမှ လှူပါမည်ဟု ကတိပေးခဲ့သည်။

တစ်နေ့တွင် မောင်အောင်သည် ကြေးနီပုရပိုဒ်ပါ အင်းအစီအမံဖြင့် ဆေးကြိမ်လုံးတစ်ခုစီမံသည်၊ထိုသို့ စီမံပြီးနောက် ဆရာတော်ဦးလက္ခဏအား ခွေးများကိုအစာကျွေးလိုကြောင်း လျှောက်ထားသည်၊ထိုဆရာတော်က မောင်အောင် ဘာပညာပြဦးမလဲဟု စောင့်စားကြည့်လို၍ ခွင့်ပြုသည်၊အခြားသူများကတော့ မောင်အောင်ရူးပေါပေါဖြစ်သွားသည်ဟု ထင်မြင်ကြသည်။

မောင်အောင်သည် ရွှေပြည်စင်ကုန်အရှေ့ဘက်လေးကျွန်းအောင်မြေဘုရားတည်ရာ ကုန်းတွင်ရှိသော ဗိုလ်

www.dhammaransi.com



ကောက်ဇရပ်တွင် ခွေးစာများကိုကိုယ်တိုင်ထင်းခွဲကြိုချက်ပြီး ကျက်သောအခါ ဖျာပေါ်တွင်စုပုံထားကာ-

"ကျေးရွာတစ်ခွင်ရှိခွေးအပေါင်းတို့ သင်တို့အားငါ သည်ဝပြောအောင် အစာကျွေးပါမည်၊ငါဖိတ်ခေါ်ရာသို့ လာကြကုန်လော့"

ဟု ပြောဆိုပြီး ဖျာကိုကြိမ်ဖြင့် တဖြန်းဖြန်းရိုက်ရာ ရွာထဲမှ ခွေးများသည် အကုန်လုံးပြေးထွက်လာကြပြီး လာရောက်စားသောက်ကြသည်။

ထိုသတင်းသည် ရွာနီးချုပ်စပ်အနှံ့အပြားသို့ သတင်းပျံ့သွားရာ မြို့ဝန်အထိပျံ့သွားပြီး မောင်အောင်ကိုတောင်တွင်းမြို့ဝန်သမိန်ထောက ကြောက်လန့်တုန်လှုပ်ပြီး မောင်အောင်ကိုဖမ်းယူစစ်ဆေးသည်၊မောင်အောင်ကလည်း အမှန်အတိုင်း ပြောပြသည်။

မြို့ဝန်က ဘုရင်ထံအစီရင်ခံမည်ဟုပြောပြီး မောင်အောင်ကိုဆက်လက်ဖမ်းချုပ်ထားသည်၊ထိုသတင်းကို ဆရာတော်ဦးလက္ခဏက ကြားသိ၍မြို့ဝန်ထံလာရောက်မေတ္တာရပ်ခံ အာမခံသဖြင့် မောင်အောင်မှာ အချုပ်မှလွတ်ခဲ့ရသည်။

မောင်အောင်သည် နောက်ထပ်အဖမ်းခံရပါက မိမိအလုပ်ပျက်မည်စိုးသဖြင့် မိဘများကိုပါခေါ်ကာ အင်းကြီးသို့ ရပ်ဖျက်ပြောင်းရွှေ့သွားသည်၊ထိုသို့ပြောင်းရွှေ့သွားစဉ် မိဘ

www.dhammaransi.com



တို့ရာဇဝတ်ဘေးသင့်မည်စိုးသဖြင့် ရွှေရောင်လျှံဘုရားအနီး ဆရာတော်ထံအပ်နှံကာ ရှင်သာမဏေပြုပေးလိုက်ကြသည်။

တစ်နေ့တွင် ပုဂံမှသိုက်ဆရာအချို့သည် ရွှေလျှံကြီး ဘုရားအနီး၌ သိုက်တူးရာ ရွှေအိုးများရသွားကြသည်၊ ထို နေရာမှ မောင်အောင်သည် ကြေးနီပုရပိုဒ်တစ်ခုကို ထပ်မံရ ခဲ့ပြန်သည်။

မောင်အောင်သည် ထိုပုရပိုဒ်ရရှိပြီးနောက် ကျောင်း တွင်မနေတော့ဘဲ တောထဲတွင်သွားနေပြီး မိမိ၏ပညာကို ကြိုးစားလုပ်ကိုင်သည်။မြို့ဝန်သည် မောင်အောင်ကို သံသယ ပိုဝင်ပြီး ဖမ်းစေပြန်သည်၊လာဖမ်းသူများက ရောင်လျှံဘုရား ကျောင်းတွင် လာရောက်ရှာဖွေရာ မတွေ့၍မောင်အောင်၏ မိဘများကို ဖမ်းယူသွားကြသည်။

ထိုသည်ကိုလည်း ဆရာတော်ဦးလက္ခဏာကပင် မြို့ဝန် ကို အကျိုးအကြောင်းပြော အာမခံပြီး ပြန်လွှတ်ပေးစေလေ သည်။

မောင်အောင်သည် နောင်တွင် မိမိမွေးဖွားရာဇာတိ လက်ပန်ရှည်ရွာသို့ပြောင်းရွှေ့ပြီး လက်ပံပင်အောက်တွင် မိမိ အတတ်ပညာများကို ကြိုးစားကျင့်ကြံအားထုတ်သည်။

ထို့နောက် ဘုရားဖူးထွက်လိုသောဆန္ဒဖြစ်ပေါ်လာ သဖြင့် ပြည်ရွှေဆံတော်ဘုရားသို့ ဘုရားဖူးထွက်ခဲ့သည်၊ပြည်

www.dhammaransi.com



မြို့အင်းတစ်ထောင်အရပ်တွင် နောင် ဘိုးတော်မင်းတရားဖြစ်မည့်မင်းသားမောင်ဝိုင်းနှင့်သူငယ်ချင်းဖြစ်ခဲ့သည်။

မောင်အောင်သည် မင်းသားမောင်ဝိုင်းနှင့်သူငယ်ချင်းဖြစ်ခဲ့ပြီး မင်းသားမောင်ဝိုင်းအမရပူရသို့ပြန်ကာနီးတွင် တစ်ယောက်ကောင်းစားလျှင် တစ်ယောက်မ,စတမ်းဟု ကတိကဝတ်ပြုကြသည်။

မောင်အောင်သည် ပြည်မြို့တွင် ခွေးများ ကျီးများကို ထမင်းကျွေးလိုသောဆန္ဒဖြစ်ပေါ်လာပြန်သဖြင့် မြို့ဝန်ကို အသိပေးပြီး ထမင်းကျွေးပွဲပြုလုပ်ပြန်ရာ တစ်မြို့လုံးရှိခွေးများကျီးများလာရောက်စားသောက်ကြသဖြင့် တစ်မြို့လုံးအုတ်အော်သောင်းတင်းဖြစ်ကြရပြန်သည်။

မောင်အောင်သည် ပြည်မြို့တွင် အေးချမ်းစွာ မိဘများနှင့်အတူနေပြီး မိမိ၏ပညာတိုးသည်ထက်တိုးပွားအောင် လေ့လာကျင့်ကြံနေစဉ် ဘိုးတော်ဦးဝိုင်းသည် အန္တရာယ်အသွယ်သွယ်ကြားမှနေပြီး ထီးနန်းကိုဆက်ခံရရှိခဲ့သည်။

မိမိအတွက် ဘယ်ကရန်စွယ်အန္တရာယ်ပေါ်လာမည်နည်းဟု စိုးရိမ်သောကရှိနေဆဲအချိန်တွင် ပြည်မြို့မှ မောင်အောင်၏ အံ့ဩဖွယ်ကောင်းမှုသတင်းများက ရောက်လာသဖြင့် ဘိုးတော်ဦးဝိုင်းသည် သူငယ်ချင်းမောင်အောင်အပေါ် အထင်လွဲပြီး ဖမ်းဆီးစေကာ သတ်ဖြတ်လေသည်။

www.dhammaransi.com



မောင်အောင်ကို ဘိုးတော်ဦးဝိုင်းကနည်းမျိုးစုံဖြင့် သတ်ခိုင်းရာ သတ်မရဖြစ်လေသည်၊ဘိုးဘိုးအောင်သည် နန်းတော်တွင်းဝင်ပြီးငါ့ကိုသတ်ဖို့မဆိုထားဘိ၊ငါရေးသော ဝ,လုံးကိုပင်ပျက်အောင်ဖျက်စမ်းပါဟုပြောပြီး နန်းတော်တွင် ဝ,လုံးရေးပြီးဖျက်ခိုင်းရာ နောက်ဆုံးတစ်နန်းတော်လုံး ဝ,လုံး တွေဖြစ်သွားရသည်။

ထိုအခါကျမှ ဘိုးဘိုးအောင်က မောင်ဝိုင်းမင်းထီးနန်း ကိုငါကလုံးဝမက်သူမဟုတ်၊ငါလုပ်ငန်းပညာရပ်သာလုပ်နေ သည်၊မင်းကတိဖျက်သည်ဟု ပြောပြသည်။

ထိုအခါကျမှ ဘိုးတော်ကနောင်တရပြီး ဘိုးဘိုး အောင်ကိုတောင်းပန်သည်၊ဘိုးဘိုးအောင်က သာသနာပြုရန် သာသနာအကျိုးဆောင်ရွက်ရန် ပြောကြားပြီးဘိုးတော်ဦးဝိုင်း ကို သာသနာပြုရန်အတွက် ရွှေဖြစ်-ငွေဖြစ်နည်းပေးထားပြီး ထွက်ခွာသွားခဲ့သည်။

ထို့နောက် ဘိုးဘိုးအောင်သည် ဘကြီးတော်မင်း လက်ထက်ဝယ် စကြာမင်းကို ကယ်ဆယ်ခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် မင်းတုန်းမင်းကိုသာသ နာပြုနိုင်ရန်အတွက် ရွှေပိဿာငါးဆယ်ပေးလှူခဲ့သည်။

ဘိုးဘိုးအောင်သည်မင်းတုန်းမင်းကြီး ပဉ္စမသံဂါယနာ တင်နိုင်အောင် ရွှေများမ,စချီးမြှင့်ပြီးနောက် မိမိသည် တော

www.dhammaransi.com



တွင်း၌သာ ဇေကစာရီနေလိုကြောင်း အကြောင်းရှိ၍ သာသနာရေးကိစ္စတွင် မိမိအားတ,ပါကမိမိလာရောက်မည်ဖြစ်ကြောင်း သာသနာတော်ကိုသာပြုစုရန်ပြောဆိုပြီး ခြေလှမ်း(၇)လှမ်းလှမ်းပြီး ပျောက်သွားခဲ့ရာ ယနေ့ထက်တိုင်မည်သူမျှ မတွေ့ရတော့ပေ။

ဘိုးဘိုးအောင်သည် မြန်မာပြည်အနှံ့ သာသနာပြုမင်းများကို ကူညီခြင်း ဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်အောင်ကယ်တင်ခြင်းများ ပြုလုပ်ပေးသည်။

လူအများတရားပျက်မှုများသောအခါ လူ့ဘောင်၌နေလေ့ရှိသည်။

သို့သော် အကျင့်သီလနှင့်ပြည့်စုံ၍ သာသနာတော်ကိုစောင့်ရှောက်ချီးမြှင့်သူများကို အသွင်အမျိုးမျိုးဖြင့်ယနေ့အထိ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

*********

www.dhammaransi.com



# ဘိုးမင်းခေါင်

ဘိုးတော်အောင်မင်းခေါင်၏ မွေးသက္ကရာဇ်၊မွေးရပ် မိဘတို့ကို မည်သူမျှအတိအကျမပြောနိုင်ပါ။

ပုပ္ပားတောင် တောင်ကလပ် စိတ္တသုခဂူတွင် ဆုတောင်းပါရမီသစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ ဝီရိယပါရမီတို့ကို ပြီးမြောက်စေရန် အဓိဋ္ဌာန်ဝင်ခဲ့သည်၊ ဘုရားဆုကိုလည်း ပန်ခဲ့သည်။

သတ္တဝါအများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများ ဒုက္ခအပေါင်းမှရောက်မည်ကိုမြင်၍ ထိုဆင်းရဲအပေါင်းမှ သက်သာရစေရန် ခါတ်ပေါင်းဘုရားများ တည်ဆောက်မှ ကမ္ဘာကြီးအေးတော့မည်ဟု အဓိဋ္ဌာန်မြင်၍ သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းတော်မူသည်။

"ပဥ္စတာလိသဝဿာနိဋ္ဌတွာလောကံ သဒေဝကံ
ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတောသောသသာဝကော
ဧတေနသစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ"

"ဂေါတမဘုရားရှင်သည် လေးဆယ့်ငါးဝါပတ်လုံး
တည်၍နတ်နှင့်တကွသောလူအပေါင်းကို တရားဟူ
သောအမြိုက်အရသာကို သောက်ချိုးစေပြီး၍
တပည့်သံဃာတော်အပေါင်းနှင့်တကွ ပရိနိဗ္ဗာန်ပြု

www.dhammaransi.com



တော်မူလေပြီ၊ဤမှန်သောသစ္စာစကားကြောင့်
ကျွန်ုပ်အား ကြံစည်တိုင်းအောင်မြင်ပါစေသတည်း”

ဘိုးတော်မင်းခေါင်သည်၁၂၄၇-ခုနှစ်တွင် မြန်မာဘုရင်သီပေါမင်းကို အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားပြီး မြန်မာတစ်ပြည်လုံး တိုင်းတစ်ပါးလက်အောက်သို့ကျရောက်၍ သာသနာတော်ညှိုးနွမ်းတော့မည်ကိုသိသဖြင့် ၁၂၅၀-ခုနှစ်တွင် ရှင်မထီးဆရာတော် ဆံရှည်ဆရာတော် ဦးကောဏ္ဍည ပထမံပြည်ရသေ့ ဦးအောင်“တောင်ငူ ဦးအောင်”ဗန်းမော် ဦးအောင်စသော ဝိဇ္ဇာဓိုရ်အပေါင်းနှင့်ညှိနှိုင်း ၍ ဘုရားရှင်၏ သာသနာတော်ကိုစောင့်ရှောက်ရန် သာသနာပြုဝိဇ္ဇာဓိုရ်အဖွဲ့ကို ဖွဲ့စည်းလုပ်ဆောင်ကြသည်။

ထိုအဖွဲ့ကြီးသည် ဘာသာခြားအုပ်စိုးသူတို့ကို ဆန့်ကျင်ဘက်မပြုဘဲအတွင်းလမ်းအားဖြင့် ဗုဒ္ဓဘာသာတည်မြဲခိုင်ခံ့စေရန် ပြည်သူများအား တိုက်တွန်းနှိုးဆော်သောဝါဒကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၁၂၆၉-ခုတွင် အောင်မင်းခေါင်အမျှုးပြုသောဝိဇ္ဇာဓိုရ်အဖွဲ့ကြီးသည် သာသနာအောင်ပန္နက်ရိုက်ရန်အတွက် ပုဂ္ဂိုလ်ကိုရွေးချယ်ကြသည်။

ရမည်းသင်းနယ် ရွှေမြင်တင်တောင်၌ သီတင်းသုံးသောရဟန်းတော်ဦးခန္တီသည် ဘုန်းရှင်ကံရှင် သာသနာခေတ်

www.dhammaransi.com



ဝင် ပါရမီရှင်ဖြစ်၍ သာသနာပြုရန် ရွေးကောက်တင်မြှောက်ပြီး ဦးခန္တီကိုရဟန်းဘဝမှ ရသေ့ဘဝသို့ပြောင်းစေပြီး သူ၏ဘဝရောက်စေသော မန္တလေးမှ မန္တလေးတောင်ကို စတင်သာသနာပြုစေသည်၊ယက္ကန်းစင်တောင်ဦးဩဘာသကိုကူညီစေခဲ့သည်၊တိုင်းပြည်ကိုလည်း သာသနာပြုကြော်ငြာစာတမ်းထုတ်ဝေခဲ့သည်။

"ဘုရားလေးငယ်ငယ်၊ ကိုးထောင်ပြည့်တည်
ငယ်သာငယ်၊ ကယ်ဆယ်မည့်ဘုရား
ခေတ်ကောလီ သုံးဆယ်ကူးအောင်ကွယ်ဖူးကြ
အများ"

ထိုသိုက်စာအရ ၁၂၅၀-ခုမှစ၍ မြို့ရွာအသီးသီးတွင် နဝင်းစေတီငယ်များတည်စေပြီး ခေတ်ပန္နက်ရိုက်ခဲ့သည်။

မိမိကိုယ်တိုင်ကမူ ၁၃၀၀-ပြည့်နောက် ပေါ်လာသော အနာဂတ်ဖြစ်စဉ်များကို သိမြင်ခဲ့သည်။

"မုန့်လုံးစက္ကူကပ်လို့ ကြာကလပ်မှာဆွမ်းတော်တင်
ပလ္လင်ပေါ်ကမျောက်ကလေး ဆင်းတက်လို့ပြေး၊
ဂျာအေး-ဂျာအေးသူ့အမေရိုက်၊ မှောင်မိုက်မှာငို၊ ကို
လူပျိုထရံပေါက်က၊ ခြေထောက်ကိုဆွဲ၊ တွဲလွဲ-တွဲလွဲ၊
ရယ်နေပါဦး၊မိုးတောင်ကချုန်း

ဟူသောဝိဇ္ဇာဓိုရ်အဖွဲ့၏ ကြော်ငြာစာတမ်းထွက်ခဲ့ပြန်ပါသည်။

www.dhammaransi.com



ထိုကြော်ငြာစာအရ ကြာကလာပ်အရ-ပုပ္ပားတောင်ဟုဆိုလိုသည်၊ဆွမ်းတော်တင်အရ-ထိုတောင်တွင် ကမ္ဘာ့ဇေစေတီမုန့်လုံးအရကမ္ဘာလုံးစေတီများ တည်ပေးရမည်၊ထိုခေတ်အရ မြန်မာတို့ကအင်္ဂလိပ်ကို မျောက်ဖြူဟူ၍ခေါ်ကြသဖြင့် ၁၂၄၇-ခုကတည်းက အုပ်ချုပ်ခဲ့သောမျောက်ဖြူသည် ၁၃၀၈-၁၃၀၉ ခုတွင် ဆင်းပြေးရမည်၊ဂျာအေးဆိုသော ဂျာမဏီသည် နောက်ဆုံးတွင် သူ့အမေဆိုသော အမေရိကန်ကနှိပ်စက်၍ခံရမည်၊ငိုရမည်၊လူပျိုဆိုသော နိုင်ငံငယ်များကမိုးတောင်ကချွန်း ဆိုသည့်အတိုင်း လွတ်လပ်ရေးတိုက်ပွဲဝင်ခြင်းဟူသော ခြေထောက်ကိုဆွဲသဖြင့် အနောက်နေမဝင်နိုင်ငံများ ပျက်စီးသွားမည်ကို ဆိုလိုပါသည်။

ဘိုးမင်းခေါင်ဦးဆောင်သော ဝိဇ္ဇာဓိုရ်အဖွဲ့သည် ဤတဘောင်အရ ပုပ္ပားတောင်ကလပ်တွင် ကမ္ဘာ့ဇေစေတီ၊ ကမ္ဘာလုံးစေတီတည်ပြီး ၁၃၀၀ ပြည့်မှ၁၃၁၄-ခုထိ ပုပ္ပားတောင်၌ အဓိဋ္ဌာန်ဝင်၍နေခဲ့သည်။

သာသနာနှစ် ၂၅၀၀-ကျော်လျှင် သာသနာပြုမင်းများ အစဉ်အဆက်ပေါ်လာပြီး သာသနာပြုကြမည် ဟူသောခေတ်ပန္နက်-သုဝဏ္ဏဘူမိတွင် မူလသာသနာပြုဆံတော်(၈)ဆူ၊သွားတော်(၃၃)ဆူ ပြန်လည်ပေါ်ထွန်းမည့်သာသနာပြုခေတ်ပန္နက်တို့ကိုရိုက်ပြီး ဘိုးမင်းခေါင်သည် ၁၃၁၄-ခု တော်

www.dhammaransi.com



သလင်းလဆန်း(၂)ရက်နေ့တွင် ဤမှာဘက်ရုပ်ခန္ဓာပြောင်း၍ ထွက်ရပ်လမ်းဝင်သွားခဲ့သည်။

ထို့ကြောင့် ဘိုးမင်းခေါင်သည်ယခုထက်ထိ ရုပ်ခတ် အမျိုးမျိုးပြန်ပြောင်း၍ သာသနာပြုလုပ်ငန်းများကို ဆောင် ရွက်နေပါသည်။

မှတ်ချက်။ ။သာသနာ(၂၅၀၀)တွင်အောက်မြန်မာပြည် (ရန်ကုန်) ဆဋ္ဌသံဂါယနာတင်ခြင်းအစ ဗုဒ္ဓသာသနာအတွက်စေတီများတည်ခြင်း၊ ပုဂံဘုရားများပြုပြင်ခြင်း၊ယခု ကျိုက်ထီး ဆောင်းဆရာတော်မှ သုဝဏ္ဏဘူမိဆံတော်၊ အံတော်များ ပြန်ဖော်ခြင်း အထိလုပ်ငန်း များသည် ဘိုးတော်မင်းခေါင် ဦးဆောင် သောဝိဇ္ဇာဓိုရ်အဖွဲ့ကြီး၏လမ်းညွှန်ချက်ဟု ဝိဇ္ဇာဓိုရ်ဂိုဏ်းသားများက လက်ခံယုံကြည် ထားသည်။

*********

www.dhammaransi.com



# သုရဿတီမယ်တော်

သုရဿတီမယ်တော်သည် ဒေသခံအိန္ဒိယလူမျိုးများနှင့်အာရိယာန်လူမျိုးများက သဘာဝအင်အားများကို သက်ရှိသဖွယ်သတ်မှတ်ပြီး နတ်ဘုရားများအဖြစ်ကိုးကွယ်ရာမှ ဖြစ်ပေါ်လာသောနတ်များအနက် တစ်ပါးအပါအဝင်ဖြစ်သည်။

ယင်းသုရဿတီနတ်သည် ပန်ဂျပ်နယ်ရှိဆွာရဝတီမြစ်ကိုစောင့်သောနတ်,မအဖြစ် ယုံကြည်ထားကြသည်။

ဟိန္ဒူဘာသာ၌သူတို့၏ပူရာဏ်ကျမ်းဂန်အရ ဗြဟ္မာရခေါ် ဖန်ဆင်းရှင်ထာဝရဘုရားသည် ဤကမ္ဘာလောကကြီးမပေါ်ပေါက်ခင်ကပင် ရှိခဲ့သည်၊သူသည်အစမရှိ၊အဆုံးမရှိတစ်ဆူတည်းသော ဘုရားဖြစ်သည်၊ထာဝရဘုရားသည်အကြောင်းလည်းဖြစ်၏၊အကျိုးလည်းဖြစ်၏၊ဖန်ဆင်းသူဖြစ်၍ဖန်ဆင်းခံရသူလည်းဖြစ်၏၊ထာဝရဘုရားအား ချုပ်ချယ်ထားသော အနှောင်အဖွဲ့မရှိ၊ ချို့ယွင်းအားနည်းချက်ကင်း၏၊ထာဝရဘုရားတွင် အဖိုအမအင်္ဂါစုံပါ၍ အဖေလည်းမည်၏၊အမေလည်းမည်၏၊အလုံးစုံသောဩကာသနှင့်စကြာဝဠာကိုဖန်ဆင်းခဲ့၏၊ ထိုထာဝရဘုရားက ကိုယ်ပွားဗိဿနိုး၊မဟာသီဝမဟာဗြဟ္မာကြီး(၃)ဦး ဖန်ဆင်းခဲ့သည်။

ဗြဟ္မာကြီး၏တာဝန်မှာ-

www.dhammaransi.com



-ကမ္ဘာလောကကြီးနှင့်ယင်းအတွင်းရှိသက်ရှိသက်မဲ့ အရာဟူသမျှတို့ကို ဖန်ဆင်းပေးရခြင်းဖြစ်သည်၊ ဖန်ဆင်းသည့်တာဝန်ဟူသမျှကို ဗြဟ္မာကြီးက တာဝန်ယူရသည်။

ဗိဿနိုး၏တာဝန်မှာ-

-ဘုရားသခင်ကဖန်ဆင်းသောလောကနှင့်ဗြဟ္မာကြီးကဖန်ဆင်းသောသတ္တဝါများကိုစောင့်ရှောက်သောတာဝန်ကိုယူရသည်။

သျှီဝ(မဟာဒေဝ)၏တာဝန်မှာ-

-စကြာဝဠာအတွင်းရှိဆိုးရွားသောသူများပေါ်ပေါက်လာလျှင်ဆုံးမရန်တာဝန်နှင့် နှောင့်ယှက်ဖျက်ဆီးသူများဆိုးသွမ်းမှုများကိုနှိမ်နင်းရန် တာဝန်ယူရသည်။

မဟာဗြဟ္မာကြီးသည် ဗိဿနိုးချက်မှပေါက်ရောက်သော ပဒုမ္မာကြာတိုက်မှဖြစ်ပေါ်လာ၍ ၎င်းဗြဟ္မာကြီးက သူရဿတီမည်သော သမီးတော်တစ်ပါးဖန်ဆင်းပြီးနောက် ထိုသူရဿတီသမီးကိုပင် ကြင်ယာမြှောက်၍ ဗြဟ္မာပြည်၌နေသည်။

သူရဿတီမယ်တော်သည် ဟင်္သာကိုစီးတော်ယာဉ်အဖြစ်စီးသည်။

ဗြဟ္မာ၏ကြင်ယာတော် သူရဿတီမယ်တော်သခင်

www.dhammaransi.com



မသည် အသိပညာအလင်းရောင်ကိုပေး၍ စာပေများကို စောင့်ရှောက်သူဖြစ်သည်ဟု ဟိန္ဒူဘာသာဝင်တို့က လက်ခံယုံကြည်ထားကြသည်။

ဗိဿနိုး၏ကြင်ယာတော်မှာလက္ခမီးဖြစ်ပြီး စီးတော်ယာဉ်မှာဂဠုန်ငှက်ဖြစ်သည်၊ကြာပွင့်ပြည်၌နေသည်၊လက္ခမီးသည်လူသားတို့အား ဓနဥစ္စာကိုတိုးပွားစေသောသခင်မ ဟုယုံကြည်ကြသည်။

သျှီဝ (မဟာဒေဝ) ၏ကြင်ယာတော်မှာ ဒုရကာ (ကာလီ)ပါရာဝတီဖြစ်ပြီး နွားလားဥသဘကိုစီးသည်၊ကေလာသတောင်၌ နေသည်၊သူမ၏တာဝန်မှာ သူမကြင်ယာတော်အတိုင်းပင်ဖြစ်သည်။

ထို(၃)ဦးအနက် သူရဿတီမယ်တော်သည်-

"ပိဋကတ္တယသမ္ပုဏ္ဏံ၊သဗ္ဗသိဒ္ဓိသုခါဝဟံ

ဇိဝှဂ္ဂေမေနိသီဒိတွာ၊ မံခါရေတုသူရဿတိ"

ဟူသောဗုဒ္ဓဘာသာကျမ်းဂန်ပညာရှင်များ၏ပဏာမဖွင့်ဂါထာအရ -

"သူရဿတီမယ်တော်သည် ပညာနတ်သမီးဖြစ်သည်။ပိဋကတ်သုံးပုံကိုစောင့်ရှောက်သည်။သူရဿတီဂါထာကိုရွတ်က ဉာဏ်ပညာကောင်းသည်။ ပညာတတ်သည်။ လာဘ်လာဘအလိုရှိသမျှပြည့်စုံစေသည်ဟု ယုံကြည်ကြပြီး

www.dhammaransi.com



ဘုရားစေတီများ၌လည်းကောင်း၊ မိမိတို့အိမ်များ၌ လည်းကောင်း၊ သူရသဿတီရုပ်တုကို ထုလုပ်ကိုးကွယ်ထားကြလေ့ရှိသည်။

ဤမယ်လမုဘုရားဝင်းတွင်လည်း ပညာပါရမီနတ်သမီးအဖြစ်ထုလုပ်ပြထားခြင်း ဖြစ်ပါသည်။

*********

www.dhammaransi.com


# အောင်ခြင်းရှစ်ပါး

## (၁)မာရ်နတ်မင်းကိုအောင်မြင်ခြင်း

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ရင်း ဝယ်သဗ္ဗညုတဉာဏ်ကိုရရန် ထိုင်နေတော်မူစဉ် မာရ်နတ်မင်း သည်-

"သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ရန် မဟာဗောဓိ မဏ္ဍိုင်သို့ကပ်ရောက်နေလေပြီ၊ သိဒ္ဓတ္ထမင်းသားသည် ငါ၏ နယ်ပယ်ဘုံသုံးပါးကို လွန်မြောက်ရန် အားထုတ်နေပြီး ငါ သည် ဘယ်နည်းနှင့်မျှ ထိုအခွင့်အရေးကိုမပေးနိုင်"

ဟု ကြံစည်ကာ ဝသဝတ္တိနတ်ပြည်မှ မိမိ၏မာရ်နတ်စစ်သည် များကို စည်းဝေးစေပြီးလျှင်-

"အချင်းတို့ အထူးထူးဖောက်ပြန် ကြောက်မက်ဖွယ် ရာကောင်းသောအဆင်းကိုဖန်ဆင်းကြပြီးလျှင် တစ်ဦးတစ် ဦးလျှင် လက်နက်တစ်မျိုးစီကိုင်ဆောင်ကြကာ ရေအလျှင်ကြီး ဖိစီးလွှမ်းမိုး၍လာသည့်ပမာ သိဒ္ဓတ္ထမင်းသားရှိရာသို့ လျင် မြန်စွာသွားကြကုန်"

ဟု စေခိုင်းပြီးလျှင် မိမိကိုယ်တိုင်ကလည်း ယူဇနာ(၁၅၀)ရှိ သော ဂီရိမေခလာဆင်ကိုစီးပြီးလျှင် လက်ရုံးပေါင်းတစ်



အောင်ခြင်းရှစ်ပါး

၁၂ (ဃ)

www.dhammaransi.com

www.dhammaransi.com



ထောင်ဖန်ဆင်းကာလက်ရုံးတစ်ခုလျှင် လက်နက်တစ်ခုစီကိုင်ကာ လိုက်ပါလာသည်။

အလောင်းတော်ထံချီတက်လာသော မာရ်နတ်၏စစ်သည်များမှာရှေ့မှ ၁၂-ယူဇနာ၊လက်ဝဲမှ ၁၂-ယူဇနာ၊လက်ျာမှ ၁၂-ယူဇနာ၊အထက်မှ ၉-ယူဇနာ ထုထည်ရှိ၍နောက်မျက်နှာကမူ စကြာဝဠာတိုက်အစွန်းဆုံးတိုင်အောင်များပြားလှသည်။

ယင်းမာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းအော်ဟစ်ကြွေးကြော်သောအသံသည် မြေပြိုသောအသံကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှသည်။ မာရ်နတ်စစ်သည်များသည် လက်နက်ကိုယ်စီ ကြောက်မက်ဖွယ်ရာအဆင်းသဏ္ဌာန်မျက်နှာမျိုးစုံဖြင့် ဘုရားလောင်းကို လွှမ်းမိုးနှိပ်စက်တိုက်ဖျက်ရန်ချီတက်လာကြသည်။

မာရ်နတ်စစ်သည်များချီတက်လာသောအခါ ယခင်ကြိုတင်ရောက်ပြီး ဘုရားရှင်ကိုပူဇော်နေကြသော သိကြားမင်းစသောသူတို့မှာ တစ်ဦးမျှမရပ်တည်နိုင်ဘဲ ထွက်ပြေးကြရသည်။

ဘုရားလောင်းသည် ဆိတ်ငြိမ်စွာပင်သီတင်းသုံးနေသည်။

မာရ်နတ်မင်းနှင့်စစ်သည်များသည် ဘုရားလောင်း

www.dhammaransi.com



အနီးသို့ရောက်ရှိရပ်တည်ပြီး ပထမ-လေပွေမုန်တိုင်း၊ ဒုတိယ ကြီးစွာသောရေအလျှင်၊ တတိယ-ကျောက်ခဲမိုး၊စတုတ္ထ-လက်နက်မိုး၊ပဉ္စမ-မီးကျီဆိုင်မိုး၊ဆဋ္ဌမ-ပြာပူမိုး၊ သတ္တမ-သဲပူမိုး၊ အဋ္ဌမ-ညွန်ပူမိုး၊နဝမ-အမိုက်မှောင်ဟူသော လက်နက်ကိုးပါး ဖြင့် တိုက်ခိုက်သည်။မာရ်နတ်၏ ပစ်လွှတ်သမျှလက်နက်တို့ သည် ဘုရားလောင်း၏ သင်္ကန်းစကိုပင် မလှုပ်ရှားနိုင်ချေ။

မာရ်နတ်သည် လက်နက်ကြီးကိုးပါးဖြင့်တိုက်မရ သောအခါ နောက်ထပ်ဥက္ကာကျအောင်ပြုသည်၊မိုးကြိုးပေါင်း ထောင်သောင်းမက ကျစေသည်၊စက်လက်နက်များကိုလွှတ် သည်၊ထိုအရာများသည် ဘုရားလောင်း၏ ခြေရင်းတွင် ဝပ်စင်းပြီး ပျောက်ကွယ်သွားကြကုန်သည်။

မာရ်နတ်သည် ဘုရားလောင်းကို မည်သို့မျှပစ်မရ သောအခါ ခြေမကိုင်မိ-လက်မကိုင်မိဖြစ်ပြီး သူ၏တပည့်များ ကို "ဤသိဒ္ဓတ္ထကို ဖမ်းကြလော၊သတ်ကြလော့၊မလွှတ်ကြစေ နှင့်"ဟု အော်ဟစ်အမိန့်ပေးသည်၊မိမိကိုယ်တိုင်ကလည်း ဂိရိ မေခလာဆင်ပေါ်တွင်ထိုင်ကာ မြှားကိုဝင့်လျက် "သိဒ္ဓတ္ထ- ဤပလ္လင်မှ အမြန်ထဖယ်ရှားပေးပါ"ဟု အော်ဟစ်ကြိမ်းဝါး ပြောဆိုလေသည်။

မာရ်နတ်စစ်သည်များကလည်း ကြောက်မက်ဖွယ်ရာ မျိုးစုံကိုပြု၍ ဘုရားလောင်းကိုခြိမ်းခြောက်တိုက်ခိုက်ကြသည်။

www.dhammaransi.com



ဘုရားလောင်းသည် မာရ်နတ်နှင့်တကွ မာရ်နတ်မင်း၏စစ်သည်များပြုလုပ်စော်ကားတိုက်ခိုက်သမျှတို့ကို မေတ္တာအစွမ်းဖြင့် ဖယ်ရှားဟန့်တားတော်မူရာ မဟာသက္ကရာဇ် ၁၀၃-ခုု၊ကဆုန်လပြည့်နေ့ နေမဝင်မီပင် ဒေဝပုတ္တမာန်တည်းဟူသော မာရ်နတ်သားကို အောင်မြင်တော်မူလေသည်။

*********

www.dhammaransi.com



# (၂) အာဠာဝကဘီလူးကိုအောင်မြင်ပုံ

အာဠဝီပြည်ရှင် အာဠာဝကမင်းသည် တောကစားထွက်ရာတွင် သမင်သည် မိမိတာဝန်ကျရာဘေး မှထွက်ပြေးလွတ်မြောက်သွား၍ အများဗိုလ်ပါ၏ကဲ့ရဲ့မှုကို မခံလိုသဖြင့် တစ်ပါးတည်းသမင်နောက်သို့ အရှိန်ဟုန်ပြင်းစွာလိုက်သည်၊ နောက်လိုက်အဖော်များနှင့်လည်း ကွဲသွားသည်၊ မင်းသည် သမင်ကိုမိသောအခါ သတ်ဖြတ်ပြီး မှူးမတ်ဗိုလ်ပါတို့ကို မိမိသမင်ဖမ်းနိုင်ကြောင်းပြသလိုသဖြင့် သမင်ကိုထမ်းပြီး ပြန်လာခဲ့သည်။

မြို့နှင့်မနီးမဝေး ပင်ညောင်ပင်သို့ရောက်သော် ပင်ပန်းသဖြင့် ခဏဝင်နားသည်၊ထိုညောင်ပင်ရှိ အာဠာဝကဘီလူးသည် မိမိညောင်ပင်အောက်ဝင်လာသူမှန်သမျှ ဖမ်းယူစားသောက်ခွင့်ကို ဝေဿဝဏ်နတ်မင်းကြီးထံမှ အခွင့်ရထားသည်။

ဘီလူးသည် မင်းကြီးသမင်ထမ်းပြီးဝင်လာသောအခါ မင်းကြီးအနီးသို့ကပ်လာပြီး ကိုယ်ထင်ပြကာ မင်းကြီးကို သတ်စားမည့်အကြောင်းပြောပြသည်၊မင်းကြီးကမိမိကိုလွှတ်ပြီး သမင်ကိုစားရန်ပြောသည်၊ ဘီလူးက သမင်ရော၊လူရော မိမိပိုင်နက်ထဲရောက်လာ၍ နှစ်ခုစလုံးပိုင်ဆိုင်ကြောင်း ပြော

www.dhammaransi.com



သည်။

ထိုအခါ မင်းကြီးက ဘီလူးကို မိမိကိုလွှတ်ပါ၊မိမိက နေ့စဉ်လူတစ်ယောက်နှင့်ထမင်းတစ်အိုးပို့ပေးပါမည် ဟု ဝန်ခံကတိပေးသည်၊မိမိဘက်က မပို့ဖြစ်က မိမိကိုလာစားပါ ဟု ထပ်မံကတိပြုသည်။

သို့အတွက် ဘီလူးကမင်းကြီးကိုလွှတ်လိုက်လေသည်၊ မင်းကြီးသည် လမ်းတွင်မိမိအမှုထမ်းများနှင့်ပြန်ဆုံတွေ့ပြီး အာဠဝီပြည်သို့ပြန်ဝင်ခဲ့သည်၊နန်းတော်သို့ ရောက်သော် မြို့ဝန်ကိုခေါ်ယူပြီး မိမိဘီလူးထံကတိပတ်ပြုထားခဲ့သည့်ကိစ္စ ကို လျှို့ဝှက်စွာပြောကြားသည်။

မြို့ဝန်က အချိန်အပိုင်းအခြားထားခဲ့ပါသလား ဟု မေးသောအခါ မင်းကြီးက မထားခဲ့ကြောင်းပြောသည်၊မြို့ဝန် ကမင်းကြီးအေးချမ်းစွာ ထီးနန်းစံပါ၊ ဤကိစ္စကို မိမိပင် စီစဉ် ပါမည်ဟု ဝန်ခံကတိပြုသည်။

ထို့နောက် မြို့ဝန်သည် အသတ်ခံရမည့်ထောင်သား များကို အသက်ရှင်လိုသူထွက်ခဲ့ဟုဆိုပြီး အိမ်ပြန်ရေမိုးချိုးစေ ပြီး ထမင်းအိုးကိုယူစေကာ ဘီလူးထံပို့စေသည်၊ထိုမှအပြန် အသက်မှလွတ်မည်ဟု ပြောဆိုပြီး လွှတ်သည်။

ဘီလူးသည် မိမိအပင်အောက်ရောက်လာသူကို ဖမ်း ယူစားသောက်ပစ်လေသည်၊မြို့ဝန်သည် ဤသို့သောနည်း

www.dhammaransi.com



ဖြင့်ပို့ရာ နောက်ဆုံးတွင် ပို့သူမရှိဖြစ်ရသည်။

မြို့ဝန်က မင်းကြီးထံအကြောင်းကြားသည်၊မင်းကြီးကလူအိုများသေခါနီးဖြစ်၍ ထိုလူအိုများကိုဖမ်းပြီးပို့ရန် ပြောကြားသည်၊ပြည်သူတွေက သူတို့၏မိဘများကိုဖမ်းယူ၍ ဆူပူကြလိမ့်မည်ဟု မြို့ဝန်က ကန့်ကွက်သည်၊ထိုအခါ ဘုရင်က မွေးကင်းစကလေးသူငယ်များသည် မိဘဟူ၍မသိကြ၊ သံယောဇဉ်မရှိကြပေ၊ထိုကလေးများကို ဖမ်းယူပို့ရလျှင် သင့်မည်ဟု အကြံပြုသည်၊ ထိုအကြံကို မြို့ဝန်က သဘောကျသဖြင့် ထိုအတိုင်းစီမံပြုလုပ်သည်။

ထိုအခါ ကလေးမိခင်များသည် မိမိတို့ကလေးကိုခေါ်ကာ အခြားပြည်ရွာသို့ထွက်ပြေးကုန်ကြသည်၊ကိုယ်ဝန်ဆောင်တို့ကလည်းအခြားသို့ ထွက်ပြေးကြသည်။

ထိုအခါ မြို့ထဲတွင် ကလေးရှာမရ၍မင်းချင်းတို့က **မင်းကြီးထံဝင်ကာ မင်းကြီးသားငယ် အာဠာဝကမင်းသားမှတစ်ပါး အခြားကလေးငယ်ရှာမရတော့ပါ** ဟု လျှောက်ထားကြသည်။

မင်းကြီးသည် ငါ့သားကိုငါချစ်သလို အခြားသူတို့ကလည်းသူတို့သားကိုသူတို့ချစ်ကြပေမည်၊သို့သော် လောက၌ မိမိထက်ချစ်အပ်သူမရှိ၊ အမောင်တို့ ငါ့သားကိုယူဆောင်၍ ဘီလူးထံပို့ကြပါလေ ဟု အမိန့်ပေးသည်။

www.dhammaransi.com



ထိုအချိန်တွင် မင်းသားလေးကိုရေချိုးပြီး မိခင်ကရင်ခွင်တွင်ထား၍ နို့တိုက်နေချိန်ဖြစ်သည်၊မင်းချင်းတို့သည် ဘုရင့်အမိန့်အရ သားလေးကိုမိဖုရားလက်ထဲမှ ဆွဲယူခေါ်သွားကြသည်၊မိဖုရားနှင့်တကွ မောင်းမအပေါင်းတို့မှာ ငိုကြွေး၍ကျန်ရစ်ခဲ့ကြသည်။

ထိုနေ့ နံနက်မိုးသောက်တွင် ဘုရားရှင်သည် လောကကိုကြည့်သည်ရှိသော် အာဠာဝကမင်းသားလေး၏ အနာဂါမိဖိုလ်ရကြောင်း ရှေးကောင်းမှုကိုလည်းကောင်း၊ အာဠာဝကဘီလူးသောတာပတ္တိဖိုလ်ရမည့်ရှေးကောင်းမှုကိုလည်းကောင်း မြင်တော်မူသည်။

ဘုရားရှင်သည် ထိုသို့မြင်တော်မူပြီး ထိုနေ့တွင်ပင် သာဝတ္ထိမှယူဇနာ(၃၀)ကွာဝေးသော အာဠာဝကဘီလူး၏ ဗိမာန်သို့ကြွပြီးလျှင် အာဠာဝကဘုံဗိမာန်အတွင်းသို့ဝင်ရန် ဗိမာန်တံခါးဝသို့ ကြွတော်မူသည်။

ထိုအချိန်တွင် အာဠာဝကဘီလူးသည် ဟိမဝန္တာတောင် ဘီလူးတို့၏အစည်းအဝေးသို့သွားနေသည်၊ဘုရားရှင်က တံခါးစောင့်ဂဒြဘကိုခွင့်ပန်ပြီး အာဠာဝကဗိမာန်အတွင်းသို့ ဝင်၍သီတင်းသုံးနေသည်။

တံခါးစောင့်ဘီလူးဂဒြဘသည် ထိုကိစ္စကို အာဠာဝကထံသို့လိုက်၍ အကြောင်းကြားသည်။

www.dhammaransi.com



ထိုအချိန်ဝယ် အရိယာဖြစ်ကြသော သာတာဂီရနတ်ဘီလူးနှင့်ဟေမဝတနတ်ဘီလူးမင်းတို့သည် ဘုရားရှင်ကိုဖူးမြင်ပြီး အစည်းအဝေးသို့လာခဲ့ကြသည်၊ထိုဘီလူးနှစ်ပါးက အာဠဝကဗိမာန်တွင် ဘုရားရှင်သီတင်းသုံးနေကြောင်းကို အာဠဝကအားဝမ်းမြောက်ဖွယ်ကောင်းကြောင်းနှင့်ဘုရားရှင်၏ဂုဏ်တော်များ၊တန်ခိုးတော်များအကြောင်းကိုပြောပြကြသည်။

အာဠဝကသည် ထိုနတ်မင်းတို့၏စကားကို မနာယူဒေါသသာပွားပြီး "သင်တို့ဆရာ ဂေါတမဘုရားကဘဲစွမ်းသလား၊ငါကဘဲစွမ်းသလားဆိုတာကြည့်ကြသေးတာပေါ့"ဟုကြိမ်းဝါးပြီး ယူဇနာ(၆၀)ရှိသော ကေလာသတောင်ထွဋ်ကိုဆောင့်၍နင်းလေသည်၊ကေလာသတောင်မှ ကျောက်လွှာကျောက်ချပ်တို့သည် အစိပ်စိပ်ကွာကျကြသည်။

အာဠဝကသည် ကေလာသတောင်ပေါ်တွင် ရပ်လျက် "အာဠဝကဆိုတာငါဘဲကွ" ဟုကြွေးကြော်လိုက်ရာ စကြာဝဠာဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးပျံ့နှံ့လွှမ်းမိုးသွားလေသည်။

အာဠဝက၏တန်ခိုးအာနုဘော်ကြောင့် ယူဇနာ(၃၀၀၀)အပြန့်ကျယ်သော ဟိမဝန္တာတောင်သည်လည်း တဖိမ့်ဖိမ့်တုန်လေသည်၊

အာဠဝကသည် ဘုရားရှင်ကို မာရ်နတ်ကဲ့သို့ပင်

www.dhammaransi.com



လက်နက်(၉)မျိုးဖြင့် တိုက်ခိုက်သည်၊မည်သို့မျှဘုရားရှင်ကို အန္တရာယ်မဖြစ်သောအခါ အာဠဝကသည် ပိုမိုဒေါသထွက်ပြီး မိမိ၏နောက်ဆုံးလက်နက်ဖြစ်သော ဘွဲ့ဖြူလက်နက်ဖြင့် ပစ်လွှတ်သည်၊ဘွဲ့ဖြူလက်နက်သည် ဘုရားရှင်၏ရှေ့တွင် ခြေသုတ်ပုဆိုးပမာကျရောက်လေသည်။

အာဠဝကသည် ထိုအခြင်းအရာကိုမြင်သော် ဦးချိုကျိုးသောနွားလားဥသဘကဲ့သို့ အစွယ်နှုတ်ပြီးသောမြွေကဲ့သို့ ဖြစ်ကာ -

"ရဟန်းဂေါတမသည် မေတ္တာဖြင့်နေ၍သာ ငါ၏လက်နက်များအစွမ်းမထက်သည်ဖြစ်ရာ၏၊ယခု ငါသည် ရဟန်းဂေါတမကိုချုပ်ခြယ်စကားပြော၍ မေတ္တာနှင့်ကင်းအောင်ပြုလုပ်မှသင့်မည်"
ဟု ကြံစည်ပြီး-

"ရဟန်းဂေါတမ- သင်သည် ခွင့်ပြုချက်မရှိပါဘဲ အဘယ့်ကြောင့် သူများနေရာဝင်ပြီး မိန်းမတို့အလယ်မှာ ထိုင်နေရပါသနည်း၊ အရှင်မပေးသောသူ့ပစ္စည်းကိုသုံးဆောင်ခြင်း မိန်းမတို့နှင့်ရောထွေးနေခြင်းသည် ရဟန်းတို့နှင့်မသင့်သည် မဟုတ်ပါလော၊ ရဟန်းဂေါတမသည် ရဟန်းတရား၌တည်သောသူဖြစ်က ဤဗိမာန်မှ ထွက်ခွာပါ"
ဟု ပြောဆိုသည်။

www.dhammaransi.com



ဘုရားရှင်ကလည်း ကြမ်းတမ်းသူကို အကြမ်းဖြင့် ဆုံးမ၍မရနိုင်ဟု ဆင်ခြင်ပြီး ကောင်းပါပြီ-ထွက်ပါမည် ဟု ချိုသာစွာပြောပြီး ဘုံဗိမာန်မှထွက်လေသည်။

အာဠဝကသည်လည်းရဟန်းဂေါတမသည် ပြောဆိုလွယ်သူဖြစ်သည်၊ငါ၏စကားတစ်ခွန်းတည်းဖြင့်ပင် ထွက်သည်၊ထိုသို့သောပုဂ္ဂိုလ်ကိုငါသည်တစ်ညလုံးစစ်တိုက်ခိုက်နေမိသည်ဟု နူးညံ့သောစိတ်ဝင်လာပြီးလျှင်-

"တစ်ဖန် ယခုထွက်ပေးသည်မှာ ပြောဆိုလွယ်သောကြောင့်ထွက်ပေးခြင်းလား- စိတ်ဆိုး၍ထွက်ပေးခြင်းလား သိရအောင် တစ်ဖန်စမ်းပါဦးမည် ဟုကြံစည်ပြီး ရှင်ဂေါတမ ပြန်ဝင်ပါဦး ဟု စေခိုင်းပြန်လေသည်။

"ဒကာ အာဠဝက၊ ကောင်းပါပြီ"

ဟု ဘုရားရှင်ကချိုသာစွာပြောပြီး ပြန်ဝင်သည်၊အာဠဝကသည် ရဟန်းဂေါတမသည် တကယ်ပြောဆိုလွယ်သူဟုတ်-မဟုတ်၊ စမ်းသပ်လိုသဖြင့် နှစ်ကြိမ်-သုံးကြိမ်ထွက်လိုက်-ဝင်လိုက်လုပ်ခိုင်းသည်။ဘုရားရှင်ကလည်း အာဠဝကခိုင်းတိုင်းလိုက်လုပ်သည်။

"ငါသည် ဤရဟန်းကြီးကို တစ်ညလုံးထွက်လိုက်ဝင်လိုက်လုပ်ခိုင်းပြီးပင်ပန်းနွမ်းနယ်စေပြီးမှ ခြေတို့ကိုကိုင်ကာ ဂင်္ဂါတစ်ဘက်ကမ်းသို့ လွှင့်ပစ်မည်"

www.dhammaransi.com



ဟု စိတ်အကြံဖြစ်ပြန်သည်၊ထိုအကြံကို ဘုရားရှင်က-

"ဒကာ သင့်စိတ်ထဲတွင် ဤကဲ့သို့သောအကြံဖြစ်သည်၊ငါမထွက်တော့ သင်ပြုလိုသမျှ ပြုပါလေ"ဟု မိန့်ကြားသည်။

အာဠဝကသည် ယခင်ကမိမိဗိမာန်အနီးသို့ရောက်လာသောရသေ့ရဟန်းများကိုပြဿနာမေး၍မရလျှင် ခြေနှစ်ချောင်းကိုင်ပြီး ဂင်္ဂါတစ်ဘက်ကမ်းရောက်အောင် လွှင့်ပစ်လေ့ရှိသည်။

"ရဟန်းဂေါတမ-သင့်ကိုငါပြဿနာမေးမည်၊ပြဿနာမဖြေနိုင်လျှင် သင့်နှလုံးကို ဖောက်ခွဲဖျက်ဆီး၍ ဂင်္ဂါတစ်ဘက်ကမ်းသို့လွှင့်ပစ်မည်" ဟု ပြောပြန်သည်။

"ဘီလူးမင်း-ငါဘုရား၏နှလုံးကိုဖောက်ခွဲဖျက်ဆီးနိုင်သူ ငါဘုရားစိတ်ကို ရူးသွပ်အောင်လုပ်နိုင်သူ၊ဂင်္ဂါတစ်ဘက်ကမ်းရောက်အောင် ခြေနှစ်ချောင်းကိုင်ပစ်နိုင်သူကို ငါတစ်ခါမျှမမြင်ဘူးပါ၊သို့သော် သင်မေးလိုသောပြဿနာရှိလျှင်မေးပါ၊ ငါအဖြေပေးပါမည်"

ဟု ဘုရားရှင်က မိန့်ကြားသည်။

ထိုအခါ အာဠဝကဘီလူးသည် မိမိ၏မိဘများလက်ထက်ကတည်းက သင်ပေးထားခဲ့သော မေးခွန်း(၄)ရပ်ကို ဘုရားရှင်အား မေးသည်။

www.dhammaransi.com



-လောက၌ အဘယ်တရားသည် အမြတ်ဆုံးဥစ္စာဖြစ်သနည်း
-အဘယ်တရားသည် နေ့စဉ်ကျင့်လျှင် လူနတ်နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်နိုင်သနည်း
-အရသာတို့တွင် အဘယ်အရသာသည် အချိုဆုံးဖြစ်သနည်း
-အဘယ်တရားဖြင့် အသက်ရှင်ခြင်းသည် အမြတ်ဆုံးဖြစ်သနည်း

ထိုအမေးများနှင့်ပတ်သက်၍ ဘုရားရှင်က-

-အမြတ်ဆုံးတရားသည် သဒ္ဓါတရား
-လူ၊နတ်နိဗ္ဗာန်အတွက် နေ့စဉ်ကျင့်သုံးအပ်သောတရားကား ဒါန၊သီလ၊ဘာဝနာ
-အချိုဆုံးအရသာသည် သစ္စာတရား
-ပညာဖြင့်အသက်ရှင်ခြင်းသည် အမြတ်ဆုံးတရား

ဟူ၍အဖြေပေးပါသည်၊ထိုအဖြေကိုရသောအခါ အာဠဝကသည် အလွန်ဝမ်းမြောက်ကျေနပ်ပြီးလျှင် မေးခွန်း(၄)ခု ထပ်မံမေးပြန်သည်။

-အဘယ်တရားဖြင့် ဩဃရေပြင်ကို ကူးမြောက်နိုင်ပါသလဲ
-အဘယ်တရားဖြင့် ဘဝသံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်ပါသလဲ
-အဘယ်တရားဖြင့် ဝဋ္ဋဆင်းရဲကို လွန်မြောက်နိုင်ပါသလဲ
-အဘယ်တရားဖြင့် ကိလေသာအညစ်အကြေးမှ ကင်းဝေး

www.dhammaransi.com



နိုင်ပါသလဲ

ထိုအခါ ဘုရားရှင်က-

-သဒ္ဓါတရားဖြင့် ဩဃရေပြင်ကို ကူးနိုင်သည်

-အပ္ပမာဒတရားဖြင့် ဘဝသံသရာသမုဒ္ဒရာကို ကူးနိုင်သည်

-ဝီရိယဖြင့် ဝဋ္ဋဆင်းရဲကိုလွန်မြောက်နိုင်၏

-ပညာဖြင့် ကိလေသာအညစ်အကြေးကို စင်ကြယ်စေနိုင်၏

ဟု အဖြေပေးတော်မူသည်။

ထိုဂါထာအဆုံးတွင် အာဠဝကသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထိုအချိန်မှာပင် မင်းချင်းတို့သည် အာဠဝကမင်းသားလေးကိုယူဆောင်ပြီး ဘီလူးထံလာပို့ကြသည်၊ အာဠဝကသည် သောတာပန်အရိယာဖြစ်ပြီးဖြစ်၍ မင်းသားလေးကိုယူကာဘုရားရှင်ထံသို့ ဆက်ကပ်လိုက်လေသည်။

ဘုရားရှင်က တစ်ဖန်မင်းသားလေးကိုလက်ခံရင်း-

"မင်းသားလေးကျန်းမာချမ်းသာ၍ အသက်ရှည်ပါစေ၊အသင်ဘီလူးလည်း ကျန်းမာချမ်းသာအသက်ရှင်ပါစေ" ဟု ဆုပေးတော်မူသည်။

ဘုရားရှင်သည် ဤမင်းသားငယ်ကို ကြီးပြင်းအောင်ကျွေးမွေးပြီးကြလျှင် ငါဘုရားအားတစ်ဖန် ပြန်ပေးကြရမည် ဟုမိန့်ကြားကာ မင်းသားငယ်ကို မင်းချင်းတို့လက်ထဲပြန်ထည့်

www.dhammaransi.com



ပေးလိုက်လေသည်။

ဤသို့ လက်အဆင့်ဆင့်လွှဲပြောင်းပေးခဲ့သောကြောင့် မင်းသားလေးကို ဟတ္ထာကအာဠဝကမင်းသား ဟု အမည်တွင်ခဲ့သည်။

ဘုရားရှင်တရားဟောမှုကြောင့် ဘီလူးကြီးအကျွတ်တရားရမှုသတင်းသည်လည်းကောင်း၊ မင်းသားလေးအသက်ရှင်မှုသတင်းသည်လည်းကောင်း၊ တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့်ပျံ့နှံ့ခဲ့ရာ အာဠဝီတစ်ပြည်လုံး အုတ်အော်သောင်းတင်းဖြစ်ခဲ့သည်။

ထို့နောက် အာဠဝီပြည်သူပြည်သားတို့သည် အာဠဝကဘီလူးအတွက် ဗိမာန်ကျွန်းအသစ်ဆောက်ပေးပြီး ပန်းနံ့သာအစရှိသော ပူဇော်ဖွယ်တို့ဖြင့် ဒေဝတာဗလိကို အမြဲပူဇော်ကြလေသည်။

*********

www.dhammaransi.com



# (၃)နာဠာဂီရိဆင်ကိုအောင်မြင်ခြင်း

ဒေဝဒတ်သည် ဘုရားရှင်ကိုဂိဇ္ဈကုဋ်တောင်ထိပ် ဝယ် ကျောက်မောင်းဆင်ပြီး သေကြောင်းကြံရာ မအောင်မြင် သဖြင့်“ရဟန်းဂေါတမ၏ ရူပကာယတင့်တယ်မှုကိုမြင်၍မည် သူတစ်ဦးတစ်ယောက်မျှ သတ်ဖြတ်ရန်မချဉ်းကပ်နိုင်၊အဇာ တသတ်မင်း၏ နာဠာဂီရိဆင်သည်ကား ရုန့်ရင်းကြမ်းတမ်း၍ လူကိုသတ်တတ်သည်၊ထိုဆင်ဖြင့် ဘုရားဂေါတမကိုသတ်က အောင်မြင်နိုင်သည်”ဟု တွေးမိပြီး အဇာတသတ်မင်းထံ ဝင်တွေ့ပြီး ရဟန်းဂေါတမကို ဆင်နှင့်သတ်ရန် ဆွေးနွေးတိုင် ပင်ညှိနှိုင်းသည်။

အဇာတသတ်သည် ဆင်ဆရာကိုခေါ်၍ နောက်နေ့ ဘုရားရှင်ဆွမ်းခံအဝင်တွင် နာဠာဂီရိဆင်ကို အရက်ကိုး မောင်းတိုက်ပြီးလွှတ်ရန် အမိန့်ပေးလေသည်။

အဇာတသတ်မင်းသည် နက်ဖြန်ခါ နာဠာဂီရိဆင်ကို မူးယစ်အောင်ပြုလုပ်ပြီး မြို့တွင်းသို့စေလွှတ်မည်၊မြို့သူမြို့ သားများသည်ပြုဖွယ်ကိစ္စရှိက စောစောပြုလုပ်ကြပြီး ဆင် လွှတ်ချိန်၌ အသွားအလာမရှိစေရဟု အမိန့်ထုတ်ပြန်သည်။

ဒေဝဒတ်သည် ဆင်ထိန်းနှင့်တွေ့ပြီး ငါသည်ရာထူး နိမ့်သူကိုမြင့်အောင်လုပ်ပေးနိုင်သည်၊နက်ဖြန် နာဠာဂီရိဆင်

www.dhammaransi.com



ကိုအရက်(၁၆)အိုးတိုက်ပြီး ရဟန်းဂေါတမကြွလာချိန်မှန်းပြီး လွှတ်ပါ ဟုမှာကြားသည်။

ထိုသတင်း တစ်မြို့လုံးပျံ့နှံ့သွားရာ ဘုရားရှင်၏ ဥပါသကာများက ဘုရားရှင်ကို ထိုအကြောင်းလျှောက်ထားပြီး နောက်နေ့တွင် ဆွမ်းခံမကြွရန်နှင့် ဆွမ်းကိုမိမိတို့စီစဉ်ပြီး ကျောင်းသို့ပို့မည့်အကြောင်း လာရောက်လျှောက်ထားကြသည်။

မြတ်စွာဘုရားသည်ဆွမ်းများ ကျောင်းသို့လာလှူသည်ကိုလက်ခံပြီး ဆွမ်းခံမကြွမှုကို ဝန်ခံမပြောလိုက်ဘဲ နေသည်၊ဒါယကာများသည် နောက်နေ့ နေ့ဆွမ်းချက်ပို့ရန် စီမံကြသည်။

နောက်နေ့မိုးသောက်သော် ဘုရားရှင်သည် ရှင်အာနန္ဒာကို ရာဇဂြိုဟ်မြို့ပတ်ဝန်းကျင်ရှိ ကျောင်းတိုက်(၁၈)တိုက်မှ ရဟန်းများအားလုံးကို စုရုံးစေပြီး ရဟန်းများစုံသောအခါ ဝေဠုဝန်ကျောင်းမှနေပြီး ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်လေသည်။

ဆင်ထိန်းတို့သည် အဇာတသတ်မင်း၏အမိန့် ဒေဝဒတ်၏စီမံချက်ဖြင့် နာဠာဂီရိဆင်ကိုလွှတ်ရန်စီမံသည်၊ လူအပေါင်းကလည်း ဘုရားဟူသောဆင်ပြောင်ကြီးနှင့် နာဠာဂီရိဆင်ပြောင်ကြီးတို့ ယနေ့ရင်ဆိုင်တွေ့တော့မည်ဟု ပြောဆို

www.dhammaransi.com



ကြကာ အိမ်ခေါင်မိုးစသည်တို့ကို တက်ရောက်၍ ကြည့်ကြသည်။

နာဠာဂီရိဆင်သည် ဘုရားရှင်ကြွလာသည်ကို မြင်လတ်သော် လူအများကိုထိတ်လန့်စေလျက် အိမ်များကို ချိုးဖွဲ့ဖျက်ဆီးလျက် လှည်းများကိုမှုန့်မှုန့်ညက်ညက်နင်းဖျက်ကာ နှာမောင်းကိုချီမြှောက်ပြီး ဘုရားရှင်ထံသို့ ရှေးရှုဝင်လာသည်။

နာဠာဂီရိဆင်ပြေးဝင်လာ၍ ရဟန်းတို့က ဘုရားရှင်ကိုဖယ်ရှားရန် လျှောက်ထားကြသည်၊ဘုရားရှင်က မကြောင့်ကြလင့်၊ငါသည် နာဠာဂီရိဆင်ကို ဆုံးမနိုင်သည်ဟု မိန့်ကြားသည်။

ရှင်သာရိပုတ္တရာ၊ရှင်မဟာမောဂ္ဂလာန်တို့ကလည်း ဆင်ကို မိမိတို့ဆုံးမခွင့်ပြုရန် ခွင့်ပန်ကြသည်၊ဘုရားရှင်က ခွင့်မပြု၊ ရှင်အာနန္ဒာသည် ဘုရားရှင်အပေါ်၌ ချစ်ခြင်းအားကြီးသဖြင့် ဘုရားကိုတော့အသေမခံ၊ ငါဘဲအသေခံမည်ဟု ဆုံးဖြတ်ပြီး ဘုရားရှေ့မှရပ်တည်သည်၊ဘုရားရှင်က ဖယ်ရှားရန် မိန့်ကြားသည်၊ ရှင်အာနန္ဒာကမဖယ်၍ ဘုရားရှင်က တန်ခိုးတော်ဖြင့် ဖယ်ရှားရသည်။

ထိုခဏမှာပင် သားသည်မိခင်သည် နာဠာဂီရိဆင်ကို ရင်ဆိုင်တွေ့မိပြီး ကြောက်လန့်ကာ ရင်ခွင်တွင်းရှိကလေးကို ပစ်ချပြီး ထွက်ပြေးလေသည်၊ကလေးသည် ဆင်နှင့်ဘုရား

www.dhammaransi.com



အကြားတွင်ပစ်ချခံရပြီး သည်းထန်စွာငိုကြွေးနေလေသည်။

ဘုရားရှင်သည် နာဠာဂီရိဆင်ကို ဩဒိဿမေတ္တာဖြင့်ဖြန့်၍ အလွန်ချိုသာသော ဗြဟ္မာမင်း၏အသံဖြင့်-

"နာဠာဂီရိ-သင့်ကို(၁၆)အိုးတိုက်၍မူးယစ်အောင်ပြုကြသည်မှာ အခြားသူကိုဖမ်းယူဖို့ရန် ပြုလုပ်သည်မဟုတ်၊ ငါဘုရားကို ဖမ်းယူသတ်ဖြတ်ရန်ပြုလုပ်ခြင်းသာ ဖြစ်သည်၊ အကြောင်းမဲ့ခရီးသွားများကို မပင်ပန်းစေလင့်၊ ငါဘုရားထံတို့သာဖြောင့်ဖြောင့်လာပါလော့"

ဟု မိန့်ကြားလိုက်ရာ နာဠာဂီရိဆင်သည် မျက်စိနှစ်လုံးဖွင့်၍ ဘုရားရှင်ကိုစူးစိုက်စွာကြည့်ရင်း အမူးပြေပြီး သတိသံဝေဂရကာ ဘုရားရှင်ရှေ့တော်မှောက်သို့ ဝပ်စင်းရောက်ရှိလာလေတော့သည်။

**ထိုအခါ ဘုရားရှင်သည် နာဠာဂီရိဆင်ကို -"နာဠာဂီရိ-မင်းသည် တိရိစ္ဆာန်ဆင်ဖြစ်ချေသည်၊ ငါကား ဘုရားတည်းဟူသောဆင်မင်းဖြစ်သည်၊ ဤအချိန်မှစ၍ ရုန့်ရင်းကြမ်းတမ်းသူလူသတ်သမားမဖြစ်စေလင့်၊ သတ္တဝါခပ်သိမ်းအပေါ် မေတ္တာနှင့်ယှဉ်သောစိတ်ကိုရအောင်ပြုလော့" ဟု** မိန့်ကြားပြီး နာဠာဂီရိဆင်၏ဦးကင်းကို လက်ဖြင့်သုံးသပ်ကာ-

"နာဠာဂီရိ----ငါဘုရားကိုသတ်လိုသော ဒေါသ၊ ကုသိုလ်မေ့လျော့သောမောဟ၊ ငါဆင်မင်းဟူသောမာနဖြင့် မချဉ်းကပ်လင့်၊ ထိုစိတ်များသည် ဆင်းရဲဖြစ်ကြောင်း

www.dhammaransi.com



မကောင်းမှုများသာ ဖြစ်သည်၊ထိုထောင်လွှားလိုသောစိတ်ရှိသောသူအဖို့ သေပြီးနောက် နတ်ရွာသုဂတိရောက်ဖို့လမ်းသည် မရှိပါ"

ဟု ဘုရားရှင်ကဆက်လက်မိန့်ကြားရာ နာဠာဂီရိဆင်သည် တစ်ကိုယ်လုံးပီတိဖြင့် မွှမ်းထုံခံစားရသည်၊လူသားဆိုက ထိုနေရာမှာပင် သောတာပတ္တိဖိုလ်ဆိုက်ရောက်နိုင်သည်။

လူအပေါင်းသည် ဆင်ဆိုးအပေါ်အောင်မြင်သောဘုရားရှင်အား ပွဲတင်ထပ်မျှကောင်းချီးပေးကြပြီး ဆင်မင်းကိုလည်း မိမိတို့ဆင်ယင်လာသော လက်ဝတ်တန်ဆာတို့ဖြင့် ပစ်ချကြရာ ဆင်တစ်ကိုယ်လုံး ဖုံးအုပ်သကဲ့သို့ရှိပြီး ဆင်မင်းသည်လည်း 'ဓနပါလဆင်'ဟု အမည်တွင်သွားခဲ့သည်။

မြတ်စွာဘုရားသည် ဆင်မင်းကိုသီလ၌တည်စေသည်၊ဆင်မင်းသည်ဘုရားရှင်ကိုဦးတိုက်ပြီး ပုဆစ်တုပ်လျက် နောက်သို့ဆုတ်ကာ-ဆုတ်ကာ ပြန်ထွက်ပြီး မိမိ၏ဆင်တင်းကုပ်သို့ပြန်လေသည်။

ဘုရားရှင်သည် အမိန့်ရှာန်ပြု၍ ဥစ္စာပစ္စည်းများကို ဥစ္စာရှင်များထံပြန်ရောက်စေပြီးနောက် ကျောင်းတော်သို့ပြန်ကြွတော်မူလေသည်၊မြို့သူမြို့သားအပေါင်းသည်ဆွမ်း၊ဆွမ်းဟင်းများစီမံပြီးနောက် ဘုရားရှင်နောက်သို့လိုက်ကြကာ ဝေဠုဝန်ကျောင်း၌ ဆွမ်းဆက်ကပ်ကြလေသည်။

*********

www.dhammaransi.com



# (၄) အင်္ဂုလိမာလကိုအောင်မြင်ခြင်း

ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကြီးနှင့်မန္တာဏီပုဏ္ဏေးမတို့မှ သားတစ်ယောက်မွေးဖွားခဲ့သည်၊ထိုသားမွေးသောအချိန်တွင် ကောသလမင်းကြီး၏သံလျက်အပါအဝင် တစ်မြို့လုံးရှိ လက်နက်များ အလျှံတပြောင်ပြောင်တောက်ပကုန်သည်။

နံနက်လင်းသော် ထိုအကြောင်းကို ပုရောဟိတ်ပုဏ္ဏားကြီးက မင်းကြီးအားလျှောက်ထားရှင်းပြသည်၊စောရနက္ခတ်နှင့်ယှဉ်၍မွေးသည့်အတွက် ခိုးသူဖြစ်ပါမည်၊တစ်ဦးတည်းဆိုး ခိုးသူသာဖြစ်ပါမည်ဟု လျှောက်ထားသည်။

ကောသလမင်းကြီးက တစ်ဦးတည်းခိုးသူဖြစ်၍ တိုင်းပြည်အတွက် အန္တရာယ်မရှိ၊ဆက်လက်မွေးပါဟု ခွင့်ပြုသည်။

ပုရောဟိတ်ကြီးသည်သားကိုသူတစ်ပါးတို့အား နှိပ်စက်သူမဖြစ်ရန်ဟူသောအတိတ်ဖြင့် အဟိံသက ဟု အမည်ပေးခဲ့သည်။

အဟိံသကအရွယ်ရောက်သော် ဖခင်ပုရောဟိတ်ကြီးက ဒိသာပါမောက္ခဆရာထံအပ်၍ ပညာသင်စေသည်၊အဟိံသက၏ရိုးသားမှု၊ ကြိုးစားမှု၊ တပည့်ဝတ္တရားကျေပွန်မှုတို့ကြောင့် ဒိသာပါမောက္ခဆရာကြီးနှင့်ဆရာကတော်တို့က

www.dhammaransi.com



အဟိံသကကို ချစ်မြတ်နိုးပြီး အစစအရာရာအားကိုးတကြီး ခိုင်းစေခြင်း၊အခွင့်အရေးပေးခြင်းတို့ကို ပြုလုပ်သည်။

ပညာတော်၍ ဆရာကြီးတို့ဇနီးမောင်နှံက ဦးစားပေး သည့်အဟိံသကကို အခြားကျောင်းသားများက မနာလိုဝန်တို ဖြစ်ကြသည်၊ချောက်ချရန် အမြဲစဉ်းစားကြံစည်ကြသည်။

ဆရာကြီးကတော်၏ ဦးစားပေးမှုကိုခံရသော အဟိံ သကကို ဆရာကြီးကတော်နှင့်ဖောက်ပြန်၍ပြစ်မှားသည်ဟု စွပ်စွဲကာ ဆရာကြီးထံ ကုန်းချောကြသည်။

ပထမတစ်ကြိမ်၊နှစ်ကြိမ် ပြောဆိုကုန်းချောသည်ကို ဆရာကြီးကလက်မခံ၊နောက်ခဏခဏပြောပါများသော်သံသယ ဝင်လာသည်၊ဆရာကြီးကတော်၏ အဟိံသကအပေါ် ချစ်ခင် ရင်းနှီးစွာနေမှု၊ဆရာကြီးကတော်က ရင်းရင်းနှီးနှီးခိုင်းစေမှု အပေါ်၌ ဆရာကြီးကသံသယဝင်ပြီးလျှင် အဟိံသကကို သတ်လိုသောဆန္ဒဖြစ်ပေါ်မိသည်၊သို့သော် မိမိကိုယ်တိုင် သတ်က မိမိကိုတပည့်ကိုသတ်သောဆရာအဖြစ် မြင်ကြပြီး နောက်မည်သည့်တပည့်မျှစာလာမသင်ဘဲရှိကြမည်၊ပညာပရိ ယာယ်ဖြင့်အတတ်ပညာတစ်ခုပြီးမြောက်အောင်သင်ယူဖို့ အတွက်လူတစ်ထောင်ကိုသတ်ပြီး လက်ညိုးတစ်ထောင်ကို ရမှသာလျှင် ပညာသင်ယူမှုပြီးမြောက်မည် ဟုပြော၍ အဟိံသကသည် လူသတ်က အသတ်ခံရသောမိဘဆွေမျိုး

www.dhammaransi.com



တို့သည် တစ်နေ့တွင် အဟိံသကကိုတုံ့ပြန်၍သတ်ကြလိမ့်မည်။

ဆရာကြီးသည် ဤသို့စဉ်းစားပြီး အဟိံသကကိုခေါ်၍ လူတစ်ထောင်သတ်၍ လက်ညှိုးတစ်ထောင်ရအောင်ပြုလုပ်ပြီးမှ ပညာသင်ယူမှုပြီးသည့်အကြောင်းပြောပြသည်၊ အဟိံသက -က သူတို့အမျိုးသည် သူတစ်ပါးအသက်ကိုသတ်သောအမျိုးမဟုတ်ကြောင်း ပြောပြသည်။

လူမသတ်က ပညာမရနိုင်ပါ ဟု ဆရာကြီးကပြောသောအခါ ပညာကိုရယူလိုသော အဟိံသကသည်ဆရာကိုရှိခိုးပြီးလျှင် လက်နက်ငါးပါးကိုယူ၍ တောအုပ်သို့ဝင်သည်၊ တောအုပ်ထဲသို့ဝင်လာသမျှလူကိုသတ်၍ လက်ညှိုးများကိုဖြတ်ယူသည်၊လက်ညှိုးများဖြတ်ပြီး သစ်ပင်တွင်ချိတ်ဆွဲထားရာ ကျီး-ငှက်စသည်တို့ ထိုးယူစားသောက်မှုကြောင့်လက်ညှိုးများ ပျက်စီးကုန်၍ အရေအတွက်ကိုမရတော့ချေ။

သို့အတွက် အဟိံသကသည် လက်ညှိုးများကိုကြိုးဖြင့်သီ၍ လည်တွင်ဆွဲကာယူဆောင်သည်၊ထိုသို့ ယူဆောင်သောကြောင့် အဟိံသကနာမည်ပျောက်၍ အင်္ဂုလိမာလ ဟု အမည်တွင်လေသည်။

အင်္ဂုလိမာလ၏သတ်ဖြတ်မှုကြောင့် တောအုပ်ထဲသို့ ထင်းခွေ၊မြက်ရိတ်၊ဟင်းရွက်ခူး၊သစ်ခုတ်စသည်ဖြင့် သွားလာသူမရှိ

www.dhammaransi.com



**တော့ချေ၊ထိုအခါ** အင်္ဂုလိမာလသည် ရွာတွင်းသို့ဝင်၍ တံခါး **များကိုထိုးနှက်ရိုက်ချိုးဖွင့်ပြီး** လူကိုဖမ်းယူသတ်ပြီး လက်ညှိုး ကို ယူလေသည်။

အင်္ဂုလိမာလ၏ ကျေးလက်တောရွာများမှလူများ သည် မိမိတို့ရွာတွင်မနေဝံ့ကြတော့ဘဲ သာဝတ္ထိပြည်သို့လာ ရောက်နေကြ၍ သစ်ခက်တဲဆောက်ကာနေကြပြီး မင်းကြီး ကြားအောင် နန်းရင်ပြင်သို့စုဝေးသွားကြကာ ခိုးသူရန်ကို နှိမ်နှင်း၍ ကယ်ပေးပါရန် အော်ဟစ်ငိုကြွေးမြည်တမ်းကြ သည်။

ပုရောဟိတ်ပုဏ္ဏားသည် ခိုးသူမှာ မိမိ၏သား အဟိံသက ဖြစ်လိမ့်မည်ဟု မှတ်ထင်ကာ မိမိမယားကို အကျိုးအကြောင်း ပြောပြသည်၊မိခင်သည် သားဟူသော ချစ်ခြင်းမေတ္တာဖြင့် သားကိုသွားရောက်ခေါ်ပေးရန် ပြောပြ သည်၊ပုရောဟိတ်က မိမိခေါ်၍မရနိုင်ကြောင်းပြောသောအခါ ပုဏ္ဏေးမက မိမိသားကို မိမိသွားခေါ်မည်ဟု ပြောဆိုကာ သားရှိရာတောအုပ်သို့ ထွက်ခွာရန်စီစဉ်သည်။

ထိုအချိန်တွင် ကောသလမင်းကြီးကလည်း ပြည်သူ တို့၏ အော်ဟစ်သံကြောင့် အင်္ဂုလိမာလကို ကိုယ်တိုင်တပ် နှင့်ချီတက်ပြီး ဖမ်းယူရန်စီမံလေသည်။

နောက်နေ့မိုးသောက်သော် ဘုရားရှင်သည် လောက

www.dhammaransi.com



ကိုကြည့်ရှုသည်ရှိသော် အင်္ဂုလိမာလကို မြင်တော်မူပြီး အင်္ဂုလိမာလကျွတ်မည်အဖြစ်ကိုလည်းကောင်း၊မိမိမကြွရောက်က အင်္ဂုလိမာလသည် မိခင်ကိုသတ်မိ၍သံသရာဝဋ်ဒုက္ခမှ မလွတ်နိုင်ဖြစ်မည်ကိုလည်းကောင်း၊သိမြင်တော်မူသည်။

ထိုနေ့တွင် ကောသလမင်းကြီးကလည်း အင်္ဂုလိမာလကိုဖမ်းရန် စစ်ချီတက်ရန်အသင့်ဖြစ်နေသည်။

အင်္ဂုလိမာလမှာလည်း လက်ညှိုးတစ်ချောင်းသာ လိုတော့၍ ယနေ့မည်သူ့ကိုတွေ့တွေ့ အရင်တွေ့သူကိုသတ်၍ လက်ညှိုးဖြတ်ယူကာ ဆရာထံသို့ပြန်ရန် စီမံနေသည်။

ပုဏ္ဏေးမကြီးကလည်း သားကိုရှာပြီး ပြန်ခေါ်ရန် သားရှိမည်ထင်သောတောသို့ အစာရိက္ခာယူပြီး ထွက်ခွာခဲ့သည်။

ဘုရားရှင်သည် ဆွမ်းခံကြွ၍ဆွမ်းစားပြီးနောက် အင်္ဂုလိမာလရှိရာသို့ထွက်ခဲ့သည်၊အင်္ဂုလိမာလသည် ဘုရားရှင်ကိုမြင်သောအခါ ငါ၏နောက်ဆုံးလက်ညှိုးဖြတ်ရမည့်သူတွေ့ပြီ ဟူသောအားရဝမ်းသာစိတ်ဖြင့် ပြင်းထန်လျင်မြန်စွာ ပြေးလိုက်သည်။

ဘုရားရှင်သည် ရှေ့မှတလင်းအပြင်ကိုပြ၍ မိမိသည်အလယ်မှနေပြသည်၊အင်္ဂုလိမာလသည် အစွမ်း၌ဖြစ်သည်၊ဒီတစ်ခါ ဒီရဟန်းကိုငါအမိဖမ်းတော့အံ့ ဟုအစွမ်းကုန်

www.dhammaransi.com



ပြေးလိုက်သည်၊ဘုရားရှင်သည် တလင်းအစွန်းရောက်ပြီး အင်္ဂုလိမာလက တလင်းအလယ်၌ ဖြစ်နေသည်၊အင်္ဂုလိမာလ သည် တလင်းကွင်းပြင်၌ ရဟန်းကိုအမီလိုက်၍ဖမ်းအံ့ ဟု ကြံစည်ကာ လျင်မြန်စွာပြေးလိုက်ပြန်သည်၊ဘုရားရှင်သည် အင်္ဂုလိမာလရှေ့မှမြောင်းကိုလည်းကောင်း၊တစ်ဘက် ဆည် ကန်ကိုလည်းကောင်း ပြတော်မူ၍ သုံးယူဇနာရှိသော အရပ် တို့သို့ ခေါ်ဆောင်၍ ကြွတော်မူသည်။

အင်္ဂုလိမာလသည် ပင်ပန်းနွမ်းနယ်၍ ခံတွင်းမှ တံတွေးခြောက်ကပ်လာသည်၊ ကိုယ်မှချွေးတို့သည် ကျကုန်၏

"ဤရဟန်းသည် အံ့ဩဖွယ်ရှိပေသည်"

ဟု အင်္ဂုလိမာလသည် ကြံစည်တွေးတောမိသည်၊ဤရဟန်း ကိုပရိယာယ်ဖြင့်ဖမ်း၍ သတ်အံ့ဟု ကြံစည်ပြီး-

"အို-ရဟန်း၊ ရပ်ဦးလော့-ရပ်ဦးလော့"

ဟု ပြောသည်။

ငါသည်ကားရပ်တည်သည်၊သင်သာလျှင် မရပ်ပေ"

ဟု ဘုရားရှင်ကမိန့်ကြားသည်။

"ဤရဟန်းသည် သွားလျက်နေသည်ကို ရပ်သည် ဟုပြော၏၊ငါသည် ရပ်နေသည်ကိုရပ်သည်မဟုတ် ဟုဆို၏၊ ဤရဟန်းကိုငါသည်မေးဦးမည်"

ဟု ကြံစည်ပြီး-

www.dhammaransi.com



"ရဟန်း -သင်သည်အဘယ်ကြောင့်ရပ်သည်မည်သလဲ၊ငါသည် အဘယ့်ကြောင့်မရပ်သည် မည်သလဲ"
ဟု မေးသည်။

"အင်္ဂုလိမာလ-ငါသည်သတ္တဝါတို့အား သတ်ဖြတ်ခြင်းကိုပယ်၍ သတ္တဝါတို့၌ချစ်ခင်ခြင်းတည်ပေ၏၊ငါသည် ရပ်တည်သည် မည်၏၊သင်ကား သတ္တဝါတို့ကိုသတ်၍ သတ္တဝါတို့ကို၌ချစ်ခင်ခြင်းမရှိ၊ထို့ကြောင့် သင်သည်ရပ်တည်ခြင်းမရှိ မည်၏"

"ဤရဟန်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောကြုံးဝါးခြင်းဖြင့် ကြုံးဝါး၏၊ဤရဟန်းသည် မဟာမာယာမိဖုရား၏ သားတော်ရဟန်းမင်းဖြစ်ပေလိမ့်မည်၊ထို့ကြောင့်သာလျှင် ဤသို့ရဲရင့်စွာ ဆိုဘိ၏၊ငါသည် ရဟန်းမင်းဖြစ်သောဘုရားရှင်ကို ဖူးမြင်ရပေပြီ၊ဘုရားရှင်သည် ငါ့ကိုချီးမြှင့်ရန်အတွက် ဤအရပ်သို့ ရောက်လာသည် ဖြစ်ရမည်"
ဟု အင်္ဂုလိမာလသည် လက်နက်များကိုချကာ ဘုရားရှင်ထံသို့ ဦးခိုက်ပြီး ရဟန်းပြုခွင့်ကိုတောင်းသည်၊ဘုရားရှင်သည် ဧဟိဘိက္ခု ခေါ်ကာ ရဟန်းပြုပေးသည်။

ဘုရားရှင်သည် အင်္ဂုလိမာလ ရဟန်းကိုခေါ်၍ ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

*********

www.dhammaransi.com



# (၅) စိဉ္စမာဏဝိကကိုအောင်မြင်ခြင်း

စိဉ္စမာဏဝိကသည် မန်ကျည်းပင်တွင် သန္ဓေတည်၍ မွေးဖွားလာသူဖြစ်၍ မြတ်သောအဆင်းကိုဆောင်သည့် တင့်တယ်ခြင်းအထွဋ်အထိပ်သို့ရောက်၏၊နတ်သမီးကဲ့သို့ ကိုယ်မှအရောင်တို့သည် ထွက်ကုန်၏

တိတ္ထိတို့သည် ဘုရားရှင်၏ဂုဏ်ကျေးဇူးကြောင့် မိမိတို့၏လာဘ်လာဘများ ဆုတ်ယုတ်လာသောအခါ မိမိတို့ထဲတွင် ပရိုဗ်မအဖြစ်လာရောက်နေသော စိဉ္စမာဏဝိကကို ဘုရားရှင်၏ဂုဏ်ကျေးဇူးမဲ့ဖြစ်အောင် ပြုလုပ်ရန်စီမံကြသည်။

တိတ္ထိတို့သည် စိဉ္စမာဏဝိကကို ဘုရားရှင်၏ဇေတဝန်ကျောင်းသို့ ညဉ့်အချိန်သွားစေပြီး သင့်ရာတစ်နေရာ၌နေစေပြီး နံနက်စောစောဇေတဝန်ကျောင်းမှထကာ ဟန်ပြုစေသည်၊လမ်းတွင် လူအများကတွေ့၍ ဘယ်ကလာသလဲဟု မေးပါက ဘယ်ကလာသည်ကိုပြော၍ ဘာအကျိုးရှိမှာလဲဟုဖြေစေသည်၊လခွဲလောက်ကြာသော် ရဟန်းဂေါတမနှင့် ဇေတဝန်ကျောင်းမှာ အတူတူအိပ်ပြီး ပြန်လာသည်ဟု ပြောစေသည်။

စိဉ္စမာဏဝိက-က တိတ္ထိတို့အကြံပြုသည့်အတိုင်း

www.dhammaransi.com



နေ့စဉ်ဆောင်ရွက်သည်၊သုံးလေးလလွန်၍ လူတို့သံသယဝင်လာစပြုသောအချိန်တွင် စိဥ္စမာဏဝိကသည် မိမိဗိုက်ကို ပုဆိုးပိုင်းတို့ဖြင့် ဝန်းရံပြီး ကိုယ်ဝန်ရှိသောအသွင်သဏ္ဌာန်ပြု၍ လူအများမြင်အောင်ပြုလုပ်ပြသည်။

ကိုးလလွန်ဆယ်လဝင်သော် မိမိဗိုက်ကို သစ်သားပျဉ်ချပ်ဖွဲ့ချည်၍ အထက်၌ပုဆိုးခြုံပြီးသော် လက်ဖမိုး၊ခြေဖမိုးတို့ကို နွားမေးရိုးဖြင့်ရိုက်၍ ဖောယောင်သဏ္ဌာန်ပြုလုပ်သည်။

ညနေပိုင်း ဘုရားရှင်တရားဟောချိန်ရောက်သော် သွား၍ ဘုရားရှင်တရားဟောနေသောအချိန်ဝယ် ဘုရားရှင်၏ရှေ့သို့သွားရပ်ပြီး-

“ရဟန်းကြီး-လူအများကိုတရားကိုသာဟောကြား၍ နေဘိ၏၊အသင်၏အသံသည် သာယာပါ၏၊သွား၊နှုတ်ခမ်းသည် ကောင်းမွန်ချောမောပြေပြစ်၍ ဟောပြောမှုထိလှပါ၏၊ ငါသည်ကား သင့်ကိုစွဲ၍ ကိုယ်ဝန်ရသောကြောင့်ယခုကိုယ်ဝန်သည် နေ့စေ့လစေ့ဖြစ်နေပေပြီ၊ သားဖွားရန်အိမ်နေရာကိုလည်းမသိ၊ဆီဦး၊ ထောပတ်စသည်တို့ကိုလည်း မစီမံ၊ သင်ကိုယ်တိုင်မစီမံသော်မှ သင်၏တပည့်များဖြစ်သော ကောသလမင်း၊ အနာထပိဏ်သူဌေးဝိသာခါတို့ကို တစ်ယောက်ယောက်စေလွှတ်ပြီး ငါ၏ကိုယ်ဝန်ကိုစောင့်ရှောက်ခိုင်းသင့်

www.dhammaransi.com



သည် မဟုတ်ပါလော၊ သင်သည်မွေ့လျော်ခြင်းကိုသာ သိသည်၊ ကိုယ်ဝန်အစောင့်အရှောက်ကိုမသိ"
ဟု ပရိသတ်လေးပါးအစုံ၌ စွပ်စွဲလေသည်။

မြတ်စွာဘုရားသည် တရားစကားကို ခေတ္တတန့်ရပ်ထားပြီး ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာကျူးရင့်လျက်-

"အို-နှမ၊ အသင်ပြောဆိုအပ်သောစကား၏ဟုတ်မှန်သည့်အဖြစ်ကိုလည်းကောင်း၊ ချွတ်ယွင်းသည့်အဖြစ်ကိုလည်းကောင်း၊ငါဘုရားနှင့်အသင်နှစ်ဦးတည်းသာ သိကြကုန်သည်"
ဟုမိန့်ကြားသည်။

"အို-ရဟန်းကြီး၊သင်နှင့်ငါသာ သိအပ်သည်ဆိုသည်မှာ မှန်ပေသည်၊ကိုယ့်အကြောင်းကို အဘယ်သူတို့သိနိုင်ကုန်အံ့နည်း"
ဟု စိဉ္စမာဏဝိက က ထပ်မံပြောဆိုသည်။

ထိုခဏတွင် သိကြားမင်း၏ဘုံဗိမာန်သည် ပူပြင်းသောအခြင်းအရာကိုပြ၍ ဆင်ခြင်သည်ရှိသော် စိဉ္စမာဏဝိက-ကဘုရားရှင်ကို စွပ်စွဲနေသည်ကို သိသည်၊ထိုအခါ သိကြားမင်းသည် နတ်သားလေးယောက်ကိုခေါ်၍ ကြွက်ယောင်ဆောင်ပြီး စိဉ္စမာဏဝိကဗိုက်ပေါ်ရှိ ပျဉ်ချပ်နှင့်ကြိုးတို့ကို ကိုက်ဖြတ်ချစေသည်၊ဖုံးအုပ်ထားသော ပုဆိုးတို့ကိုလည်းလေဖြင့် လွင့်ပါးစေသည်၊ပျဉ်ပြားသည် ပြုတ်ကျ၍

www.dhammaransi.com



စိဋ္ဌမာဏဝိက၏နှစ်ဘက်သောခြေဖျားတို့သည် ကျိုးပျက်ကုန်သည်။

ထိုအခါ လူအပေါင်းတို့သည် သူယုတ်မာက ဘုရားရှင်ကိုမဟုတ်မဟပ်စွပ်စွဲဘိသည် ဟုဆိုကာတံတွေးနှင့် ဝိုင်းထွေးကြကာ ပါလာသောပစ္စည်းတို့ဖြင့်ပစ်ပေါက်နှင်ထုတ်ကြလေသည်။

*********

www.dhammaransi.com



# (၆) သစ္စကပရိဗိုဇ်အောင်မြင်ခန်း

ဝေသာလီပြည် မဟာဝုန်တော၌ ဘုရားရှင်သီတင်းသုံးနေသောအချိန်ဖြစ်သည်။

ဝေသာလီပြည်သည် ဝဇ္ဇီတိုင်းသား မင်းညီမင်းသားတို့၏စည်လုံးညီညွတ်မှုကြောင့် အလွန်သာယာဝပြောစည်ပင်နေသောအချိန်ဖြစ်သည်၊ထိုဝဇ္ဇီတိုင်းသားမင်းညီမင်းသားတို့ကို သင်ကြားပြသပေးနေသောဆရာမှာ သစ္စကပရိဗိုဇ်ဖြစ်သည်။

သစ္စကပရိဗိုဇ်၏မိဘများသည် ရှေးကတစ်ဦးလျှင် ဝါဒ(၅၀၀)စီအတတ်ဖြင့် ဝါဒပြိုင်ရန်ဝေသာလီပြည်သို့ရောက်ရှိလာကြပြီး ဝါဒပြိုင်ကြရာ သူမနိုင်-ငါမနိုင် သရေဖြစ်ခဲ့ကြသည်၊ပညာရှိကို မြတ်နိုးကြသော ဝဇ္ဇီတိုင်းသားတို့က သူတို့နှစ်ဦးကို လက်ထပ်ပေးပြီး ဝေသာလီမှာနေစေသည်၊ စားနပ်ရိက္ခာအလုံအလောက်ထောက်ပံ့ပေးထားပြီး မိမိတို့ကို ပညာသင်ပေးစေသည်။

ထိုလင်မယားမှာ သစ္စာ၊ လောလာ၊ပဋာစာရာနှင့် အာစာရဝတီ ဟူသောသမီးလေးယောက်နှင့်သစ္စက ဟူသောသားတစ်ယောက်ကိုဖွားမြင်ခဲ့သည်၊သူတို့သည် ဘမျိုးဘိုးတူဆိုသကဲ့သို့ အမိဘက်မှဝါဒ(၅၀၀)၊ အဖဘက်မှဝါဒ(၅၀၀)

www.dhammaransi.com



ဖြင့် ဝါဒတစ်ထောင် တတ်မြောက်ခဲ့ကြသည်။

နောင်တွင် သမီးလေးယောက်သည် ဇမ္ဗူဒိပ်ကျွန်းလှည့်လှည့်ပြီး ဝါဒပြိုင်ပွဲပြုလုပ်ခဲ့ရာ သာဝတ္ထိပြည်၌ ရှင်သာရိပုတ္တရာနှင့်တွေ့ပြီး ဝါဒပြိုင်ရာမှရှုံးနိမ့်ပြီး ဘိက္ခုနီမ ဝတ်သွားခဲ့သည်၊နောင်တွင် ရဟန္တာမဖြစ်သွားကြသည်။

မောင်ငယ်သစ္စကသာ ဝေသာလီတွင်နေခဲ့ပြီး လိစ္ဆဝီမိသားစုတို့၏ဆရာအဖြစ်နေခဲ့သည်၊မိမိကိုယ်မိမိလည်း ပညာရှိကြီးအဖြစ် အမြဲကြုံးဝါးနေသူ ဖြစ်သည်။

တစ်နေ့တွင် သစ္စကသည် လမ်းလျှောက်ထွက်ရင်း ဘုရားရှင်၏တပည့် အဿဇိနှင့်တွေ့ပြီး သင်တို့ဆရာက သင်တို့ကို ဘယ်လိုဆုံးမသလဲဟု မေးသည်၊ရှင်အဿဇိက ခန္ဓာငါးပါးမမြဲပုံ၊အတ္တ မဟုတ်ပုံ ဘုရားရှင်ကလမ်းညွှန်ဟောကြောင်း ပြန်ဖြေသည်။

ထိုအခါ သစ္စက-ကရဟန်းဂေါတမဟောပြောမှုသည် ရှက်ဖွယ်ကောင်းလှသည်၊တစ်နေ့ ငါသည် ရဟန်းဂေါတမ၏ ယုတ်မာသောအမြင်ကိုချွတ်မည် ဟု ကြုံးဝါးထားခဲ့သည်။

ထိုအချိန်တွင် လိစ္ဆဝီမင်းမျိုးငါးရာခန့်သည် လွှတ်တော်၌ စည်းဝေးတိုင်ပင်နေကြသည်၊သစ္စကသည် ထိုမင်းသားတို့ စည်းဝေးသည်ကိုမြင်၍ လွှတ်တော်သို့တက်သွားပြီး လျှင်-

www.dhammaransi.com



"လိစ္ဆဝီတို့လာကြ၊ယနေ့ ငါသည် ရဟန်းဂေါတမ၏ တပည့် အဿဇိနှင့်တွေ့ခဲ့တယ်၊သူ့ဆရာဟောတဲ့ဝါဒကိုလည်း ငါသိခဲ့ရတယ်၊သူ့ဆရာ ရဟန်းဂေါတမကို ဝါဒတင်ပြီး ဝါဒ အများကိုယနေ့ငါချတ်ပြမယ်၊သန်စွမ်းတဲ့ယောကျ်ားဟာ သိုး ငယ်အမွေးကိုဆွဲပြီး ရှေ့တွန်းနောက်ဆွဲလုပ်သလို အရက်ဆိုင် မှအရက်သမားဟာမုန့်ညက်ဖြစ်ရန် ခင်းထားတဲ့ဖျာကို ရေ ကန်ထဲမှာဆွဲတွန်းသလို၊ သန်စွမ်းတဲ့အရက်သမားဟာ သေ အိုးပ်ကိုမှောက်လှန်ဆွဲခါလှုပ်သလို ရဟန်းဂေါတမကို ဝါဒ တင်ပြီးဝါဒလမ်းစဉ်ဆွဲခါတွန်းလှန်ပြလိုက်မယ်၊ ယနေ့ ရဟန်း ဂေါတမနှင့်ငါစကားပြောမယ် သင်တို့လိုက်ခဲ့ကြဟုခေါ်၏"

ထိုအခါ လိစ္ဆဝီမင်းသားအားလုံးသည် သစ္စကနောက် သို့လိုက်ကြပြီး ဘုရားရှင်ရှိရာ မဟာဝုန်တောသို့ သွားကြ သည်။

သစ္စကသည် ဘုရားရှင်နှင့်တွေ့၍ နှုတ်ဆက်ပြီး ရဟန်း ဂေါတမတပည့်တွေကို ဘယ်လိုဆုံးမသလဲ ဟုမေး သည်၊ ဘုရားရှင်က ရှင်အဿဇိပြောဆိုသည့်အတိုင်း အဖြေ ပေးသည်။

ထိုအခါ သစ္စက-က ရဟန်းဂေါတမမျိုးစေ့မှန်သမျှ မြေမှာတည်ပြီး ကြီးပွားရသလို လုပ်စရာမှန်သမျှ မြေပေါ်မှာ တည်ပြီးလုပ်ရသလို သတ္တဝါမှန်သမျှရုပ်စသောခန္ဓာငါးပါး

www.dhammaransi.com



အပေါ်မှာမူတည်ပြီး ကုသိုလ်-အကုသိုလ်တွေ ပြုလုပ်ရပါတယ် ဟုပြောသည်။

ဘုရားရှင်က အဂ္ဂိဝေဿန၊ရုပ်ဝေဒနာစတဲ့ ခန္ဓာငါးပါးဟာ ငါ့ရဲ့အတ္တာတွေဘဲ လို့ပြောပါသလား ဟုထပ်မေးသည်၊ သစ္စက -က ဟုတ်မှန်ကြောင်း ဝန်ခံသည်။

ဘုရားရှင်ကထပ်မေးသည်၊ကောသလဘုရင်နှင့် အဇာတသတ်မင်းတို့သည် ရေမြေအစိုးရသူတွေ ဖြစ်သည်၊ သူတို့ကသတ်ဖြတ်သင့်သူကို သတ်ဖြတ်နိုင်သော အာဏာရှိပါသလား ဟုမေးသည်။

သစ္စက-ကရှိပါသည်၊လိစ္ဆဝီတို့မှာလည်း ထိုကဲ့သို့ အာဏာရှိပါသည် ဟုဖြေသည်။

ဘုရားရှင်က ထပ်မေးသည်၊သင်ကရုပ်ဟာ ငါ့ရဲ့ အတ္တာဘဲလို့ဆိုတယ်၊အဲဒီ ရုပ်အပေါ်မှာ ငါ့ရဲ့ရုပ်ဒီလိုဖြစ်ရမယ်၊ ငါ့ရဲ့ရုပ်ဟာ ဒီလိုမဖြစ်ရဘူးဆိုပြီး သင့်မှာအာဏာရှိပါသလား

ထိုသို့မေးသောအခါ သစ္စကပရိဗိုဇ်သည် ဘယ်လိုဖြေရမှန်းမသိတော့ဘဲ ဆိတ်ငြိမ်သွားတော့သည်။

ဘုရားက နောက်တစ်ကြိမ်မေးသည်၊သစ္စကမှာ မဖြေဆိုနိုင်တော့၊ တိတ်ဆိတ်၍သာနေတော့သည်။

"သစ္စက-ငါဘုရားရှင်က တရားသဖြင့် သုံးကြိမ်မေး

www.dhammaransi.com



တာကို မဖြေလျှင် သင့်ဦးခေါင်းသုံးစိပ်ကွဲလိမ့်မယ်”

ဘုရားရှင် ထိုသို့မိန့်ကြားသောခဏမှာပင်အလျှံတ ပြောင်ပြောင်တောက်နေသောသံလျက်ကို ကိုင်စွဲသောဘီလူး သည် ရုတ်တရက်ပေါ်လာပြီး သစ္စက၏ဦးခေါင်းကိုခွဲရန်ချိန် ရွယ်လေသည်။ထိုဘီလူးကို သစ္စကနှင့်ဘုရားသာ မြင်သည်။

ထိုအခါ သစ္စကသည် ကြောက်ရွံ့ထိတ်လန့်ပြီး ဘုရားရှင်ကိုမေးခွန်းထပ်မေးခိုင်းသည်၊ဘုရားရှင်က ယခင် မေးခွန်းကိုပင် ထပ်မေးသည်၊သစ္စကသည် ရုပ်အပေါ်မှာ ဒီလို ဖြစ်ရမယ်-မဖြစ်ရဘူးအမိန့်ပေးနိုင်သောအာဏာမရှိကြောင်း ဝန်ခံပြောဆိုရတော့သည်။

ဘုရားရှင်က ဝေဒနာသညာ သင်္ခါရဝိညာဉ်တို့ကို ဆက်မေးရာ သစ္စကသည် အားလုံးအာဏာမရှိကြောင်း ဝန်ခံအဖြေပေးရတော့သည်။

ဘုရားရှင်ကဆက်လက်ပြီး ရုပ်ဝေဒနာစသည်တို့ မြဲ မမြဲကိုမေးသည်၊သစ္စက-ကမမြဲကြောင်းဝန်ခံဖြေဆိုသည်။

ဘုရားရှင်က မမြဲတဲ့ရုပ်ဝေဒနာ စသည်တို့သည် ဆင်းရဲတဲ့သဘော၊ဖောက်ပြန်တဲ့သဘောရှိ-မရှိ ဆက်မေး သည်၊ သစ္စက က ဆင်းရဲတဲ့သဘော၊ဖောက်ပြန်တဲ့ သဘော ရှိကြောင်း ဆက်လက်ဝန်ခံဖြေဆိုသည်။

www.dhammaransi.com



မမြဲ-ဆင်းရဲတဲ့ ရုပ်ဝေဒနာစသည်ကို ငါ့ဥစ္စာ၊ဒီဟာငါ၊အတ္တာလို့ရှုနေရန် သင့်-မသင့်မေးရာ မသင့်ကြောင်း သစ္စကကဝန်ခံဖြေသည်။

ဘုရားရှင်က သစ္စက အနှစ်ကိုအလိုရှိတဲ့ယောက်ျားဟာ အနှစ်ကိုလိုချင်လို့ သစ်ပင်မှာခုတ်တယ်၊ငှက်ပျောပင်ကိုတွေ့လို့ခုတ်မိတယ်၊အဲဒီ ငှက်ပျောပင်မှာ ဘာအနှစ်မှမရှိသလိုသင့်ကို သင့်ဝါဒငါမေးသမျှ ဘာမျှအနှစ်မရှိဖြစ်နေတယ်၊ပြီးတော့သင်ကဝေသာလီပရိတ်သတ်ကို ငါက အပြစ်တင်ဆိုလိုက်လျှင် မတုန်မဲ့၊မလှုပ်မဲ့၊ မယိမ်းယိုင်မဲ့၊ လက်ကတီးကြားက ချွေးမယိုထွက်မဲ့ ရဟန်းအပေါင်းရှိတဲ့ ဂိုဏ်းရှိတဲ့ဂိုဏ်းဆရာသမဏကိုလည်းကောင်း၊ကိလေသာကိုပယ်သတ်ပြီးတဲ့ တရားအားလုံးကိုမှန်စွာသိပြီးတဲ့ ဘုရားလို့ဝန်ခံထားတဲ့သူကိုသော်မှငါမတွေ့မမြင်ဘူးပေမယ့် စိတ်မရှိတဲ့ ထင်းတုံးသော်မှဝါဒလမ်းစဉ်နှင့်ငါက အပြစ်တင်လိုက်ရင်တုန်သွားရမယ်၊လူဆိုက အဘယ်ဆိုဘွယ်ရာရှိမလဲ လို့ဒီစကားသင်ပြောခဲ့တယ်၊ယခုတော့ သင်နဖူးကချွေးတွေ အပေါ်ရုံပေါက်ပြီးမြေကြီးမှာကျကုန်နေပါပေါ့လား"

ဘုရားရှင်က ဤသို့ပြောသောအခါ သစ္စကသည် ဘာမျှမပြောနိုင်ဘဲ တွေဝေငေးမှိုင်နေရသည်။

ထို့နောက် လိစ္ဆဝီတို့က သစ္စကကိုပြက်ရယ်ပြုရာ သစ္စ

www.dhammaransi.com



က-က ထိုလိစ္ဆဝီများကိုငေါက်ငမ်းဟန့်တားပြီး ဘုရားရှင်ကို သူသိလိုသော သေက္ခဘူမိဆိုင်ရာ မေးခွန်းများကိုမေးသည်၊ ဘုရားရှင်က အသေးစိတ်ဖြေပြသည်။

နောက်ဆုံးတွင် သစ္စကသည် ဘုရားရှင်ကိုဝန်ခံ တောင်းပန်ပြီးလျှင် ဘုရားရှင်ကို ဆွမ်းစားပင့်ဖိတ်ပြီး ပြန်ခဲ့လေတော့သည်။

(နောင်တွင် သစ္စကပရိဗိုဇ်သည် ကျွတ်တမ်းဝင်သွားပါသည်)

*********

www.dhammaransi.com


# (ဂ)နန္ဒောပနန္ဒနဂါးမင်းကိုအောင်မြင်ခြင်း

မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေး၏ ဆွမ်းဖိတ်ကြားချက်အရ ထိုနေ့နံနက် မိုးသောက်လင်းအားကြီးအချိန်၌ လောကဓာတ်ကိုကြည့်သော် နန္ဒောပနန္ဒမည်သော နဂါးမင်းကို ဉာဏ်တော်၌ထင်သည်။

ထိုနဂါးမင်းသည် ရတနာသုံးပါး၌ မကြည်ညို၊မိစ္ဆာအယူရှိသူဖြစ်သည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကိုတာဝတိံသာနတ်ပြည်ကြွမည့် ရဟန်းငါးရာကို ခေါ်လာရန် မိန့်ကြားသည်။

ထိုနေ့ကား နတ်နဂါးတို့သည် နန္ဒောပနန္ဒနဂါးမင်း၏ စားသောက်ပျော်ရွှင်ပွဲသေရည်သဘင်ကို စီရင်သောနေ့ဖြစ်သည်၊နန္ဒောပနန္ဒနဂါးမင်းသည် နဂါးမ,ကချေသည်အပေါင်းခြံရံလျက်စားဖွယ်သောက်ဖွယ်တို့ဖြင့် ပျော်မြူးနေဆဲဖြစ်သည်။

ဘုရားရှင်သည်နဂါးမင်းမြင်နိုင်အောင်ပြု၍ နဂါးမင်း၏ဘုံဗိမာန်အထက်မှ ရဟန်းငါးရာတို့နှင့်အတူ တာဝတိံသာသို့ရှေးရှုကြွသည်။

"ဤဦးပြည်းကတုံး ရဟန်းယုတ်တို့သည် ငါတို့၏အထက်အထက်ဘုံ တာဝတိံသာသို့သွားကြရာတွင် ငါ့အပေါ်

www.dhammaransi.com



၌ ခြေမှုန်တို့ကိုကြဲဖြန့်၍သွားကြသည်၊ ထိုဦးပြည်းကတုံး ရဟန်းယုတ်များကို ငါသည် သွားခွင့်မပေးတော့အံ့" ဟု ယုတ်မာသောမိစ္ဆာအယူဖြင့်နန္ဒောပနန္ဒနဂါးမင်းသည်မိမိ တို့ထိုင်ရာ ရတနာပလ္လင်မှထပြီး မြင့်မိုရ်တောင်ခြေသို့သွားပြီး လျှင်မူလကိုယ်အဖြစ်ကိုစွန့်၍ မြင့်မိုရ်တောင်ကို အခွေဖြင့် ခုနစ်ရစ် ရစ်ပတ်ပြီးအထက်၌ပါးပျဉ်းထောင်ကာ တာဝတိံသာ နတ်ပြည်ကိုမိမိပါးပြင်ဖြင့်ငုံယူပြီး မမြင်နိုင်အောင် ပြုလုပ်ထားသည်။

ထိုအခါ အရှင်ရဋ္ဌပါလသည် ဘုရားရှင်ကို ယခင်က ဤနေရာရောက်လျှင် တာဝတိံသာနတ်ပြည်နှင့်သိကြားမင်း ဘုံဗိမာန်သိကြားမင်း၏အသံတို့ကို မြင်ရ၊ ကြားရပါသည်၊ ယခု မမြင်ရ၊ မကြားရပါဘုရား ဟု လျှောက်ထားသည်။

ဘုရားရှင်က နန္ဒောပနန္ဒနဂါးမင်းက သင်တို့ကို အမျက်ထွက်၍ ပိတ်ဖုံးကာဆီးထားကြောင်း မိန့်ကြားသည်၊ အရှင်ရဋ္ဌပါလက ထိုနဂါးကိုမိမိနှိမ်နင်းပါမည်၊ ခွင့်ပြုပါဟု ဆက်လျှောက်ထားရာ ဘုရားရှင်က ခွင့်မပြုချေ။

ရှင်မောဂ္ဂလာန်က ဆုံးမရန် လျှောက်ထားသောအခါ ကျမှ ဘုရားရှင်ကခွင့်ပြုသည်၊ရှင်မောဂ္ဂလ္လာန်သည် မိမိခန္ဓာ အတ္တဘောကိုစွန့်၍ ကြီးစွာသောနဂါးအသွင်ဖန်ဆင်းပြီးလျှင် မိမိအခွေများဖြင့် တစ်ဆယ့်လေးပတ်ရစ်ပတ်၍ နဂါးမင်း၏

www.dhammaransi.com



ပါးပြင်းအထက်၌ မိမိပါးပြင်းကိုအုပ်မိုးထားသည်၊နန္ဒောပနန္ဒ နဂါးမင်းကိုလည်း မြင့်မိုရ်တောင်ကြီးနှင့်ဖိကြိတ်ထားသည်။

နန္ဒောပနန္ဒနဂါးမင်းက အခိုးအငွေ့ကိုလွှတ်သည်၊ ရှင်မောဂ္ဂလာန်က နဂါးထက်သာသော အခိုးအငွေ့ကိုပို့လွှတ်ရာ နဂါးမင်းမှာ ရှင်မောဂ္ဂလာန်၏အခိုးအငွေ့ကိုမလွန်ဆန်နိုင်ချေ၊ နဂါးမင်းက မီးလျှံတဟုန်ဟုန်လွှတ်ပြန်သည်၊ရှင်မောဂ္ဂလ္လာန်ကလည်း ထိုထက်ပြင်းသောမီးအလျှံကိုလွှတ်သည်၊ ထိုမီးလျှံကား နဂါးမင်းကို ထိပါးနှိပ်စက်မှုရှိလေသည်။

"ဤသူကား ငါ့ကိုမြင့်မိုရ်တောင်နှင့်လည်းဖိကြိတ်၏၊ အခိုးအငွေ့နှင့်မီးလျှံကိုလည်းလွှတ်၍နှိပ်စက်၏"
ဟု ကြံစည်မိပြီး -

"အသင်-မည်သူနည်း" ဟု မေးသည်။

"ငါကား ရှင်မောဂ္ဂလ္လာန်တည်း"

"ဒါဆို အရှင်ဘုရား ပကတိရဟန်းအသွင်ဖြင့် နေပါလော"

ဟု လျှောက်သည်တွင်ရှင်မောဂ္ဂလာန်ရဟန်းအသွင်ဖြင့်နဂါးမင်း၏ နဂါးမင်း၏လကျ်ာနားဘက်မှဝင်၍ လက်ဝဲနားဘက်မှ ထွက်ပြသည်၊ ထို့အတူ နှာခေါင်းပေါက်မှဝင်၍ နှာခေါင်းပေါက်မှထွက်ပြသည်။

ထိုအခါ နဂါးမင်းက ခံတွင်းကိုဖွင့်ဟာပေးသည်၊

www.dhammaransi.com


မထေရ်မြတ်သည် ခံတွင်းမှဝင်၍ နဂါးမင်းဝမ်းတိုက်၌လမ်း လျှောက်ပြသည်။

ဘုရားရှင်က ရှင်မောဂ္ဂလာန်ကိုနဂါးမင်းတန်ခိုးကြီး ကြောင်းသတိပေးသည်၊ ရှင်မောဂ္ဂလာန်က ဤနဂါးကို မိမိ ၏ဣဒ္ဓိပါဒ်ဖြင့် နှိမ်နင်းနိုင်ကြောင်း လျှောက်ထားသည်။

“ငါသည် ရှင်မောဂ္ဂလာန်ခံတွင်းမှ ဝင်သွားစေဦး အထွက်ကျမှ ငါ၏အစွယ်ကြား၌ထားပြီးကျွတ်ကျွတ်ဝါးစား မည်”

ဟု ကြံစည်သည်။

“အရှင်ဘုရား အမြန်ထွက်ပါလော့၊ ဝမ်းတွင်း၌နေ၍ မနှိပ်စက်ပါနဲ့”

ဟု လျှောက်ထားသည်။

မထေရ်သည် အပြင်သို့ထွက်ပြီး နဂါးရှေ့၌ ရပ်ပြ သည်၊နဂါးမင်းသည် ရှင်မောဂ္ဂလာန်ကိုမြင်လျှင် ပြင်းစွာသော နှာခေါင်းလေကိုမှုတ်လွှတ်သည်၊မထေရ်သည်စတုတ္ထဈာန်ကို ဝင်စား၍ ထိုလေကိုကာကွယ်ရာ မထေရ်၏မွေးညင်းကိုမျှ မတုန်လှုပ်စေနိုင်ပါ။

မထေရ်သည် ရဟန်းအသွင်မှ ဂဠုန်ငှက်အသွင် ဖန်ဆင်းပြီးဂဠုန်ငှက်၏အဟုန်ဖြင့် နဂါးမင်းကို အစဉ်လိုက် လေသည်၊နဂါးမင်းသည် ပြေးမလွတ်နိုင်သည့်အဆုံး မိမိ၏

www.dhammaransi.com


မူလနဂါးအသွင်ကိုစွန့်ပြီး လုလင်အသွင်ဖန်ဆင်းကာ-

"အရှင်ဘုရား-ကျွန်ုပ်သည် အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏"ဟုလျှောက်ပြီး မထေရ်မြတ်၏ ခြေတော်အစုံကို ရှိခိုးလေသည်။'

"နန္ဒ ဘုရားရှင်ကြွလာတော်မူပြီလာလော့-ဘုရားထံသို့ သွားကြစို့"

ဟု မိန့်ဆိုကာ နဂါးမင်းကိုဆုံးမ၍ နဂါးမင်းကို မာန်မာနမရှိသည်ကိုပြုပြီး ဘုရားရှင်ထံသို့ခေါ်ဆောင်ခဲ့သည်၊ နဂါးမင်းသည် ဘုရားရှင်ကိုရှိခိုးပြီး ကိုးကွယ်ရာဖြစ်ပါစေ ဟုလျှောက်ထားသည်၊ဘုရားရှင်က ကာယ-စိတ္တသုခနှစ်ပါးနှင့် ပြည့်စုံစေဟု ဆုပေးတော်မူသည်။

*********

www.dhammaransi.com



# (၈) ဗကပြဟ္မာကိုအောင်မြင်ခြင်း

မြတ်စွာဘုရားရှင်သည်ဉက္ကဋ္ဌမြို့ သုဘဂတောအုပ် အတွင်းအင်ကြင်းပင်ရင်း၌ နေစဉ်ကာလဖြစ်သည်။

ထိုအချိန်ဝယ် ဗကပြဟ္မာကြီး၏စိတ်ထဲဝယ်-

"ဤကိုယ်နှင့်တကွသောပြဟ္မလောကသည်မြဲ၏၊ ခိုင်ခံ့၏၊တည်တံ့၏၊သီးသန့်ဖြစ်၏၊ရွေ့လျော့ခြင်းမရှိ၊ဤပြဟ္မာ လောက၌ ပဋိသန္ဓေနေသူ၊ အိုသူ၊သေသူ၊ရွေ့လျောသူ၊ကပ် ရောက်လာသောသူဟူ၍မရှိ၊ဤကိုယ်နှင့်တကွသော ပြဟ္မာ လောကမှတစ်ပါးအခြားလွန်မြတ်သောထွက်မြောက်ရာသည် မရှိ"

ဟူသောအလွန်အားကောင်းသော သဿတဒိဋ္ဌိအယူသည် ဖြစ်ပေါ်နေ၏။

ထိုအခါ ဘုရားရှင်သည် ထိုအင်ကြင်းအရပ်မှ ကွယ် ခဲ့၍ ပထမစျာန်ဘုံပြဟ္မာပြည်သို့ ကြွတော်မူသည်၊ဗကပြဟ္မာ သည်ဘုရားရှင်ကိုမြင်၍ ဘုရားရှင်ကို ကောင်းစွာဖိတ်ခေါ် သည်၊ထို့နောက် မိမိအယူအဆကို ဘုရားအားလျှောက်လေ သည်။ထိုအခါ ဘုရားရှင်က-

"အချင်းတို့ဗကပြဟ္မာသည် မိုက်မဲလေစွတကား၊ ဗကပြဟ္မာသည် မမြဲသောတရားကို မြဲ၏ဟု ဆိုတုံဘိ၏၊မခိုင်

www.dhammaransi.com



ခံ့၊မတည်တံ့၊ရွေ့လျောခြင်းသဘောရှိသောတရားကိုတည်တံ့၏၊ခိုင်ခံ့၏၊ တည်မြဲ၏၊ဟု ဆိုဘိ၏၊ပထမစျာန်ဗြဟ္မာဘုံ၌ပင်ရှိသန္ဓေနေသူ၊အိုသူ၊သေသူ၊ရွေ့လျောသူ၊တစ်ဖက်ကမ်းရောက်သူရှိလျက် မရှိဟု ဆိုတုံဘိ၏၊အခြား ဒုတိယစျာန်၊တတိယစျာန်၊စတုတ္ထစျာန် ဗြဟ္မာလောကနှင့်မဂ်ဖိုလ်နိဗ္ဗာန်ဟူသောထွက်မြောက်ရာရှိလျက် ဤကိုယ်နှင့်တကွသောဗြဟ္မာလောကမှတစ်ပါးအခြားလွန်မြောက်သောထွက်မြောက်ရာမရှိ ဟုဆိုတုံဘိ၏”

ဟု မိန့်ကြားသည်။

ထိုအချိန်တွင် မာရ်နတ်ယုတ်သည် အလုပ်အကျွေးဖြစ်သော ဗြဟ္မပါရိသဇ္ဇဗြဟ္မာငယ်တစ်ဦးကို ပူးဝင်ပြီးသော် ဘုရားရှင်ကို-

“ရဟန်း ဤဗကဗြဟ္မာကိုမထိခိုက်လင့်၊ဤဗကဗြဟ္မာသည် ဗြဟ္မာကြီးဖြစ်သည်၊လွှမ်းမိုးနိုင်သူလည်း ဖြစ်သည်၊အလုံးစုံမြင်တတ်သူလည်း ဖြစ်သည်၊သတ္တဝါအားလုံးကို မိမိအလိုသို့လိုက်ပါစေနိုင်သူဖြစ်သည်၊လောကကိုအစိုးရသူလည်းဖြစ်သည်၊လောက၏အကြီးအမြတ်ဖြစ်သူဖြစ်သည်၊သတ္တဝါတို့ကိုသူဌေးဖြစ်ရမည်၊သူဆင်းရဲဖြစ်ရမည်၊တိရစ္ဆာန်ဖြစ်ရမည်၊စသည်ဖြင့် စီမံတတ်သူဖြစ်သည်၊စျာန်၌လေ့လာပြီးသူလည်းဖြစ်သည်၊ဖြစ်ပြီး-ဖြစ်ဆဲ သတ္တဝါတို့၏ အဖလည်း ဖြစ်

www.dhammaransi.com



သည်။

ရဟန်း-ဤလောကဥပထဝီစသောခေတ်ကြီးလေးပါးနှင့်သတ္တဝါများ၊နတ်ဗြဟ္မာများကိုမမြဲ၊ဆင်းရဲ၊အစိုးမရ ဟုကဲ့ရဲ့ပြောဆိုတတ်သောသင့်ရှေ့ကသမဏဗြဟ္မဏတို့သည်ကိုယ်ခန္ဓာသေပြီးနောက် ယုတ်ညံ့သောအပါယ်ငရဲကျရောက်ကြရ၏၊ထိုအရာများကို တည်မြဲခိုင်ခံ့သည်ဟု ပြောဆိုချီးမွမ်းခဲ့ကြသော သမဏဗြဟ္မဏတို့သာ ကောင်းသောသုဂတိဘုံသို့ရောက်ကြရသည်။

ရဟန်း-သင့်ကိုငါတိုက်တွန်း၏၊သင်သည် ဗြဟ္မာပြောဆိုသောစကားကို လိုက်နာပါ၊မဆန့်ကျင်ပါလင့်၊ဗြဟ္မာစကားကိုမလိုက်နာသောသူသည် မိမိထံမှောက်ရောက်လာသောကျက်သရေကို တုတ်ဖြင့်ရိုက်နှက်နှင်ထုတ်သကဲ့သို့ ချောက်ထဲကျသော ယောကျ်ားသည်ချောက်ကမ်းပါးကိုလက်ဖြင့်မကိုင်မိသကဲ့သို့ရှိပါလိမ့်မည်၊ရဟန်း သင်သည် ဗြဟ္မာကိုမဆန့်ကျင်ပါလင့်၊ရဟန်း-သင်သည် စုဝေးနေသော ဗြဟ္မာပရိသတ်ကိုမြင်သည်မဟုတ်ပါလော"

ဟု စွပ်စွဲပြောဆိုလေသည်။

ဘုရားရှင်သည် မာရ်နတ်ယုတ်ကိုသိ၍ မာရ်နတ်ယုတ်ကိုဗြဟ္မာတွေသာ သင့်လက်တွင်းရောက်သည်၊ငါကသင့်လက်တွင်းရောက်သူမဟုတ် ဟု ပြန်လည်ချေပပြောဆိုသည်။

www.dhammaransi.com



ထိုအခါ ဗကဗြဟ္မာကြီးက မိမိဘဝမြဲပုံ၊ဤဗြဟ္မာလောကမြဲပုံ၊အခြားသွားစရာမလိုပုံ၊အခြားလွတ်မြောက်ရာကိုသွားရှာပါက ဆင်းရဲသာရှိမည်ပုံ၊ပထဝီဓာတ်စသော ဓာတ်ကြီးလေးပါးကို စွဲလမ်းမှုရှိက ငါ့အောက်တွင်နေရမည် ဟု ပြောဆိုသည်။

ဘုရားရှင်က ဗကဗြဟ္မာကြီးတန်ခိုးကြီးပုံ၊အာနုဘော်ကြီးပုံ၊အခြံအရံများနှင့်အစွမ်းသတ္တိကို မိမိသိကြောင်းပြောပြရာ ဗကဗြဟ္မာက ဘယ်လိုသိသလဲ ဟု ပြန်မေးသည်။

ဤစကြာဝဠာလောကဓာတ် တိုက်ပေါင်းတစ်ထောင်၌ သင်အာဏာတန်ခိုးပျံ့နှံ့ပုံ၊သတ္တဝါတို့ ပဋိသန္ဓေရမှု၊သေမှုကိုသိပုံ၊အာဏာအစိုးရပုံ ဗကဗြဟ္မာသည် ဤပထမစျာန်ရပုံမှတစ်ပါး အခြားဘုံများရှိသေးသည်။ထိုဘုံများကိုသင်မသိ၊ငါဘုရားသာသိပုံ၊သင်သည် အာဘဿရဘုံမှဤဘုံသို့ရောက်လာသည်၊အောက်မေ့မှုသတိမရှိ၍သင်သည် ထိုအရာများကိုမေ့ပျောက်နေသည်၊အာဘဿရဘုံဘဝကို ငါဘုရားသိသည်၊သင်မသိသောအာဘဿရဘုံကိုငါကသိသောကြောင့် သင့်ထက်ငါကဉာဏ်သာသည် စသည်ဖြင့် ဗြဟ္မာဘုံအလုံးစုံကိုလည်းကောင်း၊အလုံးစုံသောတေဘူမကသင်္ခါရတရားတို့ကိုအနိစ္စ၊ဒုက္ခ၊အနတ္တဉာဏ်ဖြင့် သိရှိပုံ၊ထိုတရားများမရှိရာနိဗ္ဗာန်ကို သင်မသိ၊ငါဘုရားသိသည် စသည်တို့ကို ဟောပြောပြ

www.dhammaransi.com



သည်။

ထိုအခါ ဗကပြဟ္မာကအလုံးစုံမရောက်ရာတရား နိဗ္ဗာန်ရှိသည်ဆိုက သင်သည်ချွတ်ယွင်းသောစကားကို ဆိုသူဖြစ်မည် ဟုဘုရားရှင်ကို စွပ်စွဲပြန်သည်။

ထိုအခါ ဘုရားရှင်က ဗကပြဟ္မာကို ခေတ်ကြီးလေးပါးကိုမဖြစ်ရာ၊ပြုပြင်မှုကင်းရာ နိဗ္ဗာန်အကြောင်းကိုအကျယ်တဝင့်ပြောပြသည်၊ထိုအရာများကို ဗကပြဟ္မာအနေနှင့်မသိပုံကို ပြောပြသည်။

ထိုအခါ ဗကပြဟ္မာသည် မိမိသည်ဘုရားရှင်နှင့်ယှဉ်မပြောနိုင်၍ တန်ခိုးချင်းပြိုင်မည်ဟု ပြောဆိုလာပြီး တူတူပုန်းတမ်းကစားရန်တောင်းဆိုသည်။

ဘုရားရှင်ကသဘောတူပြီး ဗကပြဟ္မာကအရင်ပုန်းသည်၊ဘုရားကချက်ချင်းပင် ရှာပြသည်၊ဒုတိယဘုရားရှင်ပုန်းသောအလှည့်တွင် ဘုရားရှင်ကစတုတ္ထစျာန်ဝင်စားပြီး ဣဒ္ဓိဝိဓအဘိညာဉ်စျာန်ဇောဖြင့် ရူပကာယကိုဖျောက်ပြီး ပြဟ္မာ၏မျက်ခုံးနှစ်ခုကြားဝယ် နေလိုက်ပြီး-

"ဘဝေဝါဟံဘယံဒိသွာ၊ဘဝဉ္စဝိဘဝေသိနံ
ဘဝံနာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နနုပါဒါယိံ

ဟူသော ဂါထာကိုရွတ်ဆိုကာ အသံပြုလိုက်သည်၊ဗကပြဟ္မာနှင့်တကွ ပြဟ္မာအားလုံးစကြာဝဠာအနှံ့ ဘုရားကိုရှာကြ

www.dhammaransi.com



သည်၊လုံးဝရှာမတွေ့ချေ၊ထိုအခါ ဗြဟ္မာကြီးသည် ရဟန်းဂေါတမသည်တန်ခိုးကြီးသူဖြစ်ချေသည် ဟုဝန်ခံကာအရှုံးပေးလေသည်၊ဘုရားရှင်၏ ထိုဂါထာအဆုံးဝယ်ဗြဟ္မာတစ်သောင်းအရိယာဖြစ်လေသည်။

(ဗြဟ္မာတို့ လူအပေါင်းတို့၏ဆရာ ငါဘုရားသည် ကာမရူပ-အရူပဟူသောဘဝသုံးပါးဝဋ်ရှိရထား၌ ပဋိသန္ဓေအိုနာသေရေး ကြောက်ဖွယ်ဘေးကိုလည်းကောင်း၊ဘဝကင်းရာ နိဗ္ဗာန်ကိုရှာဖွေလမ်းမှားနေကြသော သတ္တဝါများ၏ဘဝသုံးပါး၌ မရပ်မနားဖြစ်နေရသည်ကိုလည်းကောင်း၊ဉာဏ်မျက်စိဖြင့်တိကျစွာတွေ့မြင်ရသောကြောင့်ပင်လျှင် တစ်စုံတစ်ခုသောဘဝကိုမျှ တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့်နိစ္စ၊ဓူဝ၊သဿတအဖြစ်ဖောက်ပြား၍ မစွဲလမ်းတော့ပြီ၊ဘဝတဏှာကိုလည်းလေးပါးမဂ်ဖြင့် ဖြတ်ပြီး၍မကပ်ရောက်မစွဲဟူတော့ပြီ)

*********

www.dhammaransi.com



# ရာဇဂြိုဟ်ပြည်သူဌေး၏စန္ဒကူးသပိတ်လှူခြင်း

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေခိုက်ဖြစ်သည်။

ရာဇဂြိုဟ်သူဌေးတစ်ဦးသည် ဂင်္ဂါမြစ်တွင်း ရေဆင်းချိုးရာမှစန္ဒကူးသားသစ်တုံးတစ်တုံးကိုရရှိသည်၊သူဌေးသည် ထိုသစ်တုံးကိုမည်သို့ပြုရမည်နည်းဟု စဉ်းစားပြီး ဤလောက၌ ရဟန္တာ-ရဟန္တာဟူ၍ ပြောဆိုသူတွေများနေသည်၊ရဟန္တာကိုတစ်ပါးမှလည်း မတွေ့ဖူးသေး၊ဤစန္ဒကူးသားကို သပိတ်ပြုလုပ်၍ အတောင်(၆၀)မြင့်သောဝါးထိပ်၌ကပ်၍ ချိတ်ဆွဲထားပြီး ဈာန်ပံ့ယူနိုင်သောရဟန္တာရှိက ယူကြစေ ဟုကြေငြာမည်၊ယူနိုင်သော ရဟန္တာရှိလာက ထိုပုဂ္ဂိုလ်ကို ငါတို့မိသားစုကိုးကွယ်မည်။

ဟု စိတ်ကူးပြီးသပိတ်ထုလုပ်စေသည်၊ထို့နောက်အတောင်(၆၀)မြင့်သောဝါး၌ ချိတ်ဆွဲပြီး-

"ဤလောက၌ ရဟန္တာစစ်စစ်ဖြစ်သောသူသည် ကောင်းကင်ခရီးဖြင့်ကြွကာ ဤသပိတ်ကိုယူစေသတည်း" ဟု ကြေငြာလေသည်။

ထိုအချိန်ဝယ် ရာဇဂြိုဟ်ပြည်၌ တိတ္ထိဆရာကြီး(၆)ဦးရှိသည်၊ထိုဆရာကြီးများသည် သူတို့ကိုသူတို့ ရဟန္တာဟု ပြော

www.dhammaransi.com



၍သပိတ်ကိုလာရောက်တောင်းကြသည်။

ပထမနေ့၌-ပူရာဏကဿပ၊ဒုတိယနေ့၌-မက္ခလိဂေါသာလ၊တတိယနေ့၌-အဇိတကေသကမ္ဗလ၊စတုတ္ထနေ့၌-ပကုဓကစ္စာယန၊ပဉ္စမနေ့၌-သဉ္စယဗေလဋ္ဌပုတ္တဆရာကြီးတို့က မိမိတို့သည် ရဟန္တာဖြစ်ကြောင်းပြောဆိုပြီး သပိတ်ကိုတောင်းဆိုကြသည်၊ သူဌေးက ကောင်းကင်ပျံ၍ယူနိုင်ကယူရန် သာခပ်ပြတ်ပြတ်ပြောလွှတ်သည်။

ဆဋ္ဌမနေ့တွင် နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် မိမိ၏တပည့်များကိုစေလွှတ်ကာ ဤသပိတ်ကိုငါတို့ဆရာကြီးကိုသာလှူပါ၊သပိတ်မျှနှင့်တော့ချာန်ပျံပြစရာ မလိုတော့ပါ ဟုပြောဆိုစေပြီး တောင်းစေသည်။

သူဌေးကြီးကလက်မခံ၊ထိုအခါ နာဋပုတ္တဆရာကြီးကတပည့်များနှင့်တစ်နည်းကြံစည်ပြန်သည်။

မိမိကစျာန်ပျံမည့်ဟန်ပြုမည်၊သင်တို့က ဒီသပိတ်ကလေးအတွက်နှင့်တော့ဆရာစျာန်မပျံပါနှင့်ဟု တားမြစ်ပြောဆိုပြီးငါ၏လက်ကိုဝိုင်းဝန်းဆွဲထားကြပါ ဟုပြောဆိုညှိနှိုင်းထားကြပြီးနောက် သပိတ်ရှိရာသို့သွားကြပြီး အထက်ပါညှိနှိုင်းထားသည့်အတိုင်း ပြောဆိုပြုလုပ်ကြသည်။

ထို့နောက် နာဋပုတ္တက ငါကစျာန်ပျံမည်ပြုလုပ်သည်၊တပည့်များက တားမြစ်၍ စျာန်ပျံမပြရပါ၊သို့အတွက် ဤ



ရာဇဂြိုဟ်သူဌေး စန္ဒကူးသပိတ်လှူခန်း

www.dhammaransi.com

www.dhammaransi.com



သပိတ်ကိုငါ့ကိုသာလှူပါ ဟု သူဌေးကိုပြောသည်။

သူဌေးကလုံးဝလက်မခံ၊ ဈာန်ပျံ၍ယူနိုင်ကယူပါဟူ၍သာ ခတ်ပြတ်ပြတ်ပြောသည်။

နာဋပုတ္တနှင့်တပည့်များသည် လက်လျှော့ပြန်သွားကြလေသည်။

ထိုအချိန်တွင် ရှင်မောဂ္ဂလာန်နှင့်ရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်တို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာကြသည်။

မြို့ထဲ၌ အရက်သမားတို့က လောက၌ သူရဟန္တာ-ငါရဟန္တာဟု ပြောနေကြသည်၊ယခု သူဌေးက ဈာန်ပျံပြီး စန္ဒကူးသပိတ်ကိုယူပါ ဟု ကြေငြာသောအခါ မည်သူမျှဈာန်မပျံနိုင်ကြပါ၊လောကမှာ ရဟန္တာရှိတယ်ဆိုတာ အလကားကြွားဝါနေကြတာဘဲဖြစ်သည် ဟု အထင်သေးအမြင်သေးဖြင့် ပြောဆိုလာကြသည်။

ထိုစကားကို ရှင်မောဂ္ဂလာန်နှင့်ရှင်ပိဏ္ဍောလဘာရဒွါဇတို့ကြားသောအခါ-ရှင်မောဂ္ဂလာန်မထေရ်က ဤသေသောက်ကြူးတို့သည် ငါတို့ဘုရားရှင်၏သာသနာတော်ကိုပါစော်ကားရာရောက်နေပြီ သင်လဲတန်ခိုးရှင်ပဲ၊ သင်ကောင်းကင်သို့ပျံပြီး စန္ဒကူးသပိတ်ကိုသွားယူပါ-ဟု ရှင်ပိဏ္ဍောလဘာရဒွါဇကို စေခိုင်းသည်။

www.dhammaransi.com



ရှင်ပိဏ္ဍောလဘာရဒွါဇသည် ရှင်မောဂ္ဂလာန်ထံမှ ခွင့်ပြုချက်ရသောအခါ စတုတ္ထဈာန်ဝင်စားပြီးနောက် သုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီးကိုခြေဖြင့်ကုပ်၍ ရာဇဂြိုဟ်မြို့အထက်၌ ခုနစ်ကြိမ်၊ခုနစ်ပတ်လည်စေသည်၊ထိုကျောက်ဖျာသည် သုံးဂါဝုတ်ပမာဏရှိ၍ ရာဇဂြိုဟ်မြို့တစ်မြို့လုံးကို ဖုံးအုပ်သကဲ့သို့ရှိလေသည်။

မြို့နေလူအပေါင်းသည် ကျောက်ဖျာကြီးငါတို့အပေါ် လွှမ်းလေပြီ ဟု ကြောက်ရွံ့ထိတ်လန့်ကြကာ ဇန်းစကောစသည်ကိုဆောင်းကာ ဦးတည်ရာအရပ်ပြေးပြီး ပုန်းအောင်းနေကြလေသည်။

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ကျောက်ဖျာကိုခွဲ၍ ကိုယ်ထင်ပြလေသည်၊ထိုအခါ လူအပေါင်းသည် အထက်သို့မော့ကြည့်ကြပြီး မထေရ်အားကျောက်ဖျာကြီးကို မြဲမြဲကိုင်ထားရန် လျှောက်ထားကြသည်။

မထေရ်သည် လူအများကြည့်နေစဉ်မှာပင် ကျောက်ဖျာကြီးကိုခြေဖြင့် တွန်းကန်ပစ်လိုက်သည်၊ကျောက်ဖျာသည် မူလနေရာသို့ ရောက်သွားသည်။

မထေရ်သည် သူဌေး၏အိမ်အထက်ကောင်းကင်၌ ရပ်လျက်နေသည်၊ထိုအခါ ရာဇဂြိုဟ်သူဌေးသည်မထေရ်ကို မြင်၍ မြေ၌ဝပ်၍ရှိခိုးပြီးလျှင် အောက်သို့သက်ဆင်းရန်

www.dhammaransi.com



လျှောက်ထားလေသည်။

မထေရ်သည် ကောင်းကင်မှသက်ဆင်းပြီးသူဌေး၏ အိမ်တွင် သီတင်းသုံးနေသည်၊သူဌေးသည် သပိတ်ကိုချပြီး စတုမဓုအပြည့်ထည့်ပြီးလျှင် မထေရ်ကို ဆက်ကပ်လေသည်။

*********

www.dhammaransi.com



# သာကေတသူဌေးလင်မယားဘုရားရှင်အားဆွမ်းကပ်ပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ သာကေတပြည်သို့ဒေသစာရီလှည့်လည်ကြွရာ ညနေချမ်းအချိန်ရောက်ပြီး အဥ္စနမည်သောတောအုပ်တစ်ခု၌ ရဟန်းအပေါင်းခြံရံလျက်သီတင်းသုံးနေသည်။

နောက်နေ့မိုးသောက်သော် ဘုရားရှင်သည် သာကေတမြို့သူမြို့သားတို့၏ ပူဇော်မှုကိုခံယူပြီး ဆွမ်းခံချိန်ရောက်သောအခါ သာကေတမြို့ထဲသို့ ဆွမ်းခံဝင်ကြွသည်။

သာကေတမြို့တွင် ဥစ္စာပစ္စည်းကြွယ်ဝသော ပုဏ္ဏားလင်မယားရှိသည်၊သူတို့သည် ဘဝငါးရာက ဘုရားရှင်၏မိဘတော်ခဲ့ကြဘူးသူများ ဖြစ်ကြသည်။

ဘုရားရှင်ကလည်း သာကေတမြို့ထဲသို့ ဆွမ်းခံအကြွသူဌေးကြီးကလည်း အိမ်ကအထွက်မြို့တံခါးအဝတွင် ပက်ပင်းတွေ့ဆုံမိကြသည်၊သူဌေးကြီးသည် သားဟူသောချစ်ခြင်းပြင်းစွာဖြစ်ပြီးလျှင်-

“ချစ်သား-ငါသည် ချစ်သားကိုမမြင်ရသည်မှာ ကြာလှပါပြီဟု ငိုကြွေးလျက်ဘုရားထံသို့ပြေးလာပြီး ဖက်ရမ်းပွေ့ဖက်သည်၊နှုတ်မှလည်း ချစ်သား-ချစ်သား ကိုမတွေ့ရသည်မှာ

www.dhammaransi.com

၁၃၆(ဃ)



သာကေတသူဌေးလင်မယား ဘုရားဆွမ်းကပ်ပုံ

www.dhammaransi.com



ကြာလှပြီ ဟုတတွတ်တွတ်ရွတ်ဆိုပြောကာ ငိုကြွေးသည်။

ထို့နောက် ပုဏ္ဏားကြီးက ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်များကို မိမိကဆွမ်းကပ်ပါရစေ ဟု တောင်းပန်လျှောက်ထားသည်၊ဘုရားရှင် ဆိတ်ဆိတ်နေပြီး ခွင့်ပြုသောအခါ ပုဏ္ဏားကြီးသည် ဘုရားထံမှသပိတ်ကိုယူကာရှေ့မှ ဦးဆောင်သွားသည်၊ အိမ်သို့လည်း လူလွှတ်ကာတို့သားကြီးပြန်လာပြီ နေရာထိုင်ခင်း ခင်းထားပါ ဟု ပုဏ္ဏေးမကြီးကိုပြောကြားစေလေသည်။

ပုဏ္ဏေးမကြီးကလည်း မှာထားသည့်အတိုင်းပြုလုပ်ပြီးလျှင် ဘုရားရှင်ကြွလာမည့်လမ်းကို မျှော်ကြည့်နေသည်။

ဘုရားရှင်ကြွလာသည်ကို မြင်လျှင်မြင်ချင်းပင် သားဟူသောချစ်ခြင်းပြင်းစွာဖြစ်လျက်-

"ချစ်သား-ငါသည် ချစ်သားကိုမမြင်ရသည်မှာ ကြာလှလေပြီ"ဟုပြောဆိုကာ ဘုရားရှင်ထံသို့ပြေးသွားကာဘုရားရှင်၏ခြေရင်း၌ဝပ်စင်းလျက် ဘုရားရှင်၏ခြေနှစ်ဘက်ကိုဆုပ်ကိုင်ကာငိုကြွေးသည်၊ပြီးလျှင် မိမိအိမ်သို့ပင့်ဆောင်ပြီးရှိသေစွာဆွမ်းကို ဆက်ကပ်ပြုစုလုပ်ကျွေးလေသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ပုဏ္ဏားကြီးဇနီးမောင်နှံတို့နှင့်သင့်လျော်သောတရားကို ဟောတော်မူရာ ပုဏ္ဏားကြီးဇနီးမောင်နှံတို့မှာ သောတာပန်အရိယာဖြစ်

www.dhammaransi.com



သွားကြလေသည်။

ထိုအချိန်မှစ၍ လူအများကလည်း ပုဏ္ဏားကြီးလင်မယားကို ဘုရားရှင်၏မယ်တော်-ခမည်းတော်ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ထိုအကြောင်းကို ရှင်အာနန္ဒာက ဘုရားရှင်အားလျှောက်ထားမေးကြည့်သောအခါ ဘုရားရှင်က ဤပုဏ္ဏားလင်မယားသည်ဘဝငါးရာဆက်ကာ ငါဘုရား၏မယ်တော်ခမည်းတော်ဖြစ်ခဲ့သည်၊ဘဝငါးရာက မိကြီးဖကြီးဖြစ်ခဲ့ပြီးဘဝငါးရာကား မိထွေးဘထွေး ဖြစ်ခဲ့ကြသည်ဟု မိန့်ကြားပြီး-

"ရှေးရှေးဘဝကာလများစွာက အတူတကွ မေတ္တာသက်ဝင်နေခဲ့ဖူးသောကြောင့်လည်းကောင်း၊ပစ္စုပ္ပန်ဘဝဝယ်အကျိုးရအောင် ဆောင်ရွက်သည်ပိုးခဲ့သောကြောင့်လည်းကောင်း၊ဤအကြောင်းနှစ်ရပ်ကြောင့် တဏှာပေမ မေတ္တာပေမ ချစ်ခြင်းနှစ်ပါးသည် ဖြစ်ပေါ်ရပေ၏ "

ဟုဟောတော်မူလေသည်။

*********

www.dhammaransi.com



# တဖုဿနှင့်ဘလ္လိကညီနောင်တို့အားဆံတော်ပေးခန်း

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟစံပြီး အရဟတ္တဖိုလ်ချမ်းသာကိုခံစားခဲ့ရာ နောက်ဆုံး သတ္တာဟလင်းလွန်းပင်ရင်း၌ (၇)ရက် အရဟတ္တဖိုလ်ခံစားနေသည်။

ထိုအချိန်တွင် ဥက္ကလာပတိုင်းမှ တဖုဿ-ဘလ္လိကအမည်ရှိသော ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသသို့ လှည်းငါးရာတို့ဖြင့် ကုန်ရောင်းထွက်ခဲ့ကြရာ ဘုရားရှင်သီတင်းသုံးရာ လင်းလွန်းပင်အနီးမှဖြတ်၍ ခရီးသွားနေကြသည်။

ထိုလင်းလွန်းပင်အနီးအရောက်တွင် လှည်းတို့သည် အလိုလိုရပ်တန့်သွားကြ၍ အကြောင်းအကျိုးစုံစမ်းကြသည်၊ ထိုအခါ ကုန်သည်ညီနောင်နှင့်ရှေးဘဝဆွေမျိုးတော်စပ်ခဲ့သောနတ်သားသည် သစ်ပင်ခွထက်၌ ကိုယ်ထင်ပြပြီး-

"အမောင်တို့-မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်၍ မကြာသေးမီ(၄၉)ရက်ကာလပတ်လုံး ဆွမ်းအာဟာရဘုဉ်းပေးတော်မမူဘဲ အရဟတ္တဖိုလ်ချမ်းသာကိုသာ ခံစားလျက်ယခုအခါ လင်းလွန်းပင်ရင်း၌ သီတင်းသုံးလျက်နေဆဲဖြစ်သည်၊အမောင်တို့သည် ဘုရားရှင်ကို ဆွမ်းအာဟာရဖြင့် မြတ်နိုးကော်ရော်ပူဇော်ကြကုန်လော့၊ထိုသို့ ပူဇော်သဖြင့် အမောင်

www.dhammaransi.com



တို့အဖို့ နှစ်ရှည်များစွာ စီးပွားချမ်းသာဖြစ်လတ့်”
ဟု ပြောဆိုလေသည်။

ထိုစကားကိုကြား၍ ကုန်သည်ညီနောင်တို့သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဆွမ်းချက်နေလျှင် အချိန်ကြာလိမ့်မည်ဟု ဆင်ခြင်ပြီးလျှင် မုံ့ကြွပ်ကျစ်နှင့်ပျားဆုပ်မုန့်တို့ကိုယူဆောင်ပြီးလျှင် ဘုရားရှင်ထံသို့သွားရောက်ကြကာ ဘုရားရှင်ကိုလျှောက်ထားပြီး မုန့်များကိုဆက်ကပ်ကြလေသည်။

မြတ်စွာဘုရားသည် မူလကသပိတ်တော်မရှိတော့၍ မည်သည့်သပိတ်ဖြင့် အလှူခံရမည်နည်းဟု ဆင်ခြင်သော် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် အသီးသီးကျောက်သပိတ်လေးလုံးကို လာလှူကြသည်။

ဘုရားရှင်သည် ထိုသပိတ်လေးလုံးကိုတစ်လုံးတည်းဖြစ်အောင်ပြုလုပ်ပြီးလျှင် တဖုဿ-ဘလ္လိက ညီနောင်တို့လှူသော မုံ့ကြွပ်ကိုအလှူခံပြီး ဘုဉ်းပေးတော်မူသည်။

ထို့နောက် ကုန်သည်ညီနောင်တို့အား သင့်လျော်သောဆွမ်းအနုမောဒနာတရားကိုဟောတော်မူရာ ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဟူသောဒွေဝါစိက သရဏဂုံဆောက်တည်သော ဥပါသကာများ ဖြစ်လာကြလေသည်။

www.dhammaransi.com





တဖုဿနှင့်ဘလ္လိက ညီနောင်တို့အား ဆံတော်ပေးခန်း

www.dhammaransi.com



ထို့နောက် ကုန်သည်ညီနောင်တို့က အမြဲမပြတ်ကိုး ကွယ်ပူဇော်ရန် ပူဇော်ဖွယ်ဝတ္ထုတစ်စုံတစ်ခုကိုချီးမြှင့်ရန် လျှောက်ထားရာ ဘုရားရှင်က လက်ျာလက်တော်ဖြင့်မိမိ၏ ဦးခေါင်းတော်ကိုသုံးသပ်ပြီးလျှင် ဆံတော်(၈)ဆူကို ကိုးကွယ် ရန် ပေးသနားလိုက်လေသည်။

ကုန်သည်ညီနောင်တို့သည်ကိုးကွယ်ရန် ဆံတော်ရ ကြသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ မိမိတို့နေရာ ဥက္ကလာဇနပုဒ်ပေါက္ခရဝတီမြို့သို့ရောက်သော် ဆံတော်တို့ကို ရွှေကြုတ်အတွင်းထည့်ကာ စေတီတော်တည်ထားကြလေ သည်။

(ယခု ရွှေတိဂုံစေတီသည် ထိုဆံတော်များ ဌာပနာ ထားသောစေတီတော်ပင် ဖြစ်ပါသည်)

*********

www.dhammaransi.com



# မဟာဒုဂ်အားသပိတ်ပေးတော်မူခန်း

ဗာရဏသီပြည်တွင် အလွန်ဆင်းရဲသောကြောင့် ကြီးစွာသောဆင်းရဲရှိသူ မဟာဒုဂ်ဟူ၍ အမည်ရသော လင်မယားနှစ်ယောက်ရှိသည်။

ထိုအချိန်တွင် ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင်သည် ပွင့်တော်မူချိန်ဖြစ်သည်၊ဘုရားရှင်က "အချို့သည် မိမိကိုယ်တိုင် သာလှူသည်၊သူတစ်ပါးကိုလှူရန် မနှိုးဆော်မတိုက်တွန်း၊ သို့အတွက် ဖြစ်လေရာဘဝတွင် ဥစ္စာသာပေါသည်၊ အခြွေအရံမရှိ"ဟူ၍ ဟောပြောသည်။

ထိုတရားကိုနာရသော ပညာရှိအမျိုးသားတစ်ဦးသည် ဘုရားရှင်နှင့်တကွသံဃာတော်များကိုဆွမ်းအတွက် ပင့်ဖိတ်ပြီး မြို့ထဲသို့ပြန်လာကာ တစ်အိမ်တက်ဆင်းဝင်ပြီး "မိခင်-ဖခင်တို့ ကျွန်ုပ်သည် ဘုရားအမှူးရှိသောသံဃာတော်များကို နက်ဖြန်ဆွမ်းအလို့ငှာ ပင့်ဖိတ်ခဲ့ပါသည်၊မိခင်-ဖခင်တို့က တတ်နိုင်သလောက် သံဃာစာရင်းယူပြီးဆွမ်းလုပ်ကျွေးပေးကြပါ" ဟုဖိတ်ကြားသည်။

ထိုအမျိုးသားသည် အိမ်စဉ်အလိုက်သံဃာစာရင်းကို ကမ္ပည်းတွင်မှတ်ပြီးဆက်လက်လာခဲ့ရာ ဆင်းရဲသော မဟာဒုဂ်တို့ လင်မယားအိမ်ရောက်လာသည်။




မဟာဒုက်အားသပိတ်ပေးတော်မူခန်း

www.dhammaransi.com

www.dhammaransi.com



ပညာရှိအမျိုးသားက သံဃာဆွမ်းကပ်ရန်တစ်ပါးယူဖို့ပြောကြားရာ မဟာဒုဂ်က မိမိတို့မှာ သံဃာဆွမ်းကပ်ဖို့နေနေသာသာ ယာဂုကိုပင်အနိုင်နိုင် နေ့ဖို့ညစာရှာစားနေရသူများဖြစ်၍ ဆွမ်းမကျွေးနိုင်ပါဟု ပြန်ပြောသည်။

ပညာရှိအမျိုးသားက သင်တို့နေ့ဖို့ညစာအနိုင်နိုင်ရှာ၍စားရသည်မှာ ရှေးရှေးဘဝက ဒါနမပြုလုပ်ခဲ့၍ ဖြစ်သည်ကိုသိပါသလော ဟုမေးရာမဟာဒုဂ်က သိပါသည် ဟုဖြေသည်။

အသင်သည် ထိုသို့သိလျက်ယခု အဘယ့်ကြောင့်ကောင်းမှုကိုမပြုပါသနည်း၊ပျိုမျစ်နုနယ်အားခွန်ဗလနှင့်ပြည့်စုံသောယခုအရွယ်တွင် အခစားပြုလုပ်ပြီး အလှူဒါနကိုပြုလုပ်အပ်သည် မဟုတ်ပါလော ဟုတိုက်တွန်းပြောသည်။

မဟာဒုဂ်ဘည် ထိုစကားကိုကြားရသောအခါ ထိတ်လန့်မှုဖြစ်ပြီး သံဃာတစ်ပါးကိုမရမနေလှူမည်ဟု ဆုံးဖြတ်ပြီး တစ်ပါးကိုကတိပေးလိုက်သည်။

စာရင်းရေးမှတ်သောပညာရှိသည် မဟာဒုဂ်မှာသံဃာကိုဆွမ်းကပ်နိုင်သောအခြေအနေရှိမည်မဟုတ်ဟုဆုံးဖြတ်ကာ စာရင်းမတင်ဘဲထားလိုက်သည်။

မဟာဒုဂ်သည် မိမိမယားအား "နက်ဖြန်မြို့သူမြို့သားတို့သည် သံဃာတော်များကို မိမိတို့တတ်နိုင်သရွေ့ ဆွမ်း

www.dhammaransi.com



ကပ်ကြမည်၊ငါ့ကိုလည်း ပညာရှိပုဂ္ဂိုလ်ကတစ်ပါးကပ်ရန် တိုက်တွန်း၍ ငါလက်ခံခဲ့သည်” ဟုပြောသည်။

မယားသည် မငြင်းဆန်ဘဲ ငါတို့သည် ရှေးဘဝက ဒါနနည်း၍ ယခုဘဝဆင်းရဲရသည်၊အခစားပြုလုပ်ပြီး သံဃာ တစ်ပါးကို ဆွမ်းကပ်မည်ဟုဝမ်းမြောက်ဝမ်းသာ ဝန်ခံကတိပြု သည်။

လင်မယားနှစ်ယောက်သည် ဤသို့ဆန္ဒပြုပြီး အလုပ် ရှာထွက်ကြသည်။

သူဌေးကြီးတစ်ယောက်သည် မဟာဒုဂ်ကိုမြင်၍ ခေါ်ကာနက်ဖြန်ငါတို့အိမ် သံဃာနှစ်ရာသုံးရာဆွမ်းကပ်မည်၊ ထိုအတွက် ထင်းများခွဲပေးရန်ပြောသည်။

မဟာဒုဂ်သည် သဘောတူပြီးသူဌေးပေးသော ပဲခွပ် ပုဆိန်ကိုယူကာ ထင်းတို့ကိုအားသွန်ခွန်စိုက် လုံ့လပိုက်၍ ခွဲခြမ်းစိတ်ဖြာလေသည်။

သူဌေးကြီးသည် မဟာဒုဂ်၏ စိတ်ရောကိုယ်ပါ အလုပ်လုပ်သည်ကိုမြင်၍အဘယ်အကြောင်းကြောင့် ဤကဲ့ သို့အားသွန်ခွန်စိုက် အလုပ်လုပ်ရပါသလဲ ဟု မေးရာ မဟာ ဒုဂ်က ကျွန်ုပ်လည်း နက်ဖြန်သံဃာတစ်ပါးကိုဆွမ်းကပ်ရန် ရှိပါသည်၊ထိုအတွက် အလုပ်ကိုကြိုးစားလုပ်ခြင်းဖြစ်ပါသည် ဟု ပြောပြသည်။

www.dhammaransi.com



ထိုအခါ သူဌေးကြီးသည် ဤမဟာဒုဂ်ကား အံ့ဖွယ်ရှိပေစွတကား၊အခစားပြုလုပ်ပြီး သံဃာတစ်ပါးကိုဆွမ်းကပ်ရန်ကြိုးစားနေသည်မှာ ချီးမွမ်းသာဓုခေါ်ဖွယ်ရှိပေ၏ ဟုစဉ်းစားမိပြီး မဟာဒုဂ်ကိုထင်းခွဲခအဖြစ် သလေးဆန်လေးကွမ်းစားပေးပြီးသည့်အပြင် မဟာဒုဂ်ကိုသဘောကျ၍ နောက်ထပ်သလေးဆန်လေးကွမ်းစာကို ထပ်မံပေးလိုက်လေသည်။

သူဌေးကတော်ကလည်း မဟာဒုဂ်မယားသူဆင်းရဲမကိုခေါ်၍ အလုပ်,လုပ်မလားဟု မေးရာလုပ်မည်ဆိုသဖြင့် ကျည်ပွေ့ဆန်၊စကောတို့ကိုပေးပြီး ကောက်တို့ကိုဖွပ်စေသည်၊ သူဆင်းရဲမသည် အလွန်ရွှင်လန်းသောစိတ်ဖြင့် အမှုတို့ကိုဆောင်ရွက်သည်။

သူဌေးကတော်က အကျိုးအကြောင်းမေးရာ သံဃာတစ်ပါးကိုဆွမ်းကပ်မည်ကိုသိသောအခါ သူဌေးကတော်ကလည်း အံ့ဩချီးမွမ်းပြီး ထောပတ်အိုးငယ်၊နို့ဓမ်းအိုးငယ်၊ငြုပ်ဂျင်းနှင့်ဆန်တစ်ကွမ်းစားကိုပေးလေသည်။

လင်မယားနှစ်ယောက်အိမ်ပြန်ရောက်၍ ဆုံမိကြသောအခါ ရလာသောပစ္စည်းတို့အပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်၊ နောက်နေ့နံနက်စောစောထပြီး မယားကမဟာဒုဂ်ကို ဟင်းသီးဟင်းရွက်ကောင်းနိုးရာရာ ရှာဖွေရန်

www.dhammaransi.com



တစ်နေကုန် သူတစ်ပါးထံအခစားလုပ်ပြီး ဆွမ်းကျွေးနိုင်ရန် စီမံခဲ့ပါသည်၊ ကျွန်ုပ်အား သနားသဖြင့် သံဃာတစ်ပါးမဖြစ်ဖြစ်အောင် စီမံပေးပါလော့"
ဟု အကြိမ်ကြိမ်ပြောဆိုလျက် လက်ကိုမြှောက်ကာ မြှောက်ကာငိုကြွေးလေသည်။

လူအပေါင်းသည် စုဝေးရောက်လာပြီး မဟာဒုဂ်ကို မေးကြသည်၊မဟာဒုဂ်ကလည်း ဖြစ်ကြောင်းကုန်စင်ငိုကြွေး၍ ပြောပြသည်၊ထိုအခါ လူအပေါင်းသည် စာရင်းကိုင်ပညာရှိကိုမေးကြသည်၊စာရင်းကိုင်ကလည်း မှန်ကန်ကြောင်း ဝန်ခံပြောဆိုသည့်အခါ လူအပေါင်းက စာရင်းကိုင်ပညာရှိကိုဝန်လေးသောအမှုကိုပြုလေဘိသည် ဟုဆိုကာ ဝိုင်းဝန်းအပြစ်တင်ကြသည်။

ထိုအခါ စာရင်းကိုင်ပညာရှိသည်လည်း ထိတ်လန့်သံဝေဂဖြစ်ပြီးလျှင် မဟာဒုဂ်ကို "ဘုရားတို့မည်သည် ဆင်းရဲသူများကို သနားကြင်နာတတ်စမြဲဖြစ်သည်၊ဘုရားကျောင်းတွင် ဘုရင်၊အမတ်၊စစ်သူကြီး၊သူဌေးတို့သည် ဘုရားရှင်၏သပိတ်ကိုရရန်စောင့်နေကြသည်၊သင်သည်လည်း ဘုရားကျောင်းသို့သွား၍ဘုရားရှင်ကိုလျှောက်ထားပါလေ၊ဘုရားရှင်ကိုရကောင်းရပါလိမ့်မည်"
ဟု အကြံပေးသည်။

www.dhammaransi.com



မဟာဒုဂ်သည် ထိုပညာရှိအကြံပေးသည့်အတိုင်း ဘုရားရှိရာဂန္ဓကုဋိတိုက်သို့သွားသည်၊ထိုဂန္ဓကုဋိတိုက်ရှိ မင်းမျိုးမတ်၊သူဌေးသူကြွယ် စသည်တို့က မဟာဒုဂ်ကို ထမင်းကျန်ဟင်းကျန်လာတောင်းစားသော သူတောင်းစားထင်၍ ယခုအချိန်သည် ဆွမ်းစားချိန်မဟုတ်သေး ဟုပြောဆိုကြသည်။

မဟာဒုဂ်က ဆွမ်းကျန်ဟင်းကျန်လာတောင်းသည် မဟုတ်ပါ၊ဘုရားရှင်ကို လာရောက်ဖူးမြော်ပါသည် ဟုပြောဆိုပြီး ဂန္ဓကုဋိတိုက်လှေကားခုံ၌ ဦးခေါင်းကိုထားပြီးသော် ထိခြင်းငါးပါးဖြင့်ရှိခိုးပြီး-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤဗာရဏသီပြည်၌ တပည့်တော်လောက်ယုတ်နိမ့်ပြီး ဆင်းရဲသောသူ မရှိပါ၊အရှင်ဘုရားသည် တပည့်တော်၏ကိုးကွယ်အားထားရာဖြစ်ပါလော၊တပည့်တော်ကို သနားသဖြင့် ချီးမြှောက်ပေးတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တံခါးကိုဖွင့်၍ ကြွလာသည်၊မင်း၊မျိုးမတ်၊စစ်သူကြီး၊သူဌေးသူကြွယ်တို့သည် ဘုရားရှင်၏သပိတ်ကို သူရနိုး ငါရနိုးဖြင့် မျှော်ကိုးပြီး စောင့်နေကြသည်။

www.dhammaransi.com



ဘုရားရှင်သည် သပိတ်တော်ကို မဟာဒုဂ်ကိုသာ ပေးလေသည်၊ မင်း၊မျှုးမတ်၊သူဌေးသူကြွယ်တို့သည် တအံ့တသြဖြစ်ကြသည်။ထို့နောက် မဟာဒုဂ်ထံသို့ချဉ်းကပ်ကာ ဘုရားရှင်၏သပိတ်ကို အသပြာများစွာဖြင့် ဝယ်ယူကြသည်။

မဟာဒုဂ်သည် သပိတ်ရသောအချိန်မှစ၍ စကြာဝတေးမင်းဖြစ်ရသည်ထက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာသပိတ်ကို မည်မျှတန်ဖိုးပေးပေး မရောင်းဘဲရှိလေသည်။

မင်းကြီးသည် -ဘုရားရှင်သည် သပိတ်တော်ကို ဆင်းရဲသား မဟာဒုဂ်ကိုပေးသနားသည်၊ဘုရားရှင်ကပေးသည်ဖြစ်၍ ငါကအာဏာဖြင့်ယူရန်လည်းမသင့်၊ မဟာဒုဂ်သည်ဘုရားရှင်အတွက် မည်သို့သောအစားအစာများ ချက်ထားသနည်း၊အကယ်၍မဟာဒုဂ်ဟင်းမကောင်းပါ ငါသည် ဘုရားရှင်ကို နန်းတော်သို့ပင့်၍ဆွမ်းကပ်မည် ဟူသောအကြံဖြင့် ဘုရားရှင်နောက်ကလိုက်ကြသည်။

မဟာဒုဂ်သည် ဘုရားရှင်၏သပိတ်ကို ရှေ့မှထမ်းလျက်ဘုရားရှင်ကိုပင့်ကာ မိမိအိမ်သို့သွားသည်၊မဟာဒုဂ်၏အိမ်သည် အလွန်ပင်နိမ့်ပြီးနုံချာလှသော်လည်း ဘုရားရှင်၏တန်ခိုးတော်ကြောင့် ဘုရားရှင်သည် ဦးခေါင်းမငုံ့ရဘဲ ဝင်ထိုင်သီတင်းသုံးရသည်။

မြတ်စွာဘုရားရှင်ထိုင်သီတင်းသုံးသော် မင်းကြီးက-

www.dhammaransi.com



"အချင်းမဟာဒုဂ်ဂ ငါတို့တောင်းသော်လည်း ဘုရားရှင်၏ သပိတ်ကိုမပေး၊ သင်၏ဆွမ်းကိုကြည့်ပါအုံ့"

ဟုပြောသောအခါ မဟာဒုဂ်ဂက ဆွမ်း၊ ဆွမ်းဟင်းများကိုဖွင့်ပြသည်။

မဟာဒုဂ်ဂ၏ ဆွမ်း၊ဆွမ်းဟင်းများအနံ့သည် တစ်မြို့လုံးမွှေးကြိုင်သွားတော့သည်၊ထိုအခါ မင်းကြီးသည် ဘုရားရှင်ကိုအကျိုးအကြောင်းလျှောက်ထားပြီး နန်းတော်သို့ပြန်လာသည်။

မဟာဒုဂ်ဂသည် သိကြားမင်းလုလင်၏အကူအညီဖြင့် ဘုရားရှင်ကိုဆွမ်းဆက်ကပ်သည်၊ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာပြုပြီး ပြန်ကြွတော်မူလေသည်၊ သိကြားမင်းလုလင်က အမှတ်သညာပေးသဖြင့် မဟာဒုဂ်ဂသည် ဘုရားရှင်၏သပိတ်ကိုယူကာ ဘုရားရှင်ကို အစဉ်လိုက်ပို့သည်။

သိကြားမင်းသည် အိမ်အပြင်တွင်ရပ်လျက် ကောင်းကင်သို့မော်ကြည့်လိုက်ရာ ထိုခဏမှာပင် ကောင်းကင်ထက်မှ ရတနာခုနစ်ပါးမိုးကြီးသည် သွန်းဖြိုးရွာချလေရာ မဟာဒုဂ်ဂ၏အိမ်ကလေးသည် ရတနာခုနှစ်ပါးဖြင့် အပြည့်ဖြစ်သွားလေတော့သည်။

"ငါလှူဒါန်းရသော ဒါနသည် ယနေ့ပင် အကျိုးပေး

www.dhammaransi.com



လေပြီတကား"

ဟု မဟာဒုဂ်သည် ဝမ်းမြောက်ဝမ်းသာနှုတ်မှမြွက်ဟပြီး မယားကိုလက်ဆွဲကာ အပြင်ထွက်ရပ်ပြီးလျှင် သိကြားလုလင်ကိုရှိခိုး၍နေလေသည်။

ထိုအကြောင်းကိုမင်းကြီးအား လျှောက်ထားစေရာ မင်းကြီးကလှည်းတစ်ထောင်ဖြင့် မဟာဒုဂ်၏ရတနာများကို နန်းတော်ရင်ပြင်တွင် စုပုံစေပြီးလျှင် မြို့သူမြို့သားအပေါင်းကိုစည်းဝေးစေကာ မဟာဒုဂ်ကို သူဌေးဘွဲ့ချီးမြှင့်ပေးသည်၊ အိမ်နေရာကိုလည်း ပေးသနားသည်၊ထိုအိမ်နေရာကို အိမ်ဆောက်ရန်တူးသောအခါ၌လည်း ရွှေအိုးများထပ်မံရရှိပြန်လေသည်။

မဟာဒုဂ်သည် အိမ်ပြီးသောအခါ ခုနှစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်များကိုကြီးစွာသောအလှူကိုပေးတော်မူသည်၊ ထို့နောက် အသက်ထက်ဆုံးအလှူပေးပြီးနောက် သေသောအခါ နတ်ပြည်သို့ရောက်ရသည်။

(ယခု ဂေါတမဘုရားရှင်လက်ထက်ဝယ် ခုနစ်နှစ်နှင့် ရဟန္တာဖြစ်ရသော ပဏ္ဍိတသာမဏေဖြစ်လာရလေသည်)

*********

www.dhammaransi.com



# သုမေဓာရှင်ရသေ့ဒီပင်္ကရာဘုရားထံဗျာဒိတ်ခံယူခြင်း

ဂေါတမဘုရားလောင်းသည် ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟူသော ပထမဆုံးဗျာဒိတ်ခံရမည့်ဘဝတွင် သုမေဓာဟူသောအမည်ဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝပြီး ထင်ရှားသော သူဌေးသားဖြစ်ခဲ့လေသည်။

သူ၏မိဘတို့သည် သူငယ်စဉ်ကပင်သေဆုံးကြလေသည်၊ ရွှေတိုက်၊ ငွေတိုက်စသော ကုဋေရှစ်ဆယ်သောဥစ္စာတို့ကျန်ရစ်ခဲ့လေသည်၊ သုမေဓာသူဌေးသားအသက်(၁၆)နှစ်ပြည့်၍ပညာစုံတတ်မြောက်ပြီးသောအခါ ဘဏ္ဍာစိုးကြီးကပစ္စည်းအားလုံးကိုစာရင်းနှင့်တကွ သူဌေးသားကိုပေးအပ်လေသည်။

သုမေဓာသူဌေးလေးက-

“ငါ၏ဘိုးဘွားမိဘတို့သည် ပစ္စည်းကိုရှာရုံသာရှာတတ်သည်၊ ယူမသွားတတ်ကြချေ၊ ငါသည် စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကိုငါ့နောက်ပါအောင်ယူဆောင်သွားမည်”

ဟုစဉ်းစားပြီးလျှင်ရတနာတိုက်ကိုဖွင့်၍ အလိုရှိသူယူရစ်ကြလော့”

ဟု ကြွေးကြော်၍ အလှူကြီးပေးပြီး ဟိမဝန္တာသို့ထွက်ကာ ရသေ့ရဟန်းပြုလုပ်သွားသည်။

ဘုရားလောင်း သုမေဓာရှင်ရသေ့သည် တရားအား

www.dhammaransi.com



ထုတ်၍စျာန်အဘိညာဉ်ရပြီးကောင်းကင်ခရီးဖြင့် ကြွသွားနိုင်သည်၊ထိုအချိန်တွင် ဒီပင်္ကရာဘုရားပွင့်တော်မူလာ၍ ဘုရားရှင်သည် ရမ္မာဝတီမြို့သို့ကြွတော်မူလာမည်ဖြစ်၍ မြို့သူမြို့သားတို့သည် လမ်းများကိုပြုပြင်နေကြသည်။

သုမေဓာရှင်ရသေ့သည် ချဉ်သီးဆားအလို့ငှာမြို့သို့ကောင်းကင်ခရီးဖြင့်ကြွစဉ် မြို့သူမြို့သားတို့လမ်းပြင်နေသည်ကိုမြင်၍ကောင်းကင်မှသက်ဆင်းပြီး အကျိုးအကြောင်းမေးကြည့်သည်၊ဒီပင်္ကရာဘုရားကြွလာမည်ကို သိရသောအခါမိမိအတွက်လည်း လမ်းပြင်ခွင့်ရရန်တောင်းသည်၊မြို့သူမြို့သားတို့က တန်ခိုးရှိသောရသေ့ဖြစ်၍သူ၏တန်ခိုးဖြင့် လမ်းပြင်နိုင်သည်ဟု ယူဆကြပြီးရွှံ့ဗွက်အလွန်ထူသောနေရာကိုပေးကြလေသည်။

သုမေဓာရှင်ရသေ့သည် မိမိတာဝန်ကျသောလမ်းနေရာကိုစျာန်တန်ခိုးဖြင့် မပြုပြင်ဘဲ ပေါက်တူး၊ခြင်းတောင်းငှားယူကာကိုယ်တိုင်လုပ်အားဖြင့်တူးဖို့ပြုပြင်သည်။

လမ်းမပြီးခင် ဘုရားကြွလာတော်မူ၍ရှင်ရသေ့သည်ကျန်ရှိသောအပိုင်းကို မိမိကိုယ်ကိုတံတားခင်းကာမှောက်စင်း၍နေလေသည်။

ထိုအချိန်တွင် သုမိတ္တာဗြဟ္မဏမည်ရှိသောအမျိုးသမီးငယ်သည် ဒီပင်္ကရာဘုရားကို ပူဇော်ရန်ကြာပန်း(၈)စည်းကို ယူ



သုမေဓာရှင်ရသေ့ဒီပင်္ကရာဘုရားထံ ဗျာဒိတ်ခံယူခြင်း

www.dhammaransi.com



လာခဲ့သည်၊ရှင်ရသေ့၏ထူးခြားသောကုသိုလ်ကို မြင်ရပြီးလျှင် ကြည်ညိုသောသဒ္ဓါတရားဖြစ်ပေါ်လာပြီး ကြာ(၅)စည်းကို ဘုရားရှင်အားလှူရန် ရှင်ရသေ့လက်သို့ကမ်းပေးလိုက်သည်။

မိမိကိုယ်တိုင်ကမူ(၃)စည်းလှူဒါန်းပြီးဖြစ်လေရာ ဘဝတိုင်း၌ ဤရသေ့၏အလုပ်အကျွေးဖြစ်ရပါလို၏ဟု ဆုတောင်းလေသည်။

ဘုရားရှင်သည် ထိုသူနှစ်ယောက်၏နောင်ရေးကို ဆင်ခြင်ကာ-

"ဤရသေ့သည် နောင်တွင် ဘဒ္ဒကမ္ဘာ၌ ဂေါတမ ဘုရားဖြစ်လိမ့်မည်၊ဤအမျိုးသမီးသည် ပါရမီဖြည့်ဘက်ဖြစ် လိမ့်မည်"

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

*********

www.dhammaransi.com



# ဂိလာနရဟန်းအားပြုစုလုပ်ကျွေးခန်း

တစ်နေ့သောအခါ ရဟန်းတစ်ပါးအား ဝမ်းသက်ရောဂါဖြစ်၍ ရဟန်းသည်ပြုစုလုပ်ကျွေးမည့်သူမရှိဘဲ ကျင်ကြီးကျင်ငယ်၌ လူးလိမ့်လျက်အိပ်နေရသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည်သည်ရှိသော်ထိုလူနာရဟန်းရှိရာသို့ ရောက်ရှိပြီး ရဟန်းရောဂါကိုမေးသည်၊ပြုစုလုပ်ကျွေးမည့်သူ ရှိ-မရှိ မေးသည်။

ရဟန်းကား ဝမ်းသက်ရောဂါဖြစ်ကြောင်းနှင့်ပြုစုလုပ်ကျွေးသူမရှိကြောင်းလျှောက်ထားသည်၊ရဟန်းတို့က အဘယ်ကြောင့် မလုပ်ကျွေးပါသလဲ ဟုဆက်လက်မေးရာ မိမိကလည်း သူတစ်ပါးကိုမလုပ်ကျွေးခဲ့၍မရှိကြောင်းလျှောက်သည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို ရေသွားယူခိုင်းပြီး မိမိကိုယ်တိုင်ရေလောင်းပေးသည်၊ရှင်အာနန္ဒာက ဆေးကြောပေးလေသည်။

ထို့နောက် ထိုရဟန်းကိုဘုရားရှင်ကိုယ်တော်တိုင် ဦးခေါင်းမှချီမပြီး ရှင်အာနန္ဒာက ခြေတော်မှချီမ၍ ညောင်စောင်း၌ အိပ်စေသည်။



ဂိလာနရဟန်းအား ပြုစုလုပ်ကျွေးခန်း

www.dhammaransi.com



ထို့နောက်ဘုရားရှင်သည်ရဟန်းအပေါင်းကို အစည်းအဝေးခေါ်ပြီး ထိုရဟန်းကိစ္စကို စိစစ်မေးမြန်းကြည့်သည်၊ ရဟန်းအပေါင်းကလည်း ဤရဟန်းသည်အခြားရဟန်းများကိုပြုစုလုပ်ကျွေးခြင်း မရှိပါ၊သို့အတွက်သူ့အားလည်း ပြုစုမှုမပြုကြပါ ဟု လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က ရဟန်းများကို-

"ရဟန်းတို့ သင်တို့အား လုပ်ကျွေးမည့်မိဘလည်းမရှိကုန်၊အချင်းချင်းမလုပ်ကျွေးခဲ့လျှင်အဘယ်သူသည် လုပ်ကျွေးအံ့နည်း၊ရဟန်းတို့ ငါဘုရားကိုလုပ်ကျွေးလိုသောရဟန်းသည် နာဖျားသောရဟန်းကို လုပ်ကျွေးရာ၏"

ဟူ၍ ဩဝါဒစကား မိန့်ကြားတော်မူလေသည်။

*********

www.dhammaransi.com



# ဆင်ဝီးမြင်းရုံအတုလမာရ်ဘုရား

သုခေါဗုဒ္ဓါနမုပ္ပါဒေါ
သုခါသဒ္ဓမ္မဒေသနာ
သုခါသံဃဿသာမဂ္ဂီ
သမဂ္ဂါနံတပေါသုခေါ

-ဘုရားရှင်ပွင့်လာခြင်းသည် ချမ်းသာကိုဖြစ်စေသည်၊
-တရားတော်များသည် ချမ်းသာကိုဖြစ်စေ၏။
-သံဃာတော်များညီညွတ်ခြင်းသည် ချမ်းသာသည်၊
-ညီညွတ်သောအကျင့်သည် ချမ်းသာမှုကိုဖြစ်စေ၏၊

ဘုရားရှင်၏တရားတော်အရ ညီညွတ်ခြင်းသည်ချမ်းသာခြင်းဖြစ်စေသည်၊ဤလောကတွင် သတ္တဝါတိုင်းတစည်းတလုံးတည်းရှိပြီး ချမ်းသာညီညွတ်ကြလျှင် ဤလောကကြီးငြိမ်းချမ်းသာယာမည်။

ဤလောကကြီး၌ လောကသဘာဝအရာဝတ္ထုတိုင်းတွင် ဓာတ်(၈)မျိုးသည်မပြိုမကွဲတစ်စုတည်းတည်ရှိသည်၊ထိုဓာတ်(၈)မျိုးကိုအဝိနိဗ္ဘောဂရုပ်(၈)မျိုးဟု ထေရဝါဒဗုဒ္ဓဘာသာ၏ ရုပ်သဘာဝတိုင်းတွင် ဖော်ပြထားပါသည်၊ ထိုအရာဝတ္ထု (၈)မျိုးကို သိပ္ပံပညာရှင်တို့ကလည်းမပြိုကွဲတည်ရှိသော အစွမ်းသတ္တိ(၁၆)မျိုးဟုလက်ခံထားကြပါသည်။



ဆင်စီး၊ မြင်းရံအတုလမာရ်ဘုရား



www.dhammaransi.com

www.dhammaransi.com



| သိပ္ပံလက်ခံသောသဘာဝ | ဗုဒ္ဓအဘိဓမ္မာရုပ်သဘာဝ |
|---|---|
| ၁။ မာကြောခြင်း | ၁။ပထဝီဓာတ်သတ္တိ |
| ၂။ နူးညံ့ခြင်း | ။ |
| ၃။ ဖွဲ့စည်းခြင်း | ၂။အာပေါဓာတ်သတ္တိ |
| ၄။ ယိုစီးခြင်း | ။ |
| ၅။ ပူခြင်း | ၃။တေဇောဓာတ်သတ္တိ |
| ၆။ အေးခြင်း | ။ |
| ၇။ အားထုတ်ခြင်း | ၄။ဝါယောဓာတ်သတ္တိ |
| ၈။ တွန်းကန်ခြင်း | ။ |
| ၉။ လှုပ်ရှားခြင်း | ။ |
| ၁၀။ ရုန်းကန်ခြင်း | ။ |
| ၁၁။ ရုပ်သဏ္ဍာန်ပေါ်ခြင်း | ၅။ဝဏ္ဏရုပ်သတ္တိ |
| ၁၂။ အရောင်အဆင်းရှိခြင်း | ။ |
| ၁၃။ အနံ့ရှိခြင်း | ၆။ဂန္ဓရုပ်သတ္တိ |
| ၁၄။ အရသာရှိခြင်း | ၇။ရသရုပ်သတ္တိ |
| ၁၅။ဩဇာဓာတ်ရှိခြင်း | ၈။ဩဇာရုပ်သတ္တိ |
| ၁၆။ ကြေညက်ခြင်း | ။ |

ဤဓာတ်သတ္တိတို့သည် တစ်ခုနှင့်တစ်ခုခွဲခြား၍မရ ပေါင်းစပ်ဖွဲ့စည်းနေသောဓာတ်သဘာဝများဖြစ်ကြသည်၊ဤ

www.dhammaransi.com



ဓာတ်(၈)ပါးမရှိဘဲနှင့် ဤစကြာဝဠာကြီး မဖြစ်ပေါ်နိုင်၊ဤ (၈)ပါးမရှိဘဲနှင့်စကြာဝဠာအတွင်းမှာရှိသောသက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေ မဖြစ်ပေါ်နိုင်ပါ။ဖြစ်ပေါ်ခြင်း၊အိုမင်းဟောင်းနွမ်း ခြင်း၊ပျက်သုဉ်းခြင်းတို့သည်လည်း ဤအဋ္ဌကလာပရုပ်(၈)ခု ၏ဗီဇကပါလာသောသတ္တိတွေပင် ဖြစ်ပါသည်။

ထို(၈)မျိုးသည် လောက၏သဘာဝကိုပြုပြင်တည် ဆောက်သကဲ့သို့ ထို(၈)မျိုးသဘာဝသည် လူသားတို့၏လိုအင် ဆန္ဒကိုဖြည့်ဆည်းပေးသည် ဟု ယူဆယုံကြည်ကြသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့်သိပ္ပံပညာရှင်တို့က ဤ ဓာတ်သဘာဝ(၈)မျိုးကို လူသားတို့၏ကောင်းကျိုးချမ်းသာ ဖြစ်စေသောဓာတ်သဘာဝဟု လက်ခံထားသကဲ့သို့ မဟာ ယာန ဗုဒ္ဓဘာသာနှင့် လောကီထွက်ရပ်ပေါက်ပညာရှင်တို့ ကလည်း အောက်ပါဆန္ဒပြည့်အင်းအစီအမံကို ထိုဓာတ် သဘာဝ(၈)ခုအပေါ်မူတည်ပြီး တီထွင်ခဲ့ပါသည်။

၁။ ကောင်းကင် -ငြိမ်းအေးခြင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်
ဓာတ် ကျန်းမာခြင်းဆုများကို ပေးစွမ်းနိုင်သည်။

၂။ လေ -တွေဝေ၍မှားခြင်း၊လောဘကြီးသဖြင့် မှားခြင်းများကိုပယ်ဖျောက်ပေးစွမ်းနိုင်ပြီး စီးပွားဥစ္စာရတနာများ တိုးတက်စေနိုင် ပါသည်။

www.dhammaransi.com



၃။ မီး -တန်ခိုးအာဏာမြင့်မားတက်ကြွမှုကို ပေးစွမ်းနိုင်ပါသည်။

၄။ တောင် -တစ်ဘက်သားက မိမိဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်သည့်ကိစ္စအဝဝမှန်သမျှကို ပယ်ဖျောက်စေသည်။

၅။ မြေ -လောကဓံကိုကြံ့ကြံ့ခံနိုင်ပြီး တည်ငြိမ်မှုကို ရနိုင်ပါသည်။

၆။ မိုးကြိုး -လူ၏မကောင်းသောဒေါသမီးကို ငြိမ်းစေနိုင်ခြင်းနှင့်ပျက်စီးအောင်ကြံဆောင်သမျှ တိုက်ခိုက်လာသမျှတို့ကိုလည်း ပယ်သတ်စေနိုင်ပါသည်။

၇။ ရေ -စိတ်ကိုညစ်နွမ်းစေသည့်လောဘမီး၊ဒေါသမီး၊မောဟမီးတို့ကိုသန့်ရှင်း ဖြူစင်ကြည်လင်စေနိုင်ပါသည်။

၈။ ရေကန် -ပျော်ရွှင်မှုသုခအဝဝကို ပေးစွမ်းနိုင်ခြင်းနှင့် လျှို့ဝှက်နက်နဲပြီး ခက်ခဲ သောပညာရပ်များကိုသင်ကြားကပါတတ်မြောက်ခြင်းဆုများကို ပေးစွမ်းနိုင်သည်။

ဤဆန္ဒပြည့်သဘာဝအင်းအစီအရင်ပေါ်တွင် အမျိုးဘာသာ၊သာသနာအကျိုးတို့ဖွံ့စည်းတိုးတက်စည်ပင်ပြီးမြောက်

www.dhammaransi.com



စေရန် ၊ကြံသမျှအောင်-လုပ်သမျှပြီးမြောက်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အင်အားအလွန်ကြီးမားသော ကောင်းကင်ပျံဆင်မျိုးဥပေါသထဆင်နှင့် ထိုဆင်၏တစ်ဘက်တစ်ချက်တွင် ကိုယ်လုံးဆွတ်ဆွတ်ဖြူ ကောင်းကင်ခွဲမြင်းမျိုးဖြစ်သော အာကာသဘိန္ဒမြင်းနှင့်တိမ်ပြာရောင်အဆင်တင်းတိမ်ပျံမျိုး လောဟကမြင်းတို့ကို ခြံရံထားသည်။

ဘုရားရှင်၏မေတ္တာတော်အောက်ဝယ် ဤနိုင်ငံကြီး ငြိမ်းချမ်းသာယာပြီး လူသားအားလုံးသည် အေးမြချမ်းသာ သာယာဝပြောရေးဟူသော အထိမ်းအမှတ်ဖြင့် ဆင်ဦးပေါ်တွင် ဘုရားရှင်၏ရုပ်ပွားတော်ကိုတည်ထားပါသည်။

လူ့ဘောင်လောကတွင် ဆင်စီးမြင်းရံရသောဘဝသည် အထွဋ်အထိပ်သို့ရောက်ရသည် ဟူသော အစဉ်အလာအရ ဤနိုင်ငံ၌လူမျိုးသည် ကမ္ဘာတွင် ထင်ပေါ်ကျော်ကြားသော၊ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံနှင့်လူမျိုးဖြစ်ရမည် ဟူသော အတိတ်နိမိတ်ကောင်းဖြင့် ဤဆင်စီးမြင်းရံဘုရားကို တည်ထားကိုးကွယ်ခဲ့ပါသည်။

*********

www.dhammaransi.com



# ငမိုးရိပ်မိကျောင်းနှင့်ပြခန်း

ငမိုးရိပ်သည် ဥက္ကလာပမင်းသားနှင့်အတူဖွားဖက်တော်နတ်မိကျောင်းဖြစ်သည်၊မယ်လမုကိုသိကြားမင်းပေးလိုက်သော နတ်ရေစင်တစ်စက်သည်ချောင်းထဲ၌ကျ၍ ထိုနတ်ရေစင်ကို မိကျောင်းမတစ်ကောင်က သောက်မိ၍ ငမိုးရိပ်မိကျောင်းကို မွေးဖွားခဲ့သည်။

ထိုမိကျောင်းငယ်၏မိခင်သည် မိချောင်းဥကို ချောင်းကမ်းစပ်တွင်ဥထားခဲ့သည်၊ ထိုမိကျောင်းဥကို ဝါးတစ်ရာရွာနေ- ကရင်လူမျိုးဦးဘိုးထော်နော်ကူးဝါးတို့က တွေ့ရှိပြီး စောင့်ရှောက်ထားသည်၊ထိုဥမှ မကြာခင်မိကျောင်းငယ်တစ်ကောင်ပေါက်ဖွားခဲ့သည်။

ထိုမိကျောင်းငယ်ကို သားသမီးမရှိသော ဦးဘိုးထော်က သားသမီးကဲ့သို့ကျွေးမွေးစောင့်ရှောက်ခဲ့သည်၊ထိုမိကျောင်းငယ်ဥမှပေါက်စဉ် ကောင်းကင်ပြင်တစ်ခုလုံး မိုးတိမ်တွေအုပ်ဆိုင်းနေ၍ ထိုမိကျောင်းငယ်ကို ဦးဘိုးထော်ကချစ်စနိုးဖြင့်မိုးတိမ်တွေညိုနေသည်ကိုအကြောင်းပြု၍ "ငမိုးရိပ်"ဟူ၍ အမည်ပေးခဲ့သည်။

ငမိုးရိပ်သည် တဖြည်းဖြည်းအရွယ်ရောက်လာသည်၊ တစ်နေ့တွင် ဦးဘိုးထော်က အကြောင်းကိစ္စတစ်ခုကြောင့်

www.dhammaransi.com


ငမိုးရိပ်ကိုအစာကျွေးနောက်ကျသွားသည်၊ငမိုးရိပ်သည် ဆာလောင်မွတ်သိပ်မှုဒေါသကြောင့် အစာလာကျွေးသော မိမိ၏ကျေးဇူးရှင်ဦးဘိုးထော်ကို ကိုက်သတ်စားလေသည်။

ဦးဘိုးထော်သည်သေခါနီးတွင် "ငါကျွေးမွေးခဲ့သောဤမိကျောင်းသည် ကျေးဇူးရှင်ငါ့ကိုပင်ကိုက်သတ်စားလေသည်၊ငါသည် ဤဘဝမှသေသည်ရှိသော် နောင်ဘဝတွင် ဤငမိုးရိပ်ကိုနိုင်ရသောသူဖြစ်ရပါလို၏"
ဟု ဆုတောင်းပြီးသေလေသည်။

ငမိုးရိပ်သည် မိမိ၏ကျေးဇူးရှင်ဦးဘိုးထော်ကို သတ်စားပြီးနောက် မိမိကိုလှောင်ထားသောဝါးခြံကိုဖောက်ထွက်ဖျက်ဆီးကာ ဝါးတစ်ရာချောင်းအတိုင်း အောက်ဘက်သို့စုန်ဆင်းခဲ့လေသည်၊ သိကြားမင်းနတ်ရေစဉ်ကနေ မွေးသောမိကျောင်းဖြစ်၍ နတ်မိကျောင်းအဖြစ်နာမည်ကြီးကာ ဝါးတစ်ရာချောင်းတစ်ရိုးနှင့်လှိုင်မြစ်ဝ ပတ်ဝန်းကျင် မြစ်ချောင်းတို့တွင် ငမိုးရိပ်မိကျောင်းသည် ပြိုင်ဘက်မရှိ မိကျောင်းဖြစ်လာသည်၊ ငမိုးရိပ်အမြဲနေထိုင်ကျက်စားသောချောင်းကိုလည်း "ငမိုးရိပ်ချောင်း" ဟူ၍အမည်ခေါ်တွင်ခဲ့သည်။

ဥက္ကလာပမင်းသားသည် အဘသိကြားမင်းက ဥက္ကလာနေပြည်တော်နှင့်နန်းတော်တည်ဆောက်ပေးပြီး မင်းမြောက်တန်ဆာငါးပါးနှင့် ကြိမ်စကြာကိုပေးအပ်ပြီး ထီးနန်း

၁၆၄ (က)



ငမိုးရိပ်မိကျောင်း

www.dhammaransi.com



(ခ) ၄၆၀

မိုးရိပ်မိကျောင်းပြခန်း

www.dhammaransi.com



အပ်ပြီးသောအခါ ဥက္ကလာပမင်းက-

"ငါနှင့်ရေစင်အတူ မွေးဖော်ဘက်ဖြစ်သောသူတို့သည် ငါ့ထံသို့လာရောက် ခ,စားရမည်"

ဟု ကြိမ်စကြာနှင့်ရိုက်ခေါ်သောအခါ လူခန္ဓာနှင့်သမင်မျက်နှာရှိသော အားစွမ်းဗလကောင်းသော သူရဲကောင်းသည်လည်းကောင်း၊ဆဒ္ဒန်ဆင်မင်းသည် လည်းကောင်း၊ငမိုးရိပ်မိကျောင်းသည်လည်းကောင်း၊ဥက္ကလာပမင်းထံ လာရောက်ခစားရသည်။

ဥက္ကလာပမင်းသည် မင်္ဂလာသူရဲကောင်းကို ယခု မင်္ဂလာဒုံ ဟုခေါ်သော အရပ်ဒေသကိုအပိုင်စားပေးသည်၊ ဆဒ္ဒန်ဆင်သည် ယခု မင်းမမွှတောင်ဟု ခေါ်သောတောအုပ်ဒေသတွင် အပိုင်စားပေးခံရသကဲ့သို့ ငမိုးရိပ်မိကျောင်းကိုလည်း ယခုချောင်းနှင့်တကွမြစ်ဝအပါအဝင် ချောင်းများကို အပိုင်စားပေးခဲ့ရသည်။

ဥက္ကလာပမင်းကြီးသည် ပါဒနိုင်ငံ၊အရိန္ဒရာဇာခေါ် နရိန္ဒမင်း၏သမီးနှင့်ဘိသိက်ခံပြီး သားတော်နန္ဒမင်းသားကို မွေးဖွားခဲ့သည်၊ထိုနန္ဒမင်းသား အရွယ်ရောက်သော် သံလျင် (ချန်စရင်)မြို့ ဘုရင်ဇေယျသေနနှင့်မိဖုရား သုဝဏ္ဏဒေဝီဘွဲ့ခံ ကရင်အမျိုးသမီး နော်ဖော့တလဲဇံ၏သမီးတော်တပင်တိုင်မင်းသမီးမွေ့နွန်နှင့်ရည်ငံပြီး နန္ဒမင်းသားသည် ငမိုးရိပ်မိ

www.dhammaransi.com


ကျောင်းကို မိမိဖခင်ထံမှရရှိထားသောကြိမ်စကြာဖြင့်ခေါ်ယူပြီး ရှင်မွေနွန်ထံ ညဥ့်အချိန်သွားရောက်တွေ့ဆုံလေ့ရှိသည်။

ထိုအချိန်တွင် ငမိုးရိပ်သည် မလက်တိုချောင်းမှ နတ်မိကျောင်းမနှင့် ဗိုလ်လုရာ မလက်တိုချောင်းမှ မိကျောင်းမမှာ လက်တစ်ဘက်ပြတ်သွားသဖြင့် ငမိုးရိပ်နှင့်ညိုးသူရန်ဘက်ဖြစ်ရသည်။

မလက်တိုနတ်မိကျောင်းမသည် ငမိုးရိပ်မှာ နန္ဒမင်းသား၏ ကြိမ်စကြာတန်ခိုးဖြင့် သူတို့ကိုလွှမ်းမိုးနှိပ်စက်နေသည်၊နန္ဒမင်းသား ဘုန်းတန်ခိုးနိမ့်လျှင် ငမိုးရိပ်လည်း ဘုန်းတန်ခိုးနိမ့်မည်ဟု ဆင်ခြင်သုံးသပ်ပြီး လူယောင်ဆောင်ကာ ရှင်မွေနွန်ထံသွားရောက်ခစားသည်၊ ရှင်မွေနွန်၏ ယုံကြည်အားထားမှုကိုခံယူရရှိလာသောအခါ ရှင်မွေနွန်ကို မြှောက်ပင့်ပေးကြသည်၊နန္ဒမင်းသားက မိမိကိုတကယ်ချစ်- မချစ်စမ်းရန် မင်းသားကတကယ်ချစ်သည်ဆိုက မင်းသမီး၏ဘယ်လက်ရုံးကို ခေါင်းအုံးအိပ်စေရန် အကြံပေးကြသည်၊ ရှင်မွေနွန်ကလည်း မလက်တိုတို့၏ အကြံပေးချက်ကို တကယ်ထင်မှတ်ပြီး မင်းသားကိုချစ်-မချစ်စမ်းလို၍ ဘယ်လက်ရုံး၌ အိပ်စေသည်၊ မင်းသားကလည်း တကယ်ချစ်သူဖြစ်၍ မင်းသမီး၏ဘယ်လက်ရုံးတွင် အိပ်လေသည်။

ထိုအချိန်မှစ၍ မင်းသား၏ဘုန်းတန်ခိုးမှာ နိမ့်ကျ

www.dhammaransi.com



သွားသည်၊ မလက်တိုတို့အဖွဲ့သည် မင်းသားရှင်မွေ့နွန်၏ ဘယ်လက်ရုံးတွင်အိပ်ပြီးအပြန်တွင် မြစ်ဝကစောင့်၍ ငမိုးရိပ်ကိုဝိုင်းဝန်းတိုက်ခိုက် လုပ်ကြံကြသည်။

ထိုအချိန်တွင် ဥက္ကလာပမင်းကြီးကလည်း နန္ဒမင်းသားတစ်ဘက်ကမ်းကူးသည်ကိုသိသဖြင့် မကူးရန်တင်းတင်းကြပ်ကြပ်စောင့်ရှောက်ရန် မြို့ဝန်တို့နှင့်အိမ်တော်ဝန်တို့ကို အမိန့်ပေးထားပြီး ကြိမ်စကြာကိုပြန်သိမ်းထားသော အချိန်ဖြစ်သကဲ့သို့ တစ်ဘက်ကလည်း မိခင်မယ်လမု မွေးဖွားရာနေရာ၌မိခင်အတွက် အထိမ်းအမှတ်စေတီတည်ဆောက်နေသောအချိန်လည်းဖြစ်သည်။

ငမိုးရိပ်သည် မလက်တိုတို့အဖွဲ့ ဝိုင်းဝန်းတိုက်ခိုက်သည်ကို မိမိအရှင်မင်းသားအန္တရာယ်မဖြစ်စေရေးအတွက် ပြန်မတိုက်ဘဲရှောင်ကွင်းပြေးထွက်သည်၊သို့သော် မလက်တိုတို့အဖွဲ့က အသေအကြေလိုက်လံတိုက်သဖြင့် မရှောင်သာသဖြင့် မင်းသားကိုမိမိအာခံတွင်းထဲဝင်နေရန်ပြောပြီး မင်းသားမိမိပါးစပ်ထဲရောက်၍ မင်းသားအတွက်လုံခြုံရန် မင်းသားကိုပါးစပ်ပိတ်ငုံထားပြီး မလက်တိုတို့ကို ပြန်လည်ခုခံတိုက်ခိုက်တော့သည်။

မလက်တိုတို့သည် ငမိုးရိပ်၏ခုခံတိုက်ခိုက်မှုကို မခံနိုင်သဖြင့် မလက်တိုချောင်းဘက်သို့ ပြန်လည်ထွက်ပြေးကြ

www.dhammaransi.com



ရတော့သည်။

ဥက္ကလာပမင်းကြီးသည် သားတော်ပျောက်၍ ဒေါင်းတောက်အောင်ရှာဖွေစေသည်၊မြို့တော်ဝန်၊အိမ်တော်ဝန်တို့ကိုလည်း တာဝန်လစ်ဟင်းမှုဖြင့် ပြင်းထန်စွာအရေးယူသည်။

နောက်ဥက္ကလာပမင်းကြီးက မိမိ၏ကြိမ်စကြာဖြင့် ငမိုးရိပ်ကိုရိုက်ခေါ်ရာ ငမိုးရိပ်သည် မိခင်မယ်လမုစေတီတည်ရာဆိပ်ကမ်းသို့ တမုဟုတ်ချင်းရောက်လာရသည်။

ဥက္ကလာပမင်းကြီးက သားတော်ကိုတွေ့-မတွေ့ ဟိုဘက်ကမ်းကိုပို့ပေး-မပေးမေးမြန်းပါမှ မင်းသား မိမိဝမ်းထဲတွင်ရှိသည်ကိုသတိရပြီး အန်ထုတ်ပေးရာ မင်းသားမှာအသက်ရှူမွန်းကြပ်၍ သေဆုံးပြီး ဖြစ်နေလေသည်။

ဥက္ကလာပမင်းကြီးသည် သားတော်သေဆုံးသည်ကိုသိသဖြင့် ဒေါသအမျက်ထွက်ကာငမိုးရိပ်ကို ဒဏ်ပေး၍ နှင်ထုတ်လိုက်ရာ ငမိုးရိပ်သည် ဝါးတစ်ရာဘက်သို့ထွက်ပြေးရှောင်ခွာသွားသည်။

ထိုဝါးတစ်ရာအရပ်တွင် ကျက်စားရင်း နတ်မိကျောင်းဖြစ်၍ လူယောင်ဖန်ဆင်းနိုင်သောအစွမ်းသတ္တိရှိသူဖြစ်သဖြင့် လူယောင်ဖန်ဆင်းကာဝါးတစ်ရာသူ မရွှေပွင့်နှင့်အိမ်ထောင်ပြုရာမှ သားတစ်ယောက်ရရှိခဲ့သည်။

ထိုအချိန်တွင် ကရင်အဘိုးအိုဦးဘိုးထော်သည် လူ့

www.dhammaransi.com



ဘဝပြန်ရောက်ပြီး ယခု အုတ်ပုံဆိပ် ခေါ်သော ကမုပွန်ရွာတွင်ဆေးဆရာဖြစ်နေလေပြီဖြစ်သည်၊မိမိတွင် ဆေးစွမ်းစီရင်နိုင်သော ဆေးကြိမ်ရလာသောအခါ ငမိုးရိပ်ကို ဆေးကြိမ်လုံးဖြင့်ရိုက်ခေါ်သည်၊ငမိုးရိပ်သည် မရွှေပွင့်ကို သူ(၇)ရက်မှပြန်မလာလျှင် ဘယ်နေရာသို့လိုက်လာရန်မှာပြီး မိကျောင်းအသွင်ဖြင့် ယခု အုတ်ပုံဆိပ်နေရာ ဆေးဆရာရှေ့သို့ ဘွားကနဲပေါ်လာရသည်။ဆေးဆရာသည် အတိတ်ဘဝကကျေးဇူးကန်းမှုကို အပြစ်ယူကာ ငမိုးရိပ်ကိုသတ်လေသည်။

မရွှေပွင့်သည် (၇)ရက်ကြာပြီး သူ့ယောက်ျားပြန်မလာ၍လိုက်လာရာမှ မိမိယောက်ျားသည် နတ်မိကျောင်းငမိုးရိပ်ဖြစ်ပြီး ဆေးဆရာ၏လက်ချက်ဖြင့် အသက်ဆုံးရှုံးကြောင်းသိရှိရသောအခါ မိမိယောက်ျားအလောင်းကို ဆေးဆရာထံမှတောင်းယူကာ မီးသဂြိုဟ်ပြီး လင်သားငမိုးရိပ်အတွက် ဂူနှင့်လွမ်းစေတီတစ်ဆူတည်ထားခဲ့သည်။

(ထိုလွမ်းစေတီမှာ ယခင်တံတားကလေးသိမ်ကျောင်း၊ယခုမီးသတ်အဆောက်အဦဝင်းထဲရှိ ဘုရားဟု ဆိုပါသည်၊အချို့ကလည်း ယခုကျိုက်ဝိုင်းစေတီဟုဆိုပါသည်၊အချို့ကလည်း ယခု ဇွဲစုံကျောင်းထဲရှိ ဘုရားဟု ဆိုပါသည်)

*********

www.dhammaransi.com



# ဘောသော–ဘောကျော် ဘိလူးညီနောင်

မြတ်စွာဘုရားသည် ဝါတော်(၂၀)တွင် သုနာပရန္တတိုင်း၊ လယ်ကိုင်းမြို့၊ဝါဏိဇ္ဇဂါမရွာသား ကုန်သည်တို့ဆောက်လုပ် လှူဒါန်းအပ်သော စန္ဒကူးကျောင်းတော်ကိုအလှူခံရန် သက္ကရာဇ်၁၂၃-ခုနှစ်တာလ လဆုပ်(၈)ရက်နေ့တွင် ဝိသကြုံနတ်သားဖန်ဆင်းအပ်သော ပြသာဒ်တော်(၅၀၀)ဖြင့် ရဟန္တာငါးရာခြံရံလျက် ဝါဏိဇ္ဇဂါမသို့ကြွလာပြီး စန္ဒကူးကျောင်းတော်ကိုအလှူခံတော်မူသည်၊ထိုကျောင်း၌ ခုနစ်ရက်သီတင်းသုံးနေထိုင်ခဲ့ပြီး သတ္တဝါဝေနေယျတို့အား အမြိုက်ရေအေးကို တိုက်ကျွေးဟောချတ်တော်မူခဲ့သည်။

ထိုမှတစ်ဖန် ပြန်ကြွခဲ့ရာ မင်းဘူးစက္ကိန်တဲတောင်ထိပ်သို့ရောက်တော်မူသည်၊ထိုစက္ကိန်တဲတောင်ထိပ်ဘုရားရှင်သီတင်းသုံးတော်မူရာအရပ်၌ စေတီတည်ထားခဲ့သည်၊ထိုစေတီကိုယခု စက္ကတဲစေတီ ဟုခေါ်ပါသည်။

ထိုတောင်၌ သီတင်းသုံးစဉ်ရှေးရှေးသောဘုရားရှင်တို့၏ သီတင်းသုံးစဉ်သိကြာမင်းသည် လှူဒါန်းရမြဲဖြစ်သော ပဏ္ဍုကမ္ဗလာရတနာမြကျောက်ကဲ့သို့ ထွန်းတောက်ရောင်လျှံ ပျက်ပုံကိုးကွယ်တို့ဖြင့် စီမံခြယ်အပ်သော မြသားအတိပြီးသော သလွန်ကိုဆက်ကပ်လှူဒါန်းပူဇော်လေသည်၊ပြဟ္မာမင်း

www.dhammaransi.com





တောသောတီလူး

www.dhammaransi.com



ဘောကျော်တီလူး

www.dhammaransi.com



သည် ထီးဖြူတော်ဖြင့် ဖြန့်မိုးယှက်ကာ ပူဇော်ဆည်းကပ်ပါသည်။

ထိုသို့ နတ်ပြဟ္မာတို့ပူဇော်စဉ် ရောဝတီမြစ်နှင့်ယူဇနာဝက်ဝေးကွာသော တောအုပ်၌နေကြသော ဘောသောဘောကျော်၊ ဘောသူရနှင့်ဘောရသ ဟူသောညီနောင်(၄)ဦးနှင့်နှမများဖြစ်ကြသော ယက္ခသာဂီနှင့်ယက္ခဒါလီ ညီအမ(၂)ဦး၊ဘီလူးမောင်နှမ(၆)ဦးအနက်ညီအကို(၄)ယောက်တို့သည် နှမတို့ကိုအသိမပေးမခေါ်ဘဲ မိမိတို့ဘာသာ ဘုရားရှင်ကိုသွားရောက်ဖူးပြီး မိမိတို့အရပ်မှထွက်သောကြစုဖန်ခါးသီးတို့ကို ဆေးအဖြစ်ရည်မှတ်၍ လှူဒါန်းခဲ့ကြလေသည်။

ထိုဘီလူးတို့ကို ဘုရားရှင်က သူ့အသက်မသတ်ရန် တရားဟောကတိကဝတ်ပြုစေပြီး မိမိတို့အစဉ်ကိုးကွယ်ရန် နဝရတ်ကိုးပါးဖြင့် ခြယ်လှယ်ထားသော မြသလွန်ကိုပေးလိုက်လေသည်။

မြသလွန်တည်ရာဌာရဒေသ၌ နောင်အချိန်တွင် သာသနာထွန်းလင်းပြီး (မကွေးမြို့ပြကြီး)ဖြစ်လာလိမ့်မည် ဟု ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

ထိုမြသလွန်ကို ဘောသော၊ဘောကျော်ညီနောင်(၄)ဦးတို့သည် မိမိတို့နေရာသို့သယ်ယူလာပြီး မိမိတို့နေရာတောအတွင်း မြေခင်းသာယာသောနေရာ၌ ဌာပနာထား၍ စေတီ

www.dhammaransi.com



တည်ကာ ကိုးကွယ်ထားကြလေသည်။

ထိုမြသလွန်ကို မူလဒါယကာသိကြားမင်းသည် ပြန်ယူပြီး မြစ်ဆိပ်နှင့်နှစ်ဥသဘကွာဝေးသော တောင်ထိပ်၌ သီတင်းသုံးနေသော ဒိဗ္ဗစက္ခု၊ဒိဗ္ဗသောတ၊ဒိဗ္ဗယာနမည်သော ရသေ့သုံးဦးထံအပ်နှံပြီးလျှင် ရှေးဘုရားတို့သလွန်ထားရာ နဂုတ္တမတောင်ထိပ်၌ ဌပနာထားသည်၊ နောင် ဘောသော-ဘောကျော်တို့လူဝင်စားပြန်ဖြစ်လာသောအခါ စေတီတည်လိမ့်မည်ဟု လျှောက်ထားခဲ့သည်။

နောင် ဘောသော-ဘောကျော်တို့သည် မိမိတို့ ဘီလူးဘဝနှင့်နေခဲ့သော တောအုပ်နှင့်နှစ်ယူဇနာကွာဝေးသော ရွာကြီး၌ လူအဖြစ်ပြန်ဝင်စား၍ ကုန်သွယ်အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။

ထို့နောက် အကိုကြီးဘောသောသည် မဟာဂါမသူဌေးကြီး၏သမီး ပုဏ္ဏဝတီနှင့်လက်ထပ်ပြီးလျှင် မြသလွန်စေတီကိုတည်ဆောက်လှူဒါန်းခဲ့သည်။

(ယခု မကွေးမြသလွန်စေတီ ဟုထင်ရှားနေသောဘုရားဖြစ်ပါသည်)

ယခုအခါ မကွေးမြသလွန်စေတီ၏ မူလဒါယကာ ဘောသော-ဘောကျော်ဘီလူးညီနောင် ကိုအထိမ်းအမှတ်ဂုဏ်ပြုပြီး မယ်လမုစေတီ၌တည်ထားခြင်းဖြစ်ပါသည်။

*********

www.dhammaransi.com



# ဗုဒ္ဓါနုဿတိပွားများကျိုး

- စေတီနှင့်တူ
- စိတ်မှတည်ကြည်
- ရောက်မည်နတ်ရွာ
- တွေ့ခါသိလွယ်
- မြတ်နွယ်အမျိုး
- ရိုကျိုးခံရ
- ပြည့်ဝအင်္ဂါ
- ဆင်းလှစွာနှင့်
- ကာယခံတွင်း။
- ကြိုင်သင်းမွှေးကြူ
- ကြီးမူပညာ
- နတ်ရွာထက်ရှင်
- လျှင်မြန်ဆန်းကြယ်
- ကောင်းကြွယ်စကား
- ဆိုနိုင်ငြားသည်
- ဘုရားဂုဏ်တော်ပွားကျိုးတည်း။

(ထေရပါဒါန်)

www.dhammaransi.com



# ရှင်ဥပဂုတ္တရဟန္တာ

ရှင်ဥပဂုတ္တမထေရ်သည် ပဉ္စာလတိုင်း ဥတ္တရလုလင်နှင့်မဏ္ဍဒေဝီမိဖုရားတို့၏ သားဖြစ်သည်၊မိခင် မဏ္ဍဒေဝီသည် အတိတ်ဘဝက မိခင်ကိုပြစ်မှားစော်ကားမိခဲ့သောအကုသိုလ်ကံကြောင့် ငါးဝမ်းဗိုက်ထဲတွင် သန္ဓေယူသည်၊တံငါတို့ကမိ၍ မင်းထံဆက်သရာမှ မင်းသမီးအဖြစ်မွေးစားခံရသူ ဖြစ်သည်။

မိခင်မဏ္ဍဒေဝီသည်အကုသိုလ်ကံကြောင့် တစ်ကိုယ်လုံး ငါးညှီစော်နံနေသည်၊ထိုသည်ကို ပုဏ္ဏားတို့က မိခင်ကို ကန်တော့ကပျောက်မည်ဟု ဆိုသောကြောင့် မိခင်ကို ဖောင်ပြုလုပ်ပြီး ကန်တော့ပွဲတင်ကာ ရေမျောပြီးကန်တော့သည်၊ ထိုဖောင်သည် တောင်သမုဒ္ဒရာတွင် ကြေးပြသာဒ်အဖြစ် တည်ရှိနေသည်။

ရှင်ဥပဂုတ္တလောင်းလျာသည် အသက်(၇)နှစ်တွင် ဖခင်၏အစ်ကိုဖြစ်သော ဦးရီးတော်မထေရ်ထံရောက်ပြီး သာမဏေဝတ်ရာ မကြာခင် ရဟန္တာဖြစ်ပြီး မိခင်အား ကန်တော့သောကြေးပြသာဒ်တွင် စံနေတော်မူသည်။

ရှင်ဥပဂုတ္တမထေရ်သည် သက်တော်(၃၀)အရွယ်အရောက်တွင် ပါဋ္ဌလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်း ထီးနန်းစံနေပြီး နိဂြောဓသာမဏေကိုအကြောင်းပြု၍ မင်းကြီးမှာ



ရှင်ဥပဂုတ္တရဟန္တာ

(ဓ) ၁၉၉

www.dhammaransi.com



ဗုဒ္ဓဘာသာဖြစ်လာပြီး ရတနာသုံးပါးကို အထူးကြည်ညို လေးစားသည်၊ ရတနာသုံးပါးအတွက် အဇာတသတ်မင်း ထားခဲ့သောဓာတ်တော်များကိုယူဆောင်ပြီး ဇမ္ဗူဒိပ်ကျွန်းအနှံ့ စေတီပေါင်းရှစ်သောင်းလေးထောင်တည်သောစေတီပူဇော်ပွဲ ကို ကျင်းပလေသည်။

ထိုပူဇော်ပွဲတွင် မာရ်နတ်ကလာရောက်ဖျက်မည်ကို သံဃာတော်အပေါင်းကသိ၍ မာရ်နတ်ကိုနှိမ်နင်းနိုင်သော ပုဂ္ဂိုလ်ကိုရှာဖွေသည်၊ပထမ ဂင္ဂုန်ကိုဆုံးမနိုင်သောသာမဏေ ကိုတွေ့၍ ထိုသာမဏေကိုတာဝန်ပေးကြသည်၊ထိုသာမဏေ ကမိမိသည် မတတ်နိုင်၊မိမိထက်တန်ခိုးအရာကြီးသော ရှင်ဥပဂုတ္တရဟန္တာသည် တောင်သမုဒ္ဒရာတွင်ကြေးပြသာဒ် နှင့်စံနေပါသည်၊ထိုရှင်ဥပဂုတ္တာကို တာဝန်ပေးပါဟု လျှောက် ထားသည်။

သံဃမထေရ်ကြီးသည် သံဃာအမိန့်ဖြင့် ရှင်ဥပဂုတ္တာ ကိုပင့်စေသည်၊ရှင်ဥပဂုတ္တာသည် သံဃာအမိန့်ဖြင့်ကြွလာရ သည်၊သံဃမထေရ်က သံဃဥပုသ်ကိုမလာရောက်၍ ဒဏ် ပေးရမည်ဟု မိန့်ကြားသောအခါရှင်ဥပဂုတ္တာက သံဃာပေး သောအပြစ်ကိုဦးထိပ်တင်၍ ခံယူပါမည်ဟု လျှောက်ထား ဝန်ခံသဖြင့် သံဃမထေရ်ကြီးက သီရိဓမ္မာသောကမင်းကြီး၏ စေတီပူဇော်ပွဲတွင် မာရ်နတ်လာရောက်ဖျက်ဆီးမည်၊ထိုမာရ်

www.dhammaransi.com



နတ်ရန်ကိုတားပေးပါ ဟု တာဝန်ပေးသည်၊ရှင်ဥပဂုတ္တက တာဝန်ယူလေသည်။

ထို့ကြောင့် သံဃမထေရ်များသည် သီရိဓမ္မာသောက မင်းထံသို့ မင်းကြီး၏ပူဇော်ပွဲတွင် နှောင့်ယှက်လာမည့်မာရ်နတ်ရန်ကိုကာကွယ်နိုင်သောရဟန်းကိုရပြီဟုအကြောင်းကြားသည်။

မင်းကြီးသည်ကျောင်းတော်သို့ကြွလာသောအခါ သံဃမထေရ်ကြီးကမာရ်နတ်ကိုနှိမ်နင်းမည့်သူမှာ ဤတိဿ ဥပဂုတ္တအမည်ရှိသောပုဂ္ဂိုလ်တည်း ဟုမိန့်ကြားကာ မင်းကြီးကိုပြသည်။

မင်းကြီးသည် ရှင်ဥပဂုတ္တအနီးသို့ကပ်၍ဖူးသည်၊ အလွန်ကြမ်းအရုပ်ဆိုးသောအဆင်းကိုမြင်၍ ဤအရှင်တတ်နိုင်ပါ့မလား ဟူသောသံသယဖြင့် နန်းတော်သို့ပြန်လေသည်။

မိုးသောက်သော် ရှင်ဥပဂုတ္တကို စုံစမ်းလိုသဖြင့် နန်းတော်သို့ဆွမ်းစားပင့်ပြီးလမ်းခရီး၌ အမုန်ယစ်သောဆင်ကို လွှတ်လေသည်၊ထိုဆင်လာ၍ အနီးသို့ရောက်သောအခါ အရှင်မြတ်သည် မင်းကြီးလွှတ်သောဆင်မှန်းသိ၍အဓိဋ္ဌာန်မှုပြုလေသည်၊ဆင်သည် နှာမောင်းပင့်ချီလျက် ကျောက်ရုပ်ကဲ့သို့ ရပ်လေသည်၊ရှင်ဥပဂုတ္တသည် မကြည့်ဘဲပြန်ကြွလေသည်။

www.dhammaransi.com



မင်းကြီးသည် မှူးမတ်များခြံရံလျက် ဆင်အနီးသို့ သွားကြည့်သည်၊ဆင်ကျောက်ရုပ်ဖြစ်နေသည်ကို မြင်သော အခါ ရှင်ဥပဂုတ္တ၏တန်ခိုးကို အံ့ဩတုန်လှုပ်မှုဖြစ်ကြလျက် မထေရ်နောက်လိုက်ပြီး အရှင့်ကိုနှိပ်စက်လို၍မဟုတ်ပါ၊စုံစမ်း လို၍သာပြုပါသည်၊ အပြစ်ကိုသည်းခံပါ ဟု လျှောက်ထား တောင်းပန်ကြသည်။

မထေရ်မြတ်က-မင်းကြီး၊ ချမ်းသာသောကိုယ်ရှိစေ၊ ဆင်သည်လည်းပြကတေ့အတိုင်းဖြစ်စေ ဟုမိန့်တော်မူလိုက် ရာ ဆင်သည် မူလပကတိအတိုင်း ပြန်ဖြစ်လေသည်။

သီရိဓမ္မာသောကမင်းသည် ကြီးစွာသောစစ်အင်္ဂါ လေးပါးနှင့် ပရိသတ်ပေါင်းခြံရံပြီး စေတီပူဇော်ပွဲအတွက် မဟာစေတီသို့မီးထွန်းပူဇော်ရန်ကြွသည်၊မီးပူဇော်သောအခါ မာရ်နတ်က ပြင်းစွာသောလေကိုလွှတ်သည်၊ ရှင်ဥပဂုတ္တက တန်ခိုးတော်ဖြင့်လေကိုယူပြီးလွှင့်ပစ်သည်၊တစ်ဖန် မာရ်နတ် ကသဲမိုး၊ကျောက်စစ်မိုး၊ကျောက်ဖျာမိုး၊မီးမိုးတို့ကို အစဉ်လိုက် ရွာချစေပြန်သည်၊ မထေရ်က တန်ခိုးတော်ဖြင့် အားလုံးတား ပြီး စကြာဝဠာတံတိုင်းအပသို့ စွန့်ပစ်သည်။

မာရ်နတ်သည် မိမိပစ်လွှတ်သောလက်နက်များ မ ရောက်သည်ကိုမြင်လျှင် အမျက်ထွက်၍ နွားလားဥသဘ ဟန်ဆောင်ပြီးပြေးလာသည်၊ ရှင်ဥပဂုတ္တသည် ကျားရုပ် ဖန်

www.dhammaransi.com



ဆင်း၍ ကြောက်ဖွယ်သောအသံပြုလျက် ကိုက်သည်၊ လူအပေါင်းကလည်း တအံ့တဩကြည့်ကြသည်။

မာရ်နတ်သည် ဦးခေါင်းခုနစ်လုံးရှိသော နဂါးအသွင်ဖန်ဆင်းသည်၊ရှင်ဥပဂုတ္တက ဂဠုန်အသွင်ဖန်ဆင်း၍ နဂါးကိုဖမ်းသည်၊မာရ်နတ်က ဘီလူးအသွင်ဖန်ဆင်း၍ ထန်းပင်သောက်မြင့်သောလှံတံကိုကိုင်လျက် ဦးခေါင်းကိုရိုက်အံ့သောငှာလာ၏၊ ရှင်ဥပဂုတ္တက မာရ်နတ်ထက် နှစ်ဆကြီးသောဘီလူးအသွင်ဖန်ဆင်း၍ မာရ်နတ်ကိုရိုက်ရန်လာသည်။

မာရ်နတ်သည် အလွန်ကြောက်လန့်သည်ဖြစ်၍ လူအသွင်ဖန်ဆင်း၍ ရှင်ဥပဂုတ္တရှေ့တွင်ရပ်သည်၊ရှင်ဥပဂုတ္တသည် ပိုးလောက်အပြည့်ရှိသော စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ခွေးသေကောင်ပုပ်ကို မာရ်နတ်လည်ပင်း၌ဆွဲ၍ တစ်စုံတစ်ယောက်သော သိကြား ဗြဟ္မာသော်မှမချွတ်နိုင်စေသော်ဟု အဓိဋ္ဌာန်ပြုပြီး မာရ်နတ်ကိုလွှတ်လိုက်သည်။

မာရ်နတ်သည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးထံသွား၍ ထိုခွေးသေကောင်ပုပ်ကို ချွတ်ခိုင်းသည်၊ရှင်ဥပဂုတ္တကဆွဲထားမှန်းသိ၍ မချွတ်ရဲကြချေ၊မာရ်နတ်သည် သိကြားမင်း၊သုယာမနတ်မင်း၊သန္တုဿိတနတ်မင်း၊သုနိမ္မိတနတ်မင်း၊ဝသဝတ္တီနတ်မင်းတို့ထံ အဆင့်ဆင့်သွား၍ ချွတ်ခိုင်းသည်၊နတ်မင်းများကလည်း မချွတ်နိုင်၍ ဗြဟ္မာဘုံသို့တက်

www.dhammaransi.com



၍ ဖြူဟွာမင်းများကို ချွတ်ခိုင်းပြန်သည်၊ဖြူဟွာမင်းများက လည်းသူတို့မချွတ်ပေးနိုင်ကြောင်း ငြင်းဆိုကြသည်။

မာရ်နတ်မင်းသည် ရှင်ဥပဂုတ္တထံပြန်လာကာ-

"အရှင်ဘုရား၊ ကျွန်ုပ်ရှုံးပါပြီ၊ ဤခွေးသေကောင်ပုပ်ကို ချွတ်ပေးပါဘုရား"

ဟု လျှောက်ထားသည်။

ရှင်ဥပဂုတ္တသည် မာရ်နတ်ကိုတောင်ကြီးတစ်လုံးအနီးသို့ခေါ်ပြီးခါးပန်းကြိုးဖြင့် တုတ်ချည်နှောင်ပြီးလျှင်-

"မာရ်နတ်-သင်သည် ဓမ္မာသောကမင်းအလှူမပြီးမချင်း ဤနေရာမှမသွားလင့်"

ဟု မိန့်တော်မူရာ မာရ်နတ်လည်း ဘာမျှမပြောနိုင်ဘဲ ဆိတ်ဆိတ်သာနေရသည်၊ရှင်ဥပဂုတ္တသည်လည်း ချမ်းသာရာတစ်နေရာ၌ နေလေသည်။

ခုနစ်လ၊ခုနစ်ရက်လွန်၍ စေတီပူဇော်ပွဲပြီးသောအခါ ရှင်ဥပဂုတ္တသည် မာရ်နတ်ထံသို့လာပြီးအသံကိုနားထောင်သည်၊မာရ်နတ်က ဘုရားရှင်၏ကျေးဇူးကို အောက်မေ့ပြီး-

"ငါသည် ရှေးအခါက မြတ်စွာဘုရားအား ဖောက်ပြန်သောအမှုကိုပြုခဲ့သည်၊မြတ်စွာဘုရားသည် ငါ့ကိုတစ်စုံတစ်ရာသောအပြစ်ကိုမပြုခဲ့ဘူး၊ယခု သာဝကသည် သနားခြင်းမရှိဘဲ ငါ့အားညှင်းပန်းနှိပ်စက်ဘိ၏"

www.dhammaransi.com


ဟု မြည်တမ်းလျက် တောင်ဘက်သို့လှည့်၍နေလေသည်။

"ငါသည် ရှေးက ရဟန္တာဖြစ်ရအောင် ကောင်းမှုထူး ဆည်းပူးခဲ့ပြီ၊ဤကုသိုလ်တို့၏အာနိသင်ကြောင့်နောင်သော အခါ ဘုရားဆုကိုသာရလို၏၊သတ္တဝါတို့အားသနားခြင်းမရှိ သောသာဝကမဖြစ်လို "

ဟု မြည်တမ်းပြန်သည်။

ရှင်ဥပဂုတ္တာသည် မာရ်နတ်မြည်တမ်းစဉ် မာရ်နတ်ထံ ရောက်လာပြီး ခါးပန်းကြိုးကိုဖြေပေးကာမာရ်နတ်ကို သည်းခံ ရန်တောင်းပန်သည်၊သင် နှလုံးမသာမယာမရှိလင့်၊ငါ့ကြောင့် ပင် သင်သည်ဘုရားဆုကိုတောင်းမိ၏၊တောင်းသည့်အတိုင်း လည်းမချွတ်ဖြစ်လတံ့ ဟုမိန့်ကြားပြီး မာရ်နတ်ကိုဘုရားရှင် တွေ့ကြုံခဲ့ရဘူးသူဖြစ်၍ မိမိကိုဘုရားရှင်အသွင် ဖန်ဆင်းရန် မေတ္တာရပ်ခံခဲ့သည်။

မာရ်နတ်က မိမိကိုရှိမခိုးရန် မေတ္တာရပ်ခံပြီး ဘုရား ရှင်၏ရောင်ခြည်တော်ခြောက်သွယ်နှင့်ပုံကိုဖန်ဆင်းပြသည်၊ ရှင်ဥပဂုတ္တာသည် ဘုရားရှင်၌ကြည်ညိုမှုကို မတားဆီးနိုင် သဖြင့်လက်အုပ်ချီမိုး ရှိခိုးမိသည်၊ မာရ်နတ်သည် လွင့်စင်ကျ သွားပြီး နောက်မှရှင်ဥပဂုတ္တထံပြန်လာပြီး အဘယ့်ကြောင့် ကတိဖျက်ပြီး ရှိခိုးရပါသနည်း ဟုအပြစ်ပြောသည်။

ရှင်ဥပဂုတ္တက ငါသည် သာဝကရှစ်ကျိပ်နှင့်ဟာကွ

www.dhammaransi.com



သော ဘုရားရှင်ကိုသာရှိခိုးပါ၏ ဟုမိန့်ကြားသည်။

မာရ်နတ်သည် သာသနာတော်၌ သဒ္ဓါတရားဖြစ်ပြီး မိမိနေရာသို့ပြန်လေသည်၊ရှင်ဥပဂုတ္တာလည်း မင်းကြီးကိုဇမ္ဗူဒိပ်ရှိ မင်းကြီး၏ကောင်းမှုစေတီကို တစ်ပြိုင်တည်း တစ်နေရာတည်းမှမြင်နိုင်အောင် တန်ခိုးဖြင့်ပြတော်မူပြီးနောက် မိမိကြေးပြဿဒ်သို့ ပြန်ကြွပြီးစံနေတော်မူသည်။

(ရှင်ဥပဂုတ္တာသည်ယနေ့ထိ တောင်ပင်လယ်တွင် မိခင်လှူခဲ့သော ကြေးပြဿာဒ်တွင် စံနေလျက်ရှိသည် ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်လျက်ရှိကြပါသည်)

*********

www.dhammaransi.com



# ရှင်သီဝလိရဟန္တာ

ရှင်သီဝလိမထေရ်လောင်းသည် ဝိပဿီဘုရားလက်ထက်ဝယ် တောရွာ၌ အမျိုးသားကောင်းတစ်ဦးဖြစ်သည်။ ဝိပဿီဘုရားရှင်ကို အလွန်မွန်မြတ်သောပျားရည်နှင့်ဒိန်ရည်ကိုရောစပ်လှူခဲ့ပြီး ဤကုသိုလ်ကံအကျိုးဆက်ကြောင့် လာဘ်လာဘအထွဋ်အမြတ်ရောက်သူ၊ အခြံအရံအကျော်အစောအထွဋ်အမြတ်ရောက်သူ ပုဂ္ဂိုလ်စင်စစ်ဖြစ်ရပါလို၏ ဟု ဆုတောင်းခဲ့သည်။

ရှင်သီဝလိသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်ကလည်း အလှူကြီး(၇)ရက်ပေးပြီး လာဘ်လာဘပေါများကြောင်းတောင်းဆုကိုပန်ခဲ့သည်။

တစ်ဘဝတွင် မင်းဖြစ်ပြီး တစ်ပါးနိုင်ငံကိုတိုက်ခိုက်ကာ မြို့သူမြို့သားတွေငတ်ပြတ်အောင် (၇)ရက်ပတ်လုံး ပိတ်ဆို့ခဲ့သော အကုသိုလ်အမှုပြုခဲ့ဖူးသည်။

ယခု ဂေါတမဘုရားရှင်လက်ထက်ဝယ် နတ်ပြည်မှစုတေပြီး ကောလိယသာကီဝင်မင်းမျိုးဖြစ်သော သုပ္ပဝါသမည်သော ကောလိယသာကီဝင်မင်းသမီးဝမ်း၌ ပဋိသန္ဓေယူလေသည်။

သတို့သား ပဋိသန္ဓေယူကတည်းကပင် ညဥ့်-နံနက်

www.dharmaransi.com



ရှင်သီဝလိ ရဟန္တာ

www.dhammaransi.com



လက်ဆောင်ပဏ္ဏာငါးရာ-ငါးရာတို့ နေ့စဉ်လက်ခံရရှိသည်၊ မင်းသမီးသည်လည်း လာဘ်လာဘအလွန်ပင် ပေါ်များလေသည်။

သတို့သားသည် (၇)နှစ်တိတိအမိဝမ်း၌ ပဋိသန္ဓေတည်နေရလေသည်၊(၇)နှစ်စေ့ရောက်၍ ကိုယ်ဝန်ရင့်ကျက်သောအခါ (၇)ရက်ပတ်လုံး မင်းသမီးသည် ကိုယ်ဝန်ကြောင့် ဆင်းရဲဒုက္ခခံရပြီး မိန်းမောတွေဝေခြင်းခံရသည်။

(၇)ရက်မြောက်သောနေ့တွင် မင်းသမီးသည်မိမိ၏ ခင်ပွန်း ကောလိယမင်းသားကို အနီးသို့ခေါ်ယူပြီး-

"ကျွန်ုပ်မသေခင် အသက်ရှင်စဉ်၌ ဘုရားရှင်ကို အလှူပြုလိုပါသည်၊ ဘုရားရှင်ထံသွား၍ပင့်ပေးရန်နှင့် အကျိုးအကြောင်းလျှောက်ထားပေးရန် မှာကြားသည်။

ကောလိယမင်းသားသည် ဘုရားရှင်ထံသို့သွားပြီး လျှင်သုပ္ပဝါသမင်းသမီးမှာကြားသော အကြောင်းများကို လျှောက်ထားသည်။ဘုရားရှင်က-

"ကောလိယမင်းသမီး သုပ္ပဝါသသည် ရောဂါမရှိ၊ ပကတိချမ်းသာပါစေသတည်း၊ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကိုဖွားစေသတည်း"

ဟု မိန့်ကြားတော်မူလိုက်ရာ ထိုခဏမှာပင် သုပ္ပဝါသမင်းသမီးသည် သားတော်ကိုချမ်းသာစွာမွေးဖွားလေသည်။

www.dhammaransi.com



နန်းတွင်းတစ်ခုလုံး မင်းသမီးကိုသေပြီဟု ထင်ထားရာမှ သားတော်လေးချမ်းသာစွာဖွားပြီး အသက်ရှင်လာ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ဘုရားထံသို့သွားသော ကောလိယမင်းသားထံသို့လိုက်စေပြီး သားဖွားကြောင်း သတင်းစကားပို့စေသည်။

ကောလိယမင်းသားသည် ချက်ချင်းပြန်လာပြီး မင်းသမီးနှင့်သားထံသို့ဝင်တွေ့ကာ ဘုရားရှင်မိန့်ကြားသော စကားကို မင်းသမီးအားပြောပြသည်။

သုပ္ပဝါသမင်းသမီးက-"အရှင့်သား ပင့်ဖိတ်အပ်သောအသက်ရှင်ဆွမ်းသည်ပင် မင်္ဂလာဆွမ်းဖြစ်ပါသည်၊တစ်ဖန်ပြန်သွားပါဦး၊(၇)ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးကြွရန် ဘုရားရှင်ကိုပင့်ဖိတ်ပေးပါဦး" ဟုပြောသည်။

ကောလိယမင်းသားသည် မင်းသမီးဆိုတိုင်းပြုလုပ်ပေးသည်၊ထိုမင်းသား၊မင်းသမီးတို့သည် (၇)ရက်ပတ်လုံး ကြီးစွာသောအလှူဒါနကို ပြုလုပ်ကြလေသည်။

သူငယ်သည် ခပ်သိမ်းသောဆွေမျိုးတို့၏ ပူပင်သောကစိတ်ကို ငြိမ်းအေးစေလျက် ဖွားမြင်သန့်စင်သောကြောင့် သီဝလိသူငယ် ဟု အမည်ပေးကြသည်။

သီဝလိသည် ခုနစ်နှစ်ကြာ အမိဝမ်း၌နေခဲ့သောကြောင့် ဖွားမြင်ပြီးသောအချိန်မှစ၍ (၇)နှစ်အရွယ်ကလေး

www.dhammaransi.com



သူငယ်ကဲ့သို့ ပြောနိုင်-ဆိုနိုင်-လုပ်နိုင်လေသည်၊သို့အတွက် (၇)ရက်အလှူတွင် သီဝလိသူငယ်သည် ရေစစ်ကိုယူကာ သံဃာတော်များအားရေကိုစစ်၍ ဆက်ကပ်လှူဒါန်းလေသည်။

(၇)ရက်မြောက်သောနေ့တွင် ရှင်သာရိပုတ္တရာက ရှင်သီဝလိသူငယ်ကို-

"သီဝလိ---သင်သည် ဤသို့သောသဘောရှိသော ဆင်းရဲဒုက္ခကို ခံစားရပြီးလျှင် ရှင်ရဟန်းပြု၍ မသင့်လျော်ဘူးလော"

ဟု မေးပြန်သည်။

"အရှင်ဘုရား တပည့်တော်၏မိဘထံမှ ရှင်ရဟန်းပြုခွင့်ရလျှင် ရှင်ရဟန်းပြုလိုပါသည်"

ဟု ပြန်လျှောက်ထားသည်။

ရှင်သာရိပုတ္တရာနှင့် ရင်းရင်းနှီးနှီးစကားပြောနေသော သားကိုမိခင်ကမြင်၍ ရှင်သာရိပုတ္တရာကို အဘယ်စကားဖြင့် သားနှင့်ရင်းနှီးစွာပြောဆိုနေပါသလဲ ဘုရား'ဟု မေးလျှောက်သည်ကို ရှင်သာရိပုတ္တရာက -

"မိမိခံစားခဲ့ရသော အမိဝမ်းခေါင်းကိန်းအောင်းရသည့်ဆင်းရဲကိုပြောပြ၍ သင်မိဘတို့က ခွင့်ပြုက ရှင်ရဟန်းပြုလိုကြောင်းပြောပြနေပါသည် ဟုမိန့်ကြားသည်။

www.dhammaransi.com



ထိုအခါ သုပ္ပဝါသမင်းသမီးက "ကောင်းပါပြီအရှင်ဘုရား၊ ရှင်ရဟန်းပြုပေးကြပါ "ဟုခွင့်ပြုစကားလျှောက်ထားလေသည်။

ထိုအခါ မထေရ်မြတ်သည် ရှင်သီဝလိသတို့သားကို ကျောင်းသို့ခေါ်သွားပြီး တစပဉ္စကကမ္မဋ္ဌာန်းကိုပေးပြီးလျှင် ရှင်ပြုပေးသည်။

"သီဝလိ သင့်ကိုတစ်ခြားဩဝါဒပေးစရာမလို သင်မိခင်ဝမ်း၌ (၇)နှစ်ခံစားရသောဆင်းရဲကိုသာ ဆင်ခြင်ပါလေ" ဟု မိန့်တော်မူသည်။

သီဝလိသူငယ်သည် ပထမဆံပင်ကိုရိတ်ချလိုက်သောခဏမှာပင် သောတာပတ္တိဖိုလ်၌တည်လေသည်၊ဒုတိယဆံပင်ကိုရိတ်သောအခါ သကဒါဂါမိ၊တတိယဆံပင်တော်ကိုရိတ်သောအခါ အနာဂါမိဖိုလ်တည်ပြီးလျှင် အားလုံးသောဆံကိုရိတ်ပြီးသောအခါ အရဟတ္တဖိုလ်တည်လေသည်။

သီဝလိသူငယ်ကို ရှင်ရဟန်းပြုသောနေ့မှစ၍ ရဟန်းသံဃာအား ဆွမ်းသင်္ကန်း၊ကျောင်းဆေးပစ္စည်းလေးပါးတို့သည် အလိုရှိတိုင်းဖြစ်ပေါ်၍ ပေါများလှပေသည်။

*********

www.dhammaransi.com



# ရဟန်းခြောက်ကျိပ်သာသနာပြုစေလွှတ်ခြင်း

မြတ်စွာဘုရားသည်ဘုရားဖြစ်ပြီးနောက် ပဥ္စမဝါကို ကြာသိပတနေ့မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၍ မိဂဒါဝုန်တော၌ သီတင်းကျွတ်လပြည့်နေ့တိုင်အောင်နေတော်မူရာ တစ်နေ့သ၌ မြတ်စွာဘုရားသည် ခြောက်ကျိပ်သောရဟန္တာအရှင်မြတ်တို့ကို ခေါ်တော်မူပြီးလျှင်-

"ရဟန်းတို့-ငါဘုရားသည် နတ်တို့အာရုံကာမဂုဏ်၌ မှီသော တဏှာလောဘကျော့ကွင်း၊ လူတို့အာရုံကာမဂုဏ်၌ မှီသောတဏှာကျော့ကွင်း ဤတဏှာလောဘကျော့ကွင်းအလုံးစုံတို့မှ ကင်းရှင်းလွတ်မြောက်ခဲ့လေပြီ၊ရဟန်းတို့-သင်တို့သည်လည်း နတ်တို့အာရုံ ကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း၊ လူတို့အာရုံ ကာမ ဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း ဤတဏှာလောဘကိလေသာကျော့ကွင်းအလုံးစုံတို့မှ ကင်းရှင်းလွတ်မြောက်ကြလေပြီ၊

ရဟန်းတို့-သင်တို့သည် မြောက်မြားလှစွာသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ လောကီ-လောကုတ္တရာချမ်းသာစီးပွားကောင်းကျိုးတရားဖြစ်ပွားရန် အရပ်ရှစ်မျက်နှာဒေသစာရီလှည့်လှည်သောအားဖြင့် (တစ်နေ့လျှင် တစ်ယူဇနာအလွန်ဆုံးထား၍)သွားကြကုန်လော့၊(လမ်းတစ်ကြောင်း၌

www.dhammaransi.com



ရဟန်းနှစ်ပါးပေါင်း၍သွားခဲ့သော် တစ်ပါးက တရားဟော လျှင် ကျန်တစ်ပါးအလုပ်မရှိ ဆိတ်ဆိတ်သာထိုင်နေရမည် ဖြစ်သောကြောင့်)လမ်းတစ်ကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်၊

ရဟန်းတို့-သင်တို့သည်အစ၊အလယ်၊အဆုံးသုံးပါး အစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံလျက် အနက်နှင့်လည်းပြည့် စုံ၊သဒ္ဒါပုဒ်ပါဠိအက္ခရာနှင့်လည်းပြည့်စုံသောတရားကို ဟော ကြားကြကုန်လော့၊အပိုအလိုမရှိ ထက်ဝန်းကျင်ပြည့်စုံသော စရိုက်အညစ်အကြေးမှကင်းဝေးစင်ကြယ်သော သီလ၊သမာ ဓိ၊ပညာသုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သော အကျင့်ကိုနတ်လူတို့အား ထင်ရှားပြကြကုန်လော့၊

ရဟန်းတို့-ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်းပါးကုန်သော လူနတ်ပြဟ္မာသတ္တဝါတို့သည် များစွာရှိကြ ကုန်၏၊ထိုသူတို့သည် တရားတော်ကိုမကြားရလျှင် မဂ်ဖိုလ် တရားထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြပေလိမ့်မည်၊ ထို့ကြောင့် တရားအချက်သဘောအနက်ကို ပြတ်ပြတ်ထင်ထင် နား လည် သိမြင်ကြမည့်နတ်လူတို့သည်လည်း အထင်အရှား ပေါ်ပေါက်လာကြလိမ့်မည်၊

ရဟန်းတို့-ငါဘုရားသည်လည်း (ဤမိဂဒါဝုန်တော မှာပင်ကျောင်းကန်ပရဝုဏ်ကောင်းများကို ဆောက်လုပ်စေ

www.dhammaransi.com




ရဟန်းခြောက်ကျိပ်သာသနာပြုစေလွှတ်ခြင်း

www.dhammaransi.com



ကာ အလုပ်အကျွေးဒါယကာတို့ပစ္စည်းလေးပါးဖြင့်အပြုအစု အယုအယကိုခံယူကာ နေလိမ့်မည်မဟုတ်၊စင်စစ်သော်ကား ရသေ့ညီနောင်ရှင်တစ်ထောင်တို့ကို ချွတ်ရန်တရားဟောရန် အလို့ငှာ ဥရုဝေဠတောအုပ်ရှိရာ သေနနိဂုံးသို့ သွားအံ့" ဟူ၍ သာသနာပြုစေလွှတ်စကားမိန့်ကြားတော်မူလေသည်။

ထို့နောက် ဘုရားရှင်ကိုယ်တိုင် ဥရုဝေဠတောအုပ်နေ ရသေ့တစ်ထောင်တို့ကို တရားဟောပြီး ရဟန်းပြုစေခဲ့သည်။

*********

www.dhammaransi.com



# သားတော်ရာဟုလာအမွေတောင်းခန်း

မြတ်စွာဘုရားရှင်သည် ညီတော်မင်းနန်ကို ရဟန်းပြုပြီး ခုနစ်ရက်မြောက်သောနေ့၌ ရဟန္တာနှစ်သောင်းခြံရံလျက်ခမည်းတော်မင်းကြီး၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်။

ထိုအခါ ယသော်ဓရာဒေဝီသည် ခုနစ်နှစ်အရွယ်ရှိ သားတော်ရာဟုလာကို လှပတင့်တယ်စွာတန်ဆာဆင်၍-

"ချစ်သား ရဟန်းတော်အရှင်မြတ်ပေါင်းနှစ်သောင်း ခြံရံလျက် ရွှေအဆင်းကဲ့သို့အဆင်းရှိသည်ဖြစ်၍ ဗြဟ္မာမင်းနှင့်အတူ ဖြောင့်စင်းသောကိုယ်ရှိတော်မူသော ထိုရဟန်းမြတ်ကြီးကို ချစ်သားကြည့်ရှုစမ်းပါ၊ ဤအရှင်မြတ်သည်ကား သင်ချစ်သား၏ခမည်းတော်ကြီးဖြစ်ပေသည်၊ဤသားမောင် ဖခင်အရှင်မြတ်ကြီးအား တောထွက်၍ရှင်ရဟန်းမပြုမီက ဧလေ၊ ဥပ္ပလ၊ ပုဏ္ဍရိကအသီးသီးအမည်ရှိသော ရွှေအိုးကြီးလေးလုံးရှိကြသည်၊ထိုရွှေအိုးကြီးလေးလုံးတို့ကို သားမောင်ဖခင် တောထွက်၍ ရဟန်းပြုသွားသောအချိန်မှစ၍ ယခုတိုင်ပင်မွေးမိခင် မမြင်ရတော့ပါ၊

ချစ်သား-သားမောင်ဖခင် အရှင်မြတ်ထံသို့သွားပြီးလျှင်ခမည်းတော်ဘုရား-အကျွန်ုပ်ကား ပျိုမျစ်နုနယ်ငယ်ရွယ်



သားတော်ရာဟုလာအမွေတောင်းခန်း



www.dhammaransi.com

www.dhammaransi.com



သူမင်းသားဖြစ်ပါသည်၊ သားတော်သည် မုဒ္ဒါဘိသေက ဘိသိက်သွန်း၍ လေးကျွန်းသနင်းစကြာမင်းဖြစ်ရပါလိမ့်မည်၊သားတော်သည် မင်းတို့ရှိအပ်ဥစ္စာရတနာကိုအလိုရှိပါသည်၊ အကျွန်ုပ်အား ခမည်းတော်၏ဥစ္စာဖြစ်သော ရွှေအိုးကြီးလေးလုံးကို ပေးတော်မူပါလော့-သားဖြစ်သူသည်ဖခင်၏အမွေကို ပိုင်ဆိုင်ခံရသူဖြစ်ပါသည် ဟုပြော၍ အမွေကို တောင်းခံပါလေ"

ဟု သင်ကြားပြီးလျှင် သားတော်ရာဟုလာကို ဘုရားထံသို့ စေလွှတ်လေသည်။

ရာဟုလာသည် ဘုရားရှင်၏အနီးသို့သွားပြီးလျှင် ဖခင်ဟူသောချစ်ခြင်းကိုရရှိကာ လွန်စွာရွှင်လန်းဝမ်းမြောက်သောစိတ်ရှိလျက်-

"ဖခင်ရဟန်းမြတ်ဘုရား-အရှင်ဘုရား၏အရိပ်သည် အလွန်ပင်အေးမြချမ်းသာလှပါသည်ဘုရား"

ဟုလျှောက်ထားပြီး ထိုမှတစ်ပါး တီတီတာတာ များစွာသော စကားတို့ကိုပြောကြားလျက် ဘုရားရှင်အနီး၌နေလေသည်။

ဘုရားရှင်သည်ဆွမ်းဘုဉ်းပေးပြီးသော် ဆွမ်းအနုမောဒနာတရားဟောကြားပြီး နိဂြောဓာရုံကျောင်းသို့ ပြန်ကြွတော်မူသည်၊ရာဟုလာမင်းသားသည် ဘုရားရှင်နောက်သို့လိုက်ကာ-

"ခမည်းတော်အရှင်မြတ်၊ကျွန်ုပ်အားအမွေဥစ္စာကို

www.dhammaransi.com



ပေးပါလော့"

ဟု တတွတ်တွတ်လျှောက်ထားပြီး သင်္ကန်းစကိုဆွဲကာလိုက်ပါလာလေသည်၊ဘုရားရှင်က-ချစ်သားရာဟုလာပြန်တော့-ဟု မမိန့်ကြားဘဲခေါ်သွားသည်။

မင်းချင်းများကလည်း အဘနောက်သားလိုက်သည်ဟူသောသဘောဖြင့် မတားမြစ်ကြချေ၊ဤသို့ဖြင့် ရာဟုလာသည် နိဂြောဓာရုံကျောင်းသို့ရောက်သွားသည်။

"ဤရာဟုလာမင်းသားကား အဖ၏ဥစ္စာဖြစ်သောအမွေအနှစ်ကိုရယူလို၏၊ဤလောကီဥစ္စာအနှစ်ဟူသည်မှာ ဝဋ်ဆင်းရဲသောစာရင်းအပါအဝင်ဖြစ်၍ လွန်စွာဆင်းရဲတို့ကိုသာဖြစ်ချေ၏၊ငါဘုရားသည် သားတော်ရာဟုလာကိုလောကုတ္တရာအမွေပေးတော်မူအံ့"

ဟု ကြံစည်တော်မူပြီး ရှင်သာရိပုတ္တရာကိုခေါ်တော်မူကာ-

"သာရိပုတ္တရာ ရာဟုလာမင်းသားသည် ငါဘုရားထံအမွေတောင်းခံလာသည်၊သင်ချစ်သားသည် ရာဟုလာကိုရှင်သာမဏေပြုပေးပါလော့"

ဟုမိန့်ကြားတော်မူရာ ရှင်သာရိပုတ္တရာသည် ရာဟုလာကိုခေါ်ကာ မိမိကိုယ်တိုင်ဥပဇ္ဈာယ်ပြုပြီးလျှင် ရှင်မောဂ္ဂလာန်ကိုဆံချစေပြီး အရှင်မဟာကဿပကိုသြဝါဒပေးစေကာ ရှင်သာမဏေပြုပေးတော်မူလိုက်သည်။

*********

www.dhammaransi.com



# ရသေ့ညီနောင်ရှင်တစ်ထောင်ချွတ်တော်မူခြင်း

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့ကို အောက်မဂ်အောက်ဖိုလ်သုံးပါးတို့၌ တည်စေကာ ရဟန်းအဖြစ်သို့ရောက်စေပြီးနောက် ဥရုဝေဠတောအုပ်သို့ဒေသစာရီကြွချီတော်မူသည်။

ဥရုဝေဠတောအုပ်ဝယ် တပည့်ငါးရာတို့၏ဆရာကြီးဖြစ်သော ဥရုဝေဠကဿပ၊တပည့်ရသေ့သုံးရာတို့၏ဆရာဖြစ်သော ညီလတ်နဒီကဿပ၊တပည့်ရသေ့နှစ်ရာတို့၏ဆရာဖြစ်သော ညီငယ်ဂယာကဿပ ဟူသောညီနောင်သုံးဦးတို့နေထိုင်ကြသည်။

ဘုရားရှင်သည် ဥရုဝေဠကဿပရသေ့၏ကျောင်းသခ်ိန်းသို့ကြွရောက်ပြီးလျှင်-

"သင့်အား အကယ်၍ ဝန်မလေးပါလျှင် သင့်မီးတင်းကုတ်၌ ယနေ့တစ်ညတာမျှ သီတင်းသုံးနေထိုင်လိုပါသည်" ဟု ခွင့်ပန်စကားမိန့်ကြားသည်။

"ရဟန်းကြီး-ကျွန်ုပ်အတွက်ဝန်မလေးပါ၊အထူးပြောလိုသည်က ဤမီးတင်းကုပ်၌ ကြမ်းတမ်းပြီး တန်ခိုးကြီးလှကာထက်မြက်လျင်မြန်ပြင်းထန်သော အဆိပ်ရှိသောနဂါးမင်းရှိသည်၊ထိုနဂါးမင်းကြီးက သင်ရဟန်းကို မညှင်းပန်းမနှိပ်စက်

www.dhammaransi.com



စေချင်ပါ”

ဟု ရသေ့ကြီးက မေတ္တာကရုဏာထားပြီးမီးတင်းကုပ်၌ မနေရန် တားမြစ်ပြောကြားသည်။

ဘုရားရှင်က သုံးကြိမ်ခွင့်ပန်သည်၊သုံးကြိမ်စလုံး ရသေ့ကြီးကတားမြစ်သည်၊လေးကြိမ်မြောက်တွင် ဘုရားရှင်က-

“ကဿပ နဂါးမင်းကငါဘုရားကိုညှင်းပန်းနှိပ်စက်မှုကောန်မပြုနိုင်ပါ။သင်ကသာငါ့ကိုမီးတင်းကုပ်၌ နေထိုင်ခွင့်ပြုစေလိုပါသည်”

ဟု မိန့်ကြားသည်။ထိုအခါ ဥရုဝေဠကဿပက-

“ရဟန်းကြီး-အလိုရှိတိုင်း ချမ်းသာစွာနေထိုင်ပါလော့”

ဟု ခွင့်ပြုလေသည်။

ဥရုဝေဠကဿပခွင့်ပြုသောအခါ ဘုရားရှင်သည် မီးတင်းကုပ်သို့ဝင်၍ မြက်ဖျာကိုခင်းကာ တင်ပလ္လင်ခွေထိုင်ပြီးလျှင် ကမ္မဋ္ဌာန်းကိုအာရုံပြုလျက် ထိုင်နေတော်မူသည်။

နဂါးသည်ဘုရားရှင်ဝင်လာသည်ကိုမြင်လျှင် အလွန်ပင်စိတ်ဆိုးလှ၍ ဘုရားရှင်ကိုဖွဲပြာအလား မုန့်မုန့်ညက်ညက်ကြေစေရန် အခိုးတလူလူလွှတ်လေသည်။

“ငါကား၌နဂါး၏အရေထူအရေပါး အသားအကြောအရိုး-ရိုးတွင်းချဉ်ဆီများကိုမထိပါးမနာကျင်စေမူ၍ သူ၏

www.dhammaransi.com

(ဃ) ၆၃၀



ရသေ့ညီနောင်ရှင်တစ်ထောင်ချွတ်တော်မူခန်း

www.dhammaransi.com



တန်ခိုးကိုငါဘုရား၏တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်းခန်းစေရမူ ကောင်းလေစွ"

ဟု အကြံဖြစ်တော်မူပြီးလျှင် နဂါးမင်း၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ မထိပါးမနာကျင်စေရန် တန်ခိုးတော်ကိုပြုလုပ်ဖန်ဆင်း၍နဂါးမင်းလွှတ်သောတန်ခိုးထက် သာလွန်ပြင်းထန်သောအခိုးကို လွှတ်တော်မူသည်။

နဂါးမင်းသည်မိမိအမျက်ကို မအောင့်အည်းနိုင်ရကား မီးတောက်မီးလျှံများကို လွှတ်လေသည်။

မြတ်စွာဘုရားသည် တေဇောကသိုဏ်းကိုအာရုံပြုသောစျာန်ကိုဝင်စား၍ ထိုထက်ကြီးမားပြင်းထန်သော မီးတောက်မီးလျှံများကို လွှတ်တော်မူလေသည်။

ဘုရားရှင်နှင့်နဂါးနှစ်ဦးတို့၏ ကြီးမားသောမီးတောက်မီးလျှံများကြောင့် မီးတင်းကုပ်တစ်ခုလုံး မီးဟုန်းဟုန်းတောက်လုမတတ်ရှိလေသည်။

ထိုအခါ ဉရုဝေဠကဿပဆရာကြီးအမှူးရှိသောရသေ့အပေါင်းတို့သည်မီးတင်းကုပ်သို့ချဉ်းကပ်ဝိုင်းအုံကြလျက်

"အချင်းတို့ အလွန်အမင်းအဆင်းလှသောရဟန်းကြီးကိုနဂါးမင်းသည် ညှဉ်းပန်းနှိပ်စက်အပ်ပါပေါ့တကား"

ဟုစိုးရိမ်စကားပြောကြားကုန်သည်။

ဘုရားရှင်သည် နဂါးမင်းကိုတစ်ညလုံးနဂါး၏ကိုယ်

www.dhammaransi.com



အင်္ဂါကိုမထိပါးစေဘဲ နဂါးမင်း၏တန်ခိုးကို အုပ်မိုးပြီးလျှင် နံနက်မိုးသောက်သော် နဂါးမင်းကိုသပိတ်ထဲ၌ထည့်ကာ-

"ကဿပ ဤကားသင်ပြောသောနဂါးပေတည်း၊ထို နဂါး၏တန်ခိုးကိုငါဘုရား၏တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်းကုန်ခန်း စေပြီ"

ဟုမိန့်ကြားပြောကာရသေ့ကြီးအား နဂါးကိုပြလေသည်။

"ရဟန်းကြီးသည် တန်ခိုးပြင်းထန်လျင်မြန်သော အဆိပ်ရှိသောနဂါးမင်း၏တန်ခိုးကိုမိမိ၏တန်ခိုးဖြင့် အုပ်မိုး ဖိလွှမ်းစေနိုင်ရကား၊ကြီးမားသောတန်ခိုးအာနုဘော်ရှိသည် ကားမှန်၏၊ သို့သော် ငါ့လိုတော့ အာသဝေါကုန်ခန်းသော ရဟန္တာမဖြစ်သေး"

ဟု အကြံဖြစ်သည်။

ရသေ့ကြီးသည် ဘုရားရှင်၏တန်ခိုးကိုကြည်ညိုလှ သဖြင့်ဤအရပ်တွင်သီတင်းသုံးနေရန်နှင့် မိမိကနေ့စဉ်ဆွမ်း ကပ်မည့်အကြောင်း လျှောက်ထားသည်။

ဘုရားရှင်သည် ရသေ့ကြီးကိုတန်ခိုးအကြိမ်ပေါင်း (၁၂)ကြိမ်တိတိပြခဲ့သော်လည်း တန်ခိုးသာကြီးသည်၊ငါ့လို ရဟန္တာမဟုတ်သေးဟု ကြံစည်နေခဲ့သည်။

ဘုရားရှင်က ရသေ့ကြီးဉာဏ်မရင့်သေး၍ သုံးလ ကြာသီတင်းသုံးပြီး တန်ခိုးတစ်ခုပြီးတစ်ခုပြသခဲ့သည်။

www.dhammaransi.com



နောက်ဆုံးတွင် ဘုရားရှင်က ရသေ့ကြီးကို-

"သင်သည် အာသဝေါကုန်ခန်းရဟန္တာလည်း မဟုတ်ချေ၊အရဟတ္တမဂ်ဆိုက်ရောက်သူလည်းမဟုတ်ချေ၊ဆိုက်ရန်မဆိုထားဘဲ အရဟတ္တမဂ်ဖိုလ်ဆိုက်ရန် အကျင့်မှန်လည်း အနုမြူမျှမရှိချေ"

ဟု ဖွင့်ပြောလိုက်မှ ရသေ့ကြီးအသိတရားဝင်ပြီး ဘုရားရှင်၏ခြေတော်စုံကိုဦးခိုက်ရှိခိုးကာ ရှင်ရဟန်းပြုခွင့်တောင်းလေသည်။

ဘုရားရှင်က ရသေ့ကြီးကို မိမိ၏တပည့်များထံဦးစွာ အကျိုးအကြောင်းပြောစေပြီး ခွင့်ပန်စေသည်၊ထို့နောက် တပည့်များပါအားလုံးသဘောတူမှ ရဟန်းပြုခွင့်ပေးတော်မူသည်။အားလုံးမှာ ဧဟိဘိက္ခု ရဟန္တာများဖြစ်ကြသည်။

အလားတူပင် ညီလတ် နဒီကဿပနှင့်ညီငယ် ဂယာဿပနှင့်တပည့်နှစ်ရာတို့လည်း ဘုရားထံရောက်လာကြကာ ဧဟိဘိက္ခုရဟန်းဖြစ်ကြပြီး ရဟန္တာဖြစ်ကြလေသည်။

*********

www.dhammaransi.com



# သုဝဏ္ဏသာမဇာတ်တော်ကြီးဟောခန်း

ဟာရာဏသီပြည်အနီး မြစ်၏ဟိုမှာဘက်ကမ်း-သည်မှာဘက်ကမ်းတို့၌ တံငါရွာကြီးနှစ်ရွာရှိသည်၊ ထိုရွာများမှ အကြီးအကဲနှစ်ဦးသည် အဆွေခင်ပွန်းများဖြစ်ကြပြီး တစ်ယောက်ကသားမွေး၊ တစ်ယောက်က သမီးမွေးလာ၍ ကြီးလာလျှင် ပေးစားရန် သဘောတူထားကြသည်။

နောင်သောအခါ သည်မှာဘက်ကမ်းတံငါရွာမှ သားယောကျ်ားလေးမွေးပြီးမွေးစဉ် ဘွဲ့ဖြူပုဆိုးခံသောကြောင့် 'ဒုကုလ' ဟုအမည်ပေးသည်၊ဟိုမှာဘက်ကမ်းတံငါရွာသူကြီးမှ သမီးလေးတစ်ယောက်မွေးသည်၊ 'ပါရိကာ' ဟုအမည်ပေးကြသည်။

ဒုကုလနှင့်ပါရိကာတို့သည် အရွယ်ရောက်လတ်သော် မိဘတို့ကကတိရှိကြ၍ ပေးစားရန်စီမံသော်လည်း သူတို့နှစ်ဦးသည်ဗြဟ္မာပြည်မှလာသူများဖြစ်ကြ၍ ကာမဂုဏ်ကိုအလိုမရှိကြချေ၊သို့သော် မိဘတို့က အတင်းအဓမ္မပေးစားကြ၍ လက်ထပ်ကြရသည်။

သူတို့နှစ်ဦးသည် လက်ထပ်ပြီးကြသော်လည်း ကာမဂုဏ်စိတ်မရှိကြ၍ မောင်နှမကဲ့သို့ပင်နေသည်၊ဒုကုလ၏ မိဘတို့ကလက်ထပ်ပြီးဖြစ်၍ မိဘတို့ရိုးရာတံငါအလုပ်ကိုလုပ်ရန်



သုဝဏ္ဏသာမဇာတ်တော်ကြီးဟောခန်း

www.dhammaransi.com



ပြောသည်၊ဒုကုလကသူ့အသက်မသတ်လို ရသေ့ရဟန်းသာ ပြုလိုသည်ဟု ခွင့်ပန်သောအခါမိဘတို့ကခွင့်ပြုသဖြင့် ဒုကုလ နှင့်ပါရိကာတို့သည် ရွာမှထွက်ကာ ဟိမဝန္တာတောရှိ မိဂနမ္မ ဒါမြစ်အနီး၌သိကြားမင်းဖန်ဆင်းပေးသောကျောင်းသင်္ခမ်း တွင် ရသေ့ရဟန်းပြုနေပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများ လျက်နေကြသည်၊သူတို့၏မေတ္တာကြောင့် ပတ်ဝန်းကျင်ရှိ သတ္တဝါတို့သည်အချင်းချင်းမေတ္တာရှိကြလေသည်။

ဒုကုလနှင့်ပါရိကာတို့သည် သစ်သီးအလို့ငှာ အတူ တူထွက်ကြပြီးပြန်ရောက်၍စားသောက်ပြီးသောအခါ ကိုယ့် ကျောင်းကိုယ်ပြန်ပြီး မေတ္တာဘာဝနာပွားကြသည်၊ သိကြား မင်းသည် ဒုကုလနှင့်ပါရိကာတို့ထံ မကြာခဏလာရောက် ဆည်းကပ်ခစားလေ့ရှိသည်။

သိကြားမင်းသည် ဒုကုလနှင့်ပါရိကာတို့၏နောင်ရေး ကိုစဉ်းစားကြည့်သည်၊ဒုကုလနှင့်ပါရိကာတို့သည် အတိတ် ဘဝကဆေးဆရာလင်မယားဖြစ်ခဲ့ကြပြီး မျက်စိကုသရာတွင် ဆေးဘိုးဝါးခမရ၍ လင်မယားနှစ်ယောက်တိုင်ပင်ပြီး ချက်စိ ကန်းအောင်ပြုလုပ်ခဲ့သော ဝဋ်ကြွေးကြောင့် ယခုဘဝတွင် မျက်စိကန်းမည်ကိုသိသည်။

သို့အတွက် သိကြားမင်းက ဒုကုလနှင့်ပါရိကာတို့ကို ပြုစုလုပ်ကျွေးရန် သားသမီးတစ်ယောက်ရရန် ကာမဂုဏ်မှိုဲ

www.dhammaransi.com



ရန်ပြောသည်၊ရသေ့နှစ်ဦးကလည်း ခါးခါးသီးသီးပင်ငြင်းဆို ကြလေသည်။

ထိုအခါသိကြားမင်းက ပါရိကာဥတုလာသောအခါ ဒုကုလက ချက်ကိုလက်နှင့်သုံးသပ်ပါက သားမွေးဖွားပါမည်၊ ထိုသားကပြုစုပါလိမ့်မည် ဟုပြောသောအခါ သဘောတူ သည်၊ သို့အတွက် ပါရိကာဥတုလာသောအခါ ဒုကုလလက် နှင့်ချက်ကိုသုံးသပ်ရာ ကိုယ်ဝန်ရှိပြီးဆယ်လစေ့သော် ရွှေ အဆင်းရှိသောသားကိုမွေးဖွားသည်၊ ရွှေအဆင်းရှိသော ကြောင့်ထိုသားကို- "သုဝဏ္ဏသာမ" ဟုအမည်ပေးကြလေ သည်။

ဒုကုလ-ပါရိကာတို့ သစ်သီးရှာဖွေသွားသောအခါ သားလေးကို ကိန္နရီမတို့က ထိန်းသိမ်းပေးကြသည်၊ နို့တိုက် ကျွေးကြသည်။

သုဝဏ္ဏသာမသတို့သားအသက်(၁၆)နှစ်သို့ ရောက် သော် ရသေ့ပြုလေသည်၊သုဝဏ္ဏသာမကို သစ်သီးရှာဖွေမှု မပြုခိုင်းကြချေ၊သုဝဏ္ဏသာမသည် မိမိ၏မိဘတို့ အန္တရာယ် တစ်စုံတစ်ရာတွေ့က လိုက်လံကယ်ဆယ်နိုင်ရန် မိဘတို့၏ သစ်သီးရှာသွားရာလမ်းကိုမှတ်သားထားလေ့ရှိသည်။

တစ်နေ့သောအခါ ဒုကုလနှင့်ပါရိကာတို့သည် သစ် သီးရှာအပြန် မိုးသည်းစွာရွာသဖြင့် သစ်ပင်အောက်ရှိ တောင်

www.dhammaransi.com



ပို့တစ်ခုပေါ်သို့တက်ပြီး မိုးခိုသည်၊သူတို့တွင် ရွဲစိုသောရေတို့က တောင်ပို့ရှိနဂါးရှိရာအပေါက်သို့စီးဝင်သည်၊နဂါးသည် စိတ်ဆိုး၍နှာခေါင်းလေမှုတ်လိုက်ရာ နှစ်ဦးလုံးသည် မြွေဆိပ်သင့်ပြီး မျက်စိကွယ်ကြလေသည်။

သုဝဏ္ဏသာမသည် မိဘနှစ်ပါးပြန်ရောက်ချိန်မှာ မရောက်သော် မိဘတို့နောက်သို့တကြော်ကြော်ခေါ်၍ လိုက်သည်၊မိဘတို့မျက်စိကွယ်ရာပတ်ဝန်းကျင်ရောက်သော်မိဘတို့ကသုဝဏ္ဏသာမ၏အသံကိုကြား၍ သား-ဤနေရာမလာနှင့်၊အန္တရာယ်ရှိသည် ဟုပြောကြသည်၊သုဝဏ္ဏသာမသည် နွယ်ရှည်တစ်ခုကိုလှမ်းပစ်ပေးပြီး မိဘတို့ကိုသစ်ပင်အောက်မှ ခေါ်ယူသည်၊အကျိုးအကြောင်းဖြစ်စဉ်ကို မိဘတို့က ပြောပြကြသည်။

သုဝဏ္ဏသာမသည် မိဘတို့၏ဖြစ်စဉ်ကိုသိသောအခါ ဝမ်းနည်းသဖြင့်ငိုကြွေးသည်၊ထို့နောက် ရယ်ပြန်သည်၊မိဘတို့ကအကြောင်းကိုမေးသောအခါ မိဘတို့ငယ်ရွယ်စဉ်မှာပင် မျက်စိကွယ်သဖြင့် ဝမ်းနည်းသောကြောင့်ငိုပါသည်၊ယခု မိဘတို့ကိုပြန်လည်လုပ်ကျွေးခွင့်ရသဖြင့်ဝမ်းမြောက်သဖြင့် ရယ်ပါသည် ဟုပြောပြသည်။

သုဝဏ္ဏသာမသည် မိဘတို့ကို မိမိလုပ်ကျွေးမည်ဟု နှစ်သိမ့်ပြီး မိမိကိုယ်တိုင်သစ်သီးရှာဖွေကျွေးမွေးခြင်း၊ သမင်

www.dhammaransi.com



အပေါင်းခြံရံလျက် နေ့-ညရေခပ်ခြင်း၊မိဘတို့ကိုရေချိုးပေးခြင်း စသည်တို့ကို ပြုလုပ်ပေးသည်။

တစ်နေ့တွင် ဗာရဏသီပြည့်ရှင် ပိဠိယက္ခမင်းကြီးသည် သမင်သားအလို့ငှာ တောကစားထွက်ရင်း ထိုအရပ်သို့ရောက်လာသည်၊ သမင်အပေါင်းခြံရံလျက်ရေခပ်ထွက်လာသော သုဝဏ္ဏသာမကိုမြင်သော် လူလော-နတ်လော-သမင်လော ဟုမခွဲခြားနိုင်၍ သိလိုသဖြင့် လေးနှင့်ပစ်လေသည်။

သုဝဏ္ဏသာမသည်ငါ့အားရန်သူမရှိ၊ ငါ့မိဘလည်းရန်သူမရှိ၊ငါ့အသားလည်း မစားကောင်းပါဘဲလျက်ငါ့မေတ္တာဘာဝနာမေ့စဉ် အဘယ်သူသည်ငါ့ကိုမြှားဖြင့်ပစ်ဘိသနည်းဟု မြည်တမ်းဆိုလျက် မိဘတို့ဘက်သို့ ဦးခေါင်းလည်ပြီးသဲသောင်ပြင်တွင် လဲကျလေသည်။

ပိဠိယက္ခသည် သုဝဏ္ဏသာမ၏မြည်တမ်းသံကိုကြားသော် ဤသူသည်ငါမြှားနှင့်ပစ်သည်ကိုစိတ်မဆိုး၊မဆဲရေးချစ်ဖွယ်စကားကိုသာဆိုဘိ၏ ဟုစဉ်းစားပြီး သုဝဏ္ဏသာမအနားသို့ကပ်သွားကာ မိမိ၏အမည်ကိုပြောပြီး သုဝဏ္ဏသာမ၏အမည်၊မိဘအမျိုးအနွယ်တို့ကိုမေးသည်။

သုဝဏ္ဏသာမသည် မိမိ၏အမည်၊မိဘအမျိုးအနွယ်တို့ကိုပြောပြပြီးမိဘနှစ်ပါး မျက်စိကွယ်နေသောကြောင့်သူတို့အတွက်စိုးရိမ်စိတ်ဖြစ်ကြောင်း ပြောပြသည်။

www.dhammaransi.com



ပိဋိယက္ခမင်းက သုဝဏ္ဏသာမကိုနှစ်သိမ့်ပြီး မိဘတို့ကိုသူပင်လုပ်ကျွေးပါမည်ဟု အာမခံသည်၊မိဘတို့ရှိရာကို လမ်းညွှန်ခိုင်း၍ သုဝဏ္ဏသာမက မိဘတို့ရှိရာသို့လမ်းညွှန်ပေးသည်။

ပိဋိယက္ခမင်းသည် သုဝဏ္ဏသာမ မိဘများထံသို့ သွားပြီး မိမိကိုယ်ကိုမိတ်ဆက်၊ဘာ ဖြစ်ကြောင်းကုန်စင်ပြောပြသည်။

ထိုအခါ မိဘနှစ်ပါးသည်သားသောကဖြင့် သားရှိရာသို့မင်းကြီးကိုအမြန်လိုက်ပို့ခိုင်း၍ မင်းကြီးကမျက်မမြင်မိဘနှစ်ပါးကိုတွဲခေါ်ပြီး သုဝဏ္ဏသာမမြှားမှန်လဲကျရာသို့ ခေါ်ဆောင်ခဲ့သည်။

သုဝဏ္ဏသာမသည်မြှားဆိပ်ကြောင့် သတိမေ့မျောသွားသည်၊မိခင်ဟောင်းဗဟုသုန္ဒရီနတ်သမီးက သုဝဏ္ဏသာမကို စောင့်ရှောက်လျက်နေသည်။

သုဝဏ္ဏသာမလဲကျရာနေရာသို့ရောက်သောအခါ ဒုကူလသည် သုဝဏ္ဏသာမ၏ဦးခေါင်းကိုကိုင်သည်၊ပါရိက - ကခြေကိုကိုင်သည်၊သားကိုမသေထိုက်ဘဲသေရလေခြင်းဟူ၍ ဝမ်းနည်းကြေကွဲစွာငိုကြွေးကြသည်၊ထိုသို့ငိုကြွေးရင်း ပါရိကသည် သုဝဏ္ဏသာမ၏ရင်ဝကိုစမ်းသပ်ကြည့်ရာ ကိုယ်ငွေ့ကျန်နေသေးကြောင်းသိသဖြင့် မြှားဆိပ်တက်၍ သွေးလွန်ကာ

www.dhammaransi.com



သတိမေ့နေသည်ဖြစ်ရမည်ဟုစဉ်းစားမိပြီး-

"ငါ့သားသုဝဏ္ဏသာမသည် မြားမမှန်မီရှေးအဘို့က ကုသိုလ်တရားကိုကျင့်လေ့ရှိပါသည်၊ဤမှန်သောသစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမမြားဆိပ်ပြေပါစေ"

-ငါ့သားသုဝဏ္ဏသာမသည် ငါးပါးသီလစသောမြတ်သောအကျင့်ကိုကျင့်လေ့ရှိ၏

-ငါ့သားသုဝဏ္ဏသာမသည် မှန်သောစကားကိုသာဆိုလေ့ရှိ၏

-ငါ့သားသုဝဏ္ဏသာမသည် မိဘတို့ကိုပြုစုလုပ်ကျွေးလေ့ရှိ၏

-ငါ့သားသုဝဏ္ဏသာမသည် လူကြီးမိဘတို့ကို ရိုသေလေ့ရှိ၏

-ငါသည် ငါ့သားသုဝဏ္ဏသာမကို မိမိအသက်ထက်ပင်ချစ်မြတ်နိုး၏

-မိခင်-ဖခင်ကိုပြုပြုသမျှသော ကောင်းမှုတို့၏ အစွမ်းသတ္တိကြောင့် အဆိပ်ပြေပါစေသား

ဟု သစ္စာအဓိဋ္ဌာန်(၇)ချက်ပြုရာ သုဝဏ္ဏသာမသည် လူးလွန့်လှုပ်ရှားပြီးလျှင် တစ်ဘက်သို့ပြောင်းလဲ၍အိပ်လေသည်။

ထိုအခါ မိဘနှစ်ပါးသည် သားမသေသေးကြောင်းသိရပြီးဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။

www.dhammaransi.com



ထိုအခါ ဗဟုသုန္ဒရီနတ်သမီးကလည်း-

"ကျွန်ုပ်သည် ဂန္ဓမာဒနတောင်၌ နှစ်ပေါင်းများစွာကြာအောင်နေခဲ့ပါသည်၊ ဤသို့နေခဲ့သည့်ကာလအတွင်း သုဝဏ္ဏသာမထက်ပို၍ချစ်မြတ်နိုးသူမရှိပါ၊ဤမှန်သောသစ္စာစကားကြောင့် အဆိပ်ပြေပါစေ၊ဤဂန္ဓမာဒနတောင်ရှိသစ်ပင်တို့သည်အနံ့မွှေးကြိုင်ပါသည်၊အနံ့မမွှေးသောသစ်ပင်ဟူ၍မရှိပါ၊ဤမှန်သောသစ္စာ စကားကြောင့် အဆိပ်ပြေပါစေ" ဟုသစ္စာပြုသည်။

နတ်သမီးသစ္စာဆိုပြီးသောအခါ သုဝဏ္ဏသာမသည် မြှားဆိပ်ပြေပျောက်ပြီး ပကတိလူကောင်းဖြစ်ကာထ,ထိုင်သည်၊နတ်တို့၏တန်ခိုးတော်ကြောင့် ဒုကူလနှင့်ပါရိကတို့သည်လည်း မျက်စိနှစ်ကွင်းအလင်းရကြပြီး သားကိုတွေ့မြင်ကြရလေသည်။

ပိဠိယက္ခမင်းကြီးသည် သေသူပြန်ရှင်လာ၍အလွန်အံ့သြတွေဝေသွားသည်၊သုဝဏ္ဏသာမက မင်းကြီးကို -

"အရှင်မင်းကြီး-မိခင်ကိုဖြစ်စေ၊ဖခင်ကိုဖြစ်စေ၊တရားသောနည်းလမ်းဖြင့်ပြုစုလုပ်ကျွေးသောသူကို နတ်တို့ကဆေးကုသပေးပါသည်၊မိဘကိုပြုစုလုပ်ကျွေးသောသူသည် မျက်မှောက်ဘဝ၌လည်းပညာရှိတို့ချီးမွမ်းခံရပြီး တမလွန်ဘဝလောက၌လည်း ကောင်းရာသုဂတိသို့လားရပါ၏"

www.dhammaransi.com



ဟု တရားဟောပြလေသည်။

"သုဝဏ္ဏသာမ-အပြစ်ကင်းစင်သောသီလနှင့်ပြည့်စုံသောသင့်အပေါ်မှာ ငါပြစ်မှားမိခြင်းသည် အတိုင်းထက်အလွန်မိုက်မဲတွေဝေမိပါ၏၊ အကျွန်ုပ်သည် သင့်ကိုကိုးကွယ်ပါ၏၊သင်သည် အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါစေလော"

ဟု ဆိုကာ ဦးညွှတ်ရှိခိုးလေသည်။

ထို့နောက် ပီဠိယက္ခမင်းကြီးသည်လည်း နန်းတော်သို့ပြန်၍သုဝဏ္ဏသာမမိသားစုလည်း ကျောင်းသခ်န်းသို့ ဝမ်းမြောက်ဝမ်းသာပြန်ကြလေသည်။

*********

www.dhammaransi.com



# ၅၆။ အသဿဇိနှင့်ဥပတိဿတွေ့ခန်း

အချိန်ကား မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီးလဝက်ခန့်အကြာ တပို့တွဲလဆန်း(၁)ရက်နေ့ လောက်အချိန်ဖြစ်သည်၊ထိုအခါ၌ သိဉ္စည်းပရိဗိုဇ်ဆရာကြီး သည် ပရိဗိုဇ်အခြံအရံ(၂၅၀)တို့နှင့်အတူတကွ ရာဇဂြိုဟ် ပြည်၌ နေထိုင်ဆဲရှိလေသည်၊ထိုအချိန်၌ ရှင်သာရိပုတ္တရာ အလောင်းသည် ဥပတိဿပရိဗိုဇ်နှင့်အရှင်မဟာမောဂ္ဂလာန် အလောင်းကောလိတပရိဗိုဇ်တို့သည် သိဉ္စည်းပရိဗိုဇ် ဆရာ ကြီးထံ၌ တပည့်ခံ၍ ပရိဗိုဇ်တို့၏အကျင့်ကိုကျင့်ကြံနေဆဲ ဖြစ်၏။

ဥပတိဿပရိဗိုဇ်နှင့်ကောလိတပရိဗိုဇ်သူငယ်ချင်း နှစ်ဦးတို့သည် သိဉ္စည်းဆရာကြီးထံသို့ရောက်ရှိပြီး နှစ်ရက် သုံးရက်အတွင်းမှာပင်ထိုဆရာကြီး၏အကျင့်လမ်းစဉ် အယူ ဝါဒအဆုံးရောက် သင်ကြားတတ်မြောက်ပြီးကြရာ ထိုသိဉ္စည်း ဆရာကြီး၏အယူဝါဒအကျင့်လမ်းစဉ်မှ အမြိုက်နိဗ္ဗာန်တရား ကိုမတွေ့မမြင်ကြကုန်သည်ဖြစ်၍ "ငါ့ရှင် ဤသိဉ္စည်းဆရာ ကြီး၏အယူဝါဒလမ်းစဉ်သည် အချည်းနှီးသာဖြစ်၏၊အနှစ် သာရမရှိ၊ယခုဘဝ၌ ငါတို့နှစ်ဦးတွင် အမြိုက်နိဗ္ဗာန်ကိုအလျင် လက်ဦးရရှိသိမြင်သောသူက မရရှိမသိမြင်ရသေးသောသူ

www.dhammaransi.com



အား ပြောကြားကြစတမ်း” ဟူ၍ကတိကဝတ်ထားရှိခဲ့ကြပြီး ဖြစ်ကုန်၏။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး လဝက်ခန့်အကြာ တပို့တွဲလဆန်း(၁)ရက်နေ့ရောက်လတ်သောအခါ ပဥ္စဝဂ္ဂီငါးပါးအပါအဝင် တစ်ဦးဖြစ်သော အရှင်အဿဇိမထေရ် သည်နံနက်အခါ သင်္ကန်းကိုပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်း ကိုယူဆောင်ဝတ်ရုံတော်မူကာ ကြည်ညိုဖွယ်ရှိသော ရှေ့သို့တက်ခြင်း၊နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊လက်ကိုကွေးခြင်း၊ဆန့်ခြင်းတို့ဖြင့် လေးတောင်ခန့်မျှ ကြည့်သဖြင့်ချအပ်သောမျက်လွှာရှိလျက် ကြည်ညိုဖွယ်သော ဣရိယာပုတ်ဖြင့် ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာ၏။

အရှင်သာရိပုတ္တရာလောင်းဖြစ်သော ဥပတိဿမထေရ်ပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည်အတွင်းသို့ ကြည်ညိုဖွယ်သောဣရိယာပုတ်ဖြင့် ဆွမ်းခံကြွဝင်တော်မူလာသော အရှင်အဿဇိမထေရ်ကိုမြင်လျှင် ဥပတိဿပရိဗိုဇ်၏စိတ်သန္တာန်၌-

“ဤရဟန်းသည် လောက၌ အရဟတ္တမဂ်-အရဟတ္တဖိုလ်သို့ ရောက်ရှိကြပြီးသောပုဂ္ဂိုလ်တို့တွင် တစ်ပါးအပါအဝင်ဧကန်ဖြစ်ပေလိမ့်မည်၊ငါသည်ဤရဟန်းထံသို့ချဉ်းကပ်၍ “ငါ့ရှင်-သင်သည် အဘယ်ဆရာကိုရည်မှန်း၍ ရဟန်းပြု



အရှင်အဿဇိနှင့်ဥပတိဿတွေ့ခန်း

www.dhammaransi.com



ခဲ့ပါသနည်း၊သင်၏ဆရာသည် အဘယ်သူပါနည်း၊ သင်သည် အဘယ်ဆရာ၏တရားကို နှစ်သက်ပါသနည်း ဟုမေးရမူ ကောင်းလေစွ”ဟု အကြံဖြစ်လေ၏၊ ထိုမှတစ်ဖန်ဆက်၍ ဥပတိဿပရိဗိုဇ်သည်-

“ဤရဟန်းကိုမေးမြန်းဖို့ရန် အချိန်အခါမဟုတ်သေး၊ မြို့တွင်းသို့ဝင်ကာ ဆွမ်းခံနေဆဲဖြစ်၏၊မသေရာမှန်နိဗ္ဗာန်တရားကို လိုလားကြသည့်ငါတို့သူငယ်ချင်းနှစ်ဦးသား သေခြင်းတရားရှိလျှင်မသေရာ နိဗ္ဗာန်တရားလည်းရှိရမည် ဟု အနုမာနဉာဏ်ဖြင့် မှန်းဆအပ်သောနိဗ္ဗာန်တရားကို မျက်မှောက်ထင်ထင်တွေ့ရှိသိမြင်ရန် ရှာကြံနေသောငါသည် ဤရဟန်းနောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာလိုက်ရပါမူ ကောင်းလေစွ”

ဟု ကြံစည်ကာ အရှင်အဿဇိနောက်သို့ မျက်ခြေမပြတ် လိုက်ပါခဲ့လေသည်။

ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ်မြတ် ဆွမ်းခံပြီး၍ သင့်တော်ရာအရပ်တစ်ခု၌ ထိုင်နေတော်မူလိုသော အရိပ်အကဲကိုသိရှိကာ မိမိ၌ပါလာသော ပရိဗိုဇ်တို့၏အသုံးအဆောင်အင်းပျဉ်ငယ်(လေးထောင့်ခုံငယ်)လေးကို ခင်းပေးပြီးလျှင် မထေရ်မြတ်ဆွမ်းစားပြီးသောအခါ၌လည်း မိမိ၏ ရေကရားဖြင့်ရေကပ်လှူပြန်လေသည်၊ဤသို့ ဆရာ့

www.dhammaransi.com



အပေါ် ၌ပြုရန်ဝတ္တရားကိုပြုပြီးမှ ဆွမ်းစားပြီးသော မထေရ်မြတ်နှင့် ချိုမြိန်သောအစေ့အစပ်စကားပြောကြားပြီးလျှင်-

"အိုရှင်---သင်မျက်စိ၊နား၊နှာ စသောဣန္ဒြေတို့သည် ကြည်လင်လှကုန်၏၊အရေအဆင်းသည် သန့်ရှင်းကြည်လင် အပြစ်ကင်းစင်လှပေ၏၊ငါ့ရှင်-သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊သင်၏ဆရာသည် အဘယ်သူနည်း၊သင်သည်အဘယ်ဆရာ၏တရားကို နှစ်သက်ပါသနည်း"

ဟု မေးမြန်းလေ၏၊ထိုအခါ အရှင်အဿဇိမထေရ်သူမြတ်က

"ငါ့ရှင်--ငါသည် အသမ္ဘိန္နသကျနွယ်ရိုး သာကီဝင်မင်းမျိုးမှတောထွက်ကာ ရဟန်းပြုသောမြတ်စွာဘုရားကို ရည်မှန်း၍ရဟန်းပြုခဲ့ပါသည်၊ထိုမြတ်စွာဘုရားသည် ငါ၏ဆရာဖြစ်ပါသည်၊ငါသည်ထိုမြတ်စွာဘုရား၏တရားတော်ကို နှစ်သက်သူဖြစ်ပေ၏"

ဟု မိန့်ဆိုတော်မူလေသော် ဥပတိဿပရိဗိုဇ်သည်-

"အရှင်၏ဆရာဘုရားသည် အဘယ်အယူဝါဒရှိပါသနည်း၊အဘယ်တရားကိုဟောကြားလေ့ရှိပါသနည်း"ဟု တစ်ဖန်ထပ်လျှောက်မေးပြန်လေ၏၊ထိုအခါ အရှင်အဿဇိမထေရ်သူမြတ်သည်-

"ဤပရိဗိုဇ်တို့သည် သာသနာတော်၏ဆန့်ကျင်ဘက်

www.dhammaransi.com



အယူဝါဒရှိကြသူများဖြစ်ကုန်၏၊ ဤဥပတိဿပရိဗိုဇ်အား ငါသည် သာသနာတော်၏နက်နဲသိမ်မွေ့သောအဖြစ်ကို ထင်စွာပြပေအံ့"

ဟု ကြံစည်ပြီးလျှင် မိမိကိုယ်တိုင်က သီတင်းငယ်ဖြစ်နေသည့်အတွက်ကျယ်ကျယ်ဝန်းဝန်းမညွှန်းပြနိုင်သေးကြောင်းကို ထင်စွာမဖော်ပြလိုသည်ဖြစ်၍-

"ငါ့ရှင်---ငါသည်သီတင်းငယ်မျှသာဖြစ်ပါသေး၏၊ ရဟန်းဖြစ်ခဲ့သည်မှာ မကြာသေးပါ၊ဤသာသနာတော်သို့ ယခုမှရောက်ခါစ ဖြစ်ပါသေးသည်၊ သို့ဖြစ်၍ငါသည် သင့်အား အကျယ်အားဖြင့်မူ တရားကိုဟောခြင်းငှာ မစွမ်းနိုင်သေးပါ၊ သို့သော် ငါသည် သင့်အားအနက်အဓိပ္ပာယ်လိုရင်းကိုကား အကျဉ်းအားဖြင့်ဟောပြနိုင်ပါလိမ့်မည်"

ဟု မိန့်ဆိုတော်မူလေ၏။

ထိုအခါ အရှင်သာရိပုတ္တာရာလောင်းဥပတိဿပရိဗိုဇ်က -

"အကျွန်ုပ်သည် ဥပတိဿအမည်ရှိသောပရိဗိုဇ်ပညာရှင်တစ်ဦးဖြစ်ပါသည်၊ အရှင်သည်အစွမ်းသတ္တိရှိသလောက်အနည်းငယ်ကိုဖြစ်စေ၊များစွာကိုဖြစ်စေ၊ဟောတော်မူပါ၊ထိုအရှင်မြတ်ဟောအပ်သောတရားကို နည်းပေါင်းအရာထောင်ပေါင်းများစွာဖြင့်ခွဲ့ထွင်၍သိမြင်ရန်မှာ အကျွန်ုပ်၏တာဝန်

www.dhammaransi.com



သာဖြစ်ပါသည်”
ဟု ကြံ့စည်ပြီးလျှင် အရှင်အဿဇိမထေရ်ကို-

“ရှိပါစေ ငါ့ရှင်-အနည်းငယ်ကိုဖြစ်စေ၊များစွာကိုဖြစ်စေ၊ဟောတော်မူပါ၊ ထိုသို့ဟောရာမှာလည်းအနက်အဓိပ္ပာယ်လိုရင်းကိုသာ အကျွန်ုပ်အား ဟောကြားတော်မူပါ၊ အကျွန်ုပ်သည် အနက်အဓိပ္ပာယ်လိုရင်းကိုသာ နာယူလိုပါသည်၊များပြားလှစွာသော ပုဒ်ပါဌ်အက္ခရာသဒ္ဒါတွေကို ဟောနေသဖြင့် အကျွန်ုပ်အဖို့ရာ အဘယ်သို့သိနိုင်ပါအံ့နည်း”
ဟူ၍ ပြောဆိုလျှောက်ထားလေသော် အရှင်အဿဇိမထေရ်သူမြတ်သည် ဥပတိဿပရိဗိုဇ်ကို -

> ယေ ဓမ္မာ ဟေတုပ္ပဘဝါ
> တေသံဟေတုံ တထာဂတော အာဟ
> တေသဉ္စ ယောနိရောဓော
> ဧဝံဝါဒီ မဟာသမဏော

“အာဝုသော-ငါ့ရှင်---၊ယေဓမ္မာ=ခန္ဓာငါးပါးအကြင်ဒုက္ခသစ္စာတရားတို့သည်၊ဟေတုပ္ပဘဝါ=သမုဒယသစ္စာတဏှာသာလျှင် အမှန်သဘာဝအခြေခံအကြောင်းအရင်းရှိကြကုန်၏၊ (တေစ=ထိုခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ကိုလည်းကောင်း) တေသံ=ထိုခန္ဓာငါးပါးဒုက္ခသစ္စာတရားတို့၏ဟေတုံစ= အကြောင်းသမုဒယသစ္စာတဏှာ ကိလေသာကို

www.dhammaransi.com



လည်းကောင်း၊ ဧတေသံ=ထိုဒုက္ခနှင့်သမုဒယဝဋ်သစ္စာနှစ်ပါး တို့၏ ယောနိရောဓော=အကြင်ချုပ်ရာချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာမဂ္ဂသစ္စာနှစ်ပါးသည်၊အတ္ထိ=ရှိ၏၊ တဥ္စ=ထို နိရောဓသစ္စာ မဂ္ဂသစ္စာနှစ်ပါးကိုလည်းကောင်း။ တထာဂတော= ငါတို့ဆရာမြတ်စွာဘုရားသည် အာဟ=စိတ်ဖြာခွဲခြားဟော၂ကြားတော်မူပေ၏၊ မဟာသာမဏော=သုံးလူ့ဥက္ကဋ္ဌရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်။ ဧဝံဝါဒီ= ဤသို့သစ္စာလေးပါး အမှန်တရားကို ခွဲခြားဖော်ပြဝိဘဇ္ဇ ဟု ဝါဒစင်ဖြူအယူရှိတော်မူလေ၏”
ဟူ၍ သစ္စာလေးပါးတရားအချက်အနက်အဓိပ္ပာယ်ပြည့်ဝသည့် ဓမ္မဒေသနာကိုဟောကြားတော်မူလေ၏။

ဥပတိဿပရိဗိုဇ်သည် ဖော်ပြရာပါတရားဒေသနာဂါထာရှေ့ထက်ဝက်ကို ကြားနာရလျှင်ပင် သောတာပတ္တိဖိုလ်၌တည်လေ၏။

*********

www.dhammaransi.com



# သစ္စာအောင်မြေဘုရား

ဤအောင်မြေဘုရားတွင် အားနည်းသူကို အားကြီးသူက မတရားအနိုင်ကျင့်နှိပ်စက်၍ အားနည်းသူကပြန်လည်တုံ့ပြန်လျှင်အောင်နိုင်သော သစ္စာအောင်မြေဧရိယာဖြစ်ပါသည်။

ဤနေရာတွင် မြွေနှင့်ဖားတို့တွေ့ဆုံခဲ့သည်၊ကြွက်နှင့်မြွေတို့တွေ့ဆုံခဲ့သည်၊ ကမ္ဘာနိုင်ဘက်ဖြစ်သောမြွေ၊ မြွေ၏အစာထာဝရဖြစ်ခဲ့ကြရသော ဖားနှင့်ကြွက်တို့သည် ဤနေရာဧရိယာအတွင်းရှိက မိမိကြောက်ရွံ့အရှုံးပေးရသောမြွေကိုပြန်လည်တိုက်ခိုက်ရဲသော ရဲစွမ်းသတ္တိရှိပြီး အောင်နိုင်သည်အထိ တိုက်ခိုက်ကြလေ့ရှိသည်။

အကြောင်းမှာ ဤမြေဧရိယာသည် ဥက္ကလာပမင်းကြီး၏သစ္စာအောင်မြေဖြစ်သောကြောင့်ဖြစ်ပါသည်။

ရှင်မွေးနွန်းနှင့်မင်းနန္ဒာ ချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး မိမိ၏သမီးတော်နန်းသို့ နန္ဒမင်းသားကျူးကျော်ဝင်ရောက်စော်ကားသည်ဟုသံလျင်မင်းက ဒေါသအမျက်ထွက်သည်၊ သံလျင်မင်းသည် လက်ရုံးရည်အားကြီးသော မင်းဖြစ်ပြီး စစ်အင်အားလည်းတောင့်တင်းသော မင်းတစ်ပါးဖြစ်သည်။

မင်းနန္ဒာနှင့်ရှင်မွေးနွန်းသေသောကိစ္စတွင် သံလျင်

www.dhammaransi.com




သစ္စာအောင်မြေဘုရား



မြွေကိုဖားမြိုပုံ

www.dhammaransi.com



မင်းက ဥက္ကလာပမင်းတွင် တာဝန်ရှိသည်ဟုဆိုကာစစ်ချီ တိုက်ခိုက်ရန် ဆုံးဖြတ်ပြီးရေကြောင်းဖြင့် စစ်ချီလာသည်။

ဥက္ကလာပမင်းကြီးသည် ထိုအချိန်က မယ်တော်အ တွက်လွမ်းစေတီ၊ မယ်လမုစေတီတော်ကိုတည်နေခိုက်အချိန် ဖြစ်သည်၊ တစ်ဖန်မိမိသည် သံလျင်မင်းကို စစ်မက်ဖြင့်ယှဉ် ပြိုင်ခြင်းကား မစွမ်းနိုင်သည်ကိုသိသည်၊မိမိသည် ဘုရားရှင် ၏ဆံတော်ကိုစေတီတည်ကာပူဇော်ခွင့်ရသောသူဖြစ်ပါသည်၊ ဘုရားရှင်သည် ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသည်ဟုသိရပါ သည်၊သားတော်နန္ဒမင်းသားကိုစွတွင် ကျွန်ုပ်သည် သံလျင် မင်းအား စော်ကားလိုသောစိတ်၊ပြစ်မှားလိုသောစိတ်အလျင်း မရှိပါ၊ဘုရားရှင်၏ဂုဏ်တော်ကိုးပါးအစွမ်းအားဖြင့်လည်း ကောင်း၊မှန်ကန်သော သစ္စာစကားအစွမ်းအားဖြင့်လည်း ကောင်း၊သံလျင်မင်းသည်လည်း ပျက်စီးခြင်းမရှိဘဲ ဤစစ် သည်ငြိမ်းပါစေ”

ဟု သစ္စာပြုခဲ့သည်။

ဤသစ္စာစကားကြောင့် သံလျင်မင်းသည် အငြိုးလို ဒေါသအမျက်များပြေပြီး တပ်ဆုတ်သွားကာ သမီးတော်၏ အလောင်းကိုကောင်းမွန်စွာ မီးသဂြိုဟ်မှုပြုလေသည်၊ဥက္က လာပမင်းကြီးသည်လည်းမိမိ၏သားတော်ကို မီးသဂြိုဟ်မှု ပြုလေသည်။

www.dhammaransi.com



( မီးသဂြိုဟ်မှုတစ်ပြိုင်တည်းဆုံ၍ မီးသဂြိုဟ်မှုပြုရာမှတက်လာသောမီးခိုးတို့သည်ကောင်းကင်တွင် ဆုံကြသည်ဟု ဆိုရိုးစကားရှိခဲ့ပါသည်)

ထိုအချိန်မှစ၍ ထိုနေရာသည် သစ္စာအောင်မြေဖြစ်လာသည်၊ဘုရားဂုဏ်တော်ကိုးပါးကို အာရုံပြုသစ္စာဆိုခဲ့သော နေရာဖြစ်၍ ထိုနေရာတို့၌ အောင်မြေနင်းလိုသူတို့သည် သဝေမပါကိုးဂါထာဟူသော (၉)ခေါက်ရွတ်ဆိုပြီး မိမိအလိုဆန္ဒကို အဓိဋ္ဌာန်ပြုကာ ဆုတောင်းရသည်။

ဤအောင်မြေဘုရားတည်ရန်ပန္နက်ချစဉ် အလယ်ကုန်းမြေ၌ ဂဏန်းများလာရောက်စုရုံးနေကြသည်၊အတိတ်ကောက်ယူ၍ဂ=၂၊ ဏ=၇=(၂+၇=၉)ကိုးနဝင်းအဓိဋ္ဌာန်ဘုရားစေတီတည်သည်။

ဘုရားပန္နက်တော်တည်စဉ် မြွေနှင့်ကြွက်တို့တွေ့ဆုံရာ ကြွက်ကလိုက်၍ မြွေပြေးရသည်၊ကြွက်သည် မြွေ၏အစာဖြစ်သည်မှာ နိယာမဖြစ်သော်လည်း ယခုအစာဖြစ်သူက စားသူကိုပြန်လိုက်သဖြင့် (မြွေ=၅+ကြွက်=၂၊ ၅+၂=၇)ကိန်းအရကက္ကင်းတန်ပြန်ကိန်းအရအစာရေစာပေါများခြင်း အထိမ်းအမှတ်အဓိဋ္ဌာန်အရ (၇)နှစ်အမိဝမ်း၌နေပြီး လာဘ်လာဘပေါများခဲ့သော ရှင်သီဝလိရဟန္တာမထေရ်မြတ်ကို ထည့်သွင်းပူဇော်၍တည်ပါသည်။

www.dhammaransi.com



အောင်မြေ၏ သက်မဲ့နောက်ဆုံး"မြေ"စကားအရ ကြာသာပတေးဂြိုဟ်သက်ရ၍ (၉)တောင်ပြည့်ဘုရားတွင် ကြာသာပတေးဂြိုဟ်သက်(၁၉)ကိုယူကာ ဖေါင်ရစ်(၁၉)ခု ထား၍ တည်ခဲ့သည်။

ဤအထိမ်းအမှတ်များအရ ဤသစ္စာအောင်မြေ ဘုရား (သို့မဟုတ်)ရှင်သီဝလိဘုရားတွင် ဂုဏ်တော်(၉)ပါး (သို့မဟုတ်)သဝေမပါကိုးဂါထာဟူသော သရဏဂုံသုံးပါးကို ကာယကံလက်အုပ်ချီ၍ ဝစီကံနှုတ်ဖြင့်ရွတ်ဆိုပြီး မနောကံ အဓိဋ္ဌာန်သစ္စာပြု၍ ဆောင်ရွက်ပါက ဥစ္စာ၊ပညာ၊အာဏာ ဤသုံးဖြာပြည့်စုံသည်ဟု ယုံကြည်ကြပါသည်။

*********

www.dhammaransi.com



# ဝေဿန္တရာဇာတ်တော်ကြီးပြခန်း

သီဝိတိုင်း စေတုတ္တရာပြည်၌ သီဝိရာဇ်မင်းကြီး မင်းပြုသည်၊ ထိုမင်း၏သားတော်ကား သိဥ္စည်းအမည်ရှိသည်၊ ထိုသားတော်အရွယ်ရောက်သော်မဒ္ဒရာဇ်မင်း၏သမီးတော် ဖုဿတီနှင့်လက်ထပ်ပေးပြီး သီဝိရာဇ်မင်းကြီးသည် သိဥ္စည်းမင်းအား ထီးနန်းအပ်လေသည်။

ဖုဿတီမိဖုရားကြီးသည်ကား နတ်သမီးဘဝမှစုတေကာနီးအချိန်တွင် သိကြားမင်းထံမှဆု(၁၀)ပါးရရှိခဲ့သောသူဖြစ်ပါသည်၊ဖုဿတီမိဖုရားသည် သိဥ္စည်းမင်းနှင့်လက်ထပ်ပြီးနောက် ကိုယ်ဝန်ရှိလာသောအချိန်တွင် စေတုတ္တရာပြည်အားလုံးကိုတန်ဆာဆင်၍ မင်းကြီးသည်မြင်းရထားစီးလျက် လှည့်လှည်ရာ လှည်းကုန်သည်တို့ရောင်းဝယ်ဖောက်ကားရာအရပ်အရောက်တွင် မိဖုရားကြီးမှ ကမ္ဗလေလှုပ်ရှားမွေးဖွားလိုသောဆန္ဒဖြစ်ပေါ်လာ၍ ထိုနေရာမှာပင် အရံအတားပြုပြီး မွေးဖွားခဲ့သည်။

သတို့သားသည် မယ်တော်ဝမ်းမှမွေးသ၁်းမရှိမငြိမတင်သန့်ရှင်းစင်ကြယ်စွာမွေးပြီးလျှင် မွေးမွေးချင်းပင် လက်တော်ကိုဆန့်တန်းလျက်-



ဝေဿန္တရာဇာတ်တော်ကြီး

www.dhammaransi.com

www.dhammaransi.com



"မယ်တော်အလှူပေးအံ့၊ဥစ္စာတစ်စိုး တစ်စမျှရှိပါ၏လော"ဟုစကားဆိုသည်။

ထိုအခါ မယ်တော်ကသားတော်အလိုရှိတိုင်း လှူပါလော့ဟုဆိုပြီးအသပြာတစ်ထောင်ထုပ်ကိုချပေးလိုက်သည်။

သားတော်ကို ကုန်သည်တို့သွားလာရာလမ်း၌ မွေးဖွားသောကြောင့် ဝေဿန္တရာ ဟုအမည်ပေးကြသည်။

ဝေဿန္တရာဖွားစဉ်တစ်ချိန်တည်းမှာပင် နတ်ပြည်မှ နတ်သက်ကြွေခဲ့ကြသော နတ်သားခြောက်သောင်းသည် အမတ်အသီးသီးအိမ်၌ဖွားဖက်တော်အဖြစ် မွေးဖွားကြသည်။

ဥပေါသထဆင်မသည်လည်း ကြန်အင်လက္ခဏာနှင့် ပြည့်စုံပြီးတစ်ကိုယ်လုံးငွေသားကဲ့သို့ ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ကိုမွေးဖွားလေသည်။

ဝေဿန္တရာမင်းသားကို ခမည်းတော်သိဥ္စည်းမင်းက အဖိုးတစ်သိန်းထိုက်သောတန်ဆာကိုပေးလေသည်၊မင်းသား ငါးနှစ်အရွယ်ရောက်သော် အဖိုးတစ်သိန်းထိုက်သောလည်ဆွဲတန်ဆာကို အထိန်းတော်အား ပေးလှူသည်။

အသက်(၈)နှစ်တွင် ငါသည်ယခုအပဖြစ်သော အလှူကိုသာလှူရသည်၊ထိုအလှူဖြင့် ငါ၏စိတ်ကိုမနှစ်သက်နိုင်၊ အတွင်းပစ္စည်းကိုလှူရသော်ကောင်းမည်၊ငါ၏နှလုံးသားကို အလှူခံသူရှိကပေးလှူအံ့၊ငါ၏မျက်စိစသည်ကိုအလှူလာခံအံ့၊

www.dhammaransi.com



ပေးလှူအံ့ ဟု ကြံစည်မိသည်။

ထိုအကြံဖြစ်သည်နှင့်တပြိုင်နက်တည်း ကမ္ဘာမြေကြီး သည် တုန်လှုပ်လေသည်၊ဝေဿန္တရာမင်းသားသည် အသက် (၁၆)နှစ်ရောက်သော် အတတ်ပညာပြည့်စုံ၍ ခမည်းတော် ကထီးနန်းအပ်လိုသဖြင့် ဖုဿတီမိဖုရားနှင့်တိုင်ပင်သည်၊ ဖုဿတီမိဖုရားက မောင်တော်မဒ္ဒရာဇ်မင်းထံ မဒ္ဒီမင်းသမီး ကိုတောင်းယူပြီး ဝေဿန္တရာနှင့်လက်ဆက်စေသည်။

ထို့နောက် သိဥ္စည်းမင်းကြီးသည် သားတော်ဝေဿန္တ ရာကို ထီးနန်းကိုအပ်နှင်းလေသည်၊ဝေဿန္တရာမင်းသည် မင်းဖြစ်သောအချိန်မှစ၍ နေ့စဉ်(၆)သိန်းသောဥစ္စာတို့ကို ပေးလှူလေသည်။

ထို ဝေဿန္တရာ-မဒ္ဒီတို့မှ သားတော်ဇာလီနှင့်သမီး တော်ကဏှာဇိန်တို့ကို မွေးဖွားခဲ့သည်။

ထိုအချိန်တွင် ကာလင်္ဂရာဇ်ပြည်မိုးခေါင်သည်ဖြစ်၍ ငတ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရာက်သည်၊ပြည်သူတို့က ကြွေးကြော်၍မင်းသည်ဥပုသ်စောင့်၍ မိုးရွာစေရန် သီလ ဆောက်တည်သော်လည်းမိုးမရွာသဖြင့် ပုဏ္ဏားတို့အားမေး ရာ-ပုဏ္ဏားတို့က ဥပေါသထဆင်ဖြူတော်ရှိရာအရပ်၌ မိုးရွာ သည်၊ထိုဆင်ဖြူတော်သည် စေတုတ္တရာပြည် ဝေဿန္တရာမင်း ကြီးထံရှိသည်၊ဝေဿန္တရာမင်းကြီးထံ အလှူခံသင့်သည် ဟု

www.dhammaransi.com



အကြံပြုလျှောက်ထားကြသည်။

ထိုလျှောက်ထားချက်အရ ကလိင်္ဂရာဇ်မင်းသည် ပုဏ္ဏား(၈)ဦးကို စေတုတ္တရာပြည်စေလွှတ်ပြီး ဝေဿန္တရာမင်း ထံဉပေါသထဆင်ဖြူကို အလှူခံစေသည်၊ဝေဿန္တရာမင်းကြီး သည် အလှူဇရပ်သို့ထွက်စဉ် ပုဏ္ဏားတို့က အကျိုးအကြောင်း ပြော၍ အလှူခံသဖြင့်ဆင်တော်ကို အလုံးစုံပြည့်စုံအောင် တန်ဆာဆင်ပြီး လှူလိုက်လေသည်။

ထိုဆင်ဖြူတော်လှူမှုကြောင့်ပြည်သူအများက ဒေါသ ထွက်ပြီး ဝေဿန္တရာကို တိုင်းပြည်မှနှင်ထုတ်ရန်တောင်းဆို သဖြင့် ဝေဿန္တရာမင်းက ကြည်ဖြူစွာပင် မိဖုရား၊သားတော် သမီးတော်တို့ကိုခေါ်ယူပြီး ဟိမဝန္တာတော ဝင်္ကပါတောင်သို့ တောထွက်သွားလေသည်။

ဟိမဝန္တာတော ဝင်္ကပါတောင်တွင် ဝေဿန္တရာမင်း ကြီးသည် ရသေ့အသွင်ဆင်ယင်ပြီးနေသည်၊မဒ္ဒီဒေဝီကလည်း ရသေ့အသွင်ဖြင့်နေပြီး လင်နှင့်သားသမီးတို့ကို သစ်သီးအစား အစာတို့ကို ကိုယ်တိုင်ရှာဖွေပြီး ပြုစုလုပ်ကျွေး၍နေသည်။

ကာလိင်္ဂရာဇ်တိုင်း ဒုန္နိမိတ္တ အမည်ရှိသော ပုဏ္ဏား ရွာ၌ ဇူဇကာပုဏ္ဏားအိုသည် ရွာတစ်ရွာ၌ မိမိအလှူခံငွေ တစ်ရာကိုအပ်ထားရာမှ ထိုမိဘတို့ကသုံးစွဲပြီးပြန်မဆပ်နိုင် သောကြောင့် သမီးအမိတ္တာပုံကိုပေးအပ်သဖြင့် မိမိမြေး

www.dhammaransi.com



အရွယ်မျှရှိသော အမိတ္တာပုံကို မယားအဖြစ် သိမ်းပိုက်ယူခဲ့သည်။

အမိတ္တာပုံသည်လင်အဖိုးအို ပုဏ္ဏားကိုရိုသေစွာလုပ်ကျွေးသည်၊ထိုသို့ လုပ်ကျွေးသဖြင့် အခြားပုဏ္ဏားတို့က မိမိတို့၏မယားများကို အမိတ္တာပုံနှင့်နှိုင်းယှဉ်၍အပြစ်ဆိုကြသဖြင့် ပုဏ္ဏေးမတို့သည်အမိတ္တာပုံရေခပ်ဆင်းလာစဉ် ဝိုင်းဖမ်းကြပြီး လင်အိုကြီးကိုယူခြင်းနှင့်စပ်လျဉ်း၍ အပြစ်ပြောကာ ဆဲရေးကြသည်။

အမိတ္တာပုံသည် ထိုအချိန်မှစ၍ရေခပ်မထွက်တော့ဘဲ ပုဏ္ဏားကြီးကို အခိုင်းအစေရှာပေးရန် တောင်းဆိုသကဲ့သို့ အခိုင်းအစေကျွန်အလှူခံရန် ဝေဿန္တရာမင်းကြီးထံ သွားရောက်အလှူခံရန်ကိုပါ အကြံပြုပြောကြားသည်။

ဇူဇကာပုဏ္ဏားသည်မယား အမိတ္တာပုံကိုအလွန်ချစ်မြတ်နိုးသဖြင့် မယားပြောသည့်အတိုင်း ဝေဿန္တရာမင်းထံ အလှူခံရန် စေတုတ္တရာပြည်သို့ထွက်ခဲ့သည်၊ဝေဿန္တရာမင်းတောထွက်သွားမှန်းသိသောအခါ ခရီးစဉ်ကိုတစ်ဆင့်ပြီးတစ်ဆင့်မေးပြီး ဟိမဝန္တာဝင်္ကပါတောင်သို့ လိုက်သွားသည်။

ဝေဿန္တရာမင်းထံသို့ရောက်သောအခါ မဒ္ဒီဒေဝီ သစ်သီးရှာအထွက်ကိုစောင့်ပြီး မဒ္ဒီဒေဝီတောသို့ဝင်သောအခါ ဝေဿန္တရာမင်းထံဝင်ပြီးမိမိ၏အိမ်အခိုင်းအစေအဖြစ်

www.dhammaransi.com



သားနှင့်သမီးကိုလှူရန် ပြောဆိုအလှူခံမည်ဟု ဆိုကာ ထိုည သင့်ရာ မြေတစ်နေရာ၌ အိပ်လေသည်။

ထိုနေ့ မိုးသောက်ယံတွင် မဒ္ဒီဒေဝီသည် မည်းနက်သောရုပ်အသွင်အဆင်းရှိသောယောကျာ်းတစ်ယောက်သည် ဖန်ရည်စွန်းသောပုဆိုးကိုဝတ်၍ နီစွာသောပန်းကိုနားနှစ်ဘက်၌ပန်လျက်လက်နက်စွဲကိုင်ကာ မဒ္ဒီဒေဝီကို ခြိမ်းခြောက်ဝင်ရောက်ပြီး မဒ္ဒီဒေဝီ၏ဆံကျစ်ကိုဆွဲငင်လျက် မြေ၌လဲကျစေပြီးလျှင် ငိုမြည်တမ်းစဉ်ပင် မဒ္ဒီဒေဝီ၏မျက်လုံးနှစ်လုံးကို ထုတ်ယူပြီးသော် လက်နှစ်ဘက်ကိုလည်းဖြတ်၊ ရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကိုလည်း ထုတ်ယူသွားသည် ဟုအိပ်မက်မြင်မက်လေသည်။

ထိုသို့ အိပ်မက်မက်ပြီးလန့်နိုးသဖြင့် မကောင်းသောအိပ်မက်အဘယ့်ကြောင့်မြင်မက်သနည်း ဟုစဉ်းစားဆင်ခြင်ပြီး ကြောက်လန့်သဖြင့် ဝေဿန္တရာမင်းကျောင်းသို့သွားပြီး မင်းကြီးကိုအကျိုးအကြောင်းပြောပြသည်။

"ငါ့အား ဒါနပါရမီမချွတ်ဖြည့်ရလတံ့၊မိုးသောက်လျှင် ငါထံ အလှူခံရောက်လိမ့်မည်"

ဟု တွေးပြီး မင်းကြီးက ဝမ်းသာမိသည်၊သို့သော် မဒ္ဒီဒေဝီကို စိတ်သက်သာရာရစေရန်အိပ်မက်ဟူသည်ကား ခတ်ချောက်ခြား၍ မက်တတ်သည်၊စိုးရိမ်ပူပန်မှု မဖြစ်လင့်ဟု နှစ်သိမ့်

www.dhammaransi.com



လွှတ်လိုက်သည်။

မဒ္ဒီဒေဝီသည်နံနက်မိုးသောက်သော်ပြုဖွယ်ကိစ္စတို့ကိုပြုပြီး သားနှင့်သမီးတို့ကို နမ်းရှုံ့လျက် ညက မိခင်သည် မကောင်းသောအိပ်မက်ကိုမက်သည်၊သင်တို့ မမေ့မလျော့ကြနှင့် ဟုမှာကြားကာသားနှင့်သမီးကို မင်းကြီးထံသေချာစွာ အပ်နှံပြီး သစ်သီးရှာအလို့ငှာ တောသို့ဝင်လေသည်။

ဇူဇကာပုဏ္ဏားသည် မဒ္ဒီဒေဝီတောသို့ဝင်သွားသော် ဝေဿန္တရာမင်းထံဝင်သည်၊သားနှင့်သမီးသည် မင်းကြီးရှေ့တွင်ကစားနေကြသည်၊ဇူဇကာပုဏ္ဏားအလှူခံဝင်လာသည်ကို အဝေးကမြင်၍ မင်းကြီးသည် ငါ့အတွက်အလှူခံလာပြီ ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။

ဇူဇကာပုဏ္ဏားသည် မင်းကြီးထံရှိခိုးပြီး မင်းကြီး၏ သဒ္ဒါတရားကိုချီးမွမ်းပြောဆိုပြီးနောက် သားနှင့်သမီးကို ကျွန်အမှုလုပ်အလို့ငှာ အလှူခံသည်၊မင်းကြီးကလည်း သားနှင့်သမီးကို မိမိ၏ပါရမီကိုဖြည့်ဆည်းသောအားဖြင့် လှူခွင့်ပြုရန်ပြောကြားသည်၊သားနှင့်သမီးကလည်း ဖခင်၏ပါရမီ ကိုဖြည့်ဆည်းပေးသောအားဖြင့် ခွင့်ပြုသောကြောင့် ဝေဿန္တရာသည် သားနှင့်သမီးကိုလှူလေသည်။

လှူပြီးနောက် မင်းကြီးက ယခုသားနှင့်သမီးအမေ တောသို့သစ်သီးရှာထွက်နေသည်၊သူမိခင်ပြန်လာမှ ကလေး

www.dhammaransi.com



တွေကို ခေါ်သွားရန်ပြောသည်၊ဇူဇကာပုဏ္ဏားက မိခင်တို့မည်သည် သားသမီး၌ အလွန်ချစ်ခင်တွယ်တာတတ်သည်၊အလှူဝတ်ကိုဖျက်ဆီးတတ်သည်၊မာယာလည်းများသည်၊သို့အတွက် မဒ္ဒီဒေဝီမလာခင် ခေါ်သွားမည် ဟုဆိုသည်။

နောက်ဆုံးမင်းကြီးက သားနှင့်သမီးကို သူ့အဘိုးသိဥ္စည်းမင်းထံခေါ်သွားပြီး အဘိုးအခနှင့်လဲလှယ်ယူရန်မှာကြားသည်။

ထိုသို့ပြောသည်ကို ပုဏ္ဏားကမနှစ်သက်၊သူ့မြေးတွေကိုခေါ်လာသောသူ့ကို အန္တရာယ်ပြုမှာစိုးရိမ်မိသည်၊သို့အတွက်ကြောင့် သူ့မိန်းမအတွက် ကျွန်အဖြစ်သာခိုင်းမည်ဟုပြောဆိုလေသည်၊ ထိုအခါ ဇာလီနှင့်ကဏှာဇိန်တို့သည် ပုဏ္ဏားကို ကြောက်ရွံ့သဖြင့် ထွက်ပြေးကာရေကန်ထဲ၌ ပုန်းအောင်းနေကြသည်။

ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးကို လျှိုပြီးပစ္စည်းကိုပရိယာယ်ဆင်၍ ထွက်ပြေးအောင်ပြုလုပ်သည်ဟု အပြစ်တင်ပြောဆိုသည်၊ဝေဿန္တရာမင်းကြီးသည် သားတော်နှင့်သမီးတော်တို့ကို ကိုယ်တိုင်ရှာဖွေပြီး မိမိ၏သဗ္ဗညုတဉာဏ်တော်အတွက်ကူညီကြရန် မေတ္တာရပ်ခံသည်၊ သားတော်-သမီးတော်တို့သည်ဖခင်စကားကိုကြားသော်မိမိတို့ကို ပုဏ္ဏားကြီး လုပ်ချင်တာလုပ်ပါတော့ ဟုဆုံးဖြတ်ပြီး ကန်မှ

www.dhammaransi.com



တက်လာကာ ပုဏ္ဏားအား မိမိကိုယ်ကို ပေးအပ်ကြသည်။

ပုဏ္ဏားသည် သားနှင့်သမီးကို ပြစ်တင်ပြောဆိုပြီး နွယ်ဖြင့်ချည်နှောင်ကာ ဖခင်ရှေ့မှာပင် ရိုက်နှက်သည်။

နောက်ဆုံးတွင် မင်းကြီးက သားနှင့်သမီးကို သင်တို့သည်ကြာရှည်မှာမဟုတ်ပါ၊သင်တို့ကို တန်ဘိုးဖြတ်ပေးမည်ဟု ပြောပြီး ဇာလီမင်းသားကိုရွှေစင်တစ်ထောင်နှင့်ပြန်ရွေးရန်၊တဏှာဇိန်ကို ဆင်တစ်ထောင် ၊မြင်းတစ်ထောင်၊ နွားလာတစ်ရာ ရွှေစင်တစ်ရာဖြင့်ရွေးယူရန် မှာကြားပြီး လွှတ်လိုက်လေသည်။

ဇူဇကာပုဏ္ဏားသည် ဇာလီနှင့်ကဏှာဇိန်တို့ကို ထွက်မပြေးစေရန်ကြိုးနှင့်ချည်၍ခေါ်သွားသည်၊ ညအိပ်သောအခါ မိမိကသစ်ပင်ထက်တွင်တက်အိပ်ပြီး မောင်နှမကို အောက်မှာ အိပ်စေသည်၊မင်းသားငယ်တို့၏ဘုန်းကံကြောင့် တောစောင့်နတ်တို့သည်အစားအစာကျွေးမွေးခြင်း၊ ညဥ့်အိပ်စင်ပွေ့ချီ၍နတ်အတွေ့ဖြင့်အိပ်စေခြင်းတို့ကို ပြုစေသည်။

ဇူဇကာပုဏ္ဏားသည် ဇာလီနှင့်ကဏှာဇိန် တို့ကို မိမိအိမ်ရှိရာ ကလိင်္ဂရာဇ်တိုင်း၊ဒုန္နိမိတ္တရွာသို့ခေါ်ခဲ့သော်လည်း နတ်တို့၏လှည့်စားမှုကြောင့် စေတုတ္တရာပြည်ဘိုးတော်သိဥ္စည်းမင်းထံသို့ ရောက်သွားကြလေသည်၊ ဘိုးတော်သိဥ္စည်းမင်းက ဝေဿန္တရာမှာကြားထားသော တန်ဘိုးအတိုင်း

www.dhammaransi.com



ဇူဇကာပုဏ္ဏားပေးပြီးရွေးယူလေသည်။

မဒ္ဒီဒေဝီသည် သစ်သီးခူးပြီးအပြန်တွင် နတ်တို့က ဝေဿန္တရာမင်းအလှူပျက်မည်စိုးသောကြောင့် ကျားယောင်ဆင်ယောင်ဖန်ဆင်းပြီး လမ်းခရီးသွားမရလောက်အောင်တားမြစ်ကြသည်၊ပုဏ္ဏားက သားနှင့်သမီးကိုခေါ်သွား၍ အဝေးရောက်မှ လမ်းဖွင့်ပေးကြသည်။

မဒ္ဒီဒေဝီသည် သင်္ခန်းကျောင်းသို့ရောက်လျှင်ရောက်ချင်းပင် သားနှင့်သမီးကိုရှာသည်၊မတွေ့သောအခါ မင်းကြီးကိုမေးသည်၊မင်းကြီးက မဖြေသောအခါအပူလုံးဆို့ပြီး မူးမေ့ကာလဲကျသွားလေသည်။

ဝေဿန္တရာမင်းကြီးက နောက်ကျမှ မဒ္ဒီဒေဝီကိုနှစ်သိမ့်မှုပေးပြီး သက်သာရစေခဲ့သည်။

ခမည်းတော်သိဥ္စည်းမင်းကြီးနှင့် ဖုဿတီဒေဝီတို့သည် မြေးတော်တို့ထံမှ အကျိုးအကြောင်းစုံကို သိသောအခါ သားတော်နှင့်ချွေးမတော်တို့ကို နေပြည်တော်သို့ စစ်အင်္ဂါအခမ်းအနားဖြင့် ပြန်ခေါ်ပြီး ထီးနန်းပြန်လည်ပေးအပ်ကြသည်။

********

www.dhammaransi.com



# ဥပကတက္ကတွန်းနှင့်ဘုရားရှင်တွေ့တော်မူခန်း

"ငါဘုရားသည် မိဂဒါဝုန်တောသို့ကြွ၍ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားကိုဟောကြားမည်"

ဟု ကြံစည်တော်မူပြီးလျှင် ဗောဓိမဏ္ဍိုင်ကုန်း၏ အနီးမှာပင်ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း(၁၄)ရက်တိုင်အောင်နေတော်မူပြီးနောက် ဝါဆိုလပြည့်နေ့သို့ရောက်သောအခါ နံနက်စောစောကပင် တစ်ဆယ့်ရှစ်ယူဇနာဝေးကွာသောဗာရာဏသီပြည် မိဂဒါဝုန်သို့ကြွတော်မူအံ့ ဟု သပိတ်သင်္ကန်းကိုပြင်ဆင်ယူဆောင်ကာ ခြေလျင်ကြွတော်မူသည်။

ရှေးရှေးဘုရားရှင်တို့သည် ဓမ္မစကြာတရားဟောကြားရန် မိဂဒါဝုန်သို့ ကောင်းကင်ခရီးဖျာန်ယာဉ်စီးကာ ကြွတော်မူကြလေ့ရှိသည်၊ယခု ဂေါတမဘုရားရှင်ကမူလမ်းခရီးတွင်တွေ့ဆုံရမည့် ဥပကတက္ကတွန်း၏ အနာဂါမ်ဖြစ်လတံ့သောအကြောင်းရင်း ရှေးကောင်းမှုကိုမြင်၍-

"ယခုအခါ ဥပကသည် ဤခရီးသို့လာနေ၏၊ထိုဥပကသည် ငါဘုရားကိုဖူးတွေ၍ စကားနိုးနှော‌ပြောဆိုပြီးသွားလိမ့်မည်၊နောင်တစ်ချိန်တွင် လူဘောင်ငြီးငွေ့၍ ငါဘုရားထံမှောက်လာရောက်တရားနာပြီးလျှင် ယခု ဘဝအနာဂါမ်အရိယာဖြစ်၍ ဒုတိယဘဝတွင် အဝိဟာဘုံသို့ရောက်ရှိပြီး ရဟန္တာဖြစ်



ဥပကတက္ကတွန်းနှင့်ဘုရားရှင်တွေ့တော်မူခန်း

www.dhammaransi.com

www.dhammaransi.com



မည်"

ဟု သိတော်မူ၍ ဤခရီးကိုခြေလျင်ကြွတော်မူခြင်း ဖြစ်သည်။

ဥပကတက္ကတွန်းသည် မဟာဗောဓိနှင့်ဗုဒ္ဓဂါယာ၏ အကြား၌ခရီးသွားနေသည်၊ဘုရားရှင်နှင့်လမ်းတွင် တွေ့ဆုံ၍ အနီးကပ်ချဉ်းကပ်ပြီးလျှင်-

"ငါ့ရှင်-သင်၏မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်လှကုန်၏၊ ကိုယ်ရေအဆင်းသည်လည်း သန့်ရှင်းစင်ကြယ်လျက် ပြိုးပြိုး ပြက်ပြက်ရှိပေ၏၊ငါ့ရှင် သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊ သင်၏ဆရာက အဘယ်သူနည်း၊ အဘယ်သူ၏ တရားကိုနှစ်သက်ပါသနည်း"

ဟု မေးလေသည်။

"ဥပက-ငါသည်ဘုံသုံးပါး၌ ဖြစ်သောတရားအားလုံးကို လွှမ်းမိုးအုပ်စိုး၍တည်သူဖြစ်သည်၊အလုံးစုံသောတရားတို့ကို အကုန်အစင်အကြွင်းမဲ့သိသူလည်း ဖြစ်သည်၊အလုံးစုံသောတေဘူမကတရားတို့၌ တပ်မက်ခြင်း၊ပြစ်မှားခြင်း၊တွေဝေခြင်းအစရှိသော ကိလေသာဟူသောလိမ်းကျံခြင်းမှလည်း ကင်းစင်သူဖြစ်သည်၊ အလုံးစုံသောတေဘူမကတရားကိုပယ်ရှားစွန့်ပစ်ပြီးသူလည်း ဖြစ်သည်၊တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ စိတ်ချည္ထတ်ည္ထတ်ကျွတ်လွတ်သက်ဝင်၍ တည်သူလည်းဖြစ်

www.dhammaransi.com



သည်၊ အလုံးစုံသောတရားတို့ကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိမြင်သူဖြစ်သောကြောင့် အဘယ်မည်သောသူ တစ်ယောက်ကို ဤသူကားငါ၏ဆရာတည်းဟု ညွှန်ပြဖွယ် ရာရှိပါအံ့နည်း၊ မရှိသည်သာ"

"ဥပက-ငါဘုရားမှာ ဆရာဟူ၍မရှိ၊ငါ့ထက်မြတ်သူ ဆရာမဆိုထားဘိ၊ငါနှင့်တူသောသူပင်မရှိ၊နတ်နှင့်တကွသော လောက၌ သီလအစရှိသောဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက်သူပင် မရှိ"

"ဥပက-ငါသည်လောက၌ ပူဇော်အထူးကိုခံထိုက် သော အရဟံဂုဏ်ရှင်ဖြစ်ပေ၏၊ငါသည်လောက၌ အတုမရှိ၊ လွန်ကဲမြင့်မြတ်သောလူနတ်တို့၏ဆရာလည်းဖြစ်ပေ၏၊ငါ သည်တရားအလုံးစုံကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြု၊ တစ်ဆူတည်း သာဖြစ်၏၊ကိလေသာမီးငြိမ်းသူဖြစ်၏"

"ဥပက-ငါသည် ဓမ္မစကြာတရားကို ဟောကြားခြင်း ငှာ ကာသိတိုင်းဗာရဏသီပြည် ဣသိပတန မိဂဒါဝုန်တော သို့သွားပေအံ့၊ပညာမျက်စိမရှိ၊ သူကန်းသဖွယ်ဖြစ်သော နတ် လူအပေါင်းတို့၌ တရားဒေသနာတည်းဟူသော အမြိုက်စည် ကြီးကို ရိုက်တီးဆောင်ရွက်ပေအံ့"

"ငါ့ရှင်-သင်ဝန်ခံသည့်အတိုင်းသာဆိုလျှင် သင်သည်

www.dhammaransi.com



အနန္တဉာဏ်နှင့်မာရ်ငါးပါးကို အောင်မြင်ပြီးသူ ဖြစ်မှာဘဲ"

"ဥပက-ငါကဲ့သို့သဘောရှိသော ဘုရားတို့သည် အာသဝေါတရားလေးပါးတို့၏ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်တော်မူကုန်လျက်ယုတ်မာဆိုးဝါးသော အကုသိုလ်တရားတို့ကိုဖယ်ရှားအောင်မြင်တော်မူကြကာ ဇိနအမည်ရှိပါသည်၊ငါသည်လည်း အလားတူအရဟတ္တဖိုလ်ဉာဏ်ရောက်လျက်ယုတ်မာဆိုးဝါးသော အကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်ပြီးဖြစ်သောကြောင့်ဇိနအမည်တော် ရှိပါသည်။

"ငှါရှင် --သင်ပြောသည့်အတိုင်း ဟုတ်မှန်ရာ၏"

ဥပကသည် ဤသို့ပြောပြီး ဦးခေါင်းကိုညိတ်ပြီးလျှင် လမ်းခရီးကိုဖယ်လွှဲ၍ဝင်္ကဟာရဇနပုဒ်ဘက်သို့ ထွက်သွားလေသည်။

ဥပကတက္ကတွန်းသည် ဝင်္ကဟာရဇနပုဒ်၌ မုဆိုးရွာငယ်တစ်ခုကိုအမှီပြု၍ ထိုရွာငယ်၏အကြီးအကဲဖြစ်သော မုဆိုး၏ကိုးကွယ်လုပ်ကျွေးခြင်းကိုခံယူလျက် ကျောင်းငယ်တစ်ခု၌နေလေသည်။

ထိုအရပ်သည် ခြင်၊မှက်ကြမ်းသော ဘေးဆိုးထူပြောသဖြင့် ဥပကတက္ကတွန်းကို အိုးစရည်းကြီးတစ်ခု၌ နေစေသည်။

တစ်နေ့တွင် မုဆိုးကြီးသည် ဝေးသောသမင်ပေါ်များ

www.dhammaransi.com



သည့်တောသို့သွားလို၍-

"သမီး-ငါတို့၏ဆရာ ရဟန္တာအရှင်သူမြတ်အား လျှောက်ပတ်ကောင်းမွန်စွာပြုစုလုပ်ကျွေးရစ်ပါ၊မမေ့မလျော့ ပါစေနဲ့"

ဟု သမီးဆာဝါကိုမှာထားခဲ့သည်။

မုဆိုးကြီး၏သမီးဆာဝါသည် ရုပ်ရည်အဆင်းတင့် တယ်လှပသူဖြစ်သည်၊မုဆိုးကြီးထွက်သွား၍ နောက်နေ့တွင် ဥပကတက္ကတွန်းသည် ဆွမ်းအလို့ငှာ မုဆိုးကြီးအိမ်သို့ရောက် လာသည်။

ဆာဝါသည် ဥပကတက္ကတွန်းအတွက် ဆွမ်းပွဲကို ပြင်ဆင်၍ဆက်ကပ်သည်။

ဥပကတက္ကတွန်းသည် ဆာဝါကိုတွေ့မြင်ရသောအခါ ရာဂဖြင့်နှိပ်စက်ခြင်းခံရ၍ ဆွမ်းကိုအိမ်မှာမစားနိုင်ဘဲ ကျောင်းသို့ယူသွားပြီး ကျောင်းသင့်တော်ရာတွင်ထားပြီး-

"ဆာဝါကိုရမှ ငါအသက်ရှင်တော့မည်၊ မရလျှင် ငါသေတော့မည်"

ဟု ရာဂမီးပူပန်နှိပ်စက်မှုတို့ကိုခံရလျက် မစားနိုင်ဘဲ လျောင်း စက်အိပ်နေလေသည်။

ခုနစ်ရက်မြောက်သောနေ့၌ မုဆိုးကြီးသည်သားများ နှင့်အတူအိမ်သို့ပြန်ရောက်လာသည်၊မိမိ၏ဆရာဥပကတက္က

www.dhammaransi.com



တွန်းအိမ်သို့ ဆွမ်းစားမှန်မှန် ကြွ-မကြွ မေးသည်။

"ဖခင် ဖခင်၏ဆရာဥပကသည် တစ်နေ့သာအိမ်သို့လာပြီး နောက်ထပ်မလာတော့ပါ"

ဟု ပြောသည်။

မုဆိုးကြီးသည် ထိုစကားကိုကြားသော် အဝတ်အစားပင်မလဲနိုင်ဘဲတောမှလာသောအသွင်ဖြင့် ဥပကကျောင်းသို့ လိုက်သွားသည်။

"ဘယ်လိုမကျန်းမာခြင်းမျိုးဖြစ်နေပါသလဲ ဘုရား" ဟုခြေတို့ကို ဆုပ်နယ်ကာ ဥပကကိုမေးလေသည်၊ဥပက-က အဖြေစကား မပြောကြားသေးဘဲ ငြီးတွား၍သာ ဘယ်စောင်းညာပြန်လူးလဲ၍ နေလေသည်။

"အရှင်ဘုရား ပြောစရာရှိကပြောသာပြောပါ၊ကျွန်ုပ်ပြုလုပ်ပေးနိုင်သောအရာဟူသမျှ ပြုလုပ်ပေးပါမည်"

ဟုမုဆိုးကြီးက ဆက်ပြောသည်။

"မုဆိုးကြီး ဆာဝါကိုရမှ အသက်ရှင်ပါမည်၊မရလျှင်ဤနေရာ၌ပင် သေရခြင်းကမြတ်ပါသေးသည်"

"အရှင်ဘုရား-ဆာဝါကိုယူလိုပါက တစ်ခုခုသောအသက်မွေးဝမ်းကြောင်း အတတ်ပညာရှိရပါမည်၊တစ်စုံတစ်ခုသောအတတ်ကို တတ်ပါသလား"

"မတတ်ပါ"

www.dhammaransi.com



"အရှင်ဘုရား-တစ်စုံတစ်ခုသော အတတ်မတတ်ဘဲ အိမ်ထောင်သားမွေးပြုလုပ်၍ မရပါ"

"ငါသည် တစ်စုံတစ်ခုသော အတတ်ကိုကားမတတ်၊ ဒါပေမဲ့ ငါသည်သင်တို့ရရှိသော အသားတို့ကိုထမ်းပိုးယူဆောင်ပေးပါမည်၊အသားများကိုလည်း ရောင်းချပေးပါမည်"

"ဒါဆိုလျှင် သင်လုပ်နိုင်မည်ဆိုကလူထွက်၍ လိုက်ခဲ့ပါ၊ကျွန်ုပ်၏သမီးဆာဝါနှင့်ပေးစားပါမည်"

မုဆိုးကြီးသည် ဤသို့ပြောပြီးမိမိတွင်ပါလာသော အပေါ်ရုံကိုပစ်ပေးပြီးလူဝတ်လဲစေကာ အိမ်သို့ခေါ်ဆောင်လာပြီး ဥပကကို မိမိ၏သမီးဆာဝါနှင့်လက်ထပ်ပေးလေသည်။

ဥပကနှင့်ဆာဝါတို့ဆက်ဆံပေါင်းသင်းမှုကို အကြောင်းပြု၍သားတစ်ယောက်မွေးဖွားခဲ့သည်၊ထိုသားကို 'သုဘဒ္ဒ'ဟုလည်းအမည်ပေးခဲ့သည်။

ဆာဝါသည် သားလေးငိုသောအခါ၌-

"အမဲသားထမ်း တက္ကတွန်းရဟန်းလူထွက်သား
မုဆိုးနောက်လိုက်၊ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား
မိခင်ချော့သိပ်၊အငိုတိတ်၊မောင်အိပ်ပါတော့သား။
မြကြိုးလိမ်၊စိန်ပုခက်ကယ်နှင့်၊စက်ပါတော့သားရွှေစင်
ပျော်ကြောင်းငယ်မာယာနှင့်၊ ဖွဲ့ဆိုကာအမေလွှဲမယ်ပ

www.dhammaransi.com



ရွှေခဲအငိုတိတ်၊ မင်းအိပ်စေချင်။
မောင်ဖခင်၊ လူတွင်နောက်ဆုံး၊သည်နှယ်ကိုရှောင်
ခွာလို့၊နောက်နောင်ခါ၊လွတ်အောင်ရှားပါတော့၊
မွေးမယ်တော်၊ခုမှာထားလိုက်မယ်၊သားရွှေလှတုံး"

**(မာန်လည်ဆရာတော်ရေးဖွဲ့သီချင်း)**

ဤသို့စသည် မြည်တွန်တောက်တီးပြောဆိုကာသား ချော့သီချင်းဖြင့် ဥပကကိုထိပါးစောင်းချိတ်ကာ ပြက်ရယ် ပြောင်လှောင်မှုပြုလေသည်။

"ရှင်မ-သင်က ငါ့ကို ကိုးကွယ်ရာမဲ့သူဟူ၍ မှတ်ထင် ပါသလော၊ငါ့မှာ အနန္တဇိနမည်သော မိတ်ဆွေကောင်းကြီး ရှိသည်၊ရှင်မ အဲဒီလိုသာ ပုတ်ခတ်ပြောဆိုနေလျှင်ငါသည် အနန္တဇိနထံသို့သွားမည်"
ဟု ခြိမ်းခြောက်ပြောဆိုလေသည်။

ဆာဝါသည် -ငါ့လင်ကို ဤသို့စောင်းချိတ်ထိပါး ပြောကြားလျှင် ဤဥပကသည် နာကျည်းကျင်နာမခံသာရှိ သည်ဟု သိပြီးလျှင် ထိုသားချော့သီချင်းကိုအဖန်ဖန်သီဆို လေသည်။

ထိုသို့ပြောဖန်များလာသောအခါ ဥပကသည်တစ်နေ့ တွင်ဆာဝါအား အသိမပေးမပြောကြားတော့ဘဲ ရွာမှထွက် ခဲ့လေသည်။

www.dhammaransi.com



ထိုအချိန်တွင် ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေခိုက်ဖြစ်သည်၊ရဟန်းတို့ကိုလည်း အနန္တဇိနဟူ၍ မေးမြန်းသူလာရောက်ခဲ့သည်ရှိသော် ထိုသူအား ငါဘုရားထံခေါ်လာကြရန် စောစောကပင် ကြိုတင်မှာကြားထားခဲ့သည်။

ဥပကသည် အနန္တဇိန ဘယ်မှာရှိသလဲ ဟုရဟန်းတို့ကိုမေးသည်။

ရဟန်းတို့သည် ဥပကကိုဘုရားရှင်ထံသို့ခေါ်ဆောင်သွားသည်။

"အနန္တဇိန၊ သင်သည် ကျွန်ုပ်ကို မှတ်မိပါသလော" ဟု ဥပက-ကဘုရားရှင်ကိုမေးသည်။

"ဥပက ငါဘုရားသည် သင့်ကိုမှတ်မိသိရှိပါ၏၊သင်သည် ယခုအခါ ဘယ်အရပ်၌နေပါသနည်း"

"အနန္တဇိန ကျွန်ုပ်သည် ဝင်္ကဟာရဇနပုဒ်၌နေပါ၏"

"ဥပက-သင်သည် အသက်အရွယ်ကြီးရင့်သူ ဖြစ်ခဲ့လေပြီ၊သင်သည် ရဟန်းပြုနိုင်မည်လော"

"မြတ်စွာဘုရား-တပည့်တော်ရဟန်းပြုပါမည်ဘုရား"

ထိုအခါ မြတ်စွာဘုရားရှင်သည် ဥပကကို ရှင်ရဟန်းပြုစေပြီးလျှင် သင့်တော်သောကမ္မဋ္ဌာန်းကိုပေးတော်မူရာ ဥပကသည် ကမ္မဋ္ဌာန်းကိုကြိုးစားအားထုတ်ရာ အနာဂါမိ

www.dhammaransi.com



ဖိုလ်၌တည်ပြီးလျှင် ထိုဘဝမှစုတေခဲ့၍ သုဒ္ဓါဝါသဗြဟ္မာပြည် အဝိဟာဘုံ၌ ဖြစ်လေသည်၊ထိုဘုံ၌ ဖြစ်ပြီးလျှင် မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

*********

www.dhammaransi.com



# ညီတော်မင်းနန္ဒရဟန်းပြုခြင်း

နန္ဒမင်းသားသည် ဘုရင်သုဒ္ဓေါဒနနှင့်မဟာပဇာပတိဂေါတမီမှ မွေးဖွားလာသော သားတော်တစ်ပါးဖြစ်သည်၊ အလောင်းတော်သိဒ္ဓတ္ထကို မာယာဒေဝီမှ မွေးဖွားပြီးနောက် (၃)ရက်မြောက်တွင် မဟာပဇာပတိဂေါတမီမှမွေးဖွားခဲ့၍ ဘုရားထက် (၃)ရက်သာငယ်သူဖြစ်သည်။အရပ်အမောင်းအားဖြင့် ဘုရားလောင်းအောက်လက်လေးသစ်သာ နိမ့်သူဖြစ်သည်။

ဘုရားရှင်သည် ကပိလဝတ်ပြည်ရောက်၍ သုံးရက်မြောက်သောနေ့တွင် နန္ဒမင်းသားကို ဥသျှောင်ဆံထုံးဖြည့်ခြင်းမင်္ဂလာ၊ရွှေပြာသင်းကျစ်တော်ကို နဖူး၌တပ်ဆင်ခြင်းမင်္ဂလာ၊ အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲမင်္ဂလာ၊နှမတော် ဇနပဒကလျာဏီနှင့်လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ၊ အိမ်ရှေ့ထီးဖြူတော်စိုက်ဆောက်အပ်နှင်းခြင်းမင်္ဂလာ ဟူသော မင်္ဂလာတို့ကို ဆင်ယင်ကျင်းပပြုလုပ်စေ၏။

မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ မင်္ဂလာဆွမ်းအလို့ငှာ ကြွသွားတော်မူပြီးလျှင် ဆွမ်းကိစ္စပြီးသောအခါ နန္ဒမင်းသားကို သပိတ်တော်ကိုပွေ့ယူစေပြီး ကျောင်းတော်သို့ပြန်ကြွသည်။



ညီတော်မင်းနန် ရွတ်စန်း

www.dhammaransi.com



ဘုရားရှင်သည် နန္ဒမင်းသားကို ရဟန်းပြုပေးလို၍ ခေါ်သွားခြင်းဖြစ်သော်လည်း နန္ဒမင်းသားကမူ ဘုရားရှင်သည် မိမိ၏သပိတ်ကို ခန်းမဆောင်အရောက်ပြန်ယူလိမ့်မည်၊လှေကားထိပ်ဦးအရောက်ပြန်ယူလိမ့်မည်၊စောင်းတန်းလှေကားရောက်လျှင် ပြန်ယူလိမ့်မည်၊နန်းတော်ပြင်ပ မင်းရင်ပြင်ကွက်လပ်ရောက်လျှင် ပြန်ယူလိမ့်မည် ဟုအထင်နှင့် သပိတ်ထမ်းပြီး တကောက်ကောက်နောက်ပါးက လိုက်ခဲ့ရသည်။

နောင်တော်ကိုအလွန်လေးစားသဖြင့် သပိတ်တော်ကို ပြန်ယူပါဟူ၍လည်း မလျှောက်ထားဝံ့ချေ။

ဘုရားရှင်က မင်းရင်ပြင်အရောက်ဆက်လက်ခေါ်သွားသည်ကိုမြင်ကြသော ဇနပဒကလျာဏီ၏ရံရွေတော်တို့သည် ဇနပဒကလျာဏီထံသို့ သွားရောက်ကြပြီး-

"အရှင်မ -ဘုရားရှင်သည် နန္ဒမင်းသားကိုအရှင်မနှင့်ကင်းကွာအောင် ခေါ်ဆောင်ကြွသွားတော်မူပါပြီ"

ဟု လျှောက်တင်ကြသည်။

ထိုအချိန်တွင် ဇနပဒကလျာဏီသည် ခေါင်းလျှော်နေဆဲဖြစ်၍ ယိုစီးနေသောဆံပင်ကိုကပျာကယာသိမ်းပြီး လျင်မြန်စွာလာကာ လေသာနန်းတံခါး၌ရပ်ပြီးလျှင်-

"အို-အရှင်သား--လျင်မြန်စွာပြန်လာခဲ့ပါလော့"

www.dhammaransi.com



ဟု မှာကြားပြောဆိုသည်။

ထိုစကားကိုကြားရသော နန္ဒမင်းသား၏နှလုံး၌ ဖိလာကန့်လန့်ကျသကဲ့သို့တည်လေသည်။

ဘုရားရှင်သည် နန္ဒမင်းသားကို ကျောင်းအရောက်ခေါ်သွားပြီး ကျောင်းသို့ရောက်လျှင်'ရဟန်းပြုမည်လော'ဟု မေးသည်။

နန္ဒမင်းသားသည် ဘုရားရှင်ကိုအလွန်လေးစားသူဖြစ်၍ ရဟန်းမပြုလိုသော်လည်း ရဟန်းမပြုနိုင်ပါဟု မလျှောက်ဝံ့ဘဲ ရဟန်းပြုမည်ဟု ဝန်ခံလိုက်ရသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းများကိုခေါ်ကာနန္ဒမင်းသားကိုရဟန်းပြုပေးစေသည်။

အရှင်နန္ဒမထေရ်သည် ရဟန်းပြုသောနေ့မှစ၍ နှမတော်ဇနပဒကလျာဏီမှာကြားလိုက်သော 'အို-အရှင့်သားလျှင်မြန်စွာပြန်လာခဲ့ပါလော့' ဟူသောစကားကိုသာသတိရနေပြီး ရဟန်းတရားအားထုတ်ရန် မမွေ့လျော်သောစိတ်ဖြစ်နေရသည်။

ကျောင်းမှနှစ်ခါထွက်ပြေးရန်ကြိုးစားသည်၊ ထွက်ပြေးတိုင်းဘုရားရှင်နှင့်တွေ့ပြီး ကျောင်းထဲပြန်ဝင်ပြေးခဲ့ရသည်။

"နန္ဒရဟန်းသည် အလွန်မေ့မေ့လျော့လျော့နေဘိ၏၊ သာသနာတော်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်ခြင်းငှာ

www.dhammaransi.com



မစွမ်းနိုင်ရှာ၊ငါသည် နန္ဒကိုစိတ်ငြိမ်အောင် ပြုလုပ်မှသင့်တော်မည်"

ဟု ဘုရားရှင်က ကြံစည်ဆင်ခြင်ပြီးလျှင် နန္ဒရဟန်းကို နတ်ပြည်သို့သွားလို-မသွားလိုမေးပြီး သွားလိုသောဆန္ဒရှိသည်ကို သိရသောအခါ နတ်ပြည်သို့ နန္ဒရဟန်းကို မိမိ၏တန်ခိုးတော်ဖြင့် ခေါ်ဆောင်သွားသည်။

ဘုရားရှင်သည် လမ်းခရီးကြားဝယ် နန္ဒရဟန်းကို မီးလောင်ထားသောလယ်တွင်းအတွင်းဝယ် မီးလောင်ထားသော သစ်ငုတ်တစ်ခုထိပ်၌ နားနှာခေါင်းအမြီးများ မီးလောင်ထား၍ စုတ်ပြတ်၍လွန်စွာအိုမင်းရွတ်တွနေသောမျောက်အိုမတစ်ကောင်ကိုပြပြီး ဤမျောက်အိုမနှင့်ဇနပဒကလျာဏီမည်သူကပိုလှပါသနည်း ဟုမေးသည်၊နန္ဒရဟန်းက ဇနပဒကလျာဏီက နှိုင်းယှဉ်စရာမရှိလှကြောင်း လျှောက်ထားသည်။

ဘုရားရှင်က နန္ဒရဟန်းကို တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားပြီးလျှင် သိကြားမင်းအား ယုယဖျော်ဖြေရန်လာရောက်ကြသော ခိုခြေအသွေးနီတွေးသောခြေရှိသော နတ်သမီးငါးရာတို့သည် ဘုရားရှင်ကိုမြင်၍ ရှိခိုးကာရပ်တန့်နေကြသည်ကို ပြတော်မူသည်။

ဘုရားရှင်က နန္ဒရဟန်းကို နတ်သမီးများကိုမြင်ပါ

www.dhammaransi.com



သလား ဟုမေးသည်၊မြင်ပါသည် ဟုလျှောက်သောအခါ နတ်သမီးများနှင့်ဇနပဒကလျာဏီတို့ မည်သူကပိုလှသလဲ ဟု မေးသည်။

နန္ဒရဟန်းက နတ်သမီးများကဇနပဒကလျာဏီထက်လှကြောင်းလျှောက်ထားသည်၊ဘုရားရှင်က နတ်သမီးများကိုလိုချင်ပါသလားဟု ဆက်မေးသောအခါ လိုချင်ပါသည် ဟုလျှောက်ထားသည်။

နတ်သမီးလိုချင်လျှင် သာသနာမှာပျော်မွေ့စွာနေပြီးတရားအားထုတ်ပါ၊နတ်သမီးကိုရစေမည် ဟုဘုရားရှင်ကတာဝန်ယူလိုက်သောအခါ နန္ဒရဟန်းသည် နေပါမည်၊တရားအားထုတ်ပါမည် ဟု အာမခံလေသည်။

ထို့နောက် ဘုရားရှင်သည် နန္ဒရဟန်းကိုပြန်ခေါ်လာပြီးတရားအားထုတ်စေသည်၊ထို့နောက် တစ်ခြားရဟန်းများကိုခေါ်ပြီး-

"နန္ဒရဟန်းသည် နတ်သမီးကိုလိုချင်လို့ ဘုရားကိုအာမခံထားပြီး တရားအားထုတ်နေသတဲ့"

ဟု ပြက်ရယ်စကားဆိုခိုင်းသည်။

ရဟန်းများသည် နန္ဒရဟန်းပတ်ဝန်းကျင်သွားပြီးနတ်သမီးကိုလိုချင်လို့ ဘုရားကိုအာမခံထားပြီး နန္ဒရဟန်းတရားအားထုတ်နေသည် ဟုနန္ဒရဟန်းကြားလောက်အောင်

www.dhammaransi.com



ပြက်ရယ်စကားပြောဆိုကြသည်။

နန္ဒရဟန်းသည်ထိုအသံကိုကြား၍ ရှက်စနိုးဖြစ်ကာ သတိသံဝေဂတရားဖြစ်ပြီး သတိသမ္ပဇဉ်ယှဉ်ကာ တရားအား ထုတ်တော်မူရာ မကြာခင်ရဟန္တာဖြစ်သွားလေတော့သည်။

*********

www.dhammaransi.com



# ကိသာဂေါတမီအကျွတ်ရခန်း

ကိသာဂေါတမီသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တွင် မထင်ရှားသော အမျိုးသမီးတစ်ဦးဖြစ်ပြီး ဘိက္ခုနီတစ်ဦး ခေါင်းပါးသောဝုတင်အရာ၌ ဧတဒဂ်ထားသည်ကိုတွေ့မြင်၍ အားကျပြီးလျှင် ယင်းကိုကုသိုလ်ပြုပြီး ဆုတောင်းခဲ့သည်။

ကဿပဘုရားရှင်လက်ထက်ဝယ် ကိကီမင်းကြီး၏ သမီး(၇)ယောက်အနက် ဓမ္မာမည်သောသမီးဖြစ်ပြီး အနှစ်-နှစ်သောင်းကာလပတ်လုံး ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်သုံးခဲ့သည်။

ယခု ဂေါတမဘုရားရှင်လက်ထက်ဝယ် စီးပွားဥစ္စာ ပျက်စီးပြီး ဆင်းရဲသားဘဝရောက်နေရသော အမျိုး၌ဖြစ်ပြီး ကိုယ်ကာယကြုံလှီသေးငယ်သောကြောင့် ကိသာဂေါတမီ ဟု အမည်တွင်ခဲ့သည်။

ထိုအချိန်ဝယ် သာဝတ္ထိပြည်၌ သူဌေးတစ်ဦး၏အိမ်၌ကုဋေလေးဆယ်သော ရွှေငွေပစ္စည်းများသည် ထိုသူဌေး၏ ကုသိုလ်ကံအဟုန်ကုန်သောကြောင့် အံ့ဩဖွယ်ရာ မီးသွေးခဲ အတိဖြစ်သွားလေသည်။

သူဌေးသည် ဥစ္စာဟူသောသောကကြောင့် မစားနိုင် မသောက်နိုင်ဖြစ်ပြီး အိပ်ရာထဲလဲတော့သည်၊တစ်နေ့တွင်



ကိသာဂေါတမီချွတ်ခန်း

www.dhammaransi.com



မိတ်ဆွေသူဌေးတစ်ယောက်ရောက်လာပြီး သတင်းမေးသည်၊ အကျိုးအကြောင်းပြောပြသောအခါ ထိုသူဌေးက မိမိအိမ်ရှေ့တွင်ဈေးခန်းဖွင့်၍ ဖျာပေါ်၌ ထိုမီးသွေးများကိုရောင်းချပါ၊ဘာပြုလို့ရောင်းချနေရပါသလဲ ဟုမေးသူပေါ်လာပါက ထိုသူကိုရွှေငွေများကိုယူခိုင်းပါ၊ ထိုသူပေးသမျှခံယူပါ၊ထိုသူသည် ဘုန်းကံရှိသူဖြစ်ပါသည်၊ထိုသူသည် ယောကျ်ားဖြစ်က သင်၏သမီးနှင့်ပေးစား၍ သမက်တော်ကာ၊ထိုသူပေးသော ဥစ္စာဖြင့်အသက်ရှင်တော်မူပါ၊အမျိုးသမီးဖြစ်က သင်၏သားနှင့်ပေးစားပြီး သူပေးသောဥစ္စာဖြင့်အသက်မွေးပါ ဟု အကြံပေးလေသည်။

သူဌေးသည် ထိုမိတ်ဆွေအကြံပေးသည့်အတိုင်း မီးသွေးခဲဖြစ်သွားသောရွှေငွေများကို အိမ်ရှေ့တွင်ဖျာခင်း၍ ရောင်းချသည်။

ဈေးသွားဈေးလာသူတို့သည် သူဌေးမီးသွေးရောင်းသည်ကိုတအံ့တဩဖြစ်၍မေးကြသည်၊စုံစမ်းကြသည်၊သူဌေးက မိမိဥစ္စာမိမိရောင်းသည် ဘာဖြစ်သလဲ ဟုပြန်ပြောကာ ခပ်မဆိတ်နေလေသည်။

တစ်နေ့တွင် ကိသာဂေါတမီသည် မိမိကိစ္စတစ်ခုဖြင့် ထိုအိမ်ဈေးတံခါးရှေ့သို့ရောက်လာသည်၊ရွှေငွေများရောင်းချနေသောသူဌေးကိုမြင်လျှင်-

www.dhammaransi.com



"ဖခင် အခြားသူများက ဆီ၊ပျား၊တင်လဲစသည်ကို ရောင်းသည်၊ဖခင်က အဘယ်ကြောင့် ရွှေတွေငွေတွေရောင်း နေရပါသလဲ ဟုမေးသည်။

"သမီး-ဘယ်မှာလဲ ရွှေတွေ၊ငွေတွေ"

"အိုဖခင်-ရွှေငွေတွေကိုင်ပြီး ထိုင်ရောင်းနေသည် မဟုတ်ပါလော"

"ဒါဆို သမီးကိုယ်တိုင်ယူပေးပါလော့"

ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူ၍ သူဌေး လက်ထဲသို့လောင်းထည့်ပေးလိုက်လေသည်၊ထိုပစ္စည်းအား လုံးသည် မူပကတိအတိုင်း ရွှေငွေများပြန်ဖြစ်သွားသည်။

ထိုအခါသူဌေးသည် ကျေးဇူးတင်ဝမ်းမြောက်ဝမ်း သာဖြစ်ပြီး ကိသာဂေါတမီ၏အိမ်၊ မိဘတို့ကိုချက်ခြင်းစုံစမ်း ကာမိမိ၏သားနှင့်ထိမ်းမြားလက်ထပ်ပေးသည်၊ထို့နောက် ကုဋေလေးဆယ်သောဥစ္စာတို့ကို ကိသာဂေါတမီအားအပ်နှံ ပြီး ကိသာဂေါတမီပေးသောဥစ္စာဖြင့်သာ အသက်မွေးကြ လေသည်။

နောင်တစ်ချိန်တွင် ကိသာဂေါတမီမှ သားကလေး တစ်ယောက်မွေးဖွားလာရာ အိမ်သားအားလုံးက ပို၍ပင် ကိသာဂေါတမီကို မြတ်နိုးချစ်ခင်လာကြလေသည်။

ကလေးသည် ပြေးလွှားဆော့ကစားတတ်သော

www.dhammaransi.com



အရွယ်တွင် ရုတ်တရက်သေဆုံးသွားလေသည်၊လူအများက ကလေးအလောင်းကို သုသာန်သို့ပို့ရန် စီစဉ်နေစဉ် ကိသာ ဂေါတမီသည် ကလေးသေကိုပွေ့ချီပြီး ထွက်ပြေးကာ-

"ကျွန်မသားလေးအတွက်အသက်ရှင်ဆေးပေးကြပါ"

ဟု တတွတ်တွတ်ရွတ်ဆိုကာ အရူးတပိုင်းဖြစ်လျက် တစ်အိမ်တက်-တစ်ဆင်းလှည့်လှည် ဆေးတောင်းတော့သည်။

မြင်သောသူတိုင်းက အဘယ်အရပ်၌ သေပြီးသူအတွက်အသက်ပြန်ရှင်သောဆေးကို တွေ့ဘူးပါသလဲ ဟု ပြောပြီးပြက်ရယ်ပြုကာ ပြောဆိုလှောင်ကြသည်။

ကိသာဂေါတမီသည် ထိုသူတို့၏စကားဖြင့်လည်း အသိတရားမရနိုင်ချေ၊ပညာရှိသော ပုဂ္ဂိုလ်တစ်ဦးသည် ကိသာဂေါတမီကိုတွေ့မြင်သနားပြီး-

"ဤသူငယ်မသည်သားသောကကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ရောက်နေသည် ဖြစ်ရမည်၊ဤသူငယ်မအတွက် ဆေးကိုအခြားမည်သူမှမသိ၊ ဘုရားရှင်သာလျှင် သိပါလိမ့်မည်" ဟု ကြံစည်စဉ်းစားမိပြီး ဘုရားထံမသေဆေးသွားတောင်းရန် လမ်းညွှန်လိုက်သည်။

ကိသာဂေါတမီသည် မသေဆေးပေးရာ ပုဂ္ဂိုလ်ကို အမှန်တကယ်ညွှန်ပြသူဖြစ်သည်ဟု ယုံကြည်ကာ သားငယ်အလောင်းကိုပိုက်ပြီး ဘုရားရှင်ရှိရာဇေတဝန်ကျောင်းသို့

www.dhammaransi.com



သွားလေသည်။

ဘုရားရှင်ထံသို့ရောက်သော် မြတ်စွာဘုရားရှင်အား သားလေးအတွက် အသက်ရှင်ဆေးကိုပေးတော်မူပါဘုရား ဟုအော်ဟစ်လျှောက်ထားသည်။

ဘုရားရှင်သည် ကိသာဂေါတမီ၏ မဂ်ဖိုလ်ရကြောင်း ရှေးဉပနိဿယကိုမြင်သဖြင့်-

"ချစ်သမီး သင့်သားအသက်ရှင်ရန်အတွက် ငါဘုရား ထံသို့လာခြင်းသည် ကောင်းသောလာခြင်းဖြစ်ပါ၏၊ချစ်သမီး သွားပါ၊သာဝတ္ထိပြည်တွင်းသို့သွား၍ လူတစ်ယောက်မျှမသေ ဘူးသောအိမ်မှ မုန်ညင်းစေ့အနည်းငယ်ကို ယူဆောင်ခဲ့ပါ လော့"

ဟု မိန့်ကြားတော်မူသည်။

ကိသာဂေါတမီသည် ထိုမုန်ညင်းစေ့ရလျှင် မိမိ၏ သားလေးအသက်ရှင်မည်ဟု ထင်ကာ ချက်ချင်းပင် သာဝတ္ထိ မြို့ထဲသို့ဝင်ပြီး တစ်အိမ်တက်ဆင်း မုန်ညင်းစေ့တောင်းသည်၊ တောင်းခံရသူတိုင်းက မုန်ညင်းစေ့ပေးသည်၊သို့သော် လူသေ ဘူး-မသေဘူး မေးရာ အားလုံးကသေဘူးသူချည်းသာဖြစ်၍ မုန်ညင်းစေ့ကိုယူ၍မရခဲ့ပေ။

ကိသာဂေါတမီသည် သုံးလေးအိမ်ဝင်ပြီးသော် မသေဘူးသောအိမ်ဟူ၍မတွေ့၍-

www.dhammaransi.com



"တစ်မြို့လုံးလည်း ဤနည်း တူရှိလိမ့်မည်ဟု သတ္တဝါတို့၏အစီးအပွားကို လိုလားသော ဘုရားရှင်သည် မြင်တော်မူ၍ ငါ့ကိုဤသို့စေခိုင်းတာဖြစ်မည်"

ဟု သတိသံဝေဂရပြီး မြို့ပြင်သင်္ချိုင်းသို့ထွက်ကာရင်ခွင်ရှိ သားသေကို လက်ဖြင့်ကိုင်ကာ-

"ချစ်သား ငါအမေသည် ဤသေခြင်းကား သင်သားသာလျှင်ကွက်၍ဖြစ်သည် ဟု ထင်မိခဲ့၏၊စင်စစ် ဤသေခြင်း သဘောကား သင်သားသာဖြစ်သည်မဟုတ်၊လူအများနှင့်လည်းဆက်ဆံ၍ ဖြစ်နေပါသည်တကား"

ဟု ပြောဆို၍ သားသေကို ပစ်ချထားခဲ့လေတော့သည်။

ထို့နောက်ဘုရားရှင်ထံသို့ ပြန်သွားလေသည်၊ဘုရားရှင်က မုန်ညင်းစေ့ရခဲ့သလားဟုမေးရာ ကိသာဂေါတမီက

"မြတ်စွာဘုရား တပည့်တော်မအား မုန်ညင်းစေ့ဖြင့် ပြုဖွယ်ကိစ္စမရှိတော့ပါဘုရား၊ တပည့်တော်မအား ဆောက်တည်ရာကိုသာ ပေးတော်မူပါဘုရား"

ဟု လျှောက်ထားသည်။ဘုရားရှင်က-

"ကိသာဂေါတမီ ဥစ္စာစီးပွားပစ္စည်းတို့ဖြင့် ယစ်မူးနေသော ရရှိသောပစ္စည်းဥစ္စာတို့အပေါ်၌ ငြိကပ်တွယ်တာသော စိတ်ရှိနေသောသူကို အိပ်ပျော်နေသော ရွာသားအပေါင်းကို ပြည့်လျှံသော ရေအယာဉ်ကြီးက ရွေးမျှမကျန်အောင် တိုက်

www.dhammaransi.com



ဆောင်သယ်ယူသွားသလို သေမင်းသည် ယူဆောင်သွားပါတော့သည်”

ဟုဟောတော်မူရာ ကိသာဂေါတမီသည် ဘုရားရှင်၏ဂါထာအဆုံး၀ယ် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

ထို့နောက် ကိသာဂေါတမီသည် ဘုရားရှင်ထံ၌ ရဟန်းမ, ပြုခွင့်တောင်းရာ ဘုရားရှင်ကခွင့်ပြုသဖြင့် ဘိက္ခုနီမကျောင်းသို့သွားပြီး ရဟန်းမ, ပြုပြီး ဝိပဿနာတရားကို ဆက်လက်အားထုတ်ရာ မကြာခင် ရဟန္တာမ ဖြစ်လေသည်။

*********

www.dhammaransi.com



# ဈာနသမာပတ်ဗုဒ္ဓရုပ်ပွားတော်

မြတ်စွာဘုရားသည် အာဋဝီပြည် နွားတို့၏သွားရာ လမ်းခရီး ယင်းတိုက်တောဝယ် သစ်ရွက်အခင်း၌ နံနက်စော စောစီးစီး သီတင်းသုံးနေတော်မူသည်။

ဟတ္ထကအာဋဝကမင်းသားသည် အညောင်းပြေ လမ်းလျှောက်သွားရင်း ထိုနေရာသို့ရောက်လာပြီး ဘုရားရှင် ကိုတွေ့၍ ဝင်ဖူးပြီး ဘုရားရှင်ကိုလျှောက်ထားသည်။

"မြတ်စွာဘုရား-အသို့နည်း၊ ချမ်းသာစွာကျိန်းစက် တော်မူရပါ၏လော"

'မင်းသား ငါသည်ချမ်းသာစွာအိပ်စက်ရ၏၊ချမ်းသာ စွာအိပ်စက်ရသူတို့တွင် ငါလည်းတစ်ဦးအပါအဝင်ဖြစ်၏"

"အရှင်ဘုရား- ဆောင်းရာသီ တပို့တွဲ-တပေါင်းလ ကြားဖြစ်၍ ဆီးနှင်းများအလွန်ကျပြီး ချမ်းအေးလှပါသည်၊မြေ ပြင်သည် နွားခွာရာဖြင့် ကြမ်းတမ်းလှပါသည်၊သစ်ရွက်အခင်း ကလည်းပါးလျားလှပါသည်၊သစ်ပင်၏အရွက်ကလည်း ကျဲ ပါသည်၊သင်္ကန်းတော်များကလည်း အေးနေပါ၏၊အရပ်လေး မျက်နှာမှလာသောလေတို့ကလည်း တိုက်ခတ်နေပါ၏၊ထိုသို့ ဖြစ်ပါလျက် မင်းသားငါသည် ချမ်းချမ်းသာသာအိပ်စက်

www.dhammaransi.com



ရသည်၊လောက၌ ချမ်းသာစွာအိပ်ရသောသူတို့တွင် ငါလဲ တစ်ဦးအပါအဝင်ဖြစ်သည် ”
ဟု အရှင်ဘုရားမိန့်ဆိုရက်ပါ၏။

“မင်းသား-သင့်ကိုငါမေးမည်၊သင်ကြိုက်သလိုဖြေပါ၊ သူကြွယ်တစ်ယောက်သည် တံခါးအလုံပိတ်ထားသော တိုက် အိမ်၊အမွေးထူကော်ဇောပေါ်တွင် ဝံရေခင်းထားသော အခင်း ရှိသောကုတင်ညောင်စောင်းပေါ်၌ ဆီမီးကလည်း ထွန်း ထားပြီးမယားလေးယောက်တို့ကလည်း စိတ်ကြိုက်ပြုစုယုယ လုပ်ကျွေးနေ၏၊ထိုသူသည် ထိုတိုက်ခန်းဝယ် ချမ်းသာစွာ အိပ်စက်ရပါသလော၊ မအိပ်စက်ရပါသလော”

“အရှင်ဘုရား-ချမ်းသာစွာအိပ်စက်ရပါ၏၊လောက၌ ချမ်းသာစွာအိပ်စက်ရမှုတွင် တစ်ဦးအပါအဝင်ဖြစ်ပါ၏”

“မင်းသား-ထိုသူကြွယ်အား ရာဂ၊ဒေါသ၊မောဟတို့ ကြောင့်ဖြစ်သော ကိုယ်ဆင်းရဲစိတ်ဆင်းရဲများ ပူလောင်မှုများ ရှိနေပါက ထိုသူသည် ဆင်းရဲစွာအိပ်ရသည် မဟုတ်ပါလော”

“အရှင်ဘုရား ဆင်းရဲစွာအိပ်ရပါ၏”

“မင်းသားရာဂကြောင့်ဖြစ်သော ပူလောင်မှုကြောင့် ထိုသူကြွယ်ဆင်းရဲစွာအိပ်ရ၏၊ငါဘုရားကား ထိုရာဂ၊ဒေါသ၊ မောဟတို့ကိုသစ်ပင်အမြစ်က နှုတ်ပယ်သကဲ့သို့ နှုတ်ပယ်ပြီး ဖြစ်၍ ပူလောင်မှုမရှိ ချမ်းသာစွာအိပ်ရ၏”

www.dhammaransi.com





ဈာနသမာပါတ်ဗုဒ္ဓရုပ်ပွားတော်

www.dhammaransi.com



"မင်းသား မကောင်းမှုကိုအပပြုပြီးသော ကိလေသာ ပရိနိဗ္ဗာန်ပြုပြီးသော ကိလေသာမရှိသဖြင့် ငြိမ်းအေးသော အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ကာမဂုဏ်တို့၌မလိမ်းကျံ၊ထို ပုဂ္ဂိုလ်တို့သည် စင်စစ်ချမ်းသာစွာအိပ်ရ၏၊ အလုံးစုံသော တဏှာတို့ကို ပယ်ဖြတ်၍စိတ်နှလုံးပူပန်ခြင်း၊ငြိမ်းအေးခြင်း ရှိသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့စိတ်ဖြင့်ရောက်၍ ချမ်းသာစွာကျိန်းစက်ရ၏။

ကိလေသာမှကင်းဝေးသောသူတို့သာ ကောင်းမွန်စွာ အိပ်စက်ရ၏ ဟူသော ဘုရားဟောဒေသနာတော်ကို ရည်စူး၍ ဤကြာခံဘုရားကိုတည်ထားခြင်းဖြစ်ပါသည်။

*********

www.dhammaransi.com



# တိစီဝရိတ်ဗုဒ္ဓရုပ်ပွားတော်

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ရဟန်းတော်များကို သင်္ကန်းများချုပ်ခွင့်ပြုတော်မူခဲ့သည်၊နောက်နေ့တွင် ရာဇဂြိုဟ်ပြည်မှနေပြီး ဝေသာလီသို့နောက်ပါရဟန်းများနှင့်အတူ ဒေသစာရီကြွတော်မူသည်။

လမ်းခရီးအကြား၌ အထုပ်ကြီး-အထုပ်ငယ်တို့ဖြင့် သင်္ကန်းများကိုထုပ်ပိုးလျက် ဦးခေါင်း၊ပခုံး၊ခါးအသီးသီးတို့၌ ထမ်းပိုးသယ်ဆောင်လျက် ရာဇဂြိုဟ်မြို့သို့ဦးတည်လာနေသော ရဟန်းများကိုဘုရားရှင်က မြင်တော်မူသည်။

ဘုရားရှင်သည် ရဟန်းတော်များကို ကရုဏာသက်စွာဖြင့်ရှုကြည့်တော်မူပြီး -

"မဂ်ဖိုလ်မှအချည်းနှီးသောရဟန်းတို့သည် သင်္ကန်းအတွက် လျင်မြန်စွာလှည့်လည်နေကြသည်၊ ရဟန်းများအတွက် သင်္ကန်းအပိုင်းအခြားကိုထားရမူကောင်းလေစွ" ဟု အကြံဖြစ်ပေါ်တော်မူသည်။

ဝေသာလီပြည် ဂေါတမမည်သော ညောင်ပင်သို့ရောက်သောအခါ ခဏရပ်နားပြီး ထိုသင်္ကန်းကန့်သတ်ပေးရေးကို ဆုံးဖြတ်တော်မူသည်။

ရဟန်းတစ်ပါး၌လိုအပ်မည့် သင်္ကန်းအရေအတွက်

www.dhammaransi.com





တိစိဝရိတ်ဗုဒ္ဓရုပ်ပွားတော်

www.dhammaransi.com



ကို ကိုယ်တော်တိုင်ရှေးဦးစွာ စမ်းသပ်တော်မူသည်။

ရဟန်းတို့အတွက် သင်္ကန်းအများဆုံးလိုအပ်သော ရာသီသည်ကား ဆောင်းရာသီပင်ဖြစ်ပါသည်၊ထိုရာသီ၌ အအေးဒဏ်ကိုကာကွယ်နိုင်ရန် အပိုသင်္ကန်းလိုအပ်မည် ဖြစ်သည်။

သို့အတွက် ဘုရားရှင်သည် ဆောင်းရာသီတွင် အအေးဆုံးညဥ့်ဟုဆိုရသော တပို့တွဲလနှင့်တပေါင်းလအကြား (၈)ရက်နေ့မှ နှင်းအများဆုံးကျသော ညဥ့်တစ်ညဥ့်တွင် သစ်ပင်မရှိသောလွင်ပြင်ကျယ်တစ်ခုသို့ ကြွတော်မူ၍အအပို(၂)ထည်အပါအဝင် ကေသီ(၃)ထည်ကို ဘေးတွင်ချထားလျက် သင်ပိုင်းတစ်ထည်ဖြင့် နေတော်မူကာ အအေးဒဏ်နှင့် သင်္ကန်းလိုအပ်ချက်ကို စမ်းသပ်တော်မူသည်။

ညဥ့်ဦးယံအလွန် သန်းခေါင်ယံသို့ရောက်သောအခါ အအေးဓာတ်ဝင်လာသဖြင့် အနီးရှိပထမသင်္ကန်းကို ဆွဲယူခြုံတော်မူသည်။

တစ်ဖန် သန်းခေါင်ယံလွန်၍ မိုးသောက်ယံသို့ ရောက်သောအခါ အအေးဓာတ်ပိုမိုဝင်လာသဖြင့် တတိယသင်္ကန်းကို ခြုံတော်မူသည်။

အအေးဆုံးအချိန်လွန်မြောက်၍ နေရောင်ခြည်ပေါ်လာသောအခါ ဘုရားရှင်သည်စမ်းသပ်မှုကိုရုပ်သိမ်းကာ ပြန်

www.dhammaransi.com



ကြွတော်မူသည်။

ကျောင်းစခန်းသို့ရောက်သောအခါ ရဟန်းတော်များကို စည်းဝေးစေ၍ ရဟန်းများအတွက် သင်္ကန်းလိုအပ်ချက်ကို အကျယ်တဝင့်မိန့်ကြားပြီး-

“ရဟန်းတို့-နှစ်ထပ်သောဒုကုဋ်သင်္ကန်း၊ တစ်ထပ်သောကိုယ်ဝတ်သင်္ကန်း၊တစ်ထပ်သောသင်းပိုင်၊ ဤသုံးထည်သောသင်္ကန်းကိုခွင့်ပြု၏”

ဟု မိန့်ကြား၍ ခွင့်ပြုခဲ့သည်၊ထိုသည်ကိုရည်မှတ်ပြု၍ တိစီဝရိတ်ဗုဒ္ဓဘုရားကိုပဟင်းလင်းပြင်၌ တည်ထား ကိုးကွယ်ထားပါသည်။

*********

www.dhammaransi.com



# ပပ္ပါးမယ်တော်နှင့်သားတော်များနတ်နန်း

ပုဂံပြည်တွင် အနော်ရထာဘုရင်ထီးနန်းဆက်ခံပြီးနောက် (၉)နှစ်အကြာတွင် ထေရဝါဒဗုဒ္ဓသာသနာသည် ရှင်အရဟံနှင့်အနော်ရထာမင်းတို့၏ကျေးဇူးကြောင့် ပုဂံပြည်နှင့်တကွ အထက်မြန်မာနိုင်ငံတစ်ဝှမ်း ပျံ့နှံ့ခဲ့သည်။

အနော်ရထာမင်းသည် ထေရဝါဒဗုဒ္ဓသာသနာကိုလက်ခံပြီးနောက် ထေရဝါဒဗုဒ္ဓစာပေပိဋကတ်များရရှိအောင် သထုံသို့ သံတမန်စေလွှတ်ပြီး တောင်းခံခဲ့သည်၊မရ၍ စစ်တိုက်ယူခဲ့သည်၊ထို့နောက် သီဟိုဠ်သို့စေလွှတ်ပြီး ပိဋကတ်များ ကူးယူစေခဲ့သည်။

ထို့နောက် ဘုရားရှင်စွယ်တော်ကိုပင့်ရန် တရုတ်ပြည်သို့ သွားရောက်ခဲ့သည်၊တရုတ်ပြည် စွယ်တော်ပင့်ရာမှအပြန်တွင် ဤဆိုလတ့်သော ညီနောင်နတ်ဇာတ်လမ်းဖြစ်ပေါ်ခဲ့ရပါသည်။

အနော်ရထာဘုရင် ထေရဝါဒဗုဒ္ဓသာသနာ တရားစစ်တရားမှန်ရရန်ကြံစည်နေဆဲကာလ ရှင်အရဟံမရောက်သေးမီ ကာလအတောအတွင်းဝယ် သထုံပြည်မှကုလားလူမျိုးဗျတ္တသည် သထုံတွင် မင်းရာဇဝတ်သင့်၍ထွက်ပြေးလာရာမှပုဂံသို့ရောက်ရှိပြီး ပုဂံဘုရင် အနော်ရထာမင်းထံခ,စား

www.dhammaransi.com


သည်။

ဗျတ်ဝိ-ဗျတ္တဟူသောကုလားညီနောင်နှစ်ဦးသည် သုဝဏ္ဏဘူမိနှင့်အိန္ဒိယပြည်ကုန်ကူးလှေသင်္ဘောတွင် သင်္ဘောသားအလုပ်သမားအဖြစ်ပါလာသူ ညီနောင်နှစ်ဦးဖြစ်သည်၊ သုဝဏ္ဏဘူမိလာရာလမ်းခရီးတွင် သင်္ဘောပျက်ပြီး ညီနောင်နှစ်ယောက်သည် ပျဉ်တစ်ချပ်ဖြင့်ကူးမြောက်ကာ အသက်ဘေးမှလွတ်ခဲ့ရပြီး သုဝဏ္ဏဘူမိဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြသည်။

သုဝဏ္ဏဘူမိအရောက်တွင် မနူဟာမင်း၏မင်းဆရာဗားတမော့ဆရာတော်က ဒုက္ခသည်ကုလားညီနောင်ကို မိမိကျောင်းတွင် ခေါ်ယူကျွေးမွေးပြီးထားသည်။

ဗားတမော့ဆရာတော်သည် ဆေးဝါးအင်းအိုင်အစီအမံတတ်သောဆရာတော်ဖြစ်သည်၊တစ်နေ့သ၌တောအတွင်း ဆေးမြစ်ရှာရာသို့ ကုလားညီနောင်ကိုခေါ်ယူသွားခဲ့သည်၊ တောထဲတွင် ဇောဂျီဖိုဝင်သားကိုတွေ့၍ ကျောင်းသို့သယ်လာပြီး ကုလားညီနောင်ကိုစောင့်ရှောက်ထိန်းသိမ်းခိုင်းပြီး ဆရာတော်သည် ဇောဂျီဖိုဝင်သားရလာမှုနှင့်ပတ်သက်၍ မင်းကိုအကျိုးအကြောင်းပြောပြရန် နန်းတော်သို့ကြွသည်။

ထိုအချိန်တွင် ဇော်ဂျီဖိုဝင်သား၏မွှေးကြိုင်သောအနံ့ကို ခံစားလိုကြသောညီနောင်နှစ်ယောက်သည် စားလိုသော

www.dhammaransi.com





ပုပ္ပါးမယ်တော်နှင့်သားတော်များနတ်နန်း

www.dhammaransi.com



အာသာဆန္ဒကို မတားဆီးနိုင်ကြတော့ဘဲ ဇော်ဂျီသားကို မီးဖုတ်၍ စားကြလေသည်။

ဇော်ဂျီဖိုဝင်သားစားပြီး ခွန်အားဗလကြီးမားကြသော ညီနောင်သည်အလျား(၁၀)တောင်၊အနံ(၈)တောင်ရှိသော ကျောက်ဖျာကို မ,ယူပြီး လှေကားရင်း၌ချထားသည်၊ဆရာ တော်ပြန်လာ၍သိသောအခါ မင်းကိုအကြောင်းကြားသည်၊ မင်းကလည်း ထိုညီနောင်သည် တိုင်းပြည်အန္တရာယ်ဖြစ်လာ မည်ကိုသိ၍ဖမ်းစေရာ အစ်ကိုဗျတ်ဝိသည် အဖမ်းခံရပြီး အသတ်ခံရသည်၊ ဝိညာဉ်ကိုမြို့တော်ကိုစောင့်ရှောက်ရန် တာဝန်ပေးခံရသည်။

ညီငယ် ဗျတ္တသည် ထွက်ပြေးရာမှ ပုဂံသို့ရောက်ရှိ သွားသည်၊ အသွားအလာမြန်ခြင်း အားခွန်ဗလပြည့်စုံခြင်း ဟူသော အစွမ်းသတ္တိပြည့်စုံသူဖြစ်၍ပန်းတော်ဆက်ရာထူး၌ တာဝန်ပေးခံရသည်။

ဗျတ္တသည် ပုပ္ပါးမှစကားပန်းများကို ပုဂံနန်းတော်သို့ တစ်နေ့ဆယ်ကြိမ်သယ်ယူပြီး မင်းကိုဆက်သရသည်။

ဗျတ္တသည်ပန်းတော်ဆက်တာဝန်ထမ်းရင်း ပန်း ဥယျာဉ်စိုက်ပျိုး၍ အသက်မွေးဝမ်းကြောင်းပြုသောပုပ္ပါးသူ မယ်ဝဏ္ဏာနှင့်ချစ်ကြိုက်ပြီး အိမ်ထောင်ပြုခဲ့သည်။

မယ်ဝဏ္ဏာနှင့်အိမ်ထောင်ပြုပြီး သားနှစ်ယောက်မွေး

www.dhammaransi.com



ဖွားခဲ့သည်၊သားများမွေးတိုင်း-မွေးတိုင်း အနော်ရထာဘုရင်ကသားများအတွက် ရွှေဖျင်းဘိုးများပေးသဖြင့် သားနှစ်ယောက်မှာ ရွှေဖျင်းကြီး-ရွှေဖျင်းလေး ဟု အမည်တွင်ခဲ့သည်။

ဗျတ္တသည် အနော်ရထာမင်း၏ပိဋကတ်တော်ရရှိရေး၊သထုံတိုက်ပွဲတွင် မြို့ကိုတိုက်မရ၍အကြောင်းရှာသော် ဗျတ်ဝိက စောင့်ရှောက်နေ၍ တိုက်မရကြောင်းသိသောအခါ ဗျတ္တကိုခေါ်ယူပြီး အစ်ကိုဗျတ်ဝိနှင့်တွေ့ဆုံစေသည်၊ဗျတ်ဝိက မိမိသွေးဖျန်းစဉ်က ကြက်မတစ်ဝပ်နေရာလွတ်ကြောင်း ထိုနေရာမှဝင်၍ မြို့တံခါးကိုဖွင့်လျှင်ရနိုင်ကြောင်းအကြံပြု၍ ထိုနေရာမှညအချိန်ဝင်ပြီး မြို့တံခါးကိုဗျတ္တကဖွင့်ပေးရာမှ သထုံတိုက်ပွဲအောင်မြင်ပြီး ပိဋကတ်တော်များရရှိခဲ့သည်။

ထိုအရှိန်အဝါကြောင့် ဗျတ္တသည် မင်း၏အရေးပေးခြင်း၊မြှောက်စားခြင်းကို ခံခဲ့ရသည်၊မင်း၏အရေးပေးခြင်း၊မြှောက်စားခြင်းကို ခံယူရရှိသောအခါ ဗျတ္တသည်စည်းစိမ်အာဏာအရှိန်အဝါတွင် ယစ်မူးလာပြီး တာဝန်နှင့်ဝတ္တရားတို့ကိုမေ့လျော့လာသည်၊ပန်းတော်ဆက်တာဝန်များ ပျက်ကွက်လာခဲ့သည်။

ထိုသို့ပျက်ကွက်မှုများလာသောအခါ မင်းက စစ်သူကြီးကို ဗျတ္တအား ဆုံးမရန်တာဝန်ပေးလိုက်သည်၊ဆုံးမသူက လက်လွန်ခြေလွန်ဆုံးမလိုက်သောအခါ ဗျတ္တသည် သေဆုံးရ

www.dhammaransi.com



လေသည်။

ဗျတ္တသေဆုံးကြောင်း မင်းကြီးသိသောအခါမင်းကြီးက ခြေလွှန်လက်လွှန်ဆုံးမရသလား ဟုဆုံးမသူကို အပြစ်တင်မိန့်ကြားကာ ဗျတ္တအပေါ် သနားကရုဏာသက်သဖြင့် ဗျတ္တ၏လူ့မမယ်သားနှစ်ယောက်ကိုခေါ်ယူပြီး မွေးစားထားလေသည်။

ရွှေဖျဉ်းကြီး-ရွှေဖျဉ်းလေးညီနောင်နှစ်ဦးသည် အနော်ရထာမင်း ခေါ်ယူမွေးစားခံရပြီး နန်းတွင်းမှာပင် ကြီးပြင်းလာခဲ့ရသည်၊ယောကျ်ားတို့တတ်အပ်သော စစ်ပညာအတတ်များကိုလည်း သင်ကြားတတ်မြောက်ခဲ့ရသည်၊အနော်ရထာဘုရင်၏မွေးစားသားများဖြစ်၍ မင်းကြီး-မင်းလေး ဟုအမည်တွင်ခဲ့သည်။

အနော်ရထာမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကြီးစည်ပင်ပြန့်ပွားရေးကို တစ်ဘက်မှ ကြိုးပမ်းဆောင်ရွက်ရင်းတစ်ဘက်ကလည်းဘုရားရှင်၏ဓာတ်တော်မွေတော်များကို မြန်မာပြည်သူများ ကိုးကွယ်နိုင်ရန် အိမ်နီးချင်းနိုင်ငံများသို့ သံတမန်စေလွှတ်ပြီး တောင်းခံခဲ့သည်။

တရုတ်ပြည်တွင် ဘုရားရှင်၏အံတော်ရှိသည်ကိုကြား၍ အံတော်ဖူးမြော်နိုင်ရန်နှင့်အံတော်ပွားရနိုင်ရန်ကိုယ်တော်တိုင် စစ်အင်္ဂါလေးပါး ခြံရံပြီး တရုတ်ပြည်သို့ ခရီးထွက်ခဲ့

www.dhammaransi.com



သည်။

တရုတ်ပြည်အရောက်တွင် တရုတ်ပြည်ဘုရင်ဥတည်ဘွားကထွက်ပြီး မကြိုဆိုသဖြင့် အနော်ရထာမင်းက ရွှေဖျဉ်းညီနောင်ကိုညွှန့်အချိန်တွင် တရုတ်ဘုရင် ဥတည်ဘွားအား ထုံးသုံးချက်စည်းတားခိုင်းသည်၊ ဤထုံးတားသည့်အတိုင်း ခါးနှင့်ပိုင်းဖြတ်မည်ဟူ၍ စာရေးထားစေသည်၊ရွှေဖျဉ်းညီနောင်သည် ညွှန့်အချိန်တွင် တရုတ်ဘုရင်ဥတည်ဘွားနန်းဝင်ပြီး ဘုရင်အားထုံးသုံးချက်စည်းတားခဲ့ပြီး စာရေးထားခဲ့သည်၊ကျန်စစ်သားကိုတစ်ဖန်ခေါ်၍ တရုတ်ဘုရင် ဥတည်ဘွားကိုးကွယ်သောကြေးစန္ဒီနတ်ကို ကြိမ်စကြာနှင့်ရိုက်စေသည်။

ကြေးစန္ဒီနတ်သည် ကြိမ်ဒဏ်ရိုက်ခံရ၍တစ်တိုင်းပြည်လုံးကြားအောင် အော်ဟစ်ညည်းတွားပြောပြလေသည်။

နံနက်မိုးလင်းသော် တရုတ်ဥတည်ဘွားသည် ထုံးသုံးချက်တားထားခြင်းနှင့် စာတမ်းကိုတွေ့ရသောအခါ ကြောက်လန့်ပြီး အနော်ရထာဘုရင်ကို ထွက်ပြီးကြိုဆိုသည်၊ ညှော့ဝတ်ပျူငှာစွာ ညှော့ခံခဲ့သည်။

အနော်ရထာမင်းက တရုတ်ဘုရင် ဥတည်ဘွားထံ ဘုရားရှင်စွယ်တော်ကိုတောင်းခံရာ ဘုရားရှင်၏ဗျာဒိတ်အရ ဖြစ်သည်၊ပင့်ဆောင်လို့ရက ပင့်ဆောင်ပါဟု ပြောပြသည်၊

www.dhammaransi.com



အနော်ရထာမင်းသည် ပင့်ဆောင်ရာမရချေ၊သိကြားမင်းက ဆင်းလာပြီး အကျိုးအကြောင်းပြောပြကာ မြဘုရားတစ်ဆူ ပေးလိုက်သည်၊ တရုတ်ဘုရင် ဥတည်ဘွားက စွယ်တော်ပွား ကိုသာ လက်ဆောင်ပေးလိုက်သည်။

အနော်ရထာမင်းသည် တရုတ်ပြည်မှအပြန် မောရှမ်း ကိုးပြည်သို့ဝင်ခဲ့သည်၊ မောရှမ်းကိုးပြည်စော်ဘွားက သမီး တော်စောမွန်လှကိုဆက်သသည်။

ထိုမှ ဆက်လက်ထွက်ခွာလာခဲ့ရာ ယခု မတ္တရာမြို့ နယ် တောင်ပြုံးအရပ်တွင် ခေတ္တရပ်နားသည်၊အနော်ရထာ မင်းက မိမိနှင့်အတူပါလာသော မင်းမှုထမ်းများကုသိုလ်အတူ တူရစေရန် တစ်ဦးလျှင် အုတ်တစ်ချပ်စီဖြင့် ရပ်နားရာနေရာ ၌ ဘုရားတစ်ဆူတည်ရန် လမ်းညွှန်သတ်မှတ်ပေးခဲ့သည်။

မင်းကြီး-မင်းလေးညီနောင်သည် တရုတ်ပြည်မှ အပြန်တွင် တရုတ်ဘုရင် ဥတည်ဘွားကိုထုံးတားနိုင်သော အစွမ်းကြောင့် အနော်ရထာမင်းကြီး၏အထူးအရေးပေးခြင်း ကို ခံခဲ့ရသူများဖြစ်လာသည်။

မင်းပျိုမင်းလွင်များ ဖြစ်သည်ကတစ်ကြောင်း၊မင်း၏ အရေးပေးခံရမှုကတစ်ကြောင်းတို့အပေါ် မူတည်၍မာန်မာန ထောင်လွှားမှုများလည်း ရှိလာကြသည်။

ဘုရားတည်ရန် သူတကာတွေက အုတ်အသီးသီး

www.dhammaransi.com



ပေးကြသော်လည်း မင်းညီနောင်ကမပေးချေ၊ ရပ်ရွာထဲသို့ လျှောက်လည်ပြီး မုန့်ယစ်သောက်စားနေခဲ့သည်၊သူတစ်ပါး မယားမရှောင်ကိုချစ်ကြိုက်မိပြီး နိုင်ထက်စီးနင်းပြုလုပ်လာကြ သည်။

ငါတို့က ငါတို့ခမည်းတော်အနော်ရထာက အရေး ပေးခံရသူတွေဘဲ၊အုတ်တစ်ချပ်မပေးတာနဲ့တော့အရေးမယူ လောက်ဟု သဘောထား မာန်တက်ကြွကြပြီး အပျော်အပါး ဖြင့်သာအချိန်ကုန်နေကြသည်။

ဘုရားပြီးစီး၍ မင်းကြီးလာရောက်စစ်ဆေးပူဇော် သောအခါ အုတ်နှစ်ချပ်လပ်သောအခြေအနေကိုတွေ့၍ မေးမြန်းရာတွင် မင်းညီနောင်သည် မုန့်ယစ်သောက်စား ပျော် ပါးပြီး ဘုရားတည်ရာ၌ စိတ်မဝင်စားသလို အုတ်တစ်ချပ်စီ လည်းမပေးကြောင်း လျှောက်ထားကြသည်။

လူမျိုးခြားသွေးအရေးပေးက ရွှေရေးပန်းကန်တက် ဖြစ်လာသည်ကိုမလိုလား၊ မိမိအမိန့်ဩဇာအာဏာကိုမလေး မစားပြုလုပ်လာမှုကို ခွင့်လွှတ်က ကျန်သူများပိုမိုအကဲတက် လာမည်ကို စိုးရိမ်သောမင်းကြီးသည် ကျောသားရင်သား မခွဲခြားသောမင်း၏မေတ္တာအမိန့်အာဏာဖြင့် မင်းညီနောင် ကိုဆုံးမရန် အမိန့်ပေးလေသည်။

မင်းအာဏာကိုမလေးမစားပြုလုပ်ပြီး ရပ်ထဲ ရွာထဲ

www.dhammaransi.com



တွင်မှူးယစ်သောက်စားပျော်ပါးနေကြကာ သူတစ်ပါးသားမယားကို အာဏာအရှိန်အဝါဖြင့် နိုင်ထက်စီးနင်းပြုနေကြသောမင်းညီနောင်ကိုဆုံးမသူတို့က ဝါးရင်းတုတ်ဖြင့်အပြတ်သေအောင် ဆုံးမလိုက်သဖြင့် မင်းညီနောင်သေဆုံးရလေသည်၊မင်းညီနောင် ကူပ်မျက်သောအရပ်ကို ယနေ့ထက်တိုင် ကွပ်ရွာညောင်ပင် ဟုခေါ်ပါသည်။

မင်းညီနောင်သည် သေဆုံးပြီးနောက် ထိုနေရာမှာပင် နတ်မိစ္ဆာများ ဖြစ်ကြရလေသည်။

အနော်ရထာမင်းကြီးသည် ဘုရားကိုစွပြီး၍ ဘုရားကိုဆုတောင်းပြည့်ဟု သမုတ်ခဲ့ပြီး ထိုနေရာမှထွက်ခွာရန် ဖောင်တော်ထွက်သည်၊ဖောင်တော်တက်ကိုနတ်မိစ္ဆာနှစ်ဦးက ကိုင်ထား၍ဖောင်တော်ထွက်မရဖြစ်သည်တွင် မင်းကြီးက ဟူးရားဖြူ ဟူးရားညိုတို့ကိုမေးသည်တွင် နတ်မိစ္ဆာနှစ်ဦးသည် ဖောင်ထိပ်တွင်ပေါ်လာပြီး-

"ကျွန်တော်ရွှေဖျဉ်းညီနောင်တို့သည် အမှုတော်ကိုထမ်း၍ ကျေးဇူးတော်မခံစားရပါသောကြောင့် ဖောင်ကော်တက်မကိုင်၍ လိုက်ရပါသည်"
ဟုဖောင်ထိပ်တွင်ပေါ်ကာ နတ်မိစ္ဆာနှစ်ဦးတို့က လျှောက်ထား၏။

အနော်ရထာမင်းကြီးသည် မြေးတော်ညီနောင်နှစ်

www.dhammaransi.com



ယောက်အပေါ် သနားကရုဏာမေတ္တာထားပြီးတောင်ပြုန်း ရွာရှိ ကောင်းမှုတော်ဆုတောင်းပြည့်ဘုရား၌ နတ်ကွန်း ဆောက်ပေးသည်၊ သူတို့အသတ်ခံရပြီး နတ်ဖြစ်စေသော ဝါခေါင်လဆန်း(၈)ရက်နေ့တွင် ထိုဒေသရှိလူအများက သူ တို့ကို ပူဇော်ပွဲကျင်းပပေးရန် အမိန့်ချမှတ်ပေးခဲ့သည်။

ထိုအချိန်မှစ၍ တောင်ပြုံးမင်းညီနောင်နတ်ပူဇော်ပွဲ စတင်ဖြစ်ပေါ်လာခဲ့သည်။

## ပုပ္ပားမယ်ဝဏ္ဏာနတ်

ဗျတ္တ၏မယား ပန်းသည်မယ်ဝဏ္ဏာသည် ပထမတွင် လင်ယောက်ျားအသတ်ခံရ၍ စိတ်ထိခိုက်ခဲ့ရသည်၊ နောင် သားတော်ငယ်များကို ဘုရင်ကကောက်ယူမွေးစားသဖြင့် စိတ်ဖြေသာရခဲ့သည်။

ယခုတစ်ဖန် သားတော်နှစ်ပါး အသတ်ခံရသော သတင်းကိုကြားရသောအခါ မင်းအပေါ်၌ စိတ်လည်း နာကြည်း၊ ဒေါသလည်းထွက်၊နှလုံးကြေကွဲဝမ်းနည်းမှုလည်း အတိုင်းထက်အလွန်ဖြစ်ပြီး နှလုံးကွဲကာ သေပွဲဝင်ရလေ သည်။

ဒေါသ အာဃာတဖြင့်ရင်ကွဲသေရသော မယ်ဝဏ္ဏာ

www.dhammaransi.com



သည် ပုပ္ပားတောင်တွင် နတ်ဘီလူးမဖြစ်ရလေသည်။

မယ်ဝဏ္ဏနတ်ဘီလူးမသည် သားတော်များပူဇော်ပွဲကျင်းပရာဝါခေါင်လတွင် တောင်ပြုန်းသို့သွားရောက်ခဲ့ပြီး ပျော်ရွှင်ပွဲတက်ရောက်ခဲ့သည်၊သားတော်များနှင့်အတူ အပူဇော်ခံခဲ့သည်။

တောင်ပြုန်းနတ်ပွဲပြီး၍ မယ်တော်မယ်ဝဏ္ဏနတ်ဘီလူးမသည် ပုပ္ပားသို့ပြန်ရာတွင် ရတနာဂူအရပ်အရောက်တွင် တက်သေးအင်း နတ်မောင်နှမ ပင့်ဖိတ်သဖြင့်ခေတ္တရပ်နားရသည်ဟု ဆိုပါသည်။

ထိုသို့ရပ်နားစဉ် တက်သေးအင်းနတ်မောင်နှမကို ပူဇော်သူများက မယ်ဝဏ္ဏကိုပါရော၍ ပူဇော်ရာမှ ရတနာဂူနတ်ပွဲ ဖြစ်လာရသည်ဟု ဆိုပါသည်။

*********

www.dhammaransi.com



# နိဗ္ဗာန်ဆော်ရုပ်

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဗိမ္ဗိသာရမင်းကြီး၏လျှောက်ထားချက်အရ ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ဆွမ်းခံဝင်ရန် စီမံလေသည်။

ပြည်သူအများကဘုရားရှင်ကိုဖူးမြင်ရန် ရာဇဂြိုဟ်မြို့ မှထွက်ကာ ဘုရားရှင်ကြွလာမည့်လမ်း၌ စောင့်ကြိုနေကြရာ လူအုပ်မှာတဖြည်းဖြည်းများလာပြီး ဘုရားကြွရန်ပင် လမ်း မရှိဖြစ်လာသည်။

ထိုအခါ သိကြားမင်းသည် အခြေအနေကိုသိတော် မူ၍ အလွန်တရာလှပသောလုလင်အသွင်ဖန်ဆင်းပြီးလျှင် ဘုရားရှင်၏ဂုဏ်တော်များကိုသီဆို၍တကာ ပြည်သူအများ ကို နိဗ္ဗာန်ဆော်လမ်းပြပြုလုပ်သည်၊ဘုရားရှင်သည် သိကြား မင်းလုလင်လမ်းပြသောလမ်းမှပင် ကြွတော်မူသည်။

သိကြားမင်းလုလင်က ဘုရားရှင်အား လမ်းပြနိဗ္ဗာန် ဆော်ပြုလုပ်သည်ကိုအတုယူ၍ အရဟာဆွမ်းခံကြွရဟာန်း တော်များအတွက် ဆွမ်းလောင်းလှူနိုင်ရန်နှင့်ဆွမ်းချက်ရန် အတွက် နှိုးဆော်မှုပြုသောဓလေ့ ဖြစ်ပေါ်လာခဲ့သည်၊ထိုသူ များကို နိဗ္ဗာန်ဆော် ဟု ခေါ်စမှတ်ပြုကြလေသည်။

www.dhammaransi.com



နိဗ္ဗာန်ဆော်ရုပ်

www.dhammaransi.com



နိဗ္ဗာန်ဆော်သည် သံဃာတော်များဆွမ်းကိစ္စ၊ဘာသာရေးကိစ္စအတွက် ဆောင်ရွက်ကြသူများကို နှိုးဆော်သူများ ဖြစ်ကြပါသည်။

ထိုသည်ကိုရည်၍ နိဗ္ဗာန်ဆော်ပုံ ပြုလုပ်စီမံထားခြင်း ဖြစ်ပါသည်။

*********

www.dhammaransi.com



## ဆံတော်ပယ်၍ရဟန်းပြုခြင်း

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ကဏ္ဍကမြင်းကိုစီးလျက်မြင်းမြီးဆွဲမောင်ဆန်နှင့်အတူ တောထွက်တော်မူခဲ့ရာ တစ်ညဉ့်တည်းဖြင့်ပင် သာကိယ၊ကောဠိယ၊မလ္လ ဟူသော သုံးပြည်ထောင်တို့ကို ကျော်လွန်ကာယူဇနာ(၃၀)ရှိသောခရီးကိုသွား၍ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူသည်။ကမ်းစပ်၌ ရပ်လျက်-

"ဤမြစ်သည် အဘယ်မည်သောမြစ်နည်း"

ဟု မေးသည်။

"အရှင်မင်းသား၊ ဤမြစ်သည် အနော်မာမြစ် အမည်ရှိပါသည်"

"ငါ၏ရဟန်းအဖြစ်သည်လည်း မယုတ်မာ၊မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်လတ့ံ"

ဟု နိမိတ်ကောက်ယူတော်မူကာ ဖနောင့်တော်ဖြင့် မြင်းကိုခတ်လျက် မြစ်ကိုကူးရန် မြင်းကိုအမှတ်ပေးလိုက်သည်၊ ကဏ္ဍကမြင်းသည် အမှတ်ပေးခံရလျှင်ခံရခြင်း ဤဘက်ကမ်းမှခုန်၍ ရှစ်ဥသဘကျယ်သော အနော်မာမြစ်၏ဟိုမှာဘက်ကမ်း၌တည်နေလေသည်။

အလောင်းတော်မြတ်သည် မြင်းကျောကုန်းမှသက်



၂၇၀ (၃)

ဆံတော်ပယ်၍ရဟန်းပြုခန်း

www.dhammaransi.com



ဆင်း၍ ပုလဲအစုနှင့်တူသောသဲသောင်ပြင်၌ ရပ်တော်မူကာ-

"အချင်းဆန္န-သင်သည် ငါ၏အဆင်တန်ဆာနှင့် တကွ ကဏ္ဍကမြင်းတော်ကိုယူ၍ တိုင်းပြည်သို့ပြန်ပါလေ၊ငါမူကား ရဟန်းပြုတော့အံ့"

ဟု ဆန္နအမတ်ကိုမိန့်ကြားသည်။

ဆန္နအမတ်ကလည်း ရဟန်းပြုခွင့်တောင်းသည်၊ အလောင်းတော်က သုံးကြိမ်တိုင်တိုင်တားမြစ်လာ၍ ဆန္နအမတ်သည် နောက်ဆုံးကဏ္ဍကမြင်းနှင့်အတူ နေပြည်တော်သို့ပြန်ခဲ့ရသည်။

"ငါ၏ဤဆံပင်တို့သည်ကား ရဟန်းတို့နှင့်မလျှောက်ပတ်ချေ၊ထိုဆံပင်တို့ကို သံလျက်ဖြင့်ဖြတ်ပေအံ့"

အလောင်းတော်သည် ဤသို့ကြံစည်ပြီးလျှင်လက်ျာလက်ဖြင့်သံလျက်စွဲကိုင်ကာ လက်ဝဲလက်ဖြင့်မကိုဋ်နှင့်တကွ ဆံထုံးကိုကိုင်၍ ဖြတ်ပယ်တော်မူလေသည်။

ဆံတော်တို့သည် လက်နှစ်သစ်ပမာဏအညီအမျှ ကြွင်းကျန်ရစ်ကြ၍လက်ျာရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိတည်ရှိကြကုန်သည်။

ထိုဆံတော်တို့၏ပမာဏကားအသက်ထက်ဆုံးပင် မရိတ်မပယ်ရဘဲ လက်နှစ်သစ်ပမာဏသာရှိလေသည်။

ဘုရားလောင်းသည် မကိုဋ်နှင့်တကွဆံထုံးတော်ကို

www.dhammaransi.com



ကိုင်ကာ-

"ငါသည် အကယ်စစ်စစ်ဘုရားဖြစ်မည့်သူမှန်၏၊ဤဆံထုံးတော်သည် ကောင်းကင်၌တည်စေသတည်း၊အကယ်စစ်စစ် ဘုရားဖြစ်မည့်သူမဟုတ်ငြားအံ့၊ဤဆံထုံးတော်သည် မြေ၌ကျပါစေသတည်း"

ဟုအဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့မြှောက်ပစ်လိုက်ရာ မကိုဋ်နှင့်တကွသောဆံထုံးတော်သည် အထက်သို့တစ်ယူဇနာတိုင်တိုင်တက်၍ ကောင်းကင်၌ပင် ဆိုင်းကိုဆွဲထားသည့်အလားထူးခြားအံ့ဩဖွယ်စွာတည်ရှိလေသည်။

သိကြားမင်းသည် နတ်မျက်စိဖြင့် ဆံတော်ကိုမြင်၍ တစ်ယူဇနာရှိသော ရတနာပန်းတောင်းဖြင့် ထိုမကိုဋ်တော်နှင့်တကွဆံတော်ကိုခံယူပြီးလျှင် မိမိစံနေရာ တာဝတိံသာနတ်ပြည်၌ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံစီခြယ်အပ်သော သုံးယူဇနာဉာဏ်တော်အမြင့်ရှိသော စူဠာမဏိစေတီ ကိုတည်ထားကာ ထိုဆံတော်နှင့်မကိုဋ်ကို ဌာပနာ၍ ပူဇော်ထားလေသည်။

(မြန်မာလူမျိုးတို့ သီတင်းကျွတ်လပြည့်နေ့၌ မီးပုံးပျံလွှတ်ခြင်းသည် ထိုဘုရားကို ပူဇော်ခြင်း ဖြစ်ပါသည်)

*********

www.dhammaransi.com



# နောင်တော်ကြီးစေတီ (သိုက်ဘုရား)

၁၃၂၂-ခု၊ နယုန်လဆန်း(၈)ရက်နေ့တွင် ဒေါ်စောညွန့်ရီသည် မိမိ၏အိပ်မက်အရ မြောက်ဥက္ကလာပမြို့သစ် တည်စကွင်းပြင်တွင်ရှိသော ဘုရားငုတ်တိုသို့တတိယအကြိမ် သွားရောက်ဖူးမြော်သည်။

ထိုသို့ဖူးမြော်စဉ် ဘုရားငုတ်တိုထက်ရှိ နပဲပင်ပေါ်မှ အိမ်မြှောင်စုပ်ထိုးသံကိုထူးခြားစွာကြားရသည်၊ထိုအချိန်တွင် ဒေါ်စောညွန့်ရီ၏မောင်သည် ဘုရားပေါ်သို့တက်ကြည့်ရာ ကြုတ်ကလေးတစ်ခုကိုတွေ့ရသည်၊ထိုကြုတ်ကလေးတွင် အမျိုးသမီးရုပ်တုပုံတစ်ခုကိုတွေ့ရသည်။

ထိုရုပ်တုကလေးယူပြီး အိမ်ပြန်လာခဲ့ရာ အိမ်ပြန်ရောက်ပြီး မကြာမီပင် သမီးအကြီးမကို ဥစ္စာစောင့်မက ဝင်ပူးသည်။

"ပုံတော်ရုပ်တုကလေးပေးရသည်မှာ အမတော်က ဦးစီး၍စေတီတော်ကို ပြန်လည်ပြုပြင်ပေးပြီး အမျှပေးဝေပါက မိမိတို့တတွေအကျွတ်ရပါမည်၊ အမက ကူညီဆောင်ရွက်ပေးပါ"

ဟု ပြောပြသည်။

www.dhammaransi.com



ရုပ်တုမှာ မယ်လမုပုံရုပ်တုဖြစ်ပြီး ဒေါ်စောညွန့်ရီ သည်ထိုဥစ္စာစောင့်မ၏အကူအညီတောင်းခံမှုကိုလက်ခံပြီး နောက်၊ ဘုရားငုတ်တိုကို အဓိဋ္ဌာန်ဝင်ပြီး မနောမယဆရာ တော်၏အကူအညီဖြင့် မယ်လမုစေတီကို တည်ထားပေးခဲ့ ပါသည်။

ထိုစောညွန့်ရီ၏သမီးကို ဝင်ပူးသောဥစ္စာစောင့်သည် ဥက္ကလာပမင်းကြီး၏မိဖုရားများဖြစ်ကြသော-

-သံလျင်မင်းသမီး သီရိဒေဝီ

-အသိတဥ္စနမြို့သုဝဏ္ဏသူဌေးသမီး စန္ဒာဒေဝီ

-ရမ္မဝတီမြို့ဝန်၏သမီး စန္ဒီဒေဝီ

-ပေါက္ခရဝတီမြို့ သုဒတ္တသူဌေးသမီး ကြရန္တတီဒေဝီ

ဟူသော မိဖုရား(၄)ပါးအနက် ဥစ္စာစောင့်ဖြစ်နေကြရသော စန္ဒာဒေဝီ၊ စန္ဒီဒေဝီ၊ ကြရန္တတီဒေဝီတို့အနက် လူ့ဘဝသို့ မရောက်သေးသော စန္ဒီဒေဝီနှင့်ကြရန္တတီဒေဝီ နှစ်ပါး-တစ်ပါး ပါးက ဝင်ပူး၍ ပြောခြင်းဖြစ်ပါသည်။

ဥက္ကလာပမင်းကြီးသည် နတ်ရွာစံပြီးနောက် သံလျင် မင်းသားများဖြစ်ကြသော ဝါသုဒေဝညီနောင်တို့သည် ယခင် ဥက္ကလာပမင်းကြီးအုပ်စိုးခဲ့သော နယ်ပယ်အားလုံးကို သိမ်း ကျုံးအုပ်စိုးခဲ့ကြသည်။

ထိုဝါသုဒေဝမင်းသားတို့သည် တစ်ဘက်ကလည်း




နောင်တော်ကြီးဘုရား (သိုက်ဘုရား)

www.dhammaransi.com



သီရိဒေဝီမိဖုရား၏တူတော်များဖြစ်ကြသည်၊ဥက္ကလာပမင်းကြီး နတ်ရွာစံသော် သားယောက်သမီးခံမရှိ၍ ထိုတူတော်များက အရိုးတော်ပိုင်သော နယ်မြေတို့ကို လက်ခံသိမ်းပိုက်ခဲ့ကြ သည်။

ထိုအချိန်တွင် သားသမီးရတနာမထွန်းကားခဲ့ကြ သော မိဖုရားတို့သည်မယ်တော်ကြီးမွေးရာဒေသအထိမ်းအ မှတ်ပြုအပ်သော၌မယ်လမုစေတီတွင် မိမိတို့ပိုင်ပစ္စည်းများ ကို မြှုပ်နှံထိန်းသိမ်း၍ တိဿရှင်ရသေ့တပည့်ဖြစ်သော သာဂရရသေ့ကြီး၏အဆုံးအမကိုခံယူပြီး တရားကျင့်နေထိုင် ခဲ့ကြသည်။

သို့သော် ဥစ္စာစွဲနှင့်ဘုရားတာဝန်အစွဲဖြင့် ၌နေရာ တွင် မကျွတ်မလွတ်ဥစ္စာစောင့်ဖြစ်ကြရသည်၊သီရိဒေဝီမိဖုရား သည် လူ့ပြည်၌ အကြိမ်ကြိမ်ကျင်လည်ခဲ့သည်၊စန္ဒာဒေဝီ မိဖုရားသည် လူ့ပြည်သို့(၂)ကြိမ် ရောက်ခဲ့သည်။

ကျန်သော စန္ဒီဒေဝီနှင့် ဣရန္ဓတီဒေဝီတို့သည် လူ့ပြည်သို့လည်း မရောက်ခဲ့ကြရ၊သိုက်မှာပင် အမြဲတာဝန် ကျနေကြရသည်၊သူတို့ကျွတ်လွတ်လိုကြသည်၊မိမိတို့စောင့် ရသော ဥစ္စာတို့ကို ဘုရားတွင်လှူဒါန်းပြီး ကျွတ်လွတ်လိုကြ သည်။

သူတို့သည် မိမိတို့နှင့် ပဋ္ဌာန်းဆက်ရှိကြသောပုဂ္ဂိုလ်

www.dhammaransi.com



များကို ငွေကြေးဥစ္စာအကူအညီပေးပြီး၍ဘုရားကိုပြုပြင်နိုင်ရန်စီမံခဲ့ကြသည်။

မိမိတို့ကျွတ်လွတ်ရေးအတွက် လူ့ပြည်သို့တစ်ဖန်ပြန်ရောက်လာသောသီရိဒေဝီတစ်ဖြစ်လဲ ဒေါ်စောညွန့်ရီ ထံ အကူအညီတောင်းခံကြသည်။

မိမိတို့တစ်ဖန် လူ့ပြည်သို့ပြန်ရောက်ရန်အတွက် မိမိတို့နေရာကိုထိန်းသိမ်းရန်လူ့ပြည်သို့ပြန်ရောက်နေသော စန္ဒာဒေဝီကို ပြန်လည်ခေါ်ယူခဲ့ကြသည်။

မိမိတို့သည် မယ်လမုဘုရားကိုစောင့်ရှောက်နေရသောသိုက်ဖြစ်၍ ထိုသိုက်ကို အနှောင့်အယှက်မပြုနိုင်ရန် နိုင်ထက်စီးနင်းပြုလုပ်သူများက မနှိပ်စက်၊ မဖျက်ဆီးရန် အမကြီးသီရိဒေဝီတစ်ဖြစ်လဲ ဒေါ်စောညွန့်ရီကို အကူအညီတောင်းခဲ့ကြသည်။

သို့အတွက် ဒေါ်စောညွန့်ရီသည် ထိုနေရာတွင်သူ၏ညီမများအတွက် အစောင့်အရှောက် အရံအတားဖြစ်စေရန် စေတီကိုတည်ထားပေးခဲ့သည်။ ထိုနေရာတွင် ရက္ခစိုးနတ်မင်းဖြစ်နေသော နန္ဒမင်းသား၏ အထိန်းတော်ဟောင်း သူရဒေဝ (စေသွယ်နတ်မင်း)ကိုပါအစောင့်အရှောက်တာဝန်ပေးခဲ့သည်။

၎င်းဘုရားကို ယခုအခါ နောင်တော်ကြီးဘုရား(သိုက်ဘုရား)ဟု အသိများကြသည်။

www.dhammaransi.com



ဤနေရာတွင် သာဂရရသေ့က လောကုတ်-လောကီ ကောင်းကျိုးအစီအရင်များစီရင်ပေးထားခဲ့သဖြင့်ဤနေရာ၌ လာရောက်အဓိဋ္ဌာန်ပြုပုတီးစိပ်ကြသူများသည်-

မိမိတို့ဘဝကောင်းကျိုးချမ်းသာအတွက်ဒါနပြုပြီး ဆုတောင်းအဓိဋ္ဌာန်ပုတီးစိပ်လျှင်လောကီကောင်းကျိုးတောင်း သည့်အတိုင်း ပြည့်ဝသည်။

ထိုမှတစ်ဆင့်လောကုတ္တရာကောင်းကျိုးကို ဆက် လက်ရရှိသည် ဟု ယုံကြည်ကြပါသည်။

ဤယုံကြည်ချက်အရ ဤနောင်တော်ကြီးဘုရားတွင် ပုတီးစိပ်သူ၊ ဆုတောင်းသူများ မပြတ်ရှိနေပါသည်။

*********

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ ...
သုတေသနစာကြည့်တိုက်

www.dhammaransi.com

